www.burmeseclassic.com

# မင်းမြတ်ရာဇ

မြရည့်ဝဏ်ပါ



အသစ်စက်စက်လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်ရာဇ

မြရည်ဝက်ပါ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၀၃၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၂၈၀၆၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ်(၂)၊ ချွန်း–၁လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြည်သွယ်ပုံနှိပ်တိုက်
၂၂၅၊ အခန်း(၂)၊ ၃၁လမ်း
၁၁ရပ်ကွက်၊ ပန်းဘဲတန်း၊ ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊ ဇူလိုင်လ။ အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်။



## အပိုင်း (၁)

## ရုတ်တရက်ရောက်လာသောဧည့်သည်

တစ်နေ့သ၌ အညာဒေသကြီးတစ်ခုရှိ ရွာငယ်တစ်ရွာ၌ ဦးဘိုးမှင်ဟူသော လယ်ပိုင်ရှင်ကြီးတစ်ဦးသည်ရှိ၏။ ၎င်းမှာ အညာသားကြီးတစ်ဦးဖြစ်သည့်အလျောက် ညိုမောင်းသော အသား အရည်ရှိ၏။ ခြေသန်လက်သန်ကြီးမား၍ တုတ်ခိုင်သော ခန္ဓာကိုယ် ရှိ၏။ ထူထဲမည်းနက်သော မျက်ခုံးကြီးများနှင့် စူးရှသောဘက်ပြောင်

www.burmeseclassic.com



သော မျက်လုံးပြူးပြူးကြီးများသည်လည်း ရှိ၏။ ထို့အပြင် အသက်ငါးဆယ်ကျော်အရွယ်ပင်ရှိပြီ ဖြစ်သော်ငြား တောသားပီပီ ကြံ့ခိုင်သန်စွမ်းသော ဒေါင်ဒေါင်မြည် ကျန်းမာရေးကိုလည်း ဦးဘိုးမှင်မှာ ပိုင်ဆိုင်လေ၏။ လယ်ပိုင်ရှင် ဖြစ်သော ဦးဘိုးမှင်တွင် ပစ္စည်းဥစ္စာနှင့်တကွ သူရင်းငှားအလုပ်သမား၊ အခိုင်းအစေ အခြွေအရံမှာလည်း ပြည့်စုံတောင့်တင်းလှပေတော့၏။ သို့ရာတွင် ဦးဘိုးမှင်မှာ မိန်းမမရှိတော့သော မုဆိုးဖိုကြီးတစ်ဦးဖြစ်သည့်အပြင် သားသမီးဟူ၍လည်းတစ်ယောက်တစ်လေမှ ကျန်ရစ်ခဲ့ခြင်းမရှိခဲ့ချေ။ သို့ဖြစ်ရာ ဦးဘိုးမှင်အဖို့ ပစ္စည်းဥစ္စာကျန်းမာရေး မည်မျှပင်ပြည့်စုံနေစေကာမူ မိသားစုတည်းဟူသော လူ့လောကသဘာဝ၏ ပျော်ရွှင်ချမ်းမြေ့မှုတစ်ခုကား လက်လွှတ်ဆုံးရှုံးနေရသကဲ့သို့ပင်လျှင် ရှိနေပေတော့၏။

လူတို့မည်သည် လောကီပုထုဇဉ်ကာမဘုံသားများဖြစ်သည့် အလျောက် လောကသဘာဝအရ အိမ်ရာထူထောင်၍ လူ့ဘောင်လောက၌ သားရေး၊ သမီးရေး၊ စီးပွားရေးများနှင့် လုံးချာလိုက်ကာ မည်မျှပင် ပင်ပန်းဆင်းရဲစေကာမူ 'ဒုက္ခ' ဟုမြင်သူ နည်းပါးလှပေ၏။ အများအားဖြင့် လူတိုင်းမှာ ဆင်းရဲသူလည်း ဆင်းရဲသည့်



အလျောက်၊ ချမ်းသာသူလည်း ချမ်းသာသည့်အလျောက် မိမိတို့ ပိုင်ဆိုင်ရာ ဘဝအသီးသီးတွင် ပျော်ပိုက်မွေ့လျော်နေကြသူများသာ လျှင် များပေတော့၏။ ထိုအခါ မိမိတို့ပိုင်ဆိုင်ရာ ဘဝအသီးသီး ဆိုသည်မှာလည်း ကိုယ်ကျင်လည်ရာ ဆွေမျိုးအသိုင်းအဝိုင်းမိသားစု များပင်ဖြစ်၏။ အစဉ်သဖြင့် ငါ့လင်၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီး ဟူသော လောဘတဏှာများဖြင့် ရှင်သန်ပျော်ပိုက်လျက် ရုန်းကန် လှုပ်ရှားနေကြရသော 'ဒုက္ခ' များကိုပင် ပျော်ရွှင်ချမ်းမြေ့ဖွယ် သာယာသည့် 'သုခ' များဟု ထင်မှတ်နေကြသူများချည်းသာပင်။ ထိုမှတပါး ၎င်းတို့အနေဖြင့် သိသော'ဒုက္ခ' ဟူသည်ကား အမှန် တကယ် ခံစားနေကြသော 'ဒုက္ခ' များမဟုတ်ကြ။ အနို 'ဒုက္ခ' များမှ ဝေးကွာခြင်း (ဝါ) မိမိတို့အနေဖြင့် 'သုခ' ဟု မှတ်ထင် ထားကြသည့် အသိုင်းအဝိုင်း ဆွေမျိုးသားချင်း မိသားစုများနှင့် ဝေးကွာရခြင်း၊ အဆင်မပြေဖြစ်ရခြင်း၊ မပိုင်ဆိုင်ရခြင်းများသာလျှင် ဖြစ်ပေတော့၏။ သို့ဖြစ်ရာ လူတို့မည်သည် အများအားဖြင့် 'ဒုက္ခ' နှင့် 'သုခ'၊ 'အမှား' နှင့် 'အမှန်'၊ 'အရိုး' နှင့် 'အမြင်' များ အား ဆန့်ကျင်ဘက်ပြောင်ပြောင်ကြီး လွဲမှားနေကြသော သတ္တဝါ များဟုဆိုလျှင် လွဲအံ့မထင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အထက်ပါသတ္တဝါများထဲ၌ လယ်ပိုင်ရှင်ကြီးဦးဘိုးမှင်မှာ ထိပ်ဆုံးမှပါဝင်နေသော လူကြီးတစ်ယောက်ပင် ဖြစ်ပေလိမ့်မည်ထင်၏။ ဦးဘိုးမှင်မှာ လယ်ပိုင်ရှင် ပစ္စည်းဥစ္စာနှင့်ပြည့်စုံသော လူတစ်ယောက်ဖြစ်သော်လည်း အများတကာလို မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းမနေရသောအဖြစ်ကို စဉ်းစားမိတိုင်း မိမိဘဝကို မိမိမကျေမနပ်ဖြစ်နေခဲ့ရလေ၏။ သို့ဖြစ်ရာ ဦးဘိုးမှင်၏မျက်နှာကြီးမှာ လောကကြီးကို မကျေမနပ်ဖြစ်နေသူတို့ ထုံးစံအတိုင်း အစဉ်သဖြင့် မှုန်တေတေ၊ အောက်သိုးသိုးကြီးဖြစ်နေတတ်ကာ မြင်မြင်သူတိုင်းအားလည်း ဘုနှင့်ဆေးခက်အော်ဟောက်ဆဲဆိုကာ အရာရာကို စိတ်တိုင်းမကျရှိနေတတ်လေ၏။ တစ်နေ့တွင်လည်း ဦးဘိုးမှင်သည် မိမိ၏ သူရင်းငှားအလုပ်သမားလေးတစ်ဦးဖြစ်သော သာညာဏ်ဆိုသူအား နွားများကို အရမ်းကာရော လွှတ်ထားရပါမည်လောဟု ဒေါသတကြီးဖြင့် ကြိမ်းမောင်းဆဲဆိုလျက်ရှိနေလေ၏။ ထိုအချိန်၌ပင်လျှင် ၄င်း၏အိမ်ဝိုင်းအတွင်းသို့ လူတစ်ယောက်သည် ဝင်ရောက်လာလေ၏။ ၄င်းမှာ အောက်ပိုင်းတွင် ကာကီဘောင်းဘီကြီးကို ဝတ်ဆင်ထားလျက် အထက်ပိုင်းတွင်မူ လွန်စွာမှ ဟောင်းနွမ်းလျက်ရှိသော အရောင်လွင့်ပျယ်နေသည့် ကုတ်အင်္ကျီကြီးတစ်ထည်ကို ဝတ်ဆင်ထားလေ၏။ ၄င်းမှာ အဖာရာများထပ်နေသော ဖျင်ကြမ်းလွယ်အိတ်



ကြီးတစ်လုံးကိုလည်း စလွယ်သိုင်းလွယ်ပိုးထားကာ အသက်အရွယ်အားဖြင့်မူ ဦးဘိုးမှင်နှင့် မတိမ်းမယိမ်းလောက်ဟု ခန့်မှန်းရဖွယ်ရှိသည့် လူကြီးတစ်ဦးပင်ဖြစ်လေ၏။ ဦးဘိုးမှင်သည် ၄င်း၏စာရင်းငှားသာညာဏ်အား ကြိမ်းမောင်းနေရာမှ မိမိအိမ်ဝိုင်းအတွင်း ပိုင်စိုးပိုင်နင်းဝင်ရောက်လာသော လူကြီးကိုမြင်လိုက်ရသဖြင့် နှုတ်ဆိတ်၍သွားလေ၏။ ထိုစဉ် ဝင်ရောက်လာသော ကာကီဘောင်းဘီဝတ်လူကြီးက ဦးဘိုးမှင်အား

"very nice day … ဒီနေ့အတော်မင်္ဂလာမရှိတဲ့နေ့ပါလား လူကလေးမောင်ဘိုးမှင်"ဟုလှမ်း၍ နှုတ်ဆက်လိုက်လေရာ ဦးဘိုးမှင်မှာ ၄င်းလူကြီး၏ အသံကိုကြားလိုက်ရသည်နှင့် ဝမ်းသာအားရအသံကြီးဖြင့်

"ဟာ .. ဆရာကြီး" ဟု အော်ဟစ်လိုက်လေတော့၏။ ထိုအခါ ကာကီဘောင်းဘီဝတ်လူကြီးက ဦးဘိုးမှင်အနီးရှိ တန်းလျားကြီးပေါ်တွင် ဝင်ထိုင်လိုက်ကာ

"ဘယ်လိုလဲ ဘိုးမှင် .. မင်းကြည့်ရတာ လောကကြီးထဲမှာ နေရထိုင်ရတာ အဆင်မပြေဘူးနဲ့တူတယ်" ဟု ပြောလိုက်သည်ရာ ချက်ချင်းပင် ဦးဘိုးမှင်အသံက ဝမ်းနည်းသံကြီးပြောင်းသွားကာ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မိန်းမ မသန်းကြွယ်မရှိတော့ဘူး။ သေသွားပြီ ဆရာကြီး" ဟု ပြောလိုက်လေ၏။

"ဒါပဲလား" ဟု ကာကီဘောင်းဘီဝတ်လူကြီးက မေးလိုက်ပြန်လေလျှင်

"သူနဲ့အတူ ကျွန်တော့်သားနဲ့သမီးလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ်" ဟု ဦးဘိုးမှင်က ပြောလိုက်ပြန်လေ၏။

"ပြီးတော့ရော" ဟု ကာကီဘောင်းဘီဝတ်လူကြီးက မေးပြန်လေ၏။

"အခုဆို ကျွန်တော့်မှာ မယားလည်းမရှိ၊ သားနဲ့သမီးလည်း မရှိနဲ့။ လောကကြီးအလယ်မှာ အထီးကျန်ဆန်နေရပြီပေါ့ဆရာကြီး အခု သူတို့မရှိတော့ ကျွန်တော့်ဘဝကြီးဟာ ဘာမှအဓိပ္ပာယ်မရှိ တော့ဘူး" ဟု ဦးဘိုးမှင်က ငိုသံပါကြီးဖြင့် ပြန်ပြောလိုက်လေလျှင် ကာကီဘောင်းဘီဝတ်လူကြီးက သဘောကျစရာကောင်းလှန်းလှ သည့် ပြက်လုံးတစ်ခုကို ကြားလိုက်ရဘိသည့်အလား ဟက်ဟက် ပက်ပက်ရယ်မောလိုက်လေတော့၏။

ရုတ်တရက် သဘောကျစွာရယ်လိုက်သော ဇာလူကြီးကြောင့် ဦးဘိုးမှင်မှာ မျက်လုံးလေးအကြောင်သားဖြစ်သွားလျက်



"ဒါဟာ ရယ်စရာတွေလား ဆရာကြီးရယ်" ဟု အံ့အားသင့် သောအသံမျိုးဖြင့် မေးလိုက်လေရာ ကာကီဘောင်းဘီဝတ်လူကြီးက

"ဒါတွေဟာ ရယ်စရာမဟုတ်ပါဘူးကွာ။ လူတွေသေတဲ့ သတင်းက ရယ်စရာလားကွ။ ငါရယ်တာမင်းကို" ဟု ပြောလိုက် လေ၏။

"ဘာဖြစ်လို့တုံး ဆရာကြီး" ဟု ဦးဘိုးမှင်က အံ့ဩစွာ မေးလိုက်ပြန်လေလျှင်

"ဘာဖြစ်ရမှာလဲကွ။ မင်းဟာ ဒီအသက်အရွယ်ကြီးရောက်နေ တာတောင် လူဟာသေတတ်တဲ့သတ္တဝါမျိုးတွေပါလားဆိုတဲ့အသိမျိုး မရှိသေးဘူး။ လူပဲကွာ သူသေချင်တဲ့အချိန် သေမှာပေါ့။ သေခြင်း တရားဆိုတာကြီးကလည်း ကြီးကြီးငယ်ငယ် မျက်နှာမလိုက်တတ် ဘူးကွ။ ဟဲဟဲ အသုဘဖိတ်စာ၊ ယပ်တောင်တွေထဲက စာသားတွေ ဒွတ်ပြနေတာမဟုတ်ဘူးကွနော်။ မင်းကိုယ်တိုင်မင်းတောင် အချိန် မရွေးသေနိုင်တဲ့လူတစ်ယောက်ပဲ။ ဒီတော့ကွာ မင်းမိန်းမသိန်းကြွယ် ရဲ့ မင်းသားနဲ့သမီးတွေ သေသွားကြတာ အဆန်းမှမဟုတ်ဘဲ။ မင်းလိုပဲ သားတွေ၊ မယားတွေ၊ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေ အပေါင်းအသင်းမိတ်ဆွေက သေခြင်းတရားနဲ့ ခွဲခွာသွားကြတဲ့လူ တွေ လောကကြီးမှာ ရေတွက်လို့တောင်ကုန်မှာမဟုတ်ဘူး။

www.burmeseclassic.com



[illegible] မင်းလိုမိသားစုအသိုင်းအဝိုင်းမိတ်ဆွေတွေက ခွဲခွာသွားကြလို့ ဘဝဟာ အထီးကျန်ဆန်တယ်။ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူးဆိုရင် လူတိုင်းဟာ အထီးကျန်ဆန်တဲ့လူ၊ ဘဝအဓိပ္ပာယ်မရှိတဲ့လူတွေချည်း ဖြစ်ကုန်မှာပေါ့။ အဲဒီလိုသာဆိုရင် လူ့လောကကြီးဟာလည်း ဆိတ်သုဉ်းပြီး ပျက်စီးသွားမှာပဲ။ အခုတော့ လူ့လောကကြီးဟာ မင်းမြင်တဲ့အတိုင်းပဲ။ တိုးတက်မြဲ၊ ရှင်သန်မြဲ၊ လှုပ်ရှားနေမြဲပဲမဟုတ်လားဘိုးမှင်ရယ်။ အဲဒါကို မင်းကျမှ သဘာဝတရားကြီးအတိုင်း သေခြင်းတရားနဲ့ ခွဲခွာသွားကြတဲ့ မိသားစုအတွက် တစ်ယောက်တည်း အထီးကျန်ဆန်ပါတယ်။ ဘဝကြီးမှာ ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူးလို့ ပြောလိုက်တဲ့စကားဟာ ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ'' ဟု ကာကီဘောင်းဘီဝတ်လူကြီးက ပြောလိုက်ပြန်လေ၏။ ထိုအခါ ဦးဘိုးမှင်မှာ ၎င်း၏စကားများကြောင့် ဘာပြောရမှန်းမသိဖြစ်သွားရကာ

''ဒါတော့ဒါပေါ့ဆရာကြီးရယ်။ ဒါပေမယ့် ...'' ဟု စကားကို ရှေ့ဆက်မတက်ဘဲဖြစ်နေဆဲ ကာကီဘောင်းဘီဝတ်လူကြီးက တခိခိရယ်မော၍

''ဒါသုံးလုံးနဲ့ စကားရှေ့ဆက်လို့မရတော့ဘူးမဟုတ်လား မောင်ဘိုးမှင်။ အခုမှတော့ ပြောပြီးဆက်ပြောရဦးမယ်။ လူတွေဟာ



သေမှာကွဲကြရတာမဟုတ်ဘူး။ ရှင်လျက်နဲ့လည်း အကြောင်းအမျိုးမျိုးနဲ့ ကွဲကွာတတ်ကြတာပဲ။ ဒါတွေကို မင်းလည်းသိပါတယ်ကွာ။ နာနာဘာဝေါ၊ ဝိနာဘာဝေါ အရပ်တစ်ပါးသို့ ခွဲခွာ၍ ရှင်ကွဲကွဲရခြင်းသည်း၄င်း၊ ဘဝတပါးသို့ ခွဲခွာ၍ သေကွဲကွဲရခြင်းသည်၄င်း ဆိုတာလေကွာ'' ဟု ပြောလိုက်ပြန်လေလျှင် ဦးဘိုးမှင်က

''ဒါတွေကိုတော့ လူတိုင်းအားလုံးလိုလိုသိနေကြတာပဲ ဆရာကြီးရယ်'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကာကီဘောင်းဘီဝတ်လူကြီးက

''ဒီလိုရှိတယ်မောင်ဘိုးမှင်ရဲ့။ သိတာဆိုပေမယ့် အပေါ်ယံအသိနဲ့ တကယ်အသိကွာသေးတယ်။ လူတွေအားလုံးသိကြတယ်ဆိုတာ အပေါ်ယံအသိတွေပါကွာ။ အခု မင်းလည်း အပေါ်ယံအသိလေးလောက်သိလို့ အခုလိုပုံစံမျိုးဖြစ်နေတာပေါ့။ ကဲပါ ဒါတွေထားလိုက်ပါတော့ကွာ။ အခု ငါမင်းဆီကို ဘာကြောင့်လာရသလဲဆိုတာ မင်းမမေးတော့ဘူးလား'' ဟု ပြောလိုက်လေရာ ထိုအခါမှ ဦးဘိုးမှင်မှာ ထိုအကြောင်းကို အမှတ်ရသွားဟန်ဖြင့်

''ဟာ ... ဟုတ်သားပဲဆရာကြီး။ ဆရာကြီးနဲ့ကျွန်တော်ကွဲခဲ့ကြတာ အနည်းဆုံး (၁၅) နှစ်လောက်တော့ရှိပြီ။ အခုမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရှိတဲ့နေရာကို ဘယ်လိုစုံစမ်းပြီး ရောက်လာခဲ့တာတုံး'' ဟု မေးလိုက်လေတော့၏။ ထိုအခါ ကာကီဝတ်လူကြီးက

''အခု ငါမင်းဆီရောက်လာတာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ရောက်လာခဲ့တာပဲကွ။ ငါ့အနေနဲ့ မင်းကိုစုံစမ်းရတဲ့အလုပ်ကတော့ ဘာမှမခဲယဉ်းလှဘူးဆိုတာ မင်းလည်းသိပါတယ်. အခုချိန်မှာ ငါ့အတွက် အသက်အန္တရာယ်စိတ်မချရတော့တဲ့ အခြေအနေရှိနေတယ်။ ဒီအတွက် လုံလုံခြုံခြုံမှုရှိမယ်ထင်တဲ့ မင်းဆီကို အရောက်ပြေးလာခဲ့တာပဲမောင်ဘိုးမှင်'' ဟုပြောလိုက်လေရာ ဦးဘိုးမှင်မှာ မိမိ၏ဆရာကြီးဖြစ်သူထံမှ ဤကဲ့သို့စကားမျိုးကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားကာ နှုတ်မှ

''ခင်ဗျာ'' ဟု ယောင်ယမ်း၍ အသံထွက်သွားရလေတော့သတည်း ။ ။



# ထူးဆန်းသောလူမျိုး

ဦးဘိုးမှင်မှာ မိမိ၏အိမ်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့သော မိမိ၏ဆရာကြီးကို အိမ်ကြီး၏အပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားခဲ့လေတော့၏။ ထိုအခါ ဦးဘိုးမှင်၏ဆရာကြီးဆိုသူ ကာကီဘောင်းဘီဝတ်လူကြီးမှာဦးဟုတ်လှိုင်ဟူသော တရုတ်ကပြားကြီးတစ်ဦးဖြစ်လေသည်။ ယခုအချိန်၌ အသက်အရွယ်မှာ (၆၀) ကျော် (၇၀) နီးပါးရှိပြီဖြစ်ပေ၏။ သို့ရာ၌ ဦးဟုတ်လှိုင်မှာ ဖျတ်လတ်ကျန်းမာဆဲ ဖြစ်သည့်အပြင် အရွယ်တင်လှသည်ဖြစ်၍ ရုတ်တရက်ကြည့်လျှင် ဦးဘိုးမှင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မတိမ်းမယိမ်းအရွယ်ခန့်ဟုသာ မှတ်ထင်ရဖွယ်ရှိလေ၏။အိမ်ပေါ်သို့ ရောက်သည်နှင့် ဦးဘိုးမှင်က အိမ်တံခါးကို လုံခြုံစွာပိတ်လိုက်ပြီးလျှင်

"ကျွန်တော့်ဆီမှာတော့ အရေးရေးစိတ်ချပါဆရာကြီး။ ကျွန်တော့်တပည့်အလုပ်သမားတွေလည်း အများကြီးရှိတယ်။ နောက်ပြီး ဒီရွာကသူကြီးဦးထွန်းခဆိုတာလည်း ကျွန်တော်ပြီးရင် ပြီးတဲ့လူတစ်ယောက်ပဲဆရာကြီး" ဟု ပြောလိုက်ပြီးလျှင် တစ်စုံတစ်ခုအား အမှတ်ရသွားသကဲ့သို့ဖြစ်သွားလျက် တံခါးပေါက်ကိုပြန်ဖွင့်လိုက်ကာ အိမ်အောက်ဘက်ဆီသို့

"ဟေ့ .. သာညွန့် မင်းဒီနေ့ လယ်ထဲလိုက်မသွားတော့နဲ့ အိမ်အောက်မှာစောင့်နေ။ အခုလောလောဆယ် ဘယ်သူလာမေးမေး ငါမရှိဘူးပဲပြော။ သွား ... ခြံတံခါးပါ သွားပိတ်လိုက်ကွာ" ဟူ၍လှမ်းကာ အမိန့်ပေးလိုက်လေရာ အိမ်အောက်ဘက်ဆီမှ

"ဟုတ်ကဲ့ခင်ဗျ" ဟု ပြန်အော်လိုက်သော အသံကိုကြားလိုက်ရလေတော့၏။ ထို့နောက်မှ များမကြာမီအချိန်တွင်ပင် ဦးဟုတ်လှိုင်နှင့် ဦးဘိုးမှင်တို့သည် တံခါးများလုံခြုံစွာပိတ်ထားသော ဧည့်ခန်းအတွင်း စကားများမေးမြန်းပြောဆိုကြသည်ရှိသော် ဦးဟုတ်လှိုင်က

"ဒီလိုကွဲ့ ဘိုးမှင် ... ငါမင်းနဲ့ကွဲခဲ့ပြီး တိုတိုပြောရရင် အိန္ဒိယကနေတဆင့် တိဗက်ကိုရောက်သွားခဲ့တယ်။ အဲဒီမှာ (၇)နှစ်



လောက်ကြာခဲ့တယ်ဆိုပါတော့" ဟု စကားစလိုက်လေလျှင် ဦးဘိုးမှင်က

"အရင်တုန်းက ဆရာကြီးလုပ်ခဲ့တဲ့အလုပ်နဲ့ပဲ ပတ်သက်သလား ဆရာကြီး" ဟု ဖြတ်၍မေးလိုက်လေ၏။ ထိုအခါ ဦးဟုတ်လှိုင်က ဦးခေါင်းကိုညိတ်၍

"ဒါပဲပေါ့ဘိုးမှင်ရဲ့ .. ငါဟာ ရှေးဟောင်းရတနာပစ္စည်းတစ်ခု ရဖို့အတွက်ဆိုရင် တိဗက်တင်မကဘူး။ တကမ္ဘာလုံးမှာရှိတဲ့ ဘယ်နေရာမဆို သွားဝံ့တဲ့လူတစ်ယောက်ပဲ။ အခုလည်း ငါ့တပည့်တစ်ယောက်နဲ့အတူ ရှေးဟောင်းရတနာပစ္စည်းတစ်ခုရဖို့အတွက် အဲဒီကိုသွားခဲ့ကြတာပဲ။ ပစ္စည်းကလည်း တကယ့်ကိုတန်ဖိုးရှိတဲ့ တရုတ်ပြည်ချင်မင်းဆက်လက်ထက်က မိဖုရားတစ်ပါးရဲ့ 'မြ'ကြီး တစ်လုံး ဆိုပါတော့ကွာ။ ပြောရရင် ဇာတ်ကြောင်းရှည်နေမှာမို့ ဒီ 'မြ' ကြီးရဲ့ ရာဇဝင်ကို ပြောပြမနေတော့ဘူး။ ဒါနဲ့ တိုတိုပြောရရင် အဲဒီ 'မြ' ကြီးကိုပါလာခဲ့တဲ့ ငါ့တပည့် အသက်နဲ့လဲပြီး ရခဲ့တယ်။ ဒီတော့ ဒီ'မြ' ကြီးကိုရဖို့အတွက် ဘယ်လောက်စွန့်စားခဲ့ရတယ်။ ဘယ်လောက်အန္တရာယ်တွေများခဲ့တယ်ဆိုတာ မင်းအနေနဲ့ ခန့်မှန်းမိမှာပေါ့" ဟု ပြောလိုက်လေရာ

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့ အသက်နဲ့တောင်လဲပြီး ရယူခဲ့တယ်ဆိုမှဖြင့် ကျွန်တော်သဘောပေါက်ပါတယ်ဆရာကြီး။ ဒါနဲ့ ဆရာကြီးနဲ့အတူ ပါသွားခဲ့တဲ့လူက ဘယ်သူတုံးဆရာကြီး" ဟု ဦးဘိုးမှင်က မေးလိုက်လေ၏။ ထိုအခါ ဦးဟုတ်လှိုက

"ဘယ်သူရှိရဦးမှာလဲ။ မင်းသူငယ်ချင်းကြီး ကာဏာရိန္ဒ်ပေါ့ကွာ"ဟု ပြောလိုက်လေရာ ဦးဘိုးမှင်မှာ တစ်ချိန်က ဘဝတူကျင်လည်ခဲ့ကြသော မိမိ၏သူငယ်ချင်းမိတ်ဆွေ ကာဏာရိန္ဒ်ခေါ် ဂေါ်ရခါးလူမျိုး နာတာရမ်း၏မျက်နှာကိုပြေး၍ မြင်ယောင်မိလိုက်ကာ လွမ်းစွာမှ စိတ်မကောင်းဖြစ်သွားရလေတော့၏။

"ဩော် … နာတာရမ်းတစ်ယောက်လည်း သွားရှာပြီကိုး" ဟု ဦးဘိုးမှင်က တိုးညင်းစွာရေရွတ်လိုက်လေ၏။ ဂေါ်ရခါးလူမျိုး နာတာရမ်းသည် လွန်စွာမှ သတ္တိကောင်းသစ္စာရှိသော လူတစ်ယောက်ဖြစ်လျက် ၎င်း၏မျက်လုံးမှာ စစ်တပ်ထဲရှိစဉ်ကျည်သင့် သောဒဏ်ရာဖြင့် ပျက်ခဲ့ရခြင်းကြောင့် ကာဏာရိန္ဒ်ဟု အမည်တွင်ခဲ့ခြင်းပင်ဖြစ်ပေ၏။ တစ်ချိန်က ဦးဘိုးမှင်သည် နာတာရမ်းနှင့်အတူ စွန့်စားတိုက်ခိုက်ရသောအလုပ်များကို နှစ်ယောက်တွဲ၍ များစွာလုပ်ကိုင်ခဲ့ဖူးလေ၏။ ဦးဘိုးမှင်သည်



ရှေးဟောင်းနှောင်းဖြစ်တို့ကို အတန်ငယ်သတိရသွားဟန်ဖြင့် ခေတ္တငေးငိုင်သွားလေ၏။ ထိုစဉ် ဦးဟုတ်လှိုက

"ဘယ့်နှယ့်လဲ ဘိုးမှင် … နာတာရမ်းကို သတိရသွားသလား အေးလေ မင်းသတိရမယ်ဆိုရင်လည်း ရလောက်စရာပေပဲ။ နာတာရမ်းလိုလူမျိုးဟာ ကမ္ဘာပေါ်မှာ နောက်တစ်ယောက်မရှိနိုင်တော့တဲ့ လူမျိုးဖြစ်နေမှာပဲ။ သူဟာလည်း သခင့်ပေါ်မှာ အနွံတာခံသစ္စာရှိတယ်။ ဒါပေမယ့် သူဟာ ရဲဝံ့သတ္တိရှိတာ၊ တိုက်ခိုက်စွန့်စားဝံ့တာ၊ သခင့်အပေါ် သစ္စာရှိတာကလွဲလို့ ထိုးထွင်းဉာဏ်၊ ဖြတ်ထိုးဉာဏ်၊ ဉာဏ်အမြော်အမြင်နည်းရှာတယ်။ ဒါကြောင့်လည်း သူ့အသက်ကို စွန့်လွှတ်ခဲ့ရတာပဲ။ ကဲ နာတာရမ်းအကြောင်းကို ထားလိုက်ပါတော့။ အခု အရေးကြီးတဲ့ ငါ့ကိစ္စကိုပဲဆက်ပြောမယ်။ ဒီလိုနဲ့ ငါ့လက်ထဲကို 'မြ' ကြီးရလာခဲ့ပေမယ့် ဒီ 'မြ' ကြီးနဲ့ပတ်သက်ပြီး အန္တရာယ်တွေက မပြီးဆုံးသွားခဲ့ဘူး။ သူတို့လက်ထဲက 'မြ' ကြီးကို လုယူသွားခဲ့တဲ့ ငါ့နောက်ကို ဒီကောင်တွေဟာ အပြိုးတကြီးနဲ့ အနံ့ခံပြီး သည်းသည်းမည်းမည်းကို လိုက်လာခဲ့ကြတယ်။ ငါ သူတို့လက်ထဲက 'မြ' ကြီးကို လုယူခဲ့ပြီး မြန်မာပြည်ထဲမှာ (၃) နှစ်လောက် ခြေရာဖျောက်နေပေမယ့် ဒီကောင်တွေဟာ မရမက ရှာဖွေစုံစမ်းပြီး ငါ့နောက်ကိုလိုက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတော့တာပဲ။ ဒီအတွက် ငါနောက်ဆုံး သူတို့မျက်ခြေပြတ်သွား လောက်မဲ့ မင်းရှိတဲ့ဒီရွာလေးကို ပြေးလာခဲ့ရတာပဲ မောင်ဘိုးမှင်"
ဟု ပြောပြလိုက်လေရာ ဦးဘိုးမှင်မှာ အံ့သြစွာနားထောင်နေလျက်မှ

"သူတို့ဆိုတာ ဘယ်သူတွေလဲ ဆရာကြီး" ဟု မေးမြန်း လိုက်လေတော့၏။ ထိုအခါ ဦးဟုတ်လှိုက

"ဒီကောင်တွေဟာ တိဗက်နဲ့ မွန်ဂိုလီးယားမျိုးနွယ်ဝင် လူမျိုးစု တစ်စုလို့ ထင်ရတာပဲ။ သူတို့လူမျိုးရဲ့ဇစ်မြစ်ကို ဘယ်သူမှ တိတိ ကျကျမသိကြဘူး။ ပြီးတော့ သူတို့အသွင်သဏ္ဌာန် ရုပ်ရည်တွေ ကလည်း တို့ဗမာလူမျိုးတွေလိုပဲ အတိအကျခန့်မှန်းလို့မရဘူး"
ဟုဆိုလိုက်လေရာ ဦးဘိုးမှင်က

"ကျွန်တော်တို့ဗမာလူမျိုးတွေလိုပဲ အတိအကျခန့်မှန်းလို့ မရဘူးဟုတ်လား။ ဒီစကားကို ကျွန်တော်နားမလည်ဘူးဆရာကြီး"
ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးဟုတ်လှိုက

"ဒီလိုကွ မောင်ဘိုးမှင်ရ။ လူမျိုးတစ်မျိုးမှာ လူမျိုးရုပ်ဇစ်မြစ် ကိုယ်စီရှိကြတယ်ကွ။ တရုတ်မှာ တရုတ်လူမျိုးရုပ်အဆင်း ကုလားမှာ ကုလားရုပ်အဆင်း၊ အင်္ဂလိပ်မှာ အင်္ဂလိပ်ရုပ်အဆင်း ဂျပန်မှာ ဂျပန်ရုပ်စသည်ဖြင့်ပေါ့ကွာ။ ရုပ်အဆင်းသဏ္ဌာန်ကို ကြည့် လိုက်တာနဲ့ ဒါဟာတရုတ်၊ ဒါဟာကုလား၊ ဒါဟာအင်္ဂလိပ်၊



ဂျပန်ဆိုတာ မြင်ရုံနဲ့သိသာတယ်ကွ။

တကယ်တမ်း ဗမာလူမျိုးတစ်ယောက်ရဲ့ ရုပ်ဆင်း အင်္ဂါက အသားညိုတယ်ကွ။ နဖူးဝန်းကျယ်တယ်ကွ။ မျက်လုံး မျက်ခုံးမည်းနက်ပြီး အများအားဖြင့် မျက်လုံးပြူးကြတယ်ကွ။ ပြီးတော့ ခြေဆန့်လက်ဆန့်ကြီးမားပြီး အရုပ်အမောင်းကောင်းကြ တယ်ကွ။ အခုတော့ ဒီလိုမဟုတ်ကြတော့ပါဘူးကွာ။ ခုနက ပြောသလို ဗမာရုပ်ပျောက်နေကြပြီကွ။ ဗမာရုပ်ပျောက်မှဖြင့် ဗမာ့ စိတ်ဓာတ်တွေလည်း ပျက်ပြားကုန်ကျပြီပေါ့ကွာ။ တို့ဘေးတို့ဘိုး ဘောင်ကြီးတွေစိတ်ဓာတ်က သတ္တိရှိတယ်ကွ။ သစ္စာရှိတယ်ကွ။ ... စပါးသူကို ကူညီလိုစိတ်အပြည့်ရှိတယ်ကွ။ ဗုဒ္ဓဘာသာကောင်း ... မကောင်းတဲ့၊ မဟုတ်တဲ့ အလုပ်မှန်သမျှ အရှက်ကြောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျဉ်ကြသကွ။ ကိုယ့်အမျိုး၊ ကိုယ့်သွေးအတွက်ဆိုရင် ကိုယ်ကျိုးစွန့်အသက်စွန့်ဝံ့တဲ့ အာဇာနည်စိတ်ဓာတ်မျိုးတွေ ရှိကြသကွ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုလည်း အသက်စွန့်ပြီး ထိန်းသိမ်းကြတယ်ကွ။ နောက် အေးအေးချမ်းချမ်းနေထိုင်တတ်တာတွေ၊ သဘောကောင်းပြီး ဖော်ရွေတတ်တာတွေ ပြောရရင်အများကြီးပဲကွ။ စည်းကမ်းရှိတဲ့နေရာမှာလည်း တကယ့်ဩချယူလောက်တဲ့လူမျိုးတွေပဲ။ ဒါပေမယ့် အခုကတော့ ဒီလိုရုပ်မျိုး၊ ဒီလိုစိတ်ဓာတ်မျိုးတွေ ရှားပါးကုန်ကြပြီပေါ့ကွာ။ ငါ့အမြင်ကတော့ ဒါတွေဘာကြောင့်ဖြစ်လာသလဲလို့ဆိုရင် နောင်းခေတ်တို့လူမျိုးတွေဟာ စည်းကမ်းပျက်လာကြလို့ ကိုယ်ကျိုးတစ်ခုတည်းကြည့်ပြီး အမျိုးဂုဏ်ကို မထိန်းသိမ်းကြလို့ အမျိုးပျက်၊ ဇာတိပျက်စိတ်ဓာတ်တွေ ပျက်လာကြကုန်တာပဲ။ အခြားမကြည့်နဲ့။ အခုငါ့ကိုပဲကြည့်။ ငါ့အဖေဟာ ဗမာစစ်စစ်ကွ။ ငါ့အမေက တရုတ်။ ဒီတော့ မွေးလာတဲ့ငါက ဗမာမဟုတ်၊ တရုတ်မကျ ကပြားပေါ့ကွာ။ အဲဒီမှာ ငါ့အဖေဖြစ်သူရဲ့ အမျိုးတွေက ငါ့ကို သူတို့ဗမာလူမျိုးအဖြစ် အသိအမှတ်မပြုကြသလို ငါ့အမေရဲ့အမျိုးတွေကလည်း ငါ့ကို တရုတ်လူမျိုးတစ်ယောက်အဖြစ် လက်မခံကြဘူးကွ။ ဒါပေမယ့်



နှစ်ဖက်မိဘအဘိုးအဘွားတွေကတော့ ငါ့ကိုချစ်ကြပါတယ်။ ဒီတော့ ငါငယ်ငယ်တုန်းက အဖေ့ဘက်က အဘိုးအဘွားတွေဆီသွားလည်တဲ့အခါ ငရုတ်သီးစပ်စပ်နဲ့ ဗမာထမင်းဟင်းတွေစားရတယ်။ မုန့်ဆိုလည်း ထန်းလျက်တို့၊ ပဲကြီးလှော်တို့၊ မုန့်ပျားသလက်တို့၊ ဘိန်းမုန့်တို့ပေါ့ကွာ။ ဗမာ့သွားရည်စာမုန့်တွေစားရသကွ။ ပြီးတော့ ငါ့အဘွားပြောပြတဲ့ ရွှေယုန်နဲ့ရွှေကျားပုံပြင်တွေ၊ မောင်ပေါက်ကျိုင်းပုံပြင်တွေ၊ မြွေမင်းသားလေးနဲ့ မကြီးမငယ်ပုံပြင်တွေ နားထောင်ရတယ်ကွ။ နောက် 'လူမိုက်ဆိုလျှင်ရှောင်သေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ' ဆိုတဲ့ (၃၈) ဖြာမင်္ဂလာတရားတော်တွေ သင်ပေးတယ်။ ဩကာသဘုရားရှိခိုးသင်ပေးတယ်။ အဲဒီမှာ ငါ့အဘိုးအဘွားတွေက နတ်ကိုးကွယ်ကြတော့ တအိမ်လုံးဝက်သားမစားကြဘူး။ အိမ်မှာဝက်ဆိုတဲ့စကားတောင် မပြောရဘူး။ ပြဿနာက အဲဒီမှာစတွေ့တော့တာပဲ။ မင်းပဲစဉ်းစားကြည့်လေကွာ။ ငါ့အမေဘက်က တရုတ်အဖိုးအဖွားတွေဆီ သွားလည်တဲ့အခါကျတော့ ဝက်သားဟင်းမပါရင် ဟင်းမဖြစ်တဲ့လူမျိုး တွေကိုးကွ။ နောက်သူတို့ဟင်းတွေက အကုန်လုံးပေါ့ပေါ့ချိုချိုတွေ၊ ပြီးတော့ မုန့်ဆိုတာလည်းတရုတ်မုန့်တွေဖြစ်တဲ့ ပေါက်ဆီတို့၊ လမုန့်တို့၊ နို့ခဲခြောက်တွေပေါ့ကွာ။ နောက် အန်းကုန်းဘိုးတော်၊ ကွမ်ရင်

www.burmeseclassic.com



မယ်တော်နဲ့ တရုတ်ရိုးရာပုံပြင်တွေ နားကောင်းရပြန်တော့ ငါ့မှာ ငယ်ငယ်ကတည်းက အစားအသောက်ရော၊ ဘာသာရေးရော ဟိုမရောက်ဒီမရောက် ဗွတီးဗွကျဖြစ်ခဲ့ရရော။ ဗမာလည်းမဟုတ်၊ တရုတ်လည်းမကျ တကယ့်အောက်ကလီအာပေါ့ကွာ။ ဒီလိုဆိုမှဖြင့် စိတ်ဓာတ်ပိုင်းကျပြန်တော့လည်း ဗမာစိတ်ဓာတ်အပြည့်အဝမရှိ၊ တရုတ်စိတ်ဓာတ်အပြည့်အဝမရှိနဲ့ တကယ်ကိုပဲ ငါ့ဆရာနဲ့သာ မတွေ့ခဲ့ရင် ငါလိုကောင်မျိုး ဘာမှအသုံးကျမှာမဟုတ်တော့ဘူး”

ဦးဟုတ်လွှီက ၎င်း၏စကားကိုခေတ္တဖြတ်၍ ရပ်နားလိုက်လေ၏။ ပြီးမှ အာခြောက်သွားဟန်ဖြင့် စားပွဲပေါ်ရှိ ကြွေခရားအိုးထဲမှ အကြမ်းရေတစ်ခွက်ကိုငှဲ့သောက်လိုက်ပြီးမှ

“ဒီတော့ ငါဆိုလိုချင်တာ တို့တိုင်းပြည်ထဲမှာ ငါလိုလူမျိုးတွေ ဘယ်လောက်ရှိနေပြီလဲ။ ဟိုမရောက်၊ ဒီမရောက်လူမျိုးကပြားတွေ ဘယ်လောက်များနေပြီလဲ။ တစ်ခါ သူတို့ကတဖန်ပေါက်ဖွားလာကြတဲ့ သွေးရင်းမစစ်တဲ့လူမျိုးတွေ နောက်ထပ်ဘယ်လောက်ရှိနေပြီလဲ။ စဉ်းစားကြည့်စမ်း။ အမျိုးကောင်းတိုက်ကြက်အုပ်ထဲကို ဘုတ်ကြက်တစ်ကောင်ရောလိုက်တာနဲ့ အဲဒီတိုက်ကြက်အုပ်ဟာ ဘယ်တော့မှ နဂိုပုံမှန်တိုက်ကြက်မျိုးသန့်တွေ ပြန်မရနိုင်တော့ဘူးကွ။



ဒါပေမယ့် အဲဒီဘုတ်ကြက်သွေးနှောသွားတဲ့ တိုက်ကြက်အုပ်ဆိုတာ တစ်အုပ်လုံးမျိုးဖြုတ်ပစ်ပြီး တိုက်ကြက်မျိုးသန့်တစ်စုံနဲ့ ပြန်မွေးမယ်ဆိုရင်တော့ ရနိုင်သေးသကွ။ အခု တို့လူသားတွေအတွက်ကျတော့ အဲဒီလိုပြန်လုပ်လို့မရနိုင်တော့ဘူးလေကွာ။ ဒီလိုဆိုတော့ လူမျိုးတစ်မျိုးမှာ ကိုယ့်အမျိုးဂုဏ်ကို ထိန်းသိမ်းပြီး သွေးနှောမခံရဖို့ သိပ်အရေးကြီးတယ်။ အများကြီးမဟုတ်ဘူး။ တစ်ယောက်လောက်တစပြီး အမျိုးဂုဏ်ဖျက်လိုက်တာနဲ့သွားပြီ။ နောင်ရာစုနှစ်တစ်ခုလောက်မှာပဲ အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေ ပျက်ပြားသွားရတော့တာပဲ။ အခုဆို ကြည့်စမ်း အချို့တို့ဗမာမိန်းမတွေဟာ ပိုက်ဆံတစ်ခုတည်းကို ကြည့်ပြီး တရုတ်ဆိုလည်း ယူလိုက်တာပဲ။ ကုလားဆိုလည်း ယူလိုက်တာပဲ။ အင်္ဂလိပ်ဆိုတဲ့ကောင်တွေကိုလည်းယူတာပဲ။ ဒီတော့ အခုချိန်အခုအခြေအနေမှာ တို့ဗမာရုပ်တွေဟာ ခန့်မှန်းလို့ မရအောင် အတိအကျမရှိတော့တာ မဆန်းတော့ဘူးပေါ့ကွာ။ အဲဒီရဲ့ အဓိကတရားခံကတော့ မိမိတို့အကျိုးတစ်ခုတည်းအတွက်နဲ့ အမျိုးဂုဏ်ကို မထိန်းသိမ်းတဲ့ အမျိုးဖျက်တဲ့လူတွေပဲလို့ဆိုရင် မှားပါတော့မလား။ ဒီလောက်ဆို မင်းသဘောပေါက်လောက်ရောပေါ့ကွာ”ဟု ၎င်း၏စကားကို အဆုံးသတ်လိုက်လေတော့၏။ ဦးဘိုးမှင်မှာလည်း

www.burmeseclassic.com



ဦးဟုတ်လှို၏စကားများကို ပါးစပ်ပေါင်းလောင်းဖြင့် နားထောင်နေပြီးမှ

"ကျွန်တော်သဘောပေါက်ပါပြီဆရာကြီး ... ဆရာကြီးအကြောင်းကိုဆက်ပါဦး" ဟု ဇာတ်ကြောင်းကို ပြန်ရှုစပေးလိုက်မှ ဦးဟုတ်လှိုက

"အင်း .. ဒီကောင်တွေလူမျိုးစုကဆိုခဲ့သလို အသွင်သဏ္ဌာန် ရုပ်ရည်တွေက အတည်မရှိသလို ဘာသာစကားနဲ့ ဓလေ့စရိုက်တွေကလည်း ဘာမှကို အတည်မရှိကြဘူးကွ။ မင်းနားလည်အောင်ပြောရရင် သူတို့ဟာ တရုတ်တွေထဲရောက်ရင် တရုတ်လိုနေ၊ တရုတ်လိုပြောနိုင်ကြတယ်။ အခြားဘယ်လိုလူမျိုးနဲ့မဆို ရောနှောနိုင်ကြတယ်။ အတော့်ကိုထူးဆန်းတဲ့လူမျိုးတွေပဲ။ ပြောရင်ယုံနိုင်စရာတောင်မရှိဘူး။ အချို့ဆို အသားမည်းကုလားမျိုးပုံစံကောင်တွေတောင်ရှိကြတယ်။ ဒါပေမယ့် သူတို့လူမျိုးစုခေါင်းဆောင်ရုပ်ရည်ကတော့ တိဗက်ရုပ်ကွ။ နာမည်က 'အချာ့န' လို့ခေါ်တယ်။ ပြီးတော့ ဒီကောင်က ဘာသာစကားမျိုးစုံလည်းတတ်တယ်။ ငါတို့ဗမာစကားကိုတောင် ဒီကောင်နည်းနည်းပါးပါးတတ်တယ်ကွ။ အများဆုံးသူတို့ဒေသမှာပြောကြတာကတော့ တိဗက်နဲ့ကချင်ရော



နှောနေတဲ့ ဘာသာစကားတစ်မျိုးပဲ။ ဒီကောင်တွေလက်ထဲကို ဒီလိုပစ္စည်းမျိုးက ဘယ်လိုရောက်လာခဲ့လဲဆိုတာ ငါလည်းမတွေးတတ်အောင်ပဲ။ နောက်တစ်ခုပြောရဦးမယ်။ သူတို့ဒေသဟာ အတော့်ကိုရှေ့ပေါ်တဲ့ဒေသတစ်ခုကွ။ ပြီးတော့ တောင်ကြားတစ်ခုကြားမှာရှိတဲ့ ဒေသကျဉ်းကျဉ်းလေးရယ်။ အင်း .. သူတို့အကြောင်းကို ဒီလောက်နဲ့ပဲရပ်ကြစို့။ အကုန်လုံးပြောပြနေရင်ပြီးမှာမဟုတ်တော့ဘူး။ ဒီလောက်ဆိုရင် မင်းလည်းသိတန်သလောက်သိရပြီပဲ။ အခုနေအရေးကြီးတာ ငါ့နောက်ကို လိုက်နေကြတဲ့ 'အချာ့န' ရဲ့လူတွေလက်ကနေ ငါ့အနေနဲ့ လွတ်မြောက်နိုင်ဖို့ပဲ" ဟုပြောကာ ဦးဟုတ်လှိုသည် ၎င်း၏စကားကို ရုတ်တရက်အဆုံးသတ်ကာ တစ်စုံတစ်ခုကို စဉ်းစားနေသကဲ့သို့ ရှိနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယမြောက်ညှော်သည်

ဦးဘိုးမှင်မှလည်း ဆရာ၏အရိပ်အကဲကိုကြည့်၍ ယခုအချိန်၌ မိမိထံရောက်နေပြီဖြစ်၍ စိုးရိမ်ရဖွယ်မရှိတော့ကြောင်း၊ အကယ်၍ အန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါကလည်း မိမိမှာ ဆရာ၏ ရှေ့မှ အသက်စွန့်ကာ ကာကွယ်ပါမည့်အကြောင်း မိမိ၌လည်း တပည့်လှုပုံအလုပ်သမားများစွာရှိ၍ ၄င်းတို့အားလည်း ယနေ့မှစ၍ အစောင့်အနေများချထားပါမည့်အကြောင်း အစရှိသည်တို့အား ဦးဟုတ်လှိုကို အားတက်ကျေနပ်ဖွယ်ဖြစ်သည်အထိ ပြောပြနှစ်သိမ့်



ခဲ့လေတော့၏။

ထို့နောက် ဦးဘိုးမှင်သည် မိမိ၏ဆရာကြီးဦးဟုတ်လှိုအား အစားအသောက်အစီအမံ အစောင့်အရှောက်များနှင့်တကွ ပြောသည့် အတိုင်း လုံခြုံစွာထားရှိခဲ့သည်ရှိသော် ဦးဟုတ်လှိုမှလည်း ၄င်းအား ပါလာခဲ့သည့်ရွှေတုံးများထဲမှ အချို့ကိုစားစရိတ်စားခအဖြစ်ဟုဆိုကာ ပေးအပ်ခဲ့လေသည်။ ထိုအခါ ဦးဘိုးမှင်က

"မဟုတ်တာဘဲဆရာကြီးရယ်။ ကျွန်တော့်မှာ ပစ္စည်းစည်းစိမ်တွေက တစ်ယောက်တည်း လိုအပ်တာထက်တောင် လျှံနေပါသေးတယ်ဆရာကြီး ပစ္စည်းတွေကိုမယူပါရစေနဲ့" ဟု တောင်းပန်လေရာ ဦးဟုတ်လှိုက

"မဟုတ်သေးဘူး မောင်ဘိုးမှင်ရဲ့။ ငါ့မှာကလည်း 'မြ'ကြီးအပြင် ကျန်တဲ့ပစ္စည်းတွေမက်စရာမရှိပေဘူး။ ဒါတွေကို ငါ့ဆီမှာထားနေလို့လည်း ကျောက်ခဲသလဲလိုပဲ ရှိတော့မပေါ့။ မင်းမှာက မင်းတစ်ယောက်တည်းဆိုပေမယ့် မင်းကို မှီခိုအားကိုးနေကြတဲ့ အလုပ်သမားတပည့်တပန်းတွေရှိနေတာပဲ။ မလိုအပ်လို့လျှံနေသပဆိုလည်းသူတို့အကျိုးအဖို့ ဝေငှပြီးပေးလိုက်ပေါ့ကွာ။ ဒီလိုဆိုတို့အကျိုးအတွက်လည်း ၎င်းကို့တွေ အားတက်သရောပါကာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုသည်နှင့် လက်ခံလိုက်ရလေတော့၏။

သို့ဖြစ်ရာ ဦးဘိုးမှင်သည်လည်း ဦးဟုတ်လှိုင်ပေးအပ်သော ရွှေတုံးများကို ဒီအတိုင်းပင် သိမ်းဆည်းထားလိုက်ပြီးလျှင် မိမိ၏ ငွေများထဲမှ အလုပ်သမားတစ်ယောက်လျှင် (၁၀၀) ကျပ်မျှခွဲဝေ၍ ပေးလိုက်လေတော့၏။ ထိုအခါအလုပ်သမားများမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မိမိတို့သူဌေးဖြစ်သူ ဦးဘိုးမှင် အတွက်ဆိုလျှင် အရေးကြုံက အသက်ပင်ပေးဝံ့လောက်အောင် စိတ်အားထက်သန်လာကြလေတော့၏။

ဦးဘိုးမှင်ကလည်း ၎င်း၏အလုပ်သမားများကို မည်သူမေးမေး မိမိထံ၌ ဦးဟုတ်လှိုင်ရောက်နေသည့်အကြောင်းအား တစ်လုံး တစ်ပါဒမှ ဖွင့်ဟ၍မပြောကြရန် နှုတ်ပိတ်၍ထားသည်ရှိသော် အလုပ်သမားတို့သည်လည်း ပြောသည့်အတိုင်း တသွေမတိမ်း လိုက်နာကြသည့်အပြင် ဦးဘိုးမှင်မှ အရိပ်အမြွက် ပြောပြထားသည့် စကားများကြောင့် ရွာအတွင်း လူစိမ်းအဝင်အထွက် လုံခြုံရေးမှအစ မလစ်ဟင်းရအောင် စောင့်ကြပ်ကြည့်ရှုအကူအညီပေးကြလေကုန်၏။

ဤကဲ့သို့ ရှိနေဆဲအချိန်၌ပင်လျှင် ဦးဘိုးမှင်၏နေအိမ်သို့ လူတစ်ဦးသည် ထပ်မံရောက်ရှိလာခဲ့ပြန်လေတော့၏။ ယခုတစ်ကြိမ်



ရောက်လာသောလူမှာ အခြားလူမဟုတ်ဘဲ ဦးဘိုးမှင်၏မိန်းမ ဒေါ်သိန်းကြွယ်၏ဘက်မှ တော်စပ်သောတူတစ်ဦးပင်ဖြစ်ပြီး နာမည်မှာ မောင်ကျော်ခေါင်ဟူ၍ ဖြစ်ပေ၏။ အသက်အားဖြင့် အစိတ်ဝန်းကျင် ခန့်ရှိပြီး ၎င်းမှာ မြင့်မားကျစ်လစ်သော အရပ်အမောင်းနှင့် သန့်ပြန့်သော ဥပဓိရုပ်မျိုးရှိလေ၏။ အထူးသဖြင့် ၎င်း၏မျက်လုံးများမှာ စူးရှ၍ ရဲရင့်ခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်း၊ စွန့်စားဝံ့ခြင်း၊ တည်ကြည်သစ္စာရှိခြင်း အစရှိသောလက္ခဏာတို့အား တစ်စုတစ်ဝေး တည်း ဖော်ထုတ်ပြသနေကဲ့သို့ ရှိပေ၏။ ထို့အပြင် မောင်ကျော်ခေါင် သည် ကိုယ်နှုတ်အမူအရာအားဖြင့်လည်း တည်ကြည်သိမ်မွေ့သော ဟန်မူများနှင့်ပြည့်စုံကာ စကားပြောဆိုသည့်အခါ ပြုံးချိုသော မျက်နှာထားနှင့် နားထောင်သူအား မိမိ၏အလိုသို့လိုက်ပါလာ အောင်ပြောနိုင်သည့်အရည်အချင်းသည်လည်းရှိ၏။ မောင်ကျော်ခေါင်သည် ယခင်က ၎င်း၏အဒေါ် ဒေါ်သိန်းကြွယ်ရှိစဉ် ဦးဘိုးမှင်နေအိမ်၌ အလည်နေသွားဖူးလေ၏။ ထိုမှ ၎င်း၏စွန့်စားလိုသောဝါသနာ နှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ သွားလာနေထိုင်လျက် ယခုအကြိမ်မှာ ဦးဘိုးမှင်၏နေအိမ်သို့ ဒုတိယအခေါက်အဖြစ် ရောက်လာခဲ့ခြင်းဖြစ်ပြီး ပထမအခေါက်မှာ ဒေါ်သိန်းကြွယ် ကွယ်လွန်စဉ် ရောက်လာခဲ့ခြင်းဖြစ်လေ၏။ ဦးဘိုးမှင်မှာ ယခင်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကိုယ်တိုင်ပင် စွန့်စားသော အလုပ်များနှင့် ကျင်လည်ခဲ့သူတစ်ယောက် ဖြစ်၍ မောင်ကျော်ခေါင် အပေါ်တွင် မိန်းမဘက်မှတူပင် ဖြစ်သော်ငြား တူအရင်းတစ်ယောက် ကဲ့သို့ မေတ္တာရှိလေရာ ရုတ်တရက်ရောက်လာသော မောင်ကျော်ခေါင်ကို မြင်ရသည်နှင့် ဝမ်းသာအားရဖြင့် ဆီးကြိုရှာလေ၏။ ထိုမှ တူဝရီးနှစ်ယောက်သား ဝမ်းသာအားရ ဖက်လှဲတကင်း စကားများ မေးမြန်းပြောဆိုကြသည်ရှိသော် မောင်ကျော်ခေါင်မှ

"ဒါနဲ့ ဦးလေး ... မောင်ဘုန်းမြင့်နဲ့ နုနုလေးတို့လည်း မမြင်ပါလား" ဟု မေးမြန်းပြောဆိုလေလျှင် ဦးဘိုးမှင်မှာ မျက်ရည် တွေတွေစီးကျလာလျက်

"မင်းညီနဲ့ မင်းနှမလည်းမရှိကြတော့ဘူး မောင်ကျော်ခေါင်ရဲ့ မင်းအဒေါ်ခုံးပြီး ဘာမှမကြာဘူး။ သူတို့လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးသွားကြတာပါပဲကွယ်" ဟု ပြောဆိုကာ ရုတ်တရက် ပုလိပ်ရောဂါဖြင့် ဆုံးပါးသွားခဲ့ကြသော ၎င်း၏သားနဲ့သမီး အကြောင်းကို စီကာပတ်ကုံးပြောပြလေတော့၏။ မောင်ကျော်ခေါင် မှာဦးဘိုးမှင်၏စကားများအား နားထောင်အပြီး လွန်စွာမှ စိတ်ထိခိုက် သွားဟန်ရှိလေတော့၏။ ပြီးမှ စိုနင့်ကြေကွဲနေသောဖယ်ကိုထိန်း၍

"ကျွန်တော် ဒါတွေကိုမသိခဲ့ရပါလား ဦးလေးရယ်။ ခြော်



မောင်ဘုန်းမြင့်နဲ့နုနုတို့ရယ် ဖြစ်မှဖြစ်ရက်ပလေတယ်" ဟု နှုတ်မှ ရေရွတ်ညီးညူလျက် စိတ်ကိုတင်းလိုက်သကဲ့သို့ မေးရိုးကြောကြီး များထောင်လာသည်အထိ အံတစ်ချက်ကို ကြိတ်လိုက်လေ၏။ ထို့ နောက်မှ ဦးဘိုးမှင်က ၎င်းကိုယ်တိုင်ပင် စီးကျနေသောမျက်ရည် များကို အင်္ကျီလက်ဖျားဖြင့်သုတ်လျက်

"ကိုင်း ... စိတ်မကောင်းဖြစ်မနေနဲ့တော့ မောင်ကျော်ခေါင် လွန်သွားတော့မှ ဘယ်တတ်နိုင်ပါတော့မလဲကွယ်။ ဒါနဲ့ ငါ့တူကြီး ဒီတစ်ခေါက်ရောက်လာတာ နှစ်တောင်အတော်ခြားသွားတယ်။ ဘယ်တွေများလျှောက်သွားနေတာတုံး" ဟု မေးမြန်းလိုက်လေရာ

"အစုံပါပဲဦးလေးရယ်။ နဂါးမာန်နေတွန်းလို့ခေါ်တဲ့ ကျွန်တော့် ဆရာတစ်ယောက်နဲ့ အိန္ဒိယပြည်နဲ့ ဟိုးတိဗက်တွေအထိတောင် ရောက်ခဲ့တယ်" ဟု ပြောလိုက်စဉ်မှာပင် အခန်းတွင်းမှနေ၍ ၎င်းတို့ ပြောဆိုနေကြသော စကားများကို နားထောင်နေသည့် တရုတ်ကြီး ဦးဟုတ်လွှီသည် စိတ်လှုပ်ရှားနေသော မျက်နှာမျိုးဖြင့် ထွက်၍ လာလေတော့၏။ ရုတ်တရက် အခန်းတွင်းမှထွက်လာသော တရုတ်ကြီးဦးဟုတ်လွှီကိုကြည့်၍ မောင်ကျော်ခေါင်မှာ အံ့သြသွား သောမျက်နှာဖြစ်သွားလေ၏။ ထိုစဉ်ပင် ဦးဘိုးမှင်က မောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်၏လက်မောင်းကိုကိုင်လှုပ်၍ တစ်စုံတစ်ခုကိုပြောရန် ဟန်ပြင်လိုက်စဉ်ပင် တရုတ်ကြီးဦးဟုတ်လွီသည် မထင်မှတ်သောအလုပ်တစ်ခုကို လုပ်လိုက်လေတော့၏။ ယင်းမှာ ဦးဟုတ်လွီသည် ရုတ်တရက် အနီးရှိကြွေပန်းအိုးတစ်လုံးကို ကောက်ယူကာ မောင်ကျော်ခေါင်၏မျက်နှာတည့်တည့်နေရာအား ပစ်ပေါက်လိုက်ခြင်းပင်ဖြစ်ပေ၏။ သို့ရာ၌ မောင်ကျော်ခေါင်သည် ဦးဟုတ်လွီ ရိုပ်ခနဲလှုပ်ရှားသွားစဉ်ကတည်းက ဦးဘိုးမှင်ကိုပါ တွန်းထုတ်ကာ တစ်ဘက်သို့ ဖျတ်ခနဲတိမ်းရှောင်လိုက်ပြီးဖြစ်သဖြင့် ပန်းအိုးမှာ ၎င်း၏နားရွက်ဖျားနားမှ ဝိုခနဲဖြတ်ကျော်လျက် နောက်ဖက်ရှိ နံရံအား ထိမှန်သွားကာ အစိတ်စိတ်အမွှာမွှာ ကွဲကြေလွင့်စင်သွားလေတော့၏။ ပစ်ချက်ကား ပြင်းထန်လှပေ၏။ အကယ်၍သာ ရှောင်တိမ်းခြင်းမပြုနိုင်ဘဲ မျက်နှာနေရာအား တည့်တည့်ကြီးထိမှန်ပါလျှင် မတွေးရဲစရာပင် ဖြစ်ပေတော့၏။ ဦးဟုတ်လွီသည် ၎င်း၏ ပစ်ချက်လွဲချော်သွားသည်နှင့် ချက်ချင်းပင် မောင်ကျော်ခေါင်ထံသို့ လှစ်ခနဲ ပြေးဝင်ကာ တိုက်ခိုက်ပြန်လေ၏။ ထိုအခါ ဦးဟုတ်လွီ ပစ်ပေါက်လိုက်သောအချိန်နှင့် ပြေးဝင်တိုက်ခိုက်လိုက်သောအချိန်မှာ မြန်ဆန်လွန်းရကား တဆက်တည်းဟုပင်မြင်လိုက်ရလေတော့၏။ အတော်



အတန်လျှင်မြန်ဖျတ်လတ်သူတစ်ယောက်ပင် ဦးဟုတ်လွီ၏ဒရစပ်တိုက်လာသော တိုက်ကွက်ကိုခုခံရန် မလွယ်ကူလှချေ။ သို့သော် မောင်ကျော်ခေါင်မှာလည်း အံ့ဩလောက်ဖွယ် ရိပ်ခနဲရှောင်တိမ်းသွားပြီး တစ်ဆက်တည်းဦးဟုတ်လွီ၏ လျှင်မြန်မှုအတိုင်းပင် ပြန်လည်ခုခံတိုက်ခိုက်နိုင်နေ၏။ ဦးဘိုးမှင်မှာမူ မောင်ကျော်ခေါင်နှင့် ဦးဟုတ်လွီတို့၏တိုက်ပွဲကို အံ့အားသင့်ကာ ကြောင်ငေး၍ကြည့်နေမိလေ၏။ ထိုခဏ၌တွင်ပင် ဦးဟုတ်လွီသည် မောင်ကျော်ခေါင်နှင့် တိုက်ခိုက်နေရာမှ နောက်သို့ခြေနှစ်လှမ်းစာမျှ ခုန်ဆုတ်သွားပြီး လက်ခုပ်နှစ်ဖက်ကို တဖြောင်းဖြောင်းတီးလိုက်လျက်

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဟား .. ဟား .. နဂါးမာန်နေထွန်းရဲ့ တပည့်ပီသပါပေတယ်ကွယ်" ဟု ပြောဆိုလိုက်လေရာ ဆက်လက် တိုက်ခိုက်ရန်ဟန်ပြင်နေသော မောင်ကျော်ခေါင်သည်၎င်း ကြောင်အငေးသားရပ်ကြည့်နေခဲ့ရှိသော ဦးဘိုးမှင်သည်၎င်း အံ့အားသင့်၍ သွားကြပြန်လေတော့၏။ ထိုအခါမှ ဦးဟုတ်လွီက မောင်ကျော်ခေါင်အား ပြုံးကာကြည့်ရှု၍

"ဟဲ .. ဟဲ စိတ်မဆိုးပါနဲ့ မောင်ကျော်ခေါင်ရယ်၊ ကျုပ်ကမောင်ရင်ဟာ နဂါးမာန်နေထွန်းဆိုတဲ့လူရဲ့ တပည့်ဟုတ်ကဲ့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် စမ်းကြည့်လိုက်တာပါ။ အခုတော့ ယုံပါပြီ။ အင်း တပည့်တောင် ဒီလောက်အစွမ်းထက်မှတော့ ဆရာဖြစ်တဲ့လူဟာ မြေလျှိုးမိုးပါပျံနေမလားမသိဘူး" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်မှာ ဆက်လက်တိုက်ခိုက်ရန် ပြင်ထားသောကိုယ်နေဟန်ကို လျှော့ချလိုက်ပြီး အကောင်းအမြင်ပါးသူတစ်ယောက်ပီပီ ဦးဟုတ်လှိုင်အား သေချာစွာကြည့်ရှု၍

"ဒီက ဆရာကြီးကြည့်ရတာ ဗမာမဟုတ်ဘူး။ တရုတ်ကပြားတစ်ဦးနဲ့တူတယ်။ မဟုတ်မှလွဲရော ဦးဟုတ်လှိုင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများလား" ဟု ပြန်၍မေးသလိုပြောလိုက်လေတော့၏။ ထိုအခါ တရုတ်ကြီးဦးဟုတ်လှိုင်က သဘောကျစွာရယ်မော၍ "ဟား ... ဟား ဟုတ်လိုက်လေ မောင်ရင်ရယ်။ မောင်ရင်က ကျုပ်ကိုတောင် သိနေပါလား။ အံ့သြစရာပဲ" ဟု ပြောလိုက်လေရာမောင်ကျော်ခေါင်က

"ကျွန်တော့်ဆရာကြီးပြောဖူးတာ အမှတ်ရပြီး ခန့်မှန်းကြည့်လိုက်တာပါ။ အံ့သြစရာမရှိပါဘူး" ဟု ပြော၍ မျှားမကြာမီအချိန်တွင်ပင် ဦးဘိုးမှင်၏ မိတ်ဆက်ပြောကြားမှုကြောင့် ဇာတ်ရည်လည်သွားကြလေကုန်တော့၏။ ထိုအချိန် တရုတ်ကြီးဦးဟုတ်လှိုင်သည် မောင်ကျော်ခေါင်အား မြင်မြင်ချင်းပင် သဘောကျနှစ်မြို့က်သွားလေတော့သတည်း။ ။



# ထူးဆန်းလှန်းသောမြွေကြီး

မောင်ကျော်ခေါင်သည်၎င်း၊ တရုတ်ကြီးဦးဟုတ်လှိုင်သည်၎င်း တစ်ဦး၏အကြောင်းကိုတစ်ဦး သိရှိသွားကြပြီဖြစ်ပေ၏။ ထိုအခါ မောင်ကျော်ခေါင်က

"ကျွန်တော်တို့လည်း ဒီ 'မြွေ' ကြီးအကြောင်းကို ကြားဖူးခဲ့ကြပါတယ်။ လက်စသတ်တော့ အခုဆရာကြီးလက်ထဲမှာ ရောက်ရှိနေတာကိုး။ ဒါနဲ့ တဆိတ်လောက်ဆရာကြီးအနေနဲ့ ခွင့်ပြုမယ်ဆိုရင် မြင်ဖူးတယ်ရှိအောင် ကြည့်ချင်ပါရဲ့ဗျာ" ဟု ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေရာ ဦးဟုတ်လှိုက

"အခြားလူဆိုရင်တော့ ကျုပ်အနေနဲ့ပြချင်မှပြမယ်။ ဒါပေမယ့် မောင်ကျော်ခေါင်ကိုတော့ ကျုပ်ပြပါ့မယ်" ဟုပြောဆိုကာ ၎င်း၏အခန်းတွင်းသို့ဝင်ရောက်သွားလေတော့၏။ ထိုမှ ပြန်ထွက်လာသောအခါ၌မူ ဦးဟုတ်လှိုသည် ရွှေချည်ငွေချည်များနှင့် ထူးဆန်းစွာတန်ဆာဆင်ထားသည့် ကတ္တီပါအိတ်ရှည်လေးတစ်ခု ကို လက်၌ဆွဲ၍လာလေ၏။ ထိုနောက်မှ ဦးဟုတ်လှိုက မောင်ကျော်ခေါင်အား

"ကျုပ်ကလည်း မောင်ကျော်ခေါင်တို့ဆရာ နဂါးမာန်နေထွန်း ဆိုတဲ့လူကို မြင်သာမမြင်ဘူးတာ၊ ကြားဖူးနေတာတော့ ကြာပါပြီ။ မောင်ရင်တို့ဆရာဟာလည်းပဲ ကျုပ်လိုရှေးဟောင်းပစ္စည်းရတနာ တွေကို ရှာဖွေစုဆောင်းတတ်တဲ့ နာမည်ကြီးလူတစ်ယောက်ပဲ။ ပြီးတော့ တစ်ချိန်တုန်းက ကျုပ်ညီတစ်ယောက်ရဲ့ရန်သူတစ်ယောက် လည်း ဖြစ်ခဲ့ဖူးတယ်။ ကျုပ်ညီနာမည်က ရှောင်လှိုလို့ခေါ်တယ်။ သူဟာ သေမင်းဖြူဂိုဏ်းလို့ခေါ်တဲ့ စန္ဒာလဝန်းဂိုဏ်းက ဂိုဏ်းဝင် တစ်ယောက်ပဲ။ အဲဒီဂိုဏ်းကလည်း ကျုပ်တို့လိုပဲ ရှေးဟောင်း ပစ္စည်းရတနာတွေ ရှာဖွေစုဆောင်းနေတဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်တယ်။



မောင်ရင့်ဆရာ နဂါးမာန်နေထွန်းဆိုတဲ့လူကတော့ အဲဒီဂိုဏ်းနဲ့တောင် အပြိုင်ကျဲခဲ့သေးတယ်ဆိုမှဖြင့် ပေါ့သေးသေးလူတော့ မဟုတ်ဘူး လို့ ကျုပ်တွက်ထားတာ။ အခုလို သူ့တပည့်ဖြစ်တဲ့ မောင်ကျော်ခေါင် အရည်အချင်းကို မြင်ရပြန်တော့ ဒီလူဟာ ကျုပ်တွက်ထားတာထက် ကို ကြောက်စရာကောင်းတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျုပ် သိလိုက်ရပြီ" ဟု ပြောလိုက်လေရာ မောင်ကျော်ခေါင်ကလည်း

"မှန်ပါတယ်။ ကျွန်တော့်ဆရာမို့လို့ ပြောတာမဟုတ်ပါဘူး။ ကျွန်တော့်တစ်သက် ဆရာကြီးနဂါးမာန်နေထွန်းလို အဖက်ဖက်က ပညာဗဟုသုတပြည့်ဝတဲ့လူမျိုးမတွေ့ဖူးသေးဘူး။ တော်တော်ကို ကြောက်စရာကောင်းတဲ့လူမျိုးပါပဲ။ ဒါပေမယ့် ဆရာကြီး နဂါးမာန် နေထွန်း ချီးကျူးတဲ့လူတွေထဲမှာ ဆရာကြီးဦးဟုတ်လှိုလည်း ပါပါ တယ်။ ဒါကြောင့် ကျွန်တော် ဆရာကြီးပုံစံကို အကဲခတ်ပြီး နာမည် ကို ခန့်မှန်းနိုင်တာပေါ့" ဟု ပြောလိုက်လေ၏။

ထိုအခါ တရုတ်ကြီးဦးဟုတ်လှိုက သဘောကျစွာရယ်မော၍

"ကိုင်း … ထားလိုက်ပါတော့။ အခုချိန်မှာတော့ ကျုပ်ဟာ မောင်ရင့်ဆရာ ချီးကျူးလောက်အောင် မတန်တဲ့လူတစ်ယောက် ဖြစ်နေပါပြီ။ ဘာဖြစ်လို့လဲဆိုရင် ကျုပ်မှာ ဒီ "မြ" ကြီးအတွက်နဲ့ တပြေးတည်းပြေးနေရတာကိုး" ဟုဆိုကာ ၎င်း၏ကတ္တီပါအိတ်ရှည်

www.burmeseclassic.com

www.burmeseclassic.com



လေးကိုဖွင့်၍ အထဲမှအရာတစ်ခုကို ဆွဲထုတ်လိုက်လေတော့၏။

ထိုအခါ တရုတ်ကြီးဦးဟုတ်လွှီလက်ထဲ၌ ပါလာသော အရာလေးမှာ လက်တစ်ဝါးစာမျှရှိတာရှိ၊ ရွှေရောင်ကနုတ်ပန်း အမွှန်း အပြောက်များဖြင့် ထွင်းထုတန်ဆာဆင်ထားသော သေတ္တာငယ်လေး တစ်လုံးပင်ဖြစ်နေလေ၏။ မောင်ကျော်ခေါင်နှင့် ဦးဘိုးမှင်တို့မှာ လည်း သေတ္တာလေးကို အံ့သြစွာကြည့်ရှုနေမိကြလေ၏။ ထို့နောက် ဦးဟုတ်လွှီက သေတ္တာလေးကို ဖြည်းညင်းစွာဖွင့်လိုက်လေလျှင် အထဲ၌ မကြုံစဖူး အံ့သြဖွယ်ကောင်းလှသော အရည်အသွေးနှင့် 'မြ' ကြီးကို တွေ့မြင်လိုက်ရလေတော့၏။ ထိုအခါ 'မြ' ကြီးမှာ လုံးတစ်ယောက်၏ မျက်လုံးသဏ္ဍာန်မျိုးရှိလျက် အစိမ်းရောင်များမှာ တဖိတ်ဖိတ်တောက်နေပြီးလျှင် ၎င်း၏စိမ်းသောအရောင်မှာ ကမ္ဘာပေါ် ရှိ မည်သည့်အစိမ်းရောင်မျိုးနှင့်မျှမတူဘဲ ထူးခြားလွန်းသည့် အစိမ်း ရောင်းမျိုးဖြစ်နေသည်ကို အံ့သြဖွယ်တွေ့မြင်လိုက်ရလေတော့၏။

မောင်ကျော်ခေါင်သည် 'မြ' ကြီးကို တအံ့တသြ ကြည့်ရှု၍

''အရောင်အသွေးရော၊ အဆင်းပါ တော်တော့်ကို ထူးခြားတဲ့ 'မြ' ကြီးပဲ'' ဟု ချီးကျူးလိုက်သကဲ့သို့ ဦးဘိုးမှင်မှလည်း

''ငါ့တသက် ဒီလို 'မြ' ကြီးမျိုး အခုမှပဲ တွေ့ဖူးတော့တယ်။ ကြည့်စမ်းပါဦး။ တောက်နေတဲ့ အစိမ်းရောင်ကိုက ဘယ်လို



အစိမ်းရောင်နဲ့နှိုင်းပြီး ပြောရမှန်းတောင် မသိတော့ဘူး'' ဟု တအံ့ တသြချီးကျူးလိုက်လေတော့၏။ ထိုအခါ တရုတ်ကြီးဦးဟုတ်လွှီက ဦးဘိုးမှင်အား

''ကဲ ... ဘာကြောင့် ငါ ဒီ 'မြ' ကြီးကို မက်မက်မောမော နဲ့ အသက်စွန့်ပြီး ယူခဲ့ရသလဲဆိုတာ မင်းတို့သဘောပေါက်ပြီပေါ့ မောင်ဘိုးမှင်'' ဟုမေးလိုက်လေရာ

''ဟုတ်ပါ့ ဆရာကြီးရယ်။ ဒါကြောင့်လည်း ဟိုကောင်တွေ ဟာ ဆရာကြီးနောက်ကို အသည်းအသန်လိုက်နေကြတာပဲ။ ဒီ 'မြ' ကြီးရဲ့တန်ဖိုးဟာ အခုခေတ်ဈေးနှုန်းနဲ့ဖြတ်ရင်တောင်အနည်းဆုံး (၁၀) သိန်းဝန်းကျင်ထက်နည်းမယ်မဟုတ်ဘူး'' ဟု ဦးဘိုးမှင်က ပြောလိုက်လေ၏။ ထိုအခါ ဦးဟုတ်လွှီက 'မြ' ကြီးနှင့်ပတ်သက် ၍ မိမိနောက်၌လိုက်နေကြသော အန္တရာယ်များကို ပြန်၍ပြောပြ သော မောင်ကျော်ခေါင်အား မိမိ၏အန္တရာယ်များကို အကာအကွယ် ပေးလျှင် ၎င်းအနေဖြင့် ဤ 'မြ' ကြီးမှရသော အဖိုးအခ၏ တစ်ဝက် တိတိကို ပေးပါမည့်အကြောင်းကို ပြောဆိုလေလျှင် မောင်ကျော်ခေါင် မှာ မိမိမှာ ပစ္စည်းဥစ္စာမက်သူတစ်ယောက်မဟုတ်ကြောင်း အခါက ချွေးတိုက်နိုက်သောအလုပ်များကိုသာ မက်မောသူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြောင်း ထိုအခါတွင် မိမိဦးလေးဖြစ်သူ၏ ဆရာဖြစ်နေသည့် [illegible] အတွင်းအကြပ်ဗိုလ်ရောက်နေသူတစ်ယောက်အား အကူအညီ ပေးရမည်မှာ ဝတ္တရားပင်ဖြစ်၍ ကူညီပါမည့်အကြောင်း၊ အဖိုးအခ တို့မှ စိတ်ထဲတွင်ပင်ထည့်၍ မတွက်ပါကြောင်း ပြန်လည်၍ ပြော ဆိုလေ၏။ ထိုအခါ ဦးဟုတ်လွှီကလည်း ဝမ်းသာအားရဖြစ်လျက် မောင်ကျော်ခေါင်လိုလူမျိုးတစ်ယောက် မိမိနံဘေးတွင်ရှိနေလျှင် ယနေ့အချိန်မှစ၍ ရန်သူတို့ကို မှုစရာမရှိတော့ကြောင်းပြောဆိုကာ 'အချုနဲ' ဟူသော ရန်သူတို့၏ မလေ့၊ အကျင့်၊ အစွမ်းအစများကို ပြောပြနေပေတော့သတည်း ။ ။

မှတ်ချက် ။ မောင်ကျော်ခေါင်၏ဆရာ နဂါးမာန်နေထွန်း၏ အကြောင်းများကို ကျွန်ုပ်သည် ရှေ့စာအုပ်များတွင် ရေးသားဖော်ပြပြီး ဖြစ်ပါကြောင်း (စာရေးသူ)

▲ ▲ ▲ ▲



# မထင်မှတ်သောရန်သူ

•

တစ်ညသ၌ မောင်ကျော်ခေါင်သည် အိပ်၍မပျော်နိုင်ဖြစ်ကာ အိပ်ရာထက်၌ တလူးလူးတလွန့်လွန့်ရှိနေလေ၏။ ထိုအချိန်မှာ ည၌ (၁၂) နာရီပင်ကျော်ပြီဖြစ်၍ တစ်အိမ်လုံးမှာလည်း တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေပြီဖြစ်၏။ မောင်ကျော်ခေါင်အခန်းနှင့်ကပ်လျက် တစ်ဘက်ခန်းအတွင်း၌မူ ဦးဘိုးမှင်သည် နှစ်ခြိုက်စွာအိပ်ပျော်နေ လျက် ၄င်း၏ဟောက်သံကြီးကလည်း အချက်ကျကျ ထွက်ပေါ်

www.burmeseclassic.com



နေပေတော့၏။ မောင်ကျော်ခေါင်သည် အိပ်ရာထက်၌ ဟိုတွေး၊ ဒီတွေးဖြင့် အိပ်၍မပျော်နိုင်တော့သည့်အဆုံး အိပ်ယာထက်မှ ထလိုက်လေတော့၏။ ဖွင့်ထားသော ခေါင်းရင်းပြူတင်းပေါက်မှ လရောင်သည် အခန်းတွင်းသို့ဖြာ၍ကျနေလေ၏။ မောင်ကျော်ခေါင်သည် ကုတင်ထက်မှထကာ ပြူတင်းပေါက်ဆီသို့လျှောက်သွား၍ အပြင်မှလရောင်ရှုခင်းကို ငေးမော၍ကြည့်နေမိလေ၏။ ထိုမှ မောင်ကျော်ခေါင်သည် ခြံဝန်းအတွင်းသို့ဆင်း၍ လမ်းလျှောက်ရသော် ကောင်းမည်ဟု အတွေးဝင်လာသည်နှင့် အိမ်ပေါ်မှ တစ်ယောက်တည်း တိတ်တဆိတ်ဆင်းလာခဲ့လေတော့၏။ အိမ်အောက်သို့ရောက်လေလျှင် ဈာန်းလျားတစ်လုံးစီ၌ စောင်ပါးတစ်ထည်စီခြုံကွေးကာ အိပ်ပျော်နေကြသော သူရင်းငှားသာညာဏ်နှင့် အုန်းဖေတို့ကို တွေ့ရလေ၏။ မောင်ကျော်ခေါင်သည် ၎င်းတို့အား တစ်ချက်ကြည့်ကာ ခြံဝန်းအတွင်းသို့ လရောင်အောက်တွင် လျှောက်လာလိုက်တော့၏။ ကြည်လင်လှသော ကောင်းကင်ထက်၌ လမင်းကြီးသည် ထိန်ထိန်သာလျက်ရှိပေ၏။ ဆိတ်ငြိမ်လွန်းလှသော လသာည၏ လမင်းကြီးသည် ထိန်ထိန်သာလျက်ရှိပေ၏။ ဆိတ်ငြိမ်လွန်းလှသော လသာည၏ ကြည်နူးဖွယ်မြင်ကွင်းက မောင်ကျော်ခေါင်အား တဖြည်းဖြည်းချင်း ဖမ်းစားကာ အချိန်ကုန်မှန်းမသိကုန်၍



သွားလေတော့၏။ မောင်ကျော်ခေါင်သည် သရက်ပင်ကြီးအောက်ရှိ ကွပ်ပျစ်လေးပေါ်တွင်ထိုင်ကာ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးကို ငေးမောရင်း အတွေးနယ်ချဲ့မိလေ၏။ အချိန်မည်မျှကြာသွားသည်မသိ။ ထိုအခိုက်တွင်ပင် မိမိတို့၏ အိမ်ကြီးဆီမှ ခပ်အုပ်အုပ်သေနတ်သံတစ်ချက်ကို ကြားလိုက်ရာမှ မောင်ကျော်ခေါင်ငေးမောနေရာမှ ဆတ်ခနဲဖြစ်သွားရလေတော့၏။ တိတ်ဆိတ်လျက်ရှိသော ညဉ့်ဦးယံ၌ ခပ်အုပ်အုပ်သေနတ်သံသည် အိမ်တစ်အိမ်လုံးကို ချက်ချင်းလှုပ်ရှားသွားစေတော့၏။

မောင်ကျော်ခေါင်သည် နေရာမှလျင်မြန်စွာထ၍ အိမ်ကြီးဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်လေ၏။ ထိုစဉ်ပင် မိမိရှိနေရာတည့်တည့်ဆီသို့ ပြေးလာနေသော လူတစ်ယောက်ကို မောင်ကျော်ခေါင်မြင်တွေ့လိုက်ရလေတော့၏။ မောင်ကျော်ခေါင်သည် မိမိခန္ဓာကိုယ်ကို သရက်ပင်ကြီးပင်စည်ဖြင့် ကွယ်ထားလိုက်လေ၏။ မကြာမီ ပြေးလာသောလူအနီးသို့ ရောက်လာသည်နှင့် အကွယ်နေရာမှ [illegible]ွားတစ်ကောင်အား ကြောင်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးများဖြင့် ရုတ်တရက်ခုန်၍အုပ်လိုက်လေတော့၏။ ထိုအခါ နှစ်ယောက်သား ထွေးလုံးရစ်ပတ်၍သွားစဉ်ပင် ချုပ်ကိုင်ဖမ်းဆီးထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သော လှုထံမှ နူးညံ့ဖောင်းအိသောအတွေ့နှင့် ဝါဂွမ်းတမျှ နုဖတ်လှသောကိုယ်ကို မောင်ကျော်ခေါင်ချက်ချင်းသိလိုက်လေရာ မိမိလက်ထဲမှလူမှာ ကြမ်းတမ်းခက်မာသော ယောကျ်ားသားတစ်ဦး မဟုတ်ဘဲ နူးညံ့သေးသွယ်သော မိန်းကလေးတစ်ယောက်ဖြစ်မှန်း အံ့သြစွာ သိရှိလိုက်ရလေတော့၏။ မောင်ကျော်ခေါင်သည် မိန်းကလေးခေါင်းတွင် စွပ်ထားသော ခေါင်းစွပ်အနက်ကြီးကို ရုတ်တရက်ဆွဲချွတ်လိုက်လေလျှင် မည်းနက်သော ဆံနွယ်ရှည်ကြီးများ ဝဲခနဲလွင့်ကျလာလျက် လရောင်အောက်၌ ချောမောလှပလွန်းသော မိန်းကလေးတစ်ယောက် မျက်နှာတစ်ခု ပေါ်ထွက်လာလေတော့၏။

"မင်း … မင်း ဘယ်သူလဲ"

မောင်ကျော်ခေါင်သည် မိန်းကလေးအား ချုပ်ထားလျက်မှ မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးသည် မောင်ကျော်ခေါင်၏ လက်အတွင်းမှ လူးလဲရုန်းကန်ရင်းမှ

"ကျွန်မကို လွှတ် .. လွှတ်ပေးပါရှင်။ ချမ်းသာပေးပါ။ ဒီလိုလုပ်ရတာ မတတ်သာလွန်းလို့ လုပ်ရတာပါ။ ဟိုမှာ လူတွေမိသွားတော့မယ်" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်



သည် ထိတ်လန့်တကြား တောင်းပန်နေသော မိန်းကလေး၏မျက်နှာကို ကြည့်ရှု၍ မေးလိုက်မိ၏။

"မင်း ဘာလူမျိုးလဲ … မြန်မာလူမျိုးတော့ ဟုတ်ဟန်မတူဘူး"

"ဟုတ်ပါတယ် .. ကျွန် .. ကျွန်မ တိဗက်ပထန်စပ်လူမျိုးတစ်ယောက်ပါ။ ကဲ .. လွှတ်ပါတော့ရှင် .. ဟိုမှာ လူတွေမိသွားရင် ကျွန်မအခက်တွေ့ရလိမ့်မယ်"

"မင်းကို မလွှတ်နိုင်ဘူး။ ခုနက သေနတ်သံတစ်ချက် ကြားလိုက်ရတယ်။ မင်းဆရာကြီးဦးဟုတ်လှိုကို ဘာလုပ်ခဲ့သလဲ"

"ရှင် ဟိုရောက်ရင် သိမှာပေါ့။ ဟော ပြောရင်းဆိုရင်း ဒီဘက်ကို လာနေကြပြီ။ ကျွန်မကို လွှတ်ပါရှင်"

ပြောပြောဆိုဆိုပင် မိန်းကလေးက ရုတ်တရက် မောင်ကျော်ခေါင်၏ မေးရိုးကို ဦးခေါင်းဖြင့် တအားရိုက်ချလိုက်လေရာ မောင်ကျော်ခေါင်မှာ အိုက်မိသွားရလျက် 'ခွပ်' ဟူသော အသံနှင့်အတူ နောက်ပြန်လန်၍ကျသွားလေတော့၏။ ထိုခဏတွင်ပင် မိန်းကလေးသည် ၎င်း၏လက်အတွင်းမှ လွတ်သွားလျက် ကြောင်မလေးတစ်ကောင်သဖွယ် အမှောင်ရိပ်ထဲသို့ တိုးဝင်ပျောက်ကွယ်၍ သွားလေတော့၏။ မောင်ကျော်ခေါင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ ပြင်းထန် လှသော ဦးခေါင်းရိုက်ချက်ကြောင့် မူးဝေကာ ကျန်ရစ်ခဲ့ပြီးလျှင် မကြာမီ ၎င်း၏အနီးသို့ ဦးဘိုးမှင်နှင့် အလုပ်သမားသုံးလေးယောက် အပြေးအလွှားရောက်ရှိလာကြလေတော့၏။ ထိုအချိန်၌ မောင်ကျော် ခေါင်မှာ မြေပြင်ထက်၌ မူးဝေခြင်းမပြေသေးဘဲ လေးဘက်ကုန်း ဒူးထောက်လျက် ကျန်ရစ်နေဆဲဖြစ်ရာ

"အား .. ကျွတ် ကျွတ် လွတ်သွားပြီ ဦးလေးရေ။ အတော်လျင်တဲ့ကောင်ပဲ" ဟု ပြောဆိုလိုက်ဆဲပင် ဦးဘိုးမှင်ထံမှ

"ငါတို့ဆရာကြီး ဦးဟုတ်လွှိလည်း သွားရှာပြီမောင်ကျော်ခေါင်ရေ။ ရင်ဝတည့်တည့်နေရာကို သေနတ်နဲ့ပစ်သွားတာကွ" ဟု ပြောဆိုလိုက်ရကား မောင်ကျော်ခေါင်မှာ ပါးစပ်မှယောင်ရမ်း၍

"ဗျာ" ဟူ၍ အသံထွက်သွားရလေတော့သတည်း ။ ။

▲ ▲ ▲ ▲



# ရွာကထွက်ပြီ

နောက်တစ်နေ့နံနက်၌မူ ဦးဘိုးမှင်မှာ မိမိ၏ဆရာ တရုတ်ကြီး ဦးဟုတ်လွှိ၏ ဈာပနကိစ္စကို လှို့ဝှက်စွာဆောင်ရွက်စီမံရလေတော့၏။ သူကြီးနှင့်တကွ ရွာထဲကလူများအား ဦးဟုတ်လွှိမှာ ညှော်သည် တစ်ယောက်ဖြစ်၍ သူခိုး၏လက်ချက်ဖြင့် သေဆုံးသွားသည်ဖြစ်ကြောင်း သင့်တော်ရုံမျှကျေနပ်အောင် ပြောဆိုအသိပေးခဲ့ပြီးလျှင် ညှိပ်ဘက်မှ အမှုရှုပ်မလာအောင်လည်း သူကြီးနှင့်တိုင်ပင်ပြောဆိုကာ ငွေတော်တော်များများ အကုန်ကျခံ၍ စီမံခဲ့ရလေတော့၏။

www.burmeseclassic.com



ထိုအခါ သူကြီးကိုယ်တိုင်မှာလည်း ဦးဘိုးမှင်အပေါ် လေးစားယုံကြည်ရင်းစွဲ ရှိသည့်အတိုင်း ဦးဟုတ်လှို၏ရွာပနကိစ္စမှာ ငြိမ်းအေးစွာ ပြီးဆုံးသွားလေတော့၏။

ဤသို့လျှင် ရက်လည်ဆွမ်းသွတ်ကိစ္စပြီးဆုံးပြီး နောက်တစ်နေ့ အရောက်တွင်မူ ဦးဘိုးမှင်သည် မောင်ကျော်ခေါင်အား မတိုင်ပင်ဘဲ ဤအမှုမှာမပြီးဆုံးနိုင်ဟု သဘောပေါက်သည်နှင့်အညီ မောင်ကျော်ခေါင်အား တိတ်တဆိတ်ခေါ်ယူ၍

"ကဲ ... ကောင်းကြပြီပေါ့ ငါ့တူရေ။ ငါ့ဆရာကြီးကတော့ သေသွားပြီ။ ဒါပေမယ့် သူ့မှာကျန်ခဲ့တဲ့ 'မြ' ကြီးကိစ္စက ဘယ်လိုလုပ်ကြမတုံး" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်က အံ့သြသွားသောမျက်နှာမျိုးဖြင့်

"အဲဒါကြီးက ဟိုသူခိုးနောက်ပါသွားတာမဟုတ်ဘူးလား။ ကျွန်တော်ကဖြင့် ပါသွားပြီလို့ထင်နေတာ။ ကိစ္စတွေရှုပ်နေတာမို့ ဦးလေးကို အဲဒီအကြောင်း မမေးဖြစ်ခဲ့မိတာ" ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဦးဘိုးမှင်က

"ငါလည်း အစောပိုင်းတော့ မင်းထင်သလိုပဲ ပါသွားပြီထင်တာ။ ဒါပေမဲ့ယ် ပါမသွားခဲ့ဘူးကွ။ သူခိုးလက်ထဲပါသွားတာ



ဘတ္တီပါအိတ်ရှုံ့လေးနဲ့ သေတ္တာအခွံပဲပါသွားတာ။ 'မြ' ကြီးက ဆရာကြီးအလောင်းခါးမှာ စည်းထားတဲ့ အိတ်ရှုံ့လေးတစ်ခုထဲမှာ တွေ့လို့ ငါသိမ်းထားလိုက်တာ" ဟု ပြောလိုက်ပြန်လေရာ

"ဒါဆိုလည်း ဘာစဉ်းစားစရာရှိသေးလို့လဲဦးလေးရယ်။ ဦးဟုတ်လှိုက ဦးလေးရဲ့ဆရာအရင်းပဲ။ ပြီးတော့ ဒီကိုရောက်လာကတည်းက ဦးလေးနဲ့ပတ်သက်ခဲ့ပြီး ရောက်လာခဲ့တာ။ သူကျန်ခဲ့တဲ့ ပစ္စည်းဟာ ဦးလေးပစ္စည်းဖြစ်သွားပြီပေါ့။ ဦးလေးကတော့ ဘော်တာပဲ" ဟု မောင်ကျော်ခေါင်က ဝမ်းသာသံဖြင့် ပြောလိုက်သေး၏။

ထိုအခါ ဦးဘိုးမှင်က

"ကော်တာမလုပ်နဲ့မောင်ကျော်ခေါင်ရဲ့။ ဒီ 'မြ'ကြီးအကြောင်း လည်း ငါ့တူသိသားပဲ။ အခု ဆရာကြီးသေရတာ ဒီ 'မြ' ကြီး ကြောင့်သေရတာ။ ဟိုအဖွဲ့တွေက သူတို့လက်ထဲ 'မြ'ကြီးပါမလာ ဘူးဆိုရင် ငါ့တို့ဆီလာပြီး ဒုက္ခပေးဦးမှာပဲ။ အဲဒါကိုလည်း ထည့် တွက်ဦးကွ။ ဒါကြောင့်မို့ မင်းကိုခေါ်ပြီး တိုင်ပင်ရတာ" ဟုပြော လိုက်ပြန်လေလျှင် မောင်ကျော်ခေါင်မှာလည်း ခေတ္တစဉ်းစားသွား၍

"အင်း ... အဲဒါကလည်း ဟုတ်တာပဲ။ ဦးလေး ဆရာကြီး ပြောသွားတဲ့အတိုင်းဆိုလည်း ဒီကောင်တွေက သူတို့လက်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



'မြ' ကြီးပြန်မရောက်အချင်း လိုက်နေမှာပဲ။ ဒါပေမယ့် 'မြ'ကြီး တန်ဖိုးကလည်း အခုဦးလေးရှိတဲ့ စည်းစိမ်ဆယ်ပြန်စာတောင် မကဘူး။ ဒီတော့ ဦးလေး ဘယ်လိုလုပ်မယ်စိတ်ကူးလဲ'' ဟု ပြန်မေးလိုက်လေရာ

''ငါ .. အဲဒါကို မစဉ်းစားတတ်လို့ မင်းကိုတိုင်ပင်ရတာပေါ့ ငါ့တူရယ်။ မင်းက နဂိုကတည်းက အမြော်အမြင်ကောင်း၊ ဉာဏ် ကောင်းလေတော့ မင်းပဲစဉ်းစားပေးပါတော့။ ပြီးတော့ ဘာပဲ ပြောပြော မင်းလည်း ဒီ 'မြ' ကြီးနဲ့ တမျိုးတဖုံ ပတ်သက်နေ လေတော့ မင်းအကျိုးအတွက်လည်း ထိုက်သလောက် ရရစေမှာ ပေါ့ကွာ'' ဟု ဦးဘိုးမှင်က ပြောလိုက်လေ၏။

ဦးဘိုးမှင်စကားကြောင့် မောင်ကျော်ခေါင်မှာ အတန်ကြာအောင် စဉ်းစားသွားလေတော့၏။ ထို့နောက်တွင်မှ

''အင်း ဒီအတိုင်းဆို .. ကျွန်တော် အကောင်းဆုံးစဉ်းစား မိတာတော့ ဦးလေးအနေနဲ့ ဒီနေရာကနေ အမြန်ဆုံးခြေရာဖျောက်ပြီး ပြောင်းမှဖြစ်လိမ့်မယ်။ ရှိတဲ့ပစ္စည်းတွေ ရောင်းချင်လည်းရောင်း မရောင်းချင်လည်း ယုံကြည်ရတဲ့လူတစ်ယောက်ယောက်ကို အပ်ထား ပစ်ခဲ့ပေါ့ဗျာ။ ပြီးမှ တစ်နေရာမှ အခြေချပြီး 'မြ' ကြီးကို ရောင်းမှ ဖြစ်မယ်။ ရောင်းတယ်ဆိုတာလည်း သာမန်ကုန်သည်တွေလောက်နဲ့



ရောင်းလို့မဖြစ်ဘူးဗျ။ တကယ့်အလုပ်ကြီးအထည်ကြီး ဥရောပ ဘက်က ကုန်သည်တွေနဲ့ ရောင်းနိုင်မှ ထိုက်သင့်တဲ့ငွေကြေးများများ ရမယ်။ ကျွန်တော်ပြောလိုက်မယ်။ ဒီ 'မြ' ကြီးအရည်သွေးမျိုးနဲ့ အနည်းဆုံးအောက်ထစ် (၇) သိန်း၊ (၈) သိန်းမရရင် မရောင်း လေနဲ့'' ဟု ပြောလိုက်လေရာ ဦးဘိုးမှင်က

''ကိုင်း .. ဒီလိုဆိုမှဖြင့် ပြောင်းမယ့်ဟာ အပြတ်သာပြောင်းမှ ဖြစ်မယ်။ ဒီငွေကြေးနဲ့နှိုင်းစာရင် ဒီလယ်တွေ၊ ယာတွေက ဘာလုပ် ဦးတော့မှာလဲ။ သူကြီးနဲ့တိုင်ပင်ပြီး ရသလောက်ဈေးနဲ့ အမြန်ရောင်း ပြီး ပြောင်းမယ်ကွာ။ ဒြော် .. ဒါနဲ့ မင်းရော ငါနဲ့တပါတည်း လိုက်မယ်မဟုတ်လား'' ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ကျော်ခေါင်ကပြုံး၍

''ကျွန်တော်ကတော့ ဦးလေးနဲ့တပါတည်းလိုက်လို့ မဖြစ်သေး ဘူးဗျာ။ အခုတောင် ဦးလေးဆီကို ခဏဆိုပြီးလာခဲ့တာ။ အခု ကျွန်တော့်မှာ ကျွန်တော့်ဆရာကြီး နဂါးမာန်နေထွန်းလှမ်းခေါ်တာနဲ့ ခေါ်တဲ့အတိုင်းသွားရမှာ .. ဟဲ ဟဲ သူနဲ့ပါသွားလို့များတော့ ပြန်လာနိုင်မယ်။ ပြန်မလာနိုင်ဘူးဆိုတာ ပုံသေပြောလို့မရတော့ဘူး။ သူကိုယ်တိုင်က သေမင်းပါးစပ်ဖျားမှာ လမ်းလျှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စွန့်စားရတဲ့အလုပ်မျိုးတွေကို အမြဲတမ်းလုပ်နေတဲ့လူဗျ။ ဟဲဟဲ ကျွန်တော်လည်း ဒါမျိုးတွေကိုမှ သဘောကျတဲ့လူဆိုတော့ သူခေါ်တာနဲ့ မလိုက်တဲ့နဲ့ကို နေလို့မရဘူး။ ဒီလိုဆိုတော့ ဦးလေးပဲ ပြောင်းပါ။ တကယ်လို့ ဦးလေး 'မြ' ကြီးကို ရောင်းချဖို့ အကူအညီ လိုမယ်ဆိုရင်တော့ အဲဒီအခါ ကျွန်တော်လာပြီး ကူညီပါ့မယ်။ ပြောသာပြောရတယ်။ ဒီ 'မြ' ကြီးကိုသာမြင်ပြီး သူ့အကြောင်းများ သိရရင် ကျွန်တော့်ဆရာကြီး နဂါးမာန်နေတွန်းတောင် စိတ်ဝင်စား မလားမသိဘူး။ ဘာပဲပြောပြော 'မြ' ကြီးရောင်းဖို့ကိစ္စအတွက်တော့ စိတ်သာချလိုက်ပါ။ ကျွန်တော့်တာဝန်ပဲ ထားလိုက်တော့ ဟုတ်ပြီ လား'' ဟု ပြောလိုက်လေရာ ဦးဘိုးမှင်က

''အင်း ·· ဒီလိုဆိုလည်း ငါတစ်ယောက်တည်းပဲ ပြောင်း တော့မှာပေါ့။ ဒါပေမယ့် မင်းမသွားခင် ဒီမှာရောင်းဖို့ချဖို့ကိစ္စ ကိုတော့ ကူညီပေးပါဦးကွာ'' ဟုပြောလျက် များမကြာမီတွင် ဦးဘိုးမှင်သည် ၎င်းပိုင်အိမ်ကြီးနှင့်တကွ မသိန်းကြွယ်လက်ထက် ပိုင်ဆိုင်ခဲ့သော လယ်ယာမြေအားလုံးကို တစ်ဝက်ဈေးမျှလောက် ရောင်းချကာ မောင်ကျော်ခေါင်နှင့်အတူ ရွာကလေးမှ ထွက်ခွာ လေတော့၏။ ထိုအခါ ရွာမှမထွက်ခွာမီ ဦးဘိုးမှင်



မောင်ကျော်ခေါင်အား 'မြ' ကြီးအား ထုခွဲရောင်းချပြီးပါက ရလာသော ငွေကြေး၏ သုံးပုံတစ်ပုံတိတိကို ပေးပါမည့်အကြောင်း ပြောဆို ခဲ့သည်ရှိသော် မောင်ကျော်ခေါင်မှ ဤမျှငွေကြေးကို မိမိအနေဖြင့် မလိုကြောင်း၊ မိမိအဖို့မှာ စွန့်စားသွားလာ နေရသောအလုပ်များမှ လွဲ၍ အခြားဘာကိုမှ စိတ်မဝင်စားကြောင်း၊ ဦးလေးအနေဖြင့်သာ အသက်ကြီး၍ ရှေ့အဖို့ အေးအေးချမ်းချမ်း နေထိုင်စားသောက် လျှုဒါန်းနိုင်ရန်သာ စီမံပါမည့်အကြောင်းများကို ပြောဆိုငြင်းဆန်နေလေရာ နောက်ဆုံးအရေးရှိက လိုရာသုံးနိုင်ရန် ဟုဆိုကာ အိမ်ရောင်းရငွေများထဲမှ ငွေတစ်သောင်းကို အတင်းပေးခဲ့ရ လေသည်။ သို့တိုင် မောင်ကျော်ခေါင်မှာ ပထမ၌ ငြင်းဆန်နေချင် သေးသော်လည်း ဦးဘိုးမှင်မှ မရမက အတင်းပေးအပ်ခဲ့သည်ဖြစ်၍ လက်ခံကာ ဦးဘိုးမှင်အား အစစအရာရာ အဆက်အသွယ် အနေအထိုင် ကောင်းမွန်သည့် ရန်ကုန်မြို့တွင်ပင် နေထိုင်ရန် စီမံကူညီပေးပြီးလျှင် ၎င်း၏ ထုံးစံအတိုင်း ဦးဘိုးမှင်ထံမှ ထွက်ခွာ၍ သွားလေတော့၏။

ထိုအချိန် ထူးခြားသောအဖြစ်အပျက်တစ်ခုမှာ ဦးဘိုးမှင်တို့ ဘုဝရိး ရွာမှထွက်သွားခဲ့ကြပြီး (၃) ရက်မြောက်အချိန်တွင်ပင် ဦးဘိုးမှင်၏အိမ်ကြီးနှင့် လယ်မြေများအား ဈေးချောင်ချောင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူခဲ့သော ဦးကျောက်လုံးဟူသောလူမှာ ဦးဘိုးမှင်၏ အိမ်ကြီးပေါ်တွင်ဝင် သေနတ်ဒဏ်ရာများဖြင့် ရက်စက်စွာ အသတ်ခံလိုက်ရခြင်းပင်ဖြစ်ပေတော့သတည်း ။ ။



# အပိုင်း (၂)

## နှစ်လောင်းပြိုင်လူသတ်မှု

တစ်နေ့သ၌ ကျွန်ုပ်တို့ စီအိုင်ဒီစုံထောက်ကျော်တစ်စုသည် စုံထောက်မင်းကြီး မစ္စတာအိုဝင်စမစ်၏ စေခိုင်းချက်အရ ဆူးလေဘုရားလမ်းရှိ တိုက်ခန်းတစ်ခုပေါ်တွင် ဖြစ်ပွားသွားသော နှစ်လောင်းပြိုင်လူသတ်မှုတစ်ခုကို သွားရောက်၍ စစ်ဆေးခဲ့ရလေ၏။ ထိုအခါ အသတ်ခံရသူနှစ်ဦးမှာ အရွယ်ကောင်းအမျိုးသမီးနှစ်ဦးဖြစ်နေရုံမျှ

www.burmeseclassic.com

www.burmeseclassic.com



မက သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်းမဟုတ်ဘဲ ထူးဆန်းလွန်းသော အချင်းအရာများအား စစ်ဆေးတွေ့ရှိရလေရာ ကျွန်ုပ်တို့လူစုမှာ များစွာ ဦးနှောက်ခြောက်ခဲ့ကြရလေတော့၏။

ထိုအခါ ကျွန်ုပ်တို့ ဦးနှောက်ခြောက်ကြရသော ယင်းအမှုအား အချက်များဖြင့် ဖော်ပြမည်ဆိုလျှင်

(၁) အသတ်ခံရသူများမှာ အရွယ်ကောင်းအမျိုးသမီးနှစ်ဦးဖြစ်နေပြီး နှစ်ဦးစလုံး ဓါးဒဏ်ရာများဖြင့် ရက်ရက်စက်စက် အသတ်ခံ ရခြင်း

(၂) သေဆုံးသူအမျိုးသမီးနှစ်ယောက်စလုံးမှာ မြန်မာအမျိုးသမီးများ မဟုတ်ဘဲ ရှမ်းလိုလို၊ တရုတ်လိုလိုရုပ်မျိုးများရှိလျက် တစ် ယောက်သော အမျိုးသမီးမှာ အတော်ပင်ချောမောလှပသော မိန်းမချောတစ်ယောက်ဖြစ်နေခြင်း

(၃) ထိုမိန်းမချော၏အလောင်းထံ၌ အတော်အတန်ကြီးမား၍ လှပ မှု အံ့ဩဖွယ်လောက်ဖွယ် အရှည်အချင်းနှင့်တကွ အရောင် အသွေးကောင်းမွန်လှစွာသော 'မြ' ကြီးတစ်လုံးကို တွေ့ရခြင်း

(၄) မြင်ရုံမျှနှင့်ပင် လွန်စွာမှ အဖိုးထိုက်တန်ကြောင်း သိနိုင်သော 'မြ' ကြီးနှင့်တကွ အမျိုးသမီးကိုယ်ပေါ်မှ လက်ဝတ်လက်စား



များ အခန်းတွင်းရှိ အခြားသော တန်ဖိုးရှိငွေသားနှင့် ရတနာ ပစ္စည်းများအပါအဝင် မည်သည့်ပစ္စည်းတစ်စုံတစ်ရာမှ ပျောက်ဆုံးခြင်းမရှိခြင်း

(၅) အခန်းတွင်း အခြားမွှေနှောက်ရှာဖွေသွားသော လက္ခဏာများ မရှိခြင်းများနှင့်

နောက်ဆုံး ထူးခြားနေသော အချက်တစ်ချက်မှာ အမျိုးသမီး လက်ထဲရှိ 'မြ' ကြီးအား တွေ့ရပုံမှာ တမင်တကာပင် 'မြ'ကြီး ကို ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည့် အနေ အထားမျိုးဖြင့် တွေ့ရခြင်းပင်ဖြစ်ပေ၏။

သို့ဖြစ်ရာ ကျွန်ုပ်တို့အဖို့ အထက်ပါအချက်များအား စစ်ဆေး ကြည့်ရှုလျက် အမှုသွားအမှုအခြေအနေအား တွေးတောခန့်မှန်း၍ပင် မရနိုင်အောင် ရှိရချေတော့၏။ ထိုအခါ ကျွန်ုပ်နှင့်အတူ ပါလာသော စုံထောက်ကလေးဟန်မြတ်ကျော်က

"အတော်အတွေးရခက်တဲ့အမှုပဲဗျ။ လူသတ်သမားဟာ အခြား ပစ္စည်းတွေယူမသွားတာ ထားပါဗျာ။ ဒီလောက်တန်ဖိုးကြီးတဲ့ 'မြ' ကြီးကို ယူမသွားတာတော့ တော်တော်ကို အံ့ဩဖို့ကောင်းတယ်ဗျာ။ ကြည့်စမ်းပါဦး။ သူ့အရောင်ဟာ ဘယ်လိုအစိမ်းရောင်မျိုးနဲ့မှမတူ ဘူး။ ကျုပ်တစ်သက်ဒီလောက် အရှည်အသွေးကောင်းတဲ့ 'မြ'

www.burmeseclassic.com

www.burmeseclassic.com



ကြီးမျိုး အခုမှပဲ မြင်ဖူးတော့တယ်။ တန်ဖိုးကလည်း အခုခေတ် ပေါက်ဈေးနဲ့ဆို ဆယ်သိန်းထက်လျော့မှာမဟုတ်ဘူးဗျို့”

ဟု အလောင်းထံမှ ရရှိသော ‘မြ’ ကြီးကို ဝိုင်းဝန်းကြည့်ရှု နေကြရာမှ ပြောလိုက်လေ၏။ ထိုအခါ ‘မြ’ ကြီးအား တအံ့တသြ ဖြင့် ကြည့်ရှုနေသော ထိပ်ပြောင်ကိုမြဦးကလည်း

“မြနဲ့ပတ်သက်ပြီး ကျုပ်ကြားဖူးတဲ့အကြောင်းတစ်ခုတော့ ရှိတယ်ဗျာ။ ရာဇဝင်မှာ မင်းတုန်းမင်းကြီးရဲ့ ဘယ်ဘက် လက်သူကြွယ်မှာ ဝတ်ခဲ့ဖူးတဲ့ ရေလိုအေးဆိုတဲ့ ‘မြ’ ကြီးတစ်လုံး ရှိခဲ့ဖူးတယ်။ အဲဒီ ‘မြ’ ကြီးရဲ့ အရောင်အဆင်းဟာလည်း ဘယ်လို အစိမ်းရောင်မျိုးနဲ့မှ မတူတဲ့အဆင်းမျိုးရှိတယ်လို့ဆိုတာကိုးဗျ။ ကြေ အဲဒီ ‘မြ’ ကြီးများဖြစ်နေမလားမသိဘူး” ဟုဆိုလိုက်လေရာ သခေါ်အောင်ကျော်ခေါ် အိုင်ပီအောင်ကျော်က ဝင်ရောက်၍

“ဘယ် ‘မြ’ ကြီးပဲဖြစ်ဖြစ် ဒီလောက်အဖိုးတန်တဲ့ ‘မြ’ ကြီးကိုတောင် ယူမသွားပုံထောက်တော့ လူသတ်သမားဟာ အငြိုး အတေးနာကြည်းချက်တစ်ခုနဲ့ ဒီလူသတ်မှုကို ကျူးလွန်သွားတာ သေချာတယ်ဗျာ” ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

“မောင်ရင်ပြောတာ ဖြစ်နိုင်ချေတော့ အရှိဆုံးပါပဲ။ ဒါပေမယ့် အမျိုးသမီးနှစ်ယောက်အပေါ်မှာ ပစ္စည်းတွေတောင် လက်ဖျားနဲ့



မထိသွားဘဲ အငြိုးတေးကြီးကြီးနဲ့ သတ်သွားရလောက်အောင် ဘယ်လောက်များ နာကြည်းချက်ရှိနေလို့လဲဆိုတဲ့ အချက်က စဉ်းစား စရာပဲ” ဟု ဆိုလိုက်လေရာ အိုင်ပီအောင်ကျော်က မျက်ခုံးကို တွန့်လျက်

“ဦးအောင်မင်းဆိုလိုတာက ...” ဟု စကားထောက်လိုက် လေ၏။

“ဆိုလိုတာဗျာ .. သာမန်လူတစ်ယောက်အနေနဲ့ ဘယ်လောက်အငြိုးတေးနာကြည်းချက်ရှိရှိ လူသတ်ပြီးသွားရင်တော့ သူဟာ အမှုကနေ ရှောင်တိမ်းပြေးရတော့မယ်။ အဲဒီအခါ ဘယ်နည်းနဲ့မဆို ငွေလိုမှာပဲ။ နောက်ဆုံးမလိုလို့ ပြည့်စုံနေဦးတောင် ဒီ ‘မြ’ ကြီးကို တွေ့ရင်မယူသွားဘဲနဲ့ကို နေမှာမဟုတ်ဘူး။ လူဆိုတာ ဘယ်လောက် ပြည့်စုံပြည့်စုံ လောဘသားတွေချည်း မဟုတ်လားဗျ။ အခုဥစ္စာ သဘာဝတရားနဲ့ ဆန့်ကျင်နေတယ်။ ဒီတော့ ကျုပ်ကတော့ လူသတ်သမားဟာ အငြိုးအတေးလောက်နဲ့ သတ်သွားတဲ့ သာမန် လူတစ်ယောက်မဟုတ်ဘဲ အတော့်ကိုထူးဆန်း တဲ့လူတစ်ယောက် ဖြစ်မယ်လို့ယူဆတယ်” ဟု ကျွန်ုပ်က တွေးတွေးဆဆပြောလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့စဉ်ကတည်းက အလောင်းများဘေးတွင်သာ ငြိမ်သက်စွာကြည့်ရှုစစ်ဆေးလျက်ရှိ သော ကျွန်ုပ်တို့၏မိတ်ဆွေကြီး အိုင်အိုမြတ်နှင်းထံမှ လက်ခုပ်သံ နှစ်ချက်ထွက်လာပြီးလျှင်

"မဆိုးဘူး .. အိုင်ပီအိုင်ဒီယာတွေ အတော့်ကိုတိုးတက်လာပြီပဲ" ဟူသော ချီးကျူးသံကို ကြားလိုက်ရလေတော့၏။ ထို့နောက်တွင်မှ အိုင်အိုမြတ်နှင်းသည် အလောင်းများဘေးမှထလာလျက်

"အိုင်ပီပြောလိုက်တာ လုံးဝမမှားဘူး။ ဒီလူသတ်သမားဟာ လူထူးဆန်းတစ်ယောက်ပဲဗျ။ ဒါနဲ့ အိုင်ပီတို့အားလုံး ဒီမိန်းမနှစ်ယောက်ကိုရော ဘာလူမျိုးတွေ ထင်ကြသလဲ" ဟု မေးလိုက်လေရာ ထိပ်ပြောင်ဦးမြဦးမှ အလောင်းများကို ကြည့်ရှုပြီးသည့်အတိုင်း

"ရှမ်းမဟုတ်ရင် တရုတ်၊ ဒါမှမဟုတ်ရင် ရှမ်းတရုတ်မတွေပဲ ဖြစ်လိမ့်မယ်" ဟု ဖြေလိုက်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက ကျွန်ုပ်အားကြည့်ရှု၍

"အိုင်ပီကရော" ဟု မေးလိုက်ပြန်ရာ

"ကျုပ်လည်း ဒီလိုပဲထင်တယ်" ဟု ကျွန်ုပ်ထံမှ ဖြေလိုက်လေ၏။ ထို့နောက်မှ

"အိုင်ဆေးကိုမြတ်နှင်းကရော ဘယ်လိုထင်လို့တုံး" ဟု ... အားပြန်၍မေးလိုက်လေလျှင် အိုင်အိုမြတ်နှင်းကပြုံး၍



"အိုင်ပီတို့ထင်သလို ဒီမိန်းမနှစ်ယောက်ဟာ ရှမ်းလည်းမဟုတ်ဘူး။ တရုတ်လည်းမဟုတ်ဘူး။ ရှမ်းတရုတ်မတွေလည်းမဟုတ်ဘူး။ ဒီမိန်းမနှစ်ယောက်စလုံးဟာ တိဗက်နွယ်ဝင်တွေပဲ။ ဟောဒီမှာ လာကြည့်လှည့်ကြ" ဟုဆိုကာ အလောင်းများဆီသို့တဖန်လျှောက်သွားကာ အမျိုးသမီးအလောင်းတစ်လောင်းမှ လက်တစ်ဖက်ကို မြှောက်ကိုင်၍ပြလိုက်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက အလောင်း၏ လက်ကောက်ဝတ်အတွင်းသားတွင် ဆေးမှင်အနီဖြင့် ...ထိုးထားသော ထူးဆန်းသည့် စာတမ်းလေးတစ်ခုကို ကျွန်ုပ်...အား မြင်သာအောင်ပြ၍

"ဒါဟာ တိဗက်စာတစ်မျိုးပဲဗျ။ အဓိပ္ပာယ်ကတော့ မြန်မာလို ...ပ်ဆုံးပြန်ရရင် အစိမ်းရောင်မျက်လုံးလို့ အဓိပ္ပာယ်ရတယ်ဗျ။ ...ယောက်စလုံးရဲ့လက်မှာပါတယ်" ဟု ဆိုလိုက်လေရာ ကျွန်ုပ်... အံ့သြ၍သွားကြရလေကုန်၏။ ထိုစဉ်ပင် အိုင်အိုမြတ်နှင်းက ...၍

"...က အိုင်ပီတို့ဝိုင်းကြည့်နေကြတဲ့ 'မြ' ကြီးကိုလည်း ...သချာချာပြန်ကြည့်ကြည့်ကြစမ်းပါ။ လူတစ်ယောက်ရဲ့ ...သဏ္ဌာန်မျိုးနဲ့မတူဘူးလား" ဟု ပြောလိုက်ပြန်လေရာ ...တို့မှာ ၄င်းပြောသည့်အတိုင်း ဟုတ်နေပြန်သဖြင့် ထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



အံ့သြ၍ သွားကြရပြန်လေတော့၏။ ထို့နောက်တွင်မှ ကျွန်ုပ်က

"ဒါဖြင့် အိုင်ဆေးအနေနဲ့ ဒီအမှုကို ဘယ်လိုယူဆတုံး" ဟု မေးလိုက်လေရာ အိုင်အိုမြတ်နှင်းက တွေးတွေးဆဆဖြင့်

"အခုချိန်မှာတော့ အိုင်ပီတို့သိတဲ့အတိုင်း တိုက်ခန်းပိုင်ရှင်ကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့နှစ်ရက်လောက်ကမှ သူ့တိုက်ခန်းကို ငှားပြီးရောက်လာခဲ့ကြတဲ့ ဒီအမျိုးသမီးနှစ်ယောက်အကြောင်းကို ဘာမှတိတိကျကျ မပြောနိုင်ဘူး။ တိုက်ခန်းငှားတဲ့စာချုပ်ထဲမှာတော့ 'မစောကျင်' ဆိုတဲ့ တရုတ်လိုလို၊ ရှမ်းလိုလို နာမည်တစ်ခု ပေးထားတယ်။ ဒါပေမယ့် ဒီအမျိုးသမီးနှစ်ယောက်ထဲမှာ ဘယ်သူဟာ 'မစောကျင်' ဖြစ်တယ်ဆိုတာတောင် သူမပြောနိုင်ဘူး။ တိုက်ခန်းငှားတဲ့ပိုင်ရှင်တိုင်း သူတို့အခန်းခစပေါ်ကောင်းကောင်း ရဖို့လောက်ပဲ ကြည့်ကြတာ။ ငှားတဲ့လူအပေါ် ဒီလိုပဲ သာမန်ကာလျှံကာ သဘောထားကြတာ သဘာဝပဲဗျာ။ ဒါပေမယ့် နာမည်ကလည်း ကျွန်တော့်အထင်တော့ တကယ့်နာမည်မှန်ဖြစ်မယ် မထင်ဘူးဗျ။ ဒီတော့အိုင်ပီရာ .. ပြောရင် အခုအခြေအနေမှာ ကျွန်တော့်အတွက် အမှုအပေါ် အထင်အမြင်ပေးဖို့ စောလွန်းနေသေးပါတယ်။ အဲ .. မပြောမဖြစ် ပြောရမယ်ဆိုရင်တော့ ဒီအမှုရဲ့ လူသတ်သမားဟာ အတော့်ကိုကြံရည်ဖန်ရည်နဲ့ပြည့်ဝပြီး



ထူးဆန်းတဲ့စိတ်နေသဘောထားမျိုးရှိတဲ့ လူတစ်ယောက်ပဲ။ ပြီးတော့ ဒီအမှုဟာလည်းပဲ ရှုပ်ထွေးမွေလီလွန်းလှတဲ့ အကြောင်းအရာတွေနဲ့ ပြည့်နှက်နေတယ်။ ပြောရရင် အစရှာမရတဲ့ ကြိုးအရှုပ်အထွေးပုံကြီးတစ်ပုံလိုပေါ့ဗျာ။ အစမတွေ့မချင်းတော့ ဦးနှောက်ခြောက် စိတ်ပျက်ရောပဲ။ မွေလေး၊ ရှုပ်လေပေါ့ဗျာ။ ဒါပေမယ့် စိတ်ရှည်ရှည်နဲ့ ကြိုးတစ်စကို ဆွဲထုတ်မိသွားပြီဆိုရင်တော့ တဖြည်းဖြည်းနဲ့ နောက်ဆုံး ဒီကြိုးအရှုပ်အထွေးပုံကြီးဟာ ရှင်းသွားရတော့တာပဲ။ အခုလည်း ဒီလိုအလားသဏ္ဍာန်မျိုးပဲ။ ကျွန်တော့်အနေနဲ့ ဒီအမှုရဲ့အရေးကြီးဆုံး ကြိုးလေးတစ်စကို ဆွဲထုတ်ပြီးရင်တော့ အိုင်ပီတို့သိချင်တာတွေကို ပြောပြပေးလို့ရပါပြီ။ ကဲ အခုတော့ အဲဒီကြိုးစလေးကို ဆွဲထုတ်ဖို့ အတွက် ကျွန်တော်နည်းနည်းလောက်အလုပ်လုပ်လိုက်ဦးမယ်ဗျာ" ဟု ပြောဆိုလိုက်လေတော့၏။

ထို့နောက်တွင်မှ အိုင်အိုမြတ်နှင်းသည် အခန်းတွင်းရှိ ဗီရိုအံဆွဲနှင့် သေတ္တာမှန်တင်ခုံများမှအစ အိပ်ရာကုတင်အောက်များပါမကျန် အကုန်လုံးပိုက်စိတ်တိုက်ဘိသကဲ့သို့ လှန်လှောရှာဖွေနေတော့၏။ များမကြာမီ အိုင်အိုမြတ်နှင်းသည် တစ်စုံတစ်ခုအား အလိုမကျဟန်မျက်နှာထားမျိုးဖြင့် အခန်းတွင်းမှ ပြန်ထွက်လာသော

www.burmeseclassic.com

www.burmeseclassic.com



"အတော်တော့ ပိရိတဲ့အမျိုးသမီးတွေပဲ ကြိုက်ပြီဗျာ။ ကျွန်တော်ကလည်း ဒီလိုခက်ခက်ခဲခဲနဲ့ ပိပိရိရိအမှုမျိုးတွေကိုမှ စိတ်ဝင်စားတာ" ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှ

"ဘယ်လိုဖြစ်တာလဲ အိုင်ဆေး" ဟု မေးလိုက်မိလေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက မခိုးမခန့်အမှုအရာမျိုးဖြင့်ပြုံးလျက်

"တစ်ခန်းလုံးရှိသမျှ ပစ္စည်းအသုံးအဆောင်တွေထဲမှာ ကျွန်တော်ထင်ထားတဲ့ဟာလေးတွေ ဘာတစ်ခုမှတွေ့မနေတော့တာ သဘောကျလို့ပါအိုင်ပီ။ ကဲ .. အိုင်ပီရေ ဒါတွေ ခဏထားလိုက်ဗျာ။ မနက်ကတည်းက ကျွန်တော်ဘာမှစားမလာရသေးဘူး။ ဗိုက်ထဲမှာ အူကိုလိမ်နေပြီ။ အပြင်ထွက်ပြီး တစ်ခုခုသွားစားရအောင်" ဟု ပြောလိုက်ပြန်လေရာ ကျွန်ုပ်မှာ ၄င်း၏အမှုအကျင့်များကို သိရှိနေသူပီပီ နောက်ပိုင်းကိစ္စများအား အိုင်ပီအောင်ကျော်တို့အဖွဲ့ကိုပင် မှာကြားပြောဆိုခဲ့၍ ၄င်းနှင့်အတူ လိုက်ပါခဲ့ရလေတော့သတည်း ။ ။



## အချက် (၃) ချက်နည်း

ကျွန်ုပ်တို့သည် တရုတ်တန်းရှိအပေါင်၏ ခေါက်ဆွဲဆိုင်ကလေး၌ ဘဲသားဆီချက်တစ်ပွဲစီမှာယူစားသောက်ခဲ့ကြလေ၏။ ထိုမှတဖန် အိုင်အိုမြတ်နှင်းက

"အိုင်ပီရေ .. လက်ဖက်ရည်ချိုချိုစိမ့်စိမ့်လေး ထပ်သောက်ကြရအောင်ဗျာ" ဟု ဆိုသဖြင့် ကာကာလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်ကာ လက်ဖက်ရည်ထပ်သောက်ကြပြန်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းသည် လက်ဖက်ရည်အပြင် ပဲနံပြားတစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုပါ မှာယူစားသောက်ပြန်လေရာ ကျွန်ုပ်မှ

"စားလှချည်လားအိုင်ဆေး။ ခင်ဗျားကတော့ လူသတ်မှုဖြစ်နေလည်း အစားအသောက်ကိုမပျက်ဘူး။ ကျုပ်မှာဖြင့် မင်းကြီးက အမှုအကြောင်းမေးလာရင် ဘယ်လိုဖြေရမှန်းမသိတာတွေးပြီး အခုကတည်းက ရင်တွေပူနေပြီ" ဟု ပြောလိုက်လေရာ အိုင်အိုမြတ်နှင်းက စားသောက်နေရာမှပြုံး၍

"မပူပါနဲ့ဗျာ။ မင်းကြီးမေးလာရင် ကျွန်တော်ပြောပေးပါ့မယ်။ အခုလောလောဆယ် အိုင်ပီစိတ်ထဲမှာရှိနေတဲ့အမှုအကြောင်းတွေကို ခေါင်းထဲက ခဏမေ့ထားလိုက်စမ်းပါ။ အဲဒီအခါ ကျွန်တော့်လိုပဲ ရင်ထဲမှာရှင်းသွားပြီး သက်တောင့်သက်သာရှိသွားမယ်။ တကယ်တမ်းကလည်း ဘယ်ကိစ္စမျိုးမဆို ခေါင်းထဲမှာတွေးပူနေလို့ ပြေလည်သွားကြတာမှမဟုတ်တာ အိုင်ပီရဲ့" ဟု ပြောလိုက်လေ၏။

"ဒါကတော့ ဟုတ်တာပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားလိုမှ မနေနိုင်ဘဲ" ဟု ကျွန်ုပ်က ပြန်ပြောလိုက်ပြန်လျှင် အိုင်အိုမြတ်နှင်းက ဘာမှမပြောတော့ဘဲ ပြုံးကာ ပဲန်ပြားကို ဆက်၍စားနေလေ၏။

ထို့နောက် အတန်ကြာမှ

"ကျွန်တော်တို့ မြတ်စွာဘုရားရဲ့တရားတော်တွေဟာ ဘယ်ဘက်ကကြည့်ကြည့် ထောင့်စေ့ကွက်စေ့ ဟာကွက်မရှိအောင်



ပြည့်စုံကောင်းမွန်လှန်းတဲ့ တရားတွေပဲဗျ။ လူမှုရေး၊ စီးပွားရေး၊ တမလွန်ရေး ဘာတစ်ခုမှမလွတ်ဘူး။ ဒါကြောင့်လည်း ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူသော အရဟံဂုဏ်တော်နဲ့ ညီညွတ်တာပဲ" ဟု ရေရွတ်သကဲ့သို့ ပြောဆိုလိုက်လေရာ ကျွန်ုပ်မှာ အဆက်အစပ်မရှိဘဲ ပြောလိုက်သော စကားကြောင့် အိုင်အိုမြတ်နှင်းအား လှမ်းကြည့်မိလိုက်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းကလည်း ကျွန်ုပ်၏အကြည့်ကို သဘောပေါက်ဟန်ဖြင့်ပြုံး၍

"ဒီလိုဗျ .. အိုင်ပီရ။ ဘုရားဟောထားတဲ့ အဆုံးအမစကားတစ်ခုရှိတယ်။ 'ဖြစ်ပြီးသားအတိတ်ကိုလည်း ပြန်မတွေးနဲ့ မဖြစ်ရသေးတဲ့ နောင်အနာဂတ်ကိုလည်း မျှော်တွေးမနေနဲ့။ အခုလက်ရှိရှိနေတဲ့ ပစ္စုပ္ပန်မျက်မှောက်ကာလတစ်ခုကိုပဲကြည့်" တဲ့ တော်တော့်ကို အဘိုးထိုက်တန်လှတဲ့ အဆုံးအမစကားလေးပဲဗျ။ နက်နက်နဲနဲပြန်စဉ်းစားကြည့်မယ်ဆိုရင်လည်း အတိတ်တွေ၊ အနာဂတ်တွေဆိုတဲ့အချိန်တွေဟာ လူတွေသတ်မှတ်ထားလို့သာ ပြောနေရတဲ့ အရာတွေပဲ။ တကယ်တမ်းလက်တွေ့ရှိတဲ့အချိန်တိုင်းဟာ ပစ္စုပ္ပန်ဆိုတဲ့ အခုလက်ရှိအခြေအနေတစ်ခုပဲရှိတယ်။ နောင်တစ်ခါ အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတာကလည်း တကယ်အမှန်က ဘာမှမရှိတဲ့အရာတွေပဲဗျ။ စက္ကန့်၊ နာရီ၊ မိနစ်၊ ရက်၊ လ၊ နှစ်တွေဆိုတာလည်း လူတွေ သတ်မှတ်ထားတဲ့အရာတွေပဲ။ တကယ်တမ်းရှိတာက ကာလ အပိုင်းအခြားလောက်ပဲ။ ဥပမာဗျာ လူတစ်ယောက်မွေးပြီး သေသွားတဲ့ ကြားကာလအပိုင်းအခြားတစ်ခု၊ ကမ္ဘာတစ်ခုဖြစ်ပြီး ပျက်သွားတဲ့ကြားကာလအပိုင်းအခြားတစ်ခု နောက်အတိုဆုံး ကာလ ဆိုရင် နေ့နဲ့ညကြားကာလပေါ့ဗျာ။ ဒီကာလတွေကို တစ်ခုချင်း ပိုင်းခြားသတ်မှတ်ပြီးမှ ခုနကပြောတဲ့အချိန်တွေရယ်လို့ ပညတ် ထားကြတာကိုးဗျ။ ဒီလိုဆိုတော့ အိုင်ပီစဉ်းစားကြည့်ပါ။ တကယ် မရှိတဲ့အချိန်တွေကို ပြန်စဉ်းစားတာ၊ မျှော်တွေးနေကြတာ ဘယ်လောက်အဓိပ္ပာယ်မဲ့သလဲ။ အမှန်ဆုံးက တကယ်ရှိနေတဲ့ လက်တွေ့ဖြစ်နေတဲ့ အခုလက်ရှိကာလကိုပဲကြည့်။ လုပ်သင့်တာ လုပ်၊ စဉ်းစားသင့်တာစဉ်းစား၊ ဒါ သဘာဝအကျဆုံးနည်းလမ်းတစ်ခု ပဲပေါ့အိုင်ပီရယ်။ ဒါကြောင့်လည်း ကျွန်တော်ဒီနည်းလမ်းကို ကျင့်သုံးခဲ့ရတာပေါ့။ အစောပိုင်းက ကျွန်တော် လူသတ်မှုဖြစ်တဲ့ နေရာကိုလာတယ်။ အလောင်းတွေကိုကြည့်တယ်။ လူသတ်မှု အကြောင်း လေ့လာတယ်။ သုံးသပ်တယ်။ အခုလက်ရှိမှာကျတော့



အဲဒီအချိန်ကပြီးသွားခဲ့ပြီလေ။ ဒါတွေကို ခေါင်းထဲမှာကို မထား တော့ဘူး။ ကုန်ကုန်ပြောရရင်ဗျာ။ ခုနတုန်းက ဘဲသားဆီချက် စားနေတဲ့အချိန်နဲ့ အခုလက်ရှိအချိန်နဲ့တောင် မတူတော့ဘူး။ အဲဒီ တုန်းက ဘဲသားဆီချက်စားပြီး ဘဲသားဆီချက်အကြောင်း ဟင်းချို ရည်အကြောင်းပဲတွေးတယ်။ အခုချိန်မှာကျတော့ ကျွန်တော်တို့ လက်ဖက်ရည်သောက်နေပြီ။ ခုနက ဘဲသားဆီချက်အကြောင်း တွေးနေလို့ အဓိပ္ပာယ်မရှိတော့ဘူးလေဗျာ။ အခုသောက်နေတဲ့ လက်ဖက်ရည်အကြောင်းပဲ တွေးသင့်တာပေါ့။ ဒါကို အိုင်ပီအနေနဲ့ ရှင်းသွားအောင်၊ သဘောပေါက်သွားအောင် ကာလအပိုင်းအခြား လေးတွေကို ဒီလိုခွဲလိုက်မယ်ဗျာ။

နံပါတ် (၁) အလုပ်ဝတ္တရားအရ အလောင်းတွေကို ကြည့်နေ တဲ့အချိန်

နံပါတ် (၂) ဘဲသားဆီချက်စားနေတဲ့အချိန်

နံပါတ် (၃) လက်ဖက်ရည်သောက်နေတဲ့အချိန် ဒီလို ဆိုပါ တော့ဗျာ ...

ဒီလိုဆိုတော့ နံပါတ် (၁) အလုပ်အတွက် ကျွန်တော်ဟာ အလောင်းတွေကို ကြည့်တယ်ဗျာ။ အမှုအခြေအနေကို စစ်ဆေး တယ်ဗျာ။ ဒါက အဲဒီအချိန်မှာ အလုပ်သင့်ဆုံးအလုပ်ပဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ပြီးသွားပြီး နံပါတ် (၂) အလုပ် ဘဲသားဆီချက်စားနေတဲ့ အချိန်ရောက်လာတော့ ဘဲသားဆီချက်နဲ့ပတ်သက်တဲ့ အပေါ့၊ အင်၊ အချိုကောင်းရဲ့လား။ ဟင်းချိုဘယ်လိုနေလဲ။ အင်လိုရင် အင်တောင်းမယ်။ အချိုလိုရင် အချိုတောင်းမယ်ဗျာ။ ဒီအချိန်မှာ ကိုယ်လုပ်နေတဲ့ ဘဲသားဆီချက်စားနေတဲ့အလုပ်နဲ့ပတ်သက်တဲ့ဟာကိုပဲ စဉ်းစားရမှာပေါ့။ ဒီလိုမှမဟုတ်ဘဲ အခုနံပါတ် (၂) အလုပ်လုပ်နေရင်း နံပါတ် (၁) အလုပ်ကဟာတွေကို သွားပြီးစဉ်းစားနေမယ်ဆိုရင် ကိုယ်စားနေတဲ့ ဘဲသားဆီချက်အရသာကိုလည်း မသိတော့ဘူး။ မသကာ စားနေရင်း မသတိချင်စရာကောင်းတဲ့ အလောင်းကြီးတွေ မျက်လုံးထဲပြန်မြင်ပြီး အစားတောင်ပျက်ဦးမယ်။ ဒီလိုမှမဟုတ်ရင်လည်း ပေါ့လို့ပေါ့မှန်းမသိ၊ ငံလို့ငံမှန်းမသိနဲ့ ဗိုက်ထဲရောက်သွားမယ်။ ဒီလိုဆိုတော့ဗျာ ကိုယ်လုပ်နေတဲ့နံပါတ် (၂) အလုပ် ဘဲသားဆီချက်စားတဲ့အလုပ်ဟာ ဘယ်လာပြီးအဆင်ပြေနိုင်တော့မလဲ။ ဒါဟာ နံပါတ် (၂) အလုပ်ကိုလုပ်နေရင်း သူနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို စဉ်းစားမိလို့ပဲ။ အဲဒီမှာ စဉ်းစားကြည့်။ နံပါတ် (၂) အလုပ်ကိုလုပ်နေရင်း နံပါတ် (၁) အကြောင်းသွားပြီးစဉ်းစားနေလို့ နံပါတ် (၁) အလုပ်အတွက်လည်း ဘာမှပြန်ထူးလာမှာမဟုတ်တဲ့အပြင် လက်ရှိလုပ်နေတဲ့ နံပါတ် (၂)



အလုပ်ပါ အဆင်မပြေဖြစ်ရရောမဟုတ်လားအိုင်ပီ။ ဒီလိုပဲ နံပါတ် (၂) အလုပ်ပြီးသွားလို့ နံပါတ် (၃) အလုပ်ဖြစ်တဲ့ လက်ဖက်ရည်သောက်တဲ့အလုပ်ကို လုပ်နေရင်း နံပါတ် (၂) အလုပ်အကြောင်းရော၊ နံပါတ် (၁) က အလုပ်အကြောင်းတွေပါ သွားစဉ်းစားလိုက်ပြန်ရင်လည်း ဒီအတိုင်းပဲ။ ပိုပြီးတောင် အဆင်မပြေဖြစ်တော့မှာပေါ့။ အဲဒီမှာမှ တစ်ခါပြီးသွားတဲ့အလုပ်တွေအပြင် မလုပ်ရသေးတဲ့ ရှေ့အလုပ်တွေကိုပါသွားပြီး တွေးနေဦးမယ်ဆိုရင်တော့ အိုင်ပီရေ။ ဒီလူသောက်မှားတာ ဘယ်သူ့ရှိတော့ဦးမလဲ။ ဒီတော့ အိုင်ပီရာ ဘယ်အလုပ်ကိုပဲဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့အလုပ်အကျိုးရှိဖို့၊ သဘာဝကျဖို့ အကောင်းလက္ခဏာတွေပြဖို့ဆိုရင်

(၁) အလုပ်တစ်ခုကိုလုပ်နေစဉ် ဒီအလုပ်နဲ့ပတ်သက်တဲ့အရာကိုပဲ တွေးပါ။ စဉ်းစားပါ။ လုပ်ပါ။ ဒီအလုပ်နဲ့မပတ်သက်တဲ့ အခြားဘာကိုမှ မတွေးပါနဲ့။ မစဉ်းစားပါနဲ့။ မလုပ်ပါနဲ့။

(၂) အလုပ်တစ်ခုကိုလုပ်ပြီးလို့ အခြားအလုပ်တစ်ခုကို လုပ်ပြီဆိုတာနဲ့ ပထမအလုပ်ကို ခေါင်းထဲက ခဏထုတ်ထားလိုက်ပါ။ လက်ရှိအလုပ်ဖြစ်တဲ့ ဒုတိယအလုပ်ကိုပဲ အာရုံစိုက်လိုက်ပါ။

(၃) မဖြစ်သေးတဲ့အလုပ်ကို ဘယ်တော့မှ မျှော်တွေးစဉ်းစားစိတ်ကူး ပုံဖော်မကြည့်ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချက် (၃)ချက်ကို လေ့ကျင့်ထားဖို့လိုတယ်။ အဲဒီမှာ နောက်ထပ်မှတ်ချက်အနေနဲ့ အချက်တစ်ချက်ကတော့

"ဘယ်အလုပ်မဆို တစ်ခုချင်းလုပ်ရန်" ပေါ့ အိုင်ဗီရယ်။ ဒီနောက်ဆုံးမှတ်ချက်လေးရဲ့ သဘောတရားကတော့ ခုနက အချက်သုံးချက်ကို ချုပ်ထားတာပဲ။ နောက်တစ်မျိုး သူ့ရဲ့သဘောတရား တစ်ခုကလည်းရှိတယ်။ ပြောရရင် အစောပိုင်းက အလုပ်သုံးခု ဆိုပါတော့။ တစ်ခုလုပ်နေရင်းနဲ့ နောက်တစ်ခုကို ဒါမှမဟုတ် ပြီးခဲ့တဲ့တစ်ခုကို သွားသာမရောနဲ့။ တစ်ခုချင်းလုပ်ရင်တော့ ရတယ် ဆိုတဲ့သဘောပဲဗျ။ ဥပမာဗျာ .. ပထမ အလုပ်ဝတ္ထုရေးအရ အလောင်းတွေကို စစ်ဆေးကြည့်ရှုပြီး အမှုအကြောင်းစဉ်းစားတဲ့ အလုပ်ကို လုပ်ပြီးသွားလို့။ ဒုတိယအလုပ်ဖြစ်တဲ့ ဘဲသားဆီချက်စားတဲ့အလုပ်ကို လုပ်နေပြီဆိုပါတော့။ အဲဒီမှာ လုပ်နေဆဲဖြစ်တဲ့ ဘဲသားဆီချက်စားနေတဲ့အလုပ်ကို ခဏရပ်ထားလိုက်။ ခေါင်းထဲက ခဏထုတ်ထားလိုက်ဗျာ။ ပြီးရင် ပထမပြီးခဲ့တဲ့အလုပ်အကြောင်းကို ပြန်ပြီးစဉ်းစား။ ကျေနပ်ပြီဆိုတာနဲ့ ခေါင်းထဲက တစ်ခါတည်း ပြန်ထုတ်လိုက်တော့။ ပြီးတာနဲ့ ခဏရပ်ထားတဲ့ ဒုတိယ အလုပ်ဆက်လုပ်။ ဒီလိုပုံစံမျိုးပေါ့ဗျာ။ ဒါပေမယ့် ဒီလိုပုံစံမျိုးက



တော်တော်ကြီးကို အလေ့အကျင့်ရှိထားတဲ့လူမျိုးမှရမှာ။ မလွယ်ဘူးဗျ။ ဒီတော့ ပထမကျွန်တော်ပြောခဲ့တဲ့ အချက်သုံးချက်နည်းဟာ အကောင်းဆုံးပါပဲ။ အဲဒီနည်းလေးကို အိုင်ဗီလေ့ကျင့်ထားရင် အခုအိုင်ဗီပြောတဲ့ တွေးပူနေရတာတွေ၊ နောက် စားမဝင်အိပ်မပျော်ဖြစ်နေတာတွေ အကုန်လုံးပျောက်သွားလိမ့်မယ်။ မယုံရင်စမ်းကြည့်ဗျာ" ဟု ပြောကာ အိုင်အိုမြတ်နှင်းက ၎င်း၏ရှည်လျားလွန်းသော စကားကို အဆုံးသပ်လိုက်လေတော့၏။

ကျွန်ုပ်မှာ ၎င်း၏စကားများကို နားထောင်အပြီး ဘာမှမပြောနိုင်အောင် ရှိချေ၏။ ၎င်းနောက် အတန်ကြာမှ

"အိုင်ဆေးပြောလိုက်တော့လည်း ဟုတ်နေတာပဲ။ ဒါပေမယ့် ဘကယ်လက်တွေ့လုပ်ကြည့်မယ်ဆိုရင် အတော်မလွယ်တဲ့အလုပ်ဗျ။ သူ့အလိုလိုတိုင်းဖြစ်နေတဲ့စိတ်ကို ကိုယ်လိုချင်တဲ့အလုပ်အပေါ်မှာ ဆွဲယူထားရမယ့်အဖြစ်ကိုဗျ" ဟု ကျွန်ုပ်ကပြောလိုက်လေရာ

"ချက်ချင်းကြီးတော့ ဘယ်အလုပ်မဆို ဘယ်လွယ်ပါ့မလဲ အိုင်ဗီရယ်။ တဖြည်းဖြည်းချင်း အလေ့အကျင့်လုပ်ပြီးမှ ဂုဏ်ယူရဘာပေါ့။ အဓိက အလေ့အကျင့်ပဲဗျ။ အလေ့အကျင့်မလုပ်ဘဲနဲ့တော့ ဘယ်လိုအလုပ်မျိုးမှ ကျွမ်းကျင်စွာမြဲလုပ်နိုင်မှာမဟုတ်ဘူး" ဟု အိုင်အိုမြတ်နှင်းက ပြောလေ၏။ ၎င်းဘာပြောပြော ကျွန်ုပ်မှာမူ

www.burmeseclassic.com

www.burmeseclassic.com



အမှုအကြောင်းကို တွေးကာ ပူမြိပူနေဆဲသာဖြစ်ပေတော့၏။ ထို့ကြောင့် ကျွန်ုပ်က လက်ဖက်ရည်ဖိုးငွေကိုရှင်း၍

"ကဲ .. အိုင်ဒေး သွားကြရအောင်။ အခုလောက်ရှိရုံးမှာ မင်းကြီး ကျုပ်တို့ကို မျှော်နေလောက်ပြီ" ဟု ပြောလိုက်လေရာ အိုင်အိုမြတ်နှင်းက ဟက်ဟက်ပက်ပက်ရယ်မောကာ နေရာမှထရင်း

"အစွဲတကာ့အစွဲထဲမှာ ပုလိပ်အစွဲကို ချွတ်ဖို့အခက်ဆုံးပဲဗျို့" ဟု ပြောဆိုကာ နှစ်ယောက်သား ကာကာဆိုင်ထဲမှ ထွက်ခွာသွားခဲ့ကြလေတော့သတည်း ။ ။



## ဦးအောင်ကြီးပြောတဲ့ လိပ်မျက်စေ့

စုံထောက်မင်းကြီးမစ္စတာ အိုဝင်စမစ်မှာ အခင်းဖြစ်ပွားရာ လောင်းပေါ်မှရရှိခဲ့သော 'မြ' ကြီးကို သေချာစွာကြည့်ရှု၍

"အိုးဂေါ့ဒ် .. ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကြီးကို မယူသွားတဲ့ သတ်သမားဟာ အရူးတစ်ယောက်ဖြစ်လိမ့်မယ်" ဟူသော ကို အင်္ဂလိပ်ဘာသာဖြင့် အံ့သြစွာရေရွတ်လေတော့၏။ နောက်တွင်မှ ၎င်းက ကျွန်ုပ်တို့လူစုဘက်ကိုလှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ လူကလေးတို့ ဒီလူသတ်မှုရဲ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်ုပ်ကိုပြောပြကြပါဦး" ဟု ပြောဆို လိုက်လေရာ ထိပ်ပြောင်ကိုမြဦးခေါ် အိုင်ဗီမြဦးက သွက်လက်စွာဖြင့်

"ဒီလူသတ်မှုဟာ အငြိုးတစ်ခုနဲ့ ရက်ရက်စက်စက်သတ်ဖြတ် သွားတာပါသခင်။ ဒါကြောင့်မို့ လူသတ်သမားဟာ အဖိုးတန်တဲ့ ပစ္စည်းတွေကိုတောင် ယူမသွားခဲ့တာပါသခင်" ဟု ပြောလိုက်သည့် သို့ သခေါင်အောင်ကျော်ခေါ် အိုင်ဗီအောင်ကျော်ကလည်း

"ဟုတ်ပါတယ်သခင် .. အခုဆိုရင် ကျွန်တော်မျိုးတို့ သေသူ အမျိုးသမီးနှစ်ယောက်နဲ့ပတ်သက်ပြီး နောက်ကြောင်းရာဇဝင် ကိုလိုက်နေပါတယ်။ အဲဒီမှာ သေဆုံးသူ မစောကျင်ဆိုတဲ့ အမျိုးသမီးဟာ မကြာသေးခင်ကမှ တရုတ်ပြည်၊ ထိုင်ဝမ်မြို့ကို ခေတ္တခဏပြန်သွားတဲ့ တရုတ်သူဌေးကျင်ဟုတ်ဆိုသူရဲ့ မိန်းမ တစ်ယောက်ဖြစ်ကြောင်း သိခဲ့ရပါတယ်။ အဲဒီတရုတ်သူဌေး ကျင်ဟုတ်ဆိုတဲ့လူဟာ ရှေးဟောင်းပစ္စည်းမှောင်ခိုဂိုဏ်းခေါင်းဆောင် တစ်ယောက်ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်မျိုးတို့ သတင်းရ ခဲ့ပါတယ်။ ဒီတော့ လူသတ်သမားဟာ ကျင်ဟုတ်နဲ့ပတ်သက်နေ တဲ့ မှောင်ခိုဂိုဏ်းတွေထဲက လက်မရွံ့လူသတ်သမားတစ်ယောက်



လည်းဖြစ်နိုင်ပါတယ်သခင်" ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ စုံထောက်မင်းကြီးမစ္စတာအိုဝင်စမစ်က

"ကောင်းတယ် .. မောင်မင်းတို့ ဒီအမှုကို အမြန်ဆုံး တရားခံ ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ပေးကြပါ။ အထက်လူကြီးတွေ အားလုံးကလည်း ဒီအမှုကို စိတ်ဝင်စားနေကြပါတယ်။ ကဲ .. မောင်မင်းတို့အားလုံး သွားနိုင်ကြပြီ" ဟု ပြောဆိုပြီးမှ တစ်စုံတစ်ခု ကို သတိရသွားဟန်ဖြင့်

"ဒါနဲ့ မောင်မင်းတို့ထဲမှာ ကျွန်ုပ်တို့စီအိုင်ဒီရဲ့ ဟီးရိုးအိုင်အို မြတ်နှင်းတစ်ယောက်ရော မမြင်ပါလား။ သူ ဘယ်ရောက်နေ သလဲ" ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ကျွန်ုပ်မှ

"သူလည်း ဒီအမှုအကြောင်းကို စုံစမ်းထောက်လှမ်းနေပါ တယ်မင်းကြီး" ဟု ဝင်၍ ဖြေပေးလိုက်ရလေတော့၏။ ထိုအခါမှ စုံထောက်မင်းကြီးက ၎င်း၏ဦးခေါင်းကြီးကို တဆတ်ဆတ်ညိတ်၍

"ကောင်းပြီ .. မောင်မင်းတို့အားလုံး ဒီအမှုကို အမြန်ဆုံး တရားခံပေါ်အောင် ဖော်ထုတ်ပေးကြပါ။ ကျွန်ုပ်သင်တို့ဆီက သတင်းကောင်းကို စောင့်မျှော်နေပါ့မယ်" ဟု ပြောဆိုလျှက် ကျွန်ုပ် တို့အားလုံးလည်း မင်းကြီးရုံးခန်းအတွင်းမှ ထွက်ခွာလာခဲ့ကြလေ တော့၏။ ကျွန်ုပ်မှာ မင်းကြီးရုံးခန်းအတွင်းမှ ထွက်ခွာလာခဲ့ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ရုံးခန်းအတွင်းသို့ ဝင်ရောက်ခဲ့လေ၏။ ထိုအခါ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ အခန့်သားထိုင်နေသော ဘာမထိဦးအောင်ကြီးခေါ် အိုင်ပီဦးအောင်ကြီးကို တွေ့ရလေ၏။ ၎င်းက ကျွန်ုပ်ကိုမြင်သည်နှင့်

"ဟဲ .. ဟဲ ဒီကနေ့တော့ ကျုပ်ရုံးတက်နောက်ကျတာ အံကိုက်ဖြစ်သွားတယ်ဗျို့။ ဘယ့်နှယ့်လဲ ခင်ဗျားတို့အဖွဲ့ တော်တော် နားပူခဲ့ကြရဲ့လား" ဟု ဆီး၍ မေးမြန်းလိုက်လေရာ ကျွန်ုပ်ကပြုံး၍

"ဒီတစ်ခါတော့ ခင်ဗျားစိတ်ကူး လုံးဝလွဲချော်သွားပြီဗျ။ ဒီနေ့ မင်းကြီး ဘာစိတ်ကောင်းတွေ ဝင်နေသလဲမသိဘူး။ ကျုပ်တို့ကို မဆူဘူးဗျ။ တရားခံကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးပေးဖို့ စကား ကောင်းကောင်းပဲ ပြောလိုက်တယ်။ ဒါပေမယ့် ကျုပ်တို့လူကြီး အိုင်အိုမြတ်နှင်းကိုမေးလို့တော့ ကျုပ်ရမ်းသမ်းပြီးဖြေခဲ့ရတယ်။ တော်သေးတယ်။ ဟိုထိပ်ပြောင်ကိုမြဦးတို့အဖွဲ့ ဝင်မထောက်လို့။ ဒီလူ ရုံးမတက်တာ သုံးရက်ရှိပြီဗျ။ တစ်နေ့က အခင်းဖြစ်ပွားတဲ့ ဆီက ပြန်ကတည်းကကို ဒီနေ့အထိ ရုံးမလာတော့တာ။ ဒီလူ ဘာတွေလုပ်နေသလဲမသိဘူး။ အဲဒီတုန်းက မင်းကြီးမေးရင် သူပဲ ပြောပေးမယ်ပြောပြီး ဒီတစ်ခါတော့ အိုင်အိုမြတ်နှင်း ကတိပျက်သွား ပြီဗျို့" ဟု ပြောလိုက်လေ၏။ ထိုအခါ ဘာမထိဦးအောင်ကြီးက

"ဘာလဲဗျ .. အိုင်အိုမြတ်နှင်း ကတိပျက်တယ်ဆိုတာ"



ဟု ပြန်၍မေးသည်နှင့်

"ဒီလူမနေ့က ကျုပ်ကို ဘာမှမပူနဲ့။ မင်းကြီးမေးလာရင် အမှုအကြောင်းသူပဲပြောပါ့မယ်လို့ ပြောခဲ့တာဗျ။ အခုတော့ သူက ရုံးကိုတောင်မလာတော့ဘူး။ တော်သေးတယ်။ မင်းကြီးကလည်း ကျုပ်ကို နာမည်နဲ့တပ်ပြီးမမေးလို့သာပေါ့ဗျာ။ မေးများမေးခဲ့ရင် ကျုပ်ဘယ်လိုဖြေရမှန်းတောင်မသိဘူး။ အဲဒါ ဒီလူကတိပျက်တာ ပေါ့ဗျ" ဟု ပြောလိုက်လေရာ ဘာမထိဦးအောင်ကြီးက ၎င်း၏ ထုံးစံအတိုင်း အသံသြကြီးဖြင့်ရယ်မော၍

"ဟား .. ဟား ဦးအောင်မင်းက 'လိပ်မျက်စေ့ပဲဗျ'

ကျွန်ုပ်က ဘာများလဲလို့" ဟု ပြောလိုက်သည်နှင့် ထိုအခါ ဘာမထိ ဦးအောင်ကြီးက

"ဟဲ ဟဲ ခင်ဗျား 'လိပ်မျက်စေ့ဆိုတာကို မသိဘူးပေါ့။ ဒါဆို ဒီအတိုင်းပြောလို့မကောင်းဘူးဗျ။ လက်ဖက်ရည်လေး သောက်ပြီးမှ ပြောတာကောင်းမယ်" ဟုဆိုသဖြင့် ကျွန်ုပ်မှာ ၎င်း ပြောသည့် 'လိပ်မျက်စေ့' ကို သိချင်သည်နှင့်ပင် ပြာတာ ခေါင်မောင်လှအား ခေါ်ယူ၍ ရုံးရှေ့ရှိ အညာသားအောင်နိုင်ပိုင်၏ လက်ဖက်ရည်ဆိုင်ကလေးမှ လက်ဖက်ရည်နှစ်ခွက်ကို သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



၍ မှာယူနိုင်းလေတော့၏။ မကြာမီ ကျွန်ုပ်မှာလိုက်သော လက်ဖက်ရည်ရောက်လာသောအခါ သုံးခွက်ဖြစ်နေသဖြင့် ကျွန်ုပ်က ပြာတာမောင်မောင်လှအား

"ဟေ့ မောင်မောင်လှ ငါမှာခိုင်းလိုက်တာ နှစ်ခွက်တည်းရယ်။ ဘာလိုဖြစ်ပြီး လက်ဖက်ရည်က သုံးခွက်ဖြစ်နေတာကုံး" ဟု မေးလိုက်လေရာ ပြာတာမောင်မောင်လှက ပြုံးစေ့စေ့ဖြင့်

"ဩော် ... ဆရာဦးအောင်မင်းကလည်း လက်ဖက်ရည်လေး တစ်ခွက် ပိုလာတော့ ဘာဖြစ်မှာမို့လဲ။ ပိုနေတဲ့တစ်ခွက်ကို သွားမှာ ပေးရတဲ့ ကျွန်တော်သောက်လိုက်မှာပေါ့ ဟဲ ဟဲ" ဟု ဆိုကာ ပိုနေသည့် လက်ဖက်ရည်ခွက်ကို ယူသွားသဖြင့် ကျွန်ုပ်မှာ ကြောင် အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့ရလေတော့၏။ ထိုအခါ ဘာမထီ ဦးအောင်ကြီးက ကျွန်ုပ်ကိုကြည့်ကာ တဟားဟားရယ်မော၍

"ဟား ဟား ခင်ဗျားတော့ ဟိုကောင်လူလည်ကျတာ ခံလိုက် ရပြီ။ အဲဒါပေါ့ဗျာ။ ဘယ်အရာမှ အလကားမရဘူးဆိုတာ။ ဒီကောင် က သူသွားမှာပေးရတဲ့အတွက် အလိုက်မသိတဲ့ခင်ဗျားကို ပညာ ပေးသွားတာ ဟား .. ဟား" ဟု ဆိုလိုက်သဖြင့် ထိုအခါ ကျွန်ုပ်မှာ သဘောပေါက်သွားပြီး ပြာတာမောင်မောင်လှအား



"ခွေးကောင်" ဟု ကျိန်ဆဲမိလိုက်လေတော့၏။ ထို့နောက် င်မှ ကျွန်ုပ်က ဘာမထီဦးအောင်ကြီးအား စိတ်ပေါက်ပေါက်ရှိ ည်နှင့်

"ခင်ဗျားလည်း ဘာမှမထူးပါဘူး စကားလေးတစ်ခွန်းပြောဖို့ ရေး လက်ဖက်ရည်တစ်ခွက် ကပ်ညှစ်နေသေးတယ်။ အခုတော့ ဗျားလုပ်ဟာနဲ့ ကျုပ်မှာ နောက်တစ်ခွက်ပါ အညှစ်ခံလိုက်ရပြန် ခင်ဗျားတို့လိုလူမျိုးတွေ တိုင်းပြည်မှာများများရှိရင် မကြာဘူး င်းပြည်ပျက်စီးလိမ့်မယ်" ဟုပြောလိုက်လေရာ ဘာမထီ အောင်ကြီးက သဘောကျွစွာ ရယ်မောလေတော့၏။ ထို့နောက်မှ မယောက်သား လက်ဖက်ရည်သောက်ရင်းဖြင့် ကျွန်ုပ်က

"ကိုင်း .. ပြောပြဦး လိပ်မျက်စေ့ဆိုတာ ဘာလဲ" ဟု မြန်းလိုက်လေရာ ဘာမထီဦးအောင်ကြီးက

"ဒီလိုဗျ .. ကျုပ်တို့လူတွေထဲမှာ ကိုယ့်ဘက်ကိုယ်ယက် ယ့်အဖို့ကိုယ်သိတတ်လွန်းတဲ့လူတွေကို လိပ်မျိုးလို့ပြောကြတယ် ဟုတ်လားဗျ။ နောက်မျက်စေ့ဆိုတာ မြင်တတ်တာကို ပြောတာ။ တော့ လိပ်မျက်စေ့ဆိုတာ ကိုယ့်ဘက်ကိုယ်ယက်၊ ကိုယ့်အဖို့ ယ်မြင်တတ်လွန်းတဲ့လူတွေကို ပြောတာပေါ့ဗျ" ဟု ပြောလိုက် သ၏။

www.burmeseclassic.com

www.burmeseclassic.com



''သြော် .. ခင်ဗျားက ကျုပ်ကို ကိုယ့်ဘက်ကိုယ်ယက်ကိုယ့်အဖို့ကိုယ်မြင်တတ်တဲ့လူလို့ ပြောလိုက်တာပေါ့။ ကျုပ်ဘာတွေ များ ကိုယ့်ဘက်ကိုယ်ယက်၊ ကိုယ့်အဖို့ကိုယ်မြင်နေလို့တုံး'' ဟု ကျွန်ုပ်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်လေလျှင် ဘဘဦးအောင်ကြီးက

''ခင်ဗျားပဲ ခုနက အိုင်အိုမြတ်နှင်းကို ကတိပျက်တဲ့လူလို့ ပြောလိုက်တယ်လေဗျာ။ ဒီတော့ ခင်ဗျားကို ကျုပ်အရင်မေးပါဦးမယ်။ 'ကတိ' ဆိုတဲ့စကားရဲ့ အနှစ်ကျကျ အဓိပ္ပာယ်ကိုရော သိရဲ့လား'' ဟု ကျွန်ုပ်ကို ပြန်မေးလိုက်လေ၏။ ကျွန်ုပ်လည်း 'ကတိ' ဆိုသောစကားကို သိပင်သိနေသော်ငြား ဘယ်လိုပြောရမှန်း မသိသည်နှင့်

''ဆိုစမ်းပါဦးဗျာ'' ပြောလိုက်ရလေ၏။ ထိုအခါ ဘဘဦးအောင်ကြီးက

''ကတိ'' ဆိုတဲ့စကားရဲ့ အမှန်တကယ်အဓိပ္ပာယ်က နှစ်ဦးနှစ်ဘက် သဘောတူညီမှုထားတဲ့ အဓိပ္ပာယ်တစ်ခုဗျ။ တစ်နည်းပြောရရင် နှစ်ဦးနှစ်ဖက် အမှန်တကယ်လုပ်ပါ့မယ်။ မရှောင်လွှဲပါဘူး။ မဖျက်ကွက်ပါဘူး။ မဖြစ်မနေကို လုပ်ပါ့မယ်လို့ အာမခံသဘောတူညီချက်ပြုတာပဲ။ နောက်တစ်မျိုးက တစ်ဦးတစ်ယောက်



ကို တစ်ဦးတစ်ယောက်က မဖြစ်မနေ လုပ်ပေးရမည့်ဝတ္တရားအရ အာမခံသဘောတူညီချက်ပေးတဲ့ သဘောလည်းဖြစ်တယ်။ အဲဒါကြောင့် ကတိကဝတ်ပြုတယ်လို့ ပြောကြတာပေါ့ဗျ။ အရပ်ထဲမှာ လူတွေအများဆုံးပြောတတ်ကြတဲ့စကားကို ဦးအောင်မင်းလည်း ကြားဖူးမှာပေါ့။ မင်းမှာသစ္စာ၊ လူမှာကတိဆိုတဲ့ စကားလေဗျာ။ အလုပ် လုပ်ကြတိုင်း ကတိသစ္စာရှိမှ လူသာသေပါစေ၊ အသည်အသေမခံနဲ့။ အလုပ်လုပ်တဲ့နေရာမှာ တိတိကျကျလုပ်မှဆိုတဲ့ စကားကြီး၊ စကားကျယ်တွေ ပလူပျံနေကြတာ။ ဒါပေမယ့် ကျုပ်အသက်အရွယ်အထိ တကယ်တွေ့ခဲ့ဖူးတဲ့လူတွေ အများဆုံးကတော့ လိပ်မျက်စေ့ သမားတွေချည်းပဲဗျ။ ကိုယ့်အဖို့ ကိုယ့်အတွက်နဲ့ ပတ်သက်ရင် သာ ကျုပ်က ကတိတည်မှု၊ သစ္စာရှိမှု၊ အလုပ်ကို လေးစားမှု ကြိုက်တာဆိုတဲ့ လူတွေချည်းပဲ။ ကိုယ်တမ်းက ကိုယ့်အပေါ်မှာ သစ္စာရှိတာကိုလိုချင်ရင် သူ့အပေါ်မှာ ဘယ်လောက်သစ္စာရှိပြီး ပြီလဲဆိုတာ ကတိတည်တာ လိုချင်ရင် ငါဘယ်လောက် ကတိ တည်တဲ့လူတစ်ယောက်ဖြစ်နေပြီလဲဆိုတာ ဒီလိုပဲ ကိုယ့်အလုပ်ပေါ်မှာ တိတိကျကျ၊ တိကျကန်ကန်ရှိစေချင်ရင် ငါဘယ်အထိအောင် သူ့အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ၊ မှန်မှန်ကန်ကန်ရှိနေပြီလဲဆိုတာ အရင်ဆုံး စဉ်းစားကြည့်လိုက်ကြစမ်းပါ။ ဟား .. ဟား အဲဒီအခါ အခြေ သိလာလိမ့်မယ်။ ဦးအောင်မင်းပဲ စဉ်းစားကြည့်လေဗျာ။ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုပဲဖြစ်ဖြစ်၊ ကိုယ့်အတွက်ပဲဖြစ်ဖြစ် အကောင်းဆုံး ဆိုတာချည်းပဲ လိုချင်ကြတယ်။ ဖြစ်ချင်ကြတယ်လေဗျာ။ ဒါဟာ သဘာဝတရားပဲ။ ဒါပေမယ့် လူတိုင်းမှာ အခြေအနေတွေ၊ အချိ အခါတွေ ရပ်တည်နေမှုတွေ တစ်ဦးနဲ့တစ်ဦး တူမှမတူကြဘဲဗျာ အဲဒီထဲကမှ ရှားရှားပါးပါး အမှန်တကယ် ကတိသစ္စာရှိတဲ့ လူတွေကတော့ လေးစားစရာပေါ့ဗျာ။ နောက်ပြီးတော့ ကတိတန်ဖိုး သစ္စာတန်ဖိုးတွေကလည်းရှိသဗျ။ အသက်နဲ့ရင်းရလောက်တဲ့ ကတိတို့၊ သစ္စာတို့ဆို တန်ဖိုးတွေက မြင့်တော့မြင့်တဲ့အတိုင်းလည်း ထင်ပေါ်အသိအမှတ်ပြု လေးစားခြင်းခံရတာပေါ့ဗျာ။ ဟဲဟဲ ဒါပေမယ့်လို့ အင်း .. ဦးအောင်မင်းနားလည်သွားအောင် ကျွန် ဥပမာလေးတစ်ခုနဲ့ ပြောမယ်ဗျာ။ မုန့်သည်တစ်ယောက်နဲ့ အကြွေး ဝယ်စားတဲ့လူတစ်ယောက်ဆိုပါတော့ဗျာ။ အဲဒီမှာ အခြေခံကစပြီးပြော မယ်။ မုန့်သည်ကလည်း သူ့ဘဝအခြေအနေ ရပ်တည်မှုတစ်ခု ကြောင့် မုန့်ရောင်းရတယ်။ အကြွေးဝယ်စားတဲ့လူကလည်း လူတိုင်း



အများအားဖြင့် အကြွေးဘယ်သူဝယ်စားချင်ပါ့မလဲ။ မျက်နှာငယ် ရမယ်။ သိက္ခာကျရမယ်လေဗျာ။ ပိုက်ဆံရှိရင် လက်ငင်းပဲ ဝယ်စား ကြမှာချည်းပဲ။ မတတ်သာလို့ အကြွေးဝယ်စားရတာချည်းပဲ။ ဒါ အများဆုံးပေါ့ဗျာ။ ပိုက်ဆံရှိလျက်သားနဲ့ အကြွေးဝယ်စားတဲ့ လူတွေရောလို့တော့ မမေးနဲ့ဗျာ။ နေရာတိုင်းမှ ချွင်းချက်တွေတော့ ရှိတာပေါ့။ ဒီချွင်းချက်တွေကို လိုက်ထောက်နေမယ်ဆိုရင်တော့ ဘာမှပြောလို့မရတော့ဘူး။ အခုဟာ အများဆုံးဖြစ်လေ့ဖြစ်ထအရှိဆုံး အခြေခံတွေကို ပြောနေတာ။ အဲဒီမှာဗျာ အကြွေးဝယ်စားတဲ့လူက မုန့်သည်ဆီမှာ အကြွေးနဲ့စားပြီး မုန့်ဖိုးကို မနက်ဖြန်ပေးပါ့မယ်လို့ ကတိထားခဲ့တယ်ဆိုပါစို့။ မုန့်သည်ကလည်း သူ့မုန့်ရောင်းရရေး အတွက် နှစ်ဦးနှစ်ဖက်သဘောတူညီပြီး ပေးလိုက်တယ်ပေါ့ဗျာ။ အဲဒီမှာ အကြွေးပေးလိုက်တဲ့လူ၊ အကြွေးယူတဲ့လူနှစ်ယောက်ကြား မှာ ကတိစကားတစ်လုံးဖြစ်သွားပြီး အကြွေးစားတဲ့လူက ဘာလို့ အကြွေးစားရသလဲ။ ပိုက်ဆံမရှိလို့ မတတ်သာလို့ မုန့်သည်က ဘာလို့ အကြွေးရောင်းလိုက်ရသလဲ။ အမိကတော့ သူ့မုန့်ကုန်ဖို့ အမိကပဲ။ နောက်ဆက်တွဲမှ အကြွေးယူတဲ့လူအပေါ် ယုံကြည်လို့၊ အားနာလို့ဆိုတာတွေ ပါလာမယ်ဗျာ။ ဒါက မုန့်သည်နဲ့ အကြွေး ဝယ်စားတဲ့လူရဲ့ ပထမဦးဆုံးအခြေခံ။ နောက်မှာ အကြွေးဝယ်စား

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူက နောက်တစ်နေ့မှာ သူ့ကတိအတိုင်း မုန့်ဖိုးကို လာပြီး ဆပ်တယ်ဆိုကြပါစို့၊ အဲဒီမှာ ကတိတည်တယ်ပေါ့ဗျာ။ ဒီလိုဆိုတော့ မုန့်သည်က သူ့အကြွေးပိုက်ဆံကိုပြန်ရတော့ .. ဟား ဒီလူ ကတိတည်တယ်၊ သစ္စာရှိတယ်ပေါ့ဗျာ။ ပြုံးလို့ ရွှင်လို့၊ သူ့ မုန့်ရောင်းလိုက်ရတဲ့အကျိုး ပြည့်ဝသွားတာကိုးဗျ။ ကိုင်း အကြွေးပြန်ဆပ်နိုင်တဲ့အတွက် အကြွေးယူတဲ့လူဟာ မုန့်သည်အမြင် သူ့ခံယူချက်ထဲမှာကတိတည်တဲ့လူ၊ သစ္စာရှိတဲ့လူဖြစ်သွားရရော။ အဲဒီမှာ နောက်တစ်ရက်ကျတော့ဗျာ။ အကြွေးစားထားတဲ့လူဟာ အခြေအနေတစ်ခုကြောင့် မုန့်ဖိုးငွေကို ပြန်မဆပ်နိုင်ဘူးဆိုပါစို့။ အဲဒီအခါကျတော့ မုန့်သည်မျက်နှာက မည်းသွားပြီ။ ဒီကောင် ကတိမတည်ဘူး။ ကလိန်ကကျစ်ကောင်။ နောက် ဒီလိုကောင်မျိုး အကြွေးပေးလို့မဖြစ်တော့ဘူးဖြစ်သွားရောမဟုတ်လားဗျ။ အဲဒီတော့ဗျာ အကြွေးစားခဲ့တဲ့လူဟာ အမှန်တကယ်ကတိသစ္စာရှိတဲ့လူလား။ ကတိသစ္စာမရှိတဲ့ ကလိန်ကကျစ်ကောင်လား ခင်ဗျားဘယ်လို ဆုံးဖြတ်မလဲ''

ဘာမထိဦးအောင်ကြီး၏အမေးအား ကျွန်ုပ်မည်ကဲ့သို့ ဖြေရမှန်း မသိအောင်ဖြစ်သွားရလေ၏။ ထို့ကြောင့် ကျွန်ုပ်က



''အကြွေးဆပ်ရင် ကတိတည်တဲ့လူ အကြွေးမဆပ်ရင် ကတိ က်တဲ့လူ၊ ကလိန်ကကျစ်ကျတဲ့လူပေါ့ဗျာ။ ဒီလိုပဲ ရှိတော့ ပေါ့'' ဟု ဖြေလိုက်လေရာ ဘာမထိဦးအောင်ကြီးက သဘော ကျွာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးမှ

''ဟား .. ဟား .. ဟား .. ဟား အဲဒါပေါ့ဗျ။ ကတိ ည်တယ်၊ မတည်ဘူးဆိုတာ အခြေအနေနဲ့ အတိုင်းအတာ တစ်ခု ါမှာ ပြောင်းလဲသွားတာ။ ဒီတော့ လူတစ်ယောက်ကို ကတိ ည်သလေး၊ မတည်ဘူးလေးသွားပြီး မဝေဖန်စမ်းပါနဲ့ဗျာ။ အဲသလို ္စာမရှိ၊ ကတိမတည်တဲ့လူတွေဆိုတာ တကယ်တော့ လိပ်မျိုး ွပဲဗျ။ ဟဲ ဟဲ ခင်ဗျား နားရှုပ်သွားပြီလား။ ဒါမှမဟုတ် ျား စကားနှစ်ကွင်း ရဟတ်ဖြစ်သွားပြီလား။ ဟဲဟဲ။ ကျုပ် ်ပြမယ်ဗျ။ လိပ်ဆိုတာ ကိုယ့်ဘက်ကိုယ်ယက်တဲ့အမျိုးဗျ။ တော့ သစ္စာမရှိတဲ့လူ၊ ကတိမတည်တဲ့လူဟာ လိပ်စစ်စစ်။ ပွားနိုင်ဘူးဗျ။ ဘယ်လိုအခြေအနေပေးပေး မချမ်းသာနိုင်ဘူး။ ရာမှ တန်ဖိုးရှိတဲ့လူဟာ ဘာလဲလို့ပြောဖို့ လိုအပ်လာပြန်ရောဗျို့။ ဟဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲရုံမကလို့ ထမင်းပါငတ်နေပါစေ။ ချမ်းသာရုံမက
နတ်ပြည်ခြောက်ထင် ရောက်နေပါစေ။ ကတိသစ္စာ
စောင့်ထိန်းတဲ့လူ၊ ဆင်ခြေတွေ နွားလက်တွေနဲ့ အကြောင်းရှ
ကျွန်တော်ဖြင့် မပြေလည်လို့ ကတိလေးဖျက်ပါရစေ။ သစ္စာ
ဖောက်ပါရစေလို့ ဘယ်တော့မှ ဈေးမဆစ်ဘူးဗျို့။ ဟဲ ..
အဲဒီလိုလူမျိုးက ဘယ်တော့မှ အောက်တန်းနောက်တန်း
မနေရဘူးဗျ။ ထိပ်တန်းကျတဲ့လူ၊ တန်ဖိုးရှိတဲ့လူပေါ့ဗျာ။ သစ္စာလ
မရှိ၊ ကတိလည်းမတည်တဲ့လူကျတော့ မတော်တ
အထက်တန်းကျ၊ အဆင့်အတန်းမြင့်နေလည်း မကြာခင် ချေးကျ
တော့တာပဲဗျ။ ဟဲ ဟဲ ။ တစ်ဖက်သားဆီက အခွင့်အရေး
မသိမသာလေးရော၊ သိသိသာသာရော၊ နည်းနည်းချင်း နှိုက်
တယ်။ နည်းနည်းရသွားရင် များများ ဟဲ ..ဟဲ .. ရွှေလိပ်ပေါ့
ကတိဖျက်ဖို့၊ သစ္စာဖောက်ဖို့က အစကတည်းက စီစဉ်ပြီးသာ
ခင်ဗျား။ တွေ့ကြည့် လူမှာအသိရှိတယ်ဗျ။ ကိုယ့်ကိုကိုယ်သိတယ်
ငါကတိပေးရင် တည်းနိုင်သလားဆိုတာ တွေးနိုင်တယ်။ ကြိုသိ
တယ်ဗျ။ မသိဘူးဆိုရင် လိပ်ပဲဗျ။ အောက်ဆုံးကနေ ထိပ်ဆုံးခုန်တ
သွားတဲ့လူ မှန်သမျှဟာ အစကနေအကဆုံး ကတိတည်



သစ္စာရှိတဲ့လူတွေဗျ။ ကတိမတည် သစ္စာမရှိတဲ့လူတွေဟာ
လိပ်မျက်စေ့ ...ဟဲ ဟဲ ဟဲ ဟဲ။ ဘယ်တော့မှ
လူမဖြစ်နိုင်ဘူးပေါ့ဗျာ။ ဟော ... နောက်တော့မကြာပါဘူး။
သူပြောပြနေတဲ့သူ့တရားနဲ့သူ စီရင်သွားလိမ့်မယ်ဆိုတဲ့စကားအတိုင်း
သူ့တရားက သူ့ကိုပြန်ပြီးစီရင် သွားတော့တာပါပဲ။ ကိုင်း
ဦးအောင်မင်းရေ ခင်ဗျားကို လိပ်မျက်စေ့အကြောင်း ရှင်းပြရတာ
လက်ဖက်ရည်တစ်ခွက်ဖိုး မကာဘူး။ တန်သွားပြီ။ ကျုပ်ခုနက
ပြောသလို အခြေအနေနဲ့ အချိန် အခါအရ ဘာကြောင့်ကျုပ်တို့လူ
ကိုမြတ်နှင်းတစ်ယောက် ကတိဖျက်ပြီး ရုံးမလာနိုင်တဲ့ အကြောင်း
လေးများ သွားပြီးစုံစမ်းနှာ ကြည့်ရအောင်ဗျာ" ဟု ပြောသည်နှင့်
ကျွန်ုပ်တို့လည်း လိပ်မျက်စေ့ အကြောင်းကို ဆွေးနွေးနေကြရာမှ
ရပ်နားပြီး တာမွေအရပ် ရွှေညောင်ပင်လမ်းရှိ အိုင်အိုမြတ်နှင်း၏
နေအိမ်သို့ သွားရောက်ခဲ့ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကူးဖြင့် တရားခံဖမ်းသူ

ကျွန်ုပ်တို့နှစ်ဦး အိုင်အိုမြတ်နှင်းအိမ်သို့ ရောက်ရှိသွားကြသော အခါ အိုင်အိုမြတ်နှင်းမှာ ညှေ့ခန်းအတွင်း၌ထိုင်လျက် တယော တစ်လက်ကို အေးဆေးစွာထိုးနေသည်ကို တွေ့မြင်ကြရလေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်မှာ အိမ်ပေါ်သို့တက်တက်ချင်းပင်

"အိုင်ဆေးကတော့ အေးအေးဆေးဆေးနေပါလားဗျ။ ကျုပ်မှာဖြင့် ခင်ဗျားကို မင်းကြီးမေးနေလို့ အမှုအကြောင်းစုံစမ်းနေတယ်လို့ ပြောခဲ့ရတယ်" ဟု အပြစ်တင်သံဖြင့် ပြောလိုက်လေရာ အိုင်အို



မြတ်နှင်းက ထိုးလက်စတယောကိုချ၍

"အခုလည်း ကျွန်တော်အမှုလိုက်နေတာပဲ အိုင်ပီရဲ့" ဟု အေးဆေးစွာပြန်၍ ပြောလိုက်လေ၏။ ၎င်း၏စကားကြောင့် ကျွန်ုပ်နှင့် ဘာမထီဦးအောင်ကြီးတို့မှာ အူကြောင်ကြောင်ဖြစ်သွားကြလျက် ကျွန်ုပ်မှ

"တယောထိုးတာ အမှုလိုက်နေတာလားဗျာ" ဟု ပြန်၍ မေးလိုက်ပြန်လေလျှင် အိုင်အိုမြတ်နှင်းကပြုံး၍

"လက်ကသာ တယောထိုးနေတာပါဗျာ။ ကျွန်တော့်စိတ်က အမှုအကြောင်းကိုစဉ်းစားရင်း တရားခံနောက်ကိုလိုက်နေတာ တရားခံ ကိုတောင် မိတော့မယ်" ဟု ပြောလိုက်ပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ အံ့သြသွားကြလျက်မှ ဘာမထီဦးအောင်ကြီးက ပြုံးစိစိ ဖြင့်

"ဒါဆို ခင်ဗျားစိတ်ကူးထဲမှာ တရားခံကို လိုက်ဖမ်းနေတာ ပေါ့။ ဒီလိုမှန်းသိရင် အိုင်ဆေးတရားခံဖမ်းမိပြီးလောက်တဲ့အချိန်မှ အသံပေးပါတယ်ဗျာ" ဟု ဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက မခိုးမခန့်သောအမူအရာမျိုးဖြင့်ပြုံးလျက်

"မလိုတော့ပါဘူးဗျာ။ အခုဆို တရားခံက ကျွန်ုပ်လက်က မလွတ်နိုင်တော့ဘူးဆိုတာသိလို့ ပြန်လှည့်လာပြီး အဖမ်းခံတော့

www.burmeseclassic.com

www.burmeseclassic.com



ပါမယ်'' ဟု ပြောလိုက်ပြန်လေ၏။ ၎င်း၏အပြောကြောင့် ကျွန်ုပ်တို့မှာ ဝါးခနဲရယ်မောမိလိုက်ကြလေတော့၏။ သို့ရာတွင် ကျွန်ုပ်တို့ရယ်သံမဆုံးမီပင်လျှင် လူတစ်ယောက်သည် အိမ်ပေါ်သို့တက်လာလျက်

''အိုင်အိုမြတ်နှင်းဆိုတဲ့လူရှိပါသလားခင်ဗျာ'' ဟု မေးလာလေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်နှင့် ဘာမထီဦးအောင်ကြီးတို့မှာ အရယ်ရပ်ကာ ၎င်းအားအံ့သြစွာကြည့်ရှု၍ ဘာမထီဦးအောင်ကြီးက

''ဘာကိစ္စရှိလို့လဲကိုယ့်လူ'' ဟု မေးလိုက်လေ၏။ ထိုအခါ အိမ်ပေါ်သို့တက်လာသောလူမှာ အသက်သုံးဆယ်ကျော်ဝန်းကျင်ခန့်ရှိပြီး ဖရိုဖရဲနိုင်လှသော ကာကီရောင်စစ်သောင်းဘီကြီးနှင့် စစ်ကျာကင်တစ်ထည်ကို ဝတ်ဆင်ထားလေ၏။ ထို့အပြင် ၎င်း၏ခါး၌ စစ်ခါးပတ်ပြားကြီးတစ်ခုနှင့် ဓါးမြှောင်တစ်လက်ကို ချိတ်ဆွဲထားလျက် စစ်တောစီးဖိနပ်တစ်ရံကိုပါ စီးထားသည့်အပြင် သက္ကလပ်ဦးထုပ်အဝိုင်းကြီးတစ်လုံးကိုလည်း မေးသိုင်းကြိုးအားလည်ပင်းတွင်ချိတ်ကာ ကျောဘက်တွင် လွယ်ပိုးထားသဖြင့် ထိုလူ၏ပုံသဏ္ဌာန်မှာ တောလိုက်မုဆိုးတစ်ဦးနှင့် တူလှပေတော့၏။ ၎င်းအား ကျွန်ုပ်တို့မှ အကဲခတ်ကြည့်ရှုနေစဉ်ပင် ဘာမထီဦးအောင်ကြီး၏အမေးကို ဟိုလူက မဖြေသေးဘဲ ဆက်တီထိုင်ခုံတစ်လုံးပေါ်၌ ထိုင်လျက်ရှိနေသော အိုင်အိုမြတ်နှင်းကို အကဲခတ်ကြည့်ရှု၍



''အိုင်အိုမြတ်နှင်းဆိုတာ ဒီကမိတ်ဆွေမှတ်တယ်'' ဟု ပြောလိုက်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက ထိုလူကိုကြည့်ကာ ယော်ရွှေသောအပြုံးတစ်ခုကို ပြုံးပြလိုက်လျက်

''ထိုင်ပါ ကိုကျော်ခေါင် .. ကျွန်တော် အိုင်အိုမြတ်နှင်းပါပဲ'' ဟု ပြောလိုက်လေရာ ကိုကျော်ခေါင်ဆိုသောလူမှာ ကျွန်ုပ်တို့နှစ်ဦးအား အလျှဉ်းပင် ဂရုစိုက်ခြင်းမရှိတော့ဘဲ ထိုင်ခုံတစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်လေတော့၏။ ထို့နောက်မှ ၎င်းက

''ကျွန်တော်ထင်တဲ့အတိုင်းပဲ ခင်ဗျားဟာ ကျုပ်နာမည်ကိုတောင် သိနေမှကိုး။ ဒါကြောင့်လည်း ကျုပ်အခုလို စောစောစီးစီး ခင်ဗျားဆီမှာ လာပြီးအဖမ်းခံရတာပဲ။ ကျုပ်အတွက်ကလည်း ကျုပ်လုပ်နိုင်တာကို လုပ်ပြီးသွားတဲ့အတွက် နောက်ထပ်ဘယ်သူ့ကိုမှ ဒုက္ခပေးချင်တော့ဘူး။ ဟောဒီမှာ ကျုပ် မာလျာနဲ့ သူ့အဖော်ဟူရာတို့ကို ထိုးသတ်ခဲ့တဲ့ဓါး'' ဟု ဆိုကာ ၎င်း၏ခါးတွင်ချိတ်ဆွဲထားသော အိမ်နှင့်တကွ ဓါးမြှောင်ကိုဖြုတ်၍ စားပွဲပေါ်သို့တင်လိုက်လေရာ ကျွန်ုပ်နှင့် ဘာမထီဦးအောင်ကြီးတို့မှာ အံ့သြလွန်းသဖြင့် ပါးစပ်ကိုယ်စီပွင့်ဟ၍ သွားကြလေကုန်တော့၏။

www.burmeseclassic.com



ထိုအခါမှ အိုင်အိုမြတ်နှင်းက ကျွန်ုပ်တို့နှစ်ဦးအား ပြုံးကာကြည့်၍

"ကဲ .. အိုင်ပီနဲ့ ဦးအောင်ကြီး ဟောဒါ .. တိဗက်နွယ်ဝင် အမျိုးသမီးနှစ်ယောက်ဖြစ်တဲ့ မာလျာနဲ့ ဟူရာတို့ကို ရက်ရက် စက်စက်သတ်သွားပြီး ခင်ဗျားတို့အံ့သြနေကြတဲ့ 'မြ' ကြီးကို ထားသွားခဲ့တဲ့ တရားခံကိုကျော်ခေါင်ဆိုတဲ့လူပါပဲ" ဟုပြောဆိုကာ ရုတ်တရက်ကိုကျော်ခေါင်၏ လက်နှစ်ဖက်ကို ခါးကြားတွင် အသင့် ချိတ်ထားသော လက်ထိပ်ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာခတ်လိုက်လေ တော့၏။

ကျွန်ုပ်နှင့် ဘာမထိဦးအောင်ကြီးတို့နှစ်ယောက်မှာ လွန်စွာ အံ့သြဖွယ်ကောင်းလွန်းလှသော အဖြစ်အပျက်ကြောင့် စကားမပြော နိုင်အောင် ရှိနေကြရလေတော့၏။ ထိုမှ တရားခံကိုကျော်ခေါင်ဆိုသူ ထက် အမှန်တကယ်စိတ်ကူးဖြင့် တရားခံတစ်ယောက်ကို မိအောင် ဖမ်းပြလိုက်သော အိုင်အိုမြတ်နှင်း၏ မျက်နှာကို အံ့သြထိတ်လန့်စွာ ငေးကြည့်နေမိကြလေ၏။ ထိုအခါ ကျွန်ုပ်တို့နှစ်ဦးစလုံးစိတ်ထဲ၌ ငှင်းကား မှော်အတတ်ပညာများပင် တတ်များနေရော့သလားဟူသော အတွေးများသည်လည်း ဖြစ်ပေါ်လျက်ရှိနေပေတော့ရာ အစောပိုင်းက ငှင်း၏စကားကို ပျက်ရယ်ပြုမိလိုက်ကြခြင်းအပေါ် ကြက်သီးများပင် တဖြန်းဖြန်းထလျက်ရှိနေရပေတော့သတည်း ။ ။



# အိုင်အိုမြတ်နှင်း၏ ရှင်းပြချက်

တရားခံကိုကျော်ခေါင်မှာ သက်သေခံခါးမြှောင်နှင့်အတူ ရုံးတော်တွင် သေသူနှစ်ယောက်အား မိမိကိုယ်တိုင်သတ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့လေ၏။ ထိုမှ တရားသူကြီးနှင့်တကွ အစိုးရရှေ့နေ များက ဆက်လက်၍မေးမြန်းကြသောအခါ၌မူ ကိုကျော်ခေါင်က

"ကျုပ်ကိုယ်တိုင်သတ်ပါတယ်လို့ ဝန်ခံခဲ့ပြီပဲ။ ကျုပ်အနေနဲ့ ဘာမှထပ်ပြောနေဖို့မလိုတော့ပါဘူး။ ခင်ဗျားတို့သဘောအတိုင်းသာ စီရင်ချက်ချတာပေါ့" ဟု ပြောဆိုကာ ထပ်၍လည်း အစစ်မခံ

www.burmeseclassic.com

www.burmeseclassic.com



စကားလည်းတစ်ခွန်းမှဆက်၍ မပြောတော့သောကြောင့် နောက်ဆုံး တရားသူကြီးမှ လက်လျှော့ကာ သက်သေခံဓါးအား စစ်ဆေး၍ နောက်တစ်ပတ်စီရင်ချက်ချမည့်အကြောင်း အမိန့်ချလျက် ရုံးတော်ကို ရုပ်သိမ်းခဲ့ရလေတော့၏။ ထိုအတောအတွင်း အိုင်အိုမြတ်နှင်းသည် ကိုကျော်ခေါင်ရှိရာအချုပ်ခန်းတွင်းသို့ သွားရောက်၍ အားပေးစကား ပြောကြားခြင်း၊ အစားအသောက်များပေးပို့ခြင်းအစရှိသည်တို့အား ပြုလုပ်လေရာ အမိန့်မချမီရက်ပိုင်းတွင်ပင် ၎င်းတို့နှစ်ဦးမှာ မိတ်ဆွေ ရင်းချာများသဖွယ် ခင်မင်သွားကြလေကုန်၏။ ထိုအခါ ကျွန်ုပ်သည် လည်း အိုင်အိုမြတ်နှင်းနှင့်အတူ အမြဲတမ်းလိုက်ပါလေ့ရှိလေရာ ကိုကျော်ခေါင်သည် ကျွန်ုပ်အား အိုင်အိုမြတ်နှင်းလောက်မဟုတ်သော် လည်း အတော်အတန်ခင်မင်ရင်းနှီးသောအဖြစ်သို့ ရောက်ရှိခဲ့လေ၏။

ဤသို့ဖြင့် တစ်ရက်တွင်မူ ကျွန်ုပ်နှင့် အိုင်အိုမြတ်နှင်းတို့မှာ ကိုကျော်ခေါင်၏အမှုအခြေအနေကို ပြောဆိုလျက်ရှိကြရာ ကျွန်ုပ်က

"ကိုကျော်ခေါင်အခြေအနေကတော့ ဒီပုံစံအတိုင်းဆို မကောင်းဘူးဗျ။ ဒီလူကလည်း တော်တော့်ကိုခေါင်းမာတဲ့လူပဲ။ သူ့အတွက်ရှေ့နေငှားပေးပို့ပြောတာတောင် လက်မခံဘူး။ ဘယ်လို လူလည်းမသိပါဘူးဗျာ" ဟု ပြောဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက



"ကျွန်တော် အိုင်ပီတို့ကို ပြောခဲ့တယ်လေဗျာ။ ဒီအမှုရဲ့ တရားခံဟာ အလွန်အင်မတန်မှ စိတ်နေစိတ်ထား ဆန်းကြယ်လွန်းလှ တဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာလေ။ တကယ်ပဲ ကိုကျော်ခေါင် ဟာ စိတ်နေစိတ်ထား အင်မတန်ဆန်းကြယ်တဲ့လူဗျ။ ဒီလူဟာ အခုချိန်မှာ သူ့ကိုယ်သူ သေလူတစ်ယောက်အဖြစ် သဘောထား ပြီးသားဖြစ်နေပြီဗျ။ သူ့အဖို့ သေဒဏ်ကျတောင် မှုမယ့်လူစားမျိုး မဟုတ်တော့ဘူး။ သူနဲ့ အသတ်ခံလိုက်ရတဲ့ မာလျှာဆိုတဲ့အမျိုး သမီးချောဟာ တစ်ချိန်က သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ယောက်ဖြစ် တယ်ဆိုတာကိုတော့ သူ့လေသံအရ ကျွန်တော်အကဲခတ်လို့ရတယ်။ ဒါပေမယ့် အဲဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ဒီလူဟာတစ်ခွန်းမှ မပြောတော့တာတော့ အတော်ဆိုးတယ်။ သူတို့နှစ်ယောက်ကြားမှာ အင်မတန်နားထောင်လို့ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ် အသေအချာ ရှိနေတယ်ဗျ။ ကျွန်တော်ထင်တာမမှားဘူးဆိုရင် သူတို့နှစ်ယောက် ဇာတ်လမ်းဟာ လျှို့ဝှက်ချက်တွေနဲ့ပြည့်နေတဲ့ 'မြ' ကြီးရဲ့နောက် ကြောင်းတစ်ခုနဲ့လည်း ပတ်သက်နေလိမ့်မယ်။ အင်း .. ကံကောင်း ထောက်မစွာပေါ့ဗျာ။ သူ့ဆီကနေပြီး ဒီဇာတ်လမ်းကိုသိခွင့်ရမယ် ဆိုရင်တော့ အိုင်ပီအတွက် ဝတ္ထုကောင်းတစ်ပုဒ်ထွက်လာမှာ သေချာ တယ်ဗျာ" ဟု ပြောလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်မှလည်း

www.burmeseclassic.com



ယခု တရားခံကိုကျော်ခေါင်၏အမှုမှာ ကိုယ်တိုင်ဝန်ခံထားသည့် အပြင် အမျိုးသမီးနှစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သောအမှု ဖြစ်နေခြင်းကြောင့် သေဒဏ်မှအပ အခြားမရှိနိုင်တော့ကြောင်း။ သို့သော် မျက်မြင်သက်သေမရှိခြင်းအပေါ် သက်ညှာ၍ အပြစ်ပေးခဲ့ပါလျှင်မူ တစ်သက်တစ်ကျွန်း ကျခံနိုင်ဖွယ်ရှိကြောင်းများကို ပြောဆိုလျက်

"ဘာပဲဖြစ်ဖြစ် လူဟာ သေခါနီးအချိန်ဖြစ်ဖြစ် နောက်ဆုံးအချိန် တစ်ခုမှာ ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုအပြစ်တွေ၊ တသက်လုံး လျှို့ဝှက်ထားခဲ့တဲ့ အကြောင်းအရာတွေကို ထုတ်ဖော်ပြောတတ်လေ့ ရှိကြတယ်ဗျ။ အခု တရားခံကိုကျော်ခေါင်လည်း အဲဒီလိုအချိန်မျိုး ကျရင် သူ့ဇာတ်လမ်းကို ပြောရင်ပြောလာမှာပေါ့ဗျာ။ ဒါပေမယ့် အခုချိန်မှာတော့ တရားခံကိုကျော်ခေါင်ဇာတ်လမ်းထက် အိုင်ဆေး ပညာကို ပိုပြီးစိတ်ဝင်စားလှသဗျာ" ဟု ပြောလိုက်လေရာ

"ဘာပညာလဲဗျ အိုင်ပီရ" ဟု အိုင်အိုမြတ်နှင်းက ပြန်၍ မေးလိုက်လေ၏။ ထိုစဉ်ပင်

"ဘာပညာရမှာလဲဗျ။ ခင်ဗျား တရားခံကို စိတ်တန်ခိုးနဲ့ မိအောင်ဖမ်းခဲ့တဲ့ မှော်ပညာပေါ့ဗျ။ အိုင်ဆေး .. ခင်ဗျားကို ကျုပ်တို့ ပေါင်းရင်းပေါင်းရင်းနဲ့ ကြောက်တောင်လာပြီဗျို့" ဟူသောအသံနှင့်



အတူ ဘာမထီကိုအောင်ကြီးသည်လည်း ကျွန်ုပ်၏ရုံးခန်းအတွင်းသို့ ဝင်ရောက်လာလေတော့၏။ ထိုအခါ အိုင်အိုမြတ်နှင်းသည် သဘောကျစွာဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးမှ

"ကျွန်တော်က ဘယ်ကလာ မှော်ပညာတတ်ရမှာတုံးဗျာ။ အဲဒီတုန်းက ကျွန်တော် တယောထိုးရင်း အမှုအကြောင်းကို စိတ်ကူးနဲ့စဉ်းစားနေတာတော့မှန်တယ်။ စဉ်းစားတယ်ဆိုတာလည်း လူတွေရဲ့ စိတ်နေသဘောထားတွေကို ကျွန်တော့်အတွေ့အကြုံနဲ့ ဆက်စပ်ပြီး စဉ်းစားနေတာဗျ။ နောက်ပြီး အမှုနဲ့ပတ်သက်တဲ့ ကျွန်တော် စုံစမ်းရသမျှအခြေအနေတွေကိုပါပေါင်းပြီး ဖြစ်နိုင်ချေကို ကံစမ်းမဲ ထိုးသလို စိတ်နဲ့ထိုးကြည့်နေတာဗျ။ အဲဒီမှာ မစောကျင်လို့ နာမည်ပေးထားတဲ့သေသူမိန်းမဟာ တော်တော်ချောတဲ့ အမျိုးသမီး တစ်ယောက်ဖြစ်နေတာရယ်၊ သူ့ယောကျ်ားဟာ နာမည်ပျက်ရှိတဲ့ တရုတ်သူဌေးတစ်ယောက်ဖြစ်နေတာရယ်။ ပြီးတော့ ယောကျ်ားနဲ့ အတူမနေဘဲ အဖော်အမျိုးသမီးတစ်ယောက်နဲ့ တိုက်ခန်းငှားပြီးနေ နေတဲ့ အချက်တွေရယ်ကို တစ်ခုချင်း 'ဖြစ်နိုင်ခြေစံ' တစ်ခုနဲ့နှိုင်းပြီး ကျွန်တော်အဖြေရှာကြည့်လိုက်တော့ တိဗက်နွယ်ဝင် အမျိုးသမီး တစ်ယောက်ဟာ နာမည်ပြောင်းပြီး ဘာကြောင့် တရုတ်သူဌေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ လက်ထပ်ထားပြီး အတူမနေသလဲဆိုတဲ့အချက်ဟာ ကျွန်တော်ပထမဦးဆုံးစဉ်းစားရမယ့်အချက်ဆိုတာ သွားတွေ့တယ်။ ဒီတော့ အဲဒီအချက်ကစပြီး ကျွန်တော်အစကို ခွဲထုတ်ကြည့်လိုက်တော့ ရှင်းရှင်းလေးပဲ။ ဒီအမျိုးသမီးဟာ လျှို့ဝှက်ချက်တစ်စုံတစ်ရာနဲ့ မြန်မာပြည်ထဲကိုရောက်လာခဲ့ပြီး တရုတ်သူဌေးနဲ့ အခြေအနေရ လက်ထပ်ထားတယ်ဆိုတဲ့အဖြေရတာပေါ့။ ဒါကလွယ်လွယ်လေးပဲ။ နောက်ဒီအမျိုးသမီးရဲ့ လျှို့ဝှက်ချက်ဟာ ဘာဖြစ်နိုင်မလဲလို့ ထပ်ပြီးစဉ်းစားကြည့်လိုက်တော့ သူလက်ထပ်ထားတဲ့ တရုတ်သူဌေး ကျင်ဟုတ်ဆိုတဲ့ကောင်ဟာ ရှေးဟောင်းပစ္စည်းတွေကို မှောင်ခိုလုပ်နေတဲ့လူတစ်ယောက်လို့ နာမည်ထွက်နေတာရယ်၊ အလောင်းပေါ်မှာ တွေ့ရတဲ့ 'မြ' ကြီးရယ်ကို ဆက်စပ်စဉ်းစားကြည့်ပြီး တန်ဖိုးရှိတဲ့ ရှေးဟောင်းပစ္စည်းတစ်ခုနဲ့ပတ်သက်နေတဲ့ လျှို့ဝှက်ချက်တစ်ခုပဲ ဆိုတာ တွက်လို့ရပြန်ရော။ အဲဒီမှာ သူအသတ်ခံလိုက်ရတဲ့ကိစ္စဟာ လည်းပဲ ဒီကိစ္စနဲ့ပတ်သက်ပြီး အသတ်ခံလိုက်ရတာကလွဲပြီး ဘာမှ မဖြစ်နိုင်တော့ဘူး။ ဒီကြားထဲမှာ စဉ်းစားရတာတွေကတော့ အများ ကြီးပေါ့ဗျာ။ ဥပမာ ဒီအမျိုးသမီးဟာ သူအလိုရှိနေတဲ့ ပစ္စည်းတစ်ခု အတွက် တရုတ်သူဌေးကျင်ဟုတ်ကို လက်ထပ်ခဲ့သလား။ ပြီးတော့



အတွင်းနည်းနဲ့ ကျင်ဟုတ်ဆီက ပစ္စည်းကိုရယူခဲ့လို့ ကျင်ဟုတ်ကပဲ သတ်လိုက်သလား။ ဒါမျိုးတွေပေါ့။ ဒါပေမယ့် သူအသတ်ခံလိုက် ရတဲ့အချိန်မှာ ကျင်ဟုတ်နဲ့အတူမနေတဲ့အပြင် ကျင်ဟုတ်က ထိုင်ဝမ် ကို ခရီးထွက်နေတာဆိုတော့ ဒီအချက်က ဖြစ်နိုင်ချေနည်းသွားပြီဗျ။ ဒီတော့ ကျင်ဟုတ်ကို ခဏဖယ်ထုတ်ထားလိုက်ပြီး အခြားနည်း တစ်ခုနဲ့ စဉ်းစားကြည့်မိတယ်။ အခြားနည်းဆိုတာ 'မြ' ကြီးနဲ့ ပတ်သက်တဲ့နည်းဗျ။ ဒီ 'မြ' ကြီးဟာ ဘယ်သူ့ပစ္စည်းလဲဆိုတာ အဲဒီမှာ ပထမဆုံးတွေးရပြီး တကယ်လို့သာ သူ့ပစ္စည်းဖြစ်ခဲ့ရင် လည်း လူသတ်သမားဟာ 'မြ' ကြီးကို ယူသွားရမယ်ဗျ။ အခုဟာ 'မြ' ကြီးက အလောင်းပေါ်မှာ ကျန်ရစ်ခဲ့တာဗျ။ ကျန်တာတောင် ရိုးရိုးကျန်တာမဟုတ်ဘူး။ ကျကျနနထည့်သွားပေးတဲ့ပုံစံမျိုး။ ဒီတော့ 'မြ' ကြီးဟာ လူသတ်သမားဆိုတဲ့ အတွေးမျိုး ကျွန်တော်တွေး ကြည့်လိုက်မိတယ်။ ပြီးတော့ အခြားလက်ဝတ်လက်စားတွေကို လည်း လူသတ်သမားက တစ်ခုမှ ထိမသွားတဲ့အချက်ကလည်း ဒီအတွေးကို အထောက်အကူပြုနေတာကိုးဗျ။ ဒီလိုဆိုတော့ လူသတ် သမားဟာ 'မြ' ကြီးကိုထားသွားတယ်ဗျာ။ ပစ္စည်းတွေကိုလည်း တစ်ခုမှ ထိမသွားဘူးဗျာ။ လူကိုသာ ရက်ရက်စက်စက် သတ်သွား တယ်ဆိုမှဖြင့် တော်တော်တန်တန် နာကြည်းချက်မျိုး အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုမရှိဘဲနဲ့ကို မဖြစ်နိုင်တော့ဘူး။ အဲဒီတော့ ဘယ်လိုအကြောင်းမျိုးလဲဆိုတာ အနီးစပ်ဆုံးတွေးကြည့်မိပြန်တော့ သေသူအမျိုးသမီးဟာ တော်တော်လေးချောတဲ့အမျိုးသမီးဖြစ်နေတယ်ဆိုတဲ့အချက်က ကျွန်တော့်ခေါင်းထဲဝင်လာတယ်။ နောက်ပြီး လူတိုင်းရဲ့သဘာဝဟာ အချစ်နဲ့ပတ်သက်လာရင် ဘာမှမမြင်ကြတော့ဘူးဆိုတဲ့ စကားတစ်ခုကလည်း ကျွန်တော့်ခေါင်းထဲကို တန်းဝင်လာတော့တာကိုးဗျ။ အဲဒီမှာ အဖြေတစ်ခုကို ကျွန်တော်ချက်ချင်းသိလိုက်ရတော့တယ်။ အဲဒါက ဘာလဲဆိုရင် လူသတ်သမားဟာ အမျိုးသမီးနဲ့ ချစ်ရေးချစ်ရာပတ်သက်နေတဲ့ လူတစ်ယောက်ဆိုတာပဲ။ ဒါကြောင့်လည်း မျက်ကန်းအချစ်သမားတစ်ယောက်ဖြစ်နေတဲ့ လူသတ်သမားဟာ အချစ်နာကြည်းချက်တစ်ခုနဲ့ ပစ္စည်းတွေအပေါ်အဝင် ဘာကိုမှတောင် မမြင်တော့ဘဲ လူကိုပဲ ရက်ရက်စက်စက်သတ်ဖြတ်သွားတော့တာပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်တွေးမိတယ်။ တွေးမိတယ်ဆိုတာတောင် မျက်စိထဲမှာ တန်းပြီးတော့ကို မြင်ယောင်မိလိုက်တာ။ မျက်ကန်းအချစ်သမားတစ်ယောက်ဖြစ်နေတဲ့ လူသတ်သမားဟာ အမျိုးသမီးကို ရက်ရက်စက်စက်သတ်ပြီးတော့ ကဲ ဒီလောက်တောင် နင်မက်နေတဲ့ 'မြ' ကြီးနဲ့အတူ သေခဲ့ပေတော့လို့ဆိုပြီး 'မြ' ကြီးကို အမျိုးသမီးရဲ့အလောင်းပေါ်မှာ ထားသွားခဲ့တဲ့ပုံစံမျိုးပဲဗျ။



တကယ်လည်း အဲဒီအတိုင်းဖြစ်ဖို့ အခြေအနေတွေက အများဆုံးအနေထားပဲလေ အိုင်ပီရဲ့။ ကိုင်း .. ဒီတော့ဗျာ။ အဲဒီအတွေးအတိုင်း ကွင်းဆက်ပြီးပုံဖော်တွေးလိုက်တယ်။ ဒီပုံစံအတိုင်းသာ အမှန်ဖြစ်ခဲ့ရင် အမျိုးသမီးဟာ လူသတ်သမားကို 'မြ' ကြီးနဲ့ ပတ်သက်တဲ့ အလုပ်ကိစ္စတစ်ခုကိုနိုင်းထားပြီး ဥပမာဗျာ။ တစ်ယောက်ဆီက 'မြ' ကြီးကို အရယူခိုင်းပြီး လူသတ်သမားအပေါ်မှာ သစ္စာဖောက်လိုက်တဲ့အတွက် လူသတ်သမားက နာကြည်းချက်နဲ့ သတ်လိုက်တယ်ဆိုတဲ့အဖြေကလွဲပြီး ဘာမှမရှိတော့ဘူး။ တကယ်လည်း ကျွန်တော်အဘက်ဘက်က နည်းမျိုးစုံနဲ့ တွေးပြီး နောက်ဆုံးဒီအဖြေကို အတည်ယူလိုက်တယ်။ အစောပိုင်းက ကျွန်တော်ပြောခဲ့သလို အတွေးနဲ့ ကံစမ်းမဲထိုးလိုက်တာပေါ့ဗျာ။ အဲဒီလိုအဖြေကို ကျွန်တော်အတည်ယူလိုက်လည်းပြီးရော စိတ်ကိုမြကြီးနဲ့ လူသတ်သမားအပေါ်မှာပဲ ထားလိုက်တယ်။ ဒီလိုဆိုတော့ 'မြ' ကြီးနဲ့ပတ်သက်တဲ့အကြောင်းတွေကို ပထမ ကျွန်တော်စဉ်းစားလိုက်တော့ မြန်းဆိုအဖိုးတန်လွန်းတဲ့ အကြောင်းတစ်ခုကို ကျွန်တော်သွားပြီးအမှတ်ရလိုက်တော့တယ်။ ဒီလိုဗျ။ လွန်ခဲ့တဲ့တစ်နှစ်လောက်က ပုသိမ်ဘက်ကို ကျွန်တော်ရောက်သွားခဲ့တုန်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ 'မြ' ကြီးနဲ့ပတ်သက်တဲ့အမှုတစ်ခုကို ကျွန်တော် ကြား
ရတာကိုးဗျ။ ကြားခဲ့ရတယ်ဆိုတာလည်း ကျွန်တော့်မိတ်ဆွေ ရှေ့
တစ်ယောက်က အဲဒီအကြောင်း ပြောပြခဲ့တာပါ။ အမှုက ဒီလို
မုသိမ်မြို့အောက်ဘက်က ရွာတစ်ရွာမှာ တော်တော့်ကို အရည်
အသွေးကောင်းတဲ့ 'မြ' ကြီးတစ်လုံးရှိတဲ့အကြောင်း ပိုင်ရှင်
ဦးသာဒွန်းဆိုတဲ့လူတစ်ယောက်ဖြစ်တဲ့အကြောင်း၊ မကြာပါဘူး။
'မြ' ကြီးအလုခံလိုက်ရတဲ့အကြောင်း၊ ဦးသာဒွန်းက သူ့ဆီ
'မြ' ကြီးအလုခံလိုက်တဲ့အတွက် လူတစ်ယောက်ကို စွပ်စွဲခဲ့
အကြောင်း၊ ဒါပေမယ့် သက်သေသက္ခာယမခိုင်လုံတဲ့အတွ
အဲဒီလူ လွတ်မြောက်သွားတဲ့အကြောင်းပဲဗျ။ အဲဒီမှာ ဦးသာ
စွပ်စွဲတဲ့လူရဲ့နာမည်ကို ကျွန်တော်သေသေချာချာ မှတ်ထားခဲ့
ဗျ။ အဲဒါကတော့ အခြားမဟုတ်ဘူး။ အခု ကိုကျော်ခေါင်ရဲ့
ပဲ။ နောက်တစ်ခါ ကျွန်တော်ကြားဖူးတဲ့ ကိုကျော်ခေါင်
လူတစ်ယောက်လည်း ရှိတာကိုးဗျ။ အဲဒီလူကတော့ ရှေးဟော
ရတနာပစ္စည်းတွေကို ရှာဖွေတဲ့နေရာမှာ နာမည်ကြီးနေတဲ့ နဂါး
နေထွန်းရဲ့တပည့် ကိုကျော်ခေါင်များဖြစ်နေမလားလို့ ကျွန်
တွေးမိခဲ့သေးတယ်။ အများအားဖြင့် ရှေးဟောင်းရတနာပစ္စည်



နဲ့ပတ်သက်တဲ့ ကိစ္စတိုင်းဆို ဒီလူတွေဟာ မြေအဆုံး၊ ကုန်းအနှံ့
လိုက်နေတဲ့လူမျိုးတွေကိုဗျ။ ပြီးတော့ ဒီလူတွေက အိန္ဒိယတို့၊
တိဗက်တို့ဘက်တွေဆိုလည်း မြုပ်မြစ်အောင် ရောက်ခဲ့ကြတဲ့လူတွေ။
အဲဒီတော့ ဒီအကြောင်းကို ကျွန်တော်သွားပြီး အမှတ်ရလိုက်မိတာနဲ့
တစ်ပြိုင်နက် ဦးနှောက်ထဲမှာ 'မြ'ကြီးရယ်၊ ကိုကျော်ခေါင်ရယ်၊
တိဗက်ဆိုတဲ့ အချက်သုံးချက်ကို ထင်းခနဲမြင်သွားတော့တာပဲ။
အခုအမှုမှာ သေဆုံးသွားတဲ့လူတွေက တိဗက်နွယ်ဝင် အမျိုးသမီး
နှစ်ယောက်။ ပြီးတော့ အဖိုးတန်လှတဲ့ အရည်အသွေးကောင်း
'မြ'ကြီးတစ်လုံး ပါနေမှဟာကိုးဗျ။ အဲဒီမှာ ပြောရဦးမယ့်အချက်
တစ်ခု ကျန်နေခဲ့တယ်။ ကိုကျော်ခေါင်ဆိုတဲ့လူအကြောင်းပါ။ ဒီလူ
က နဂါးမာန်နေထွန်းရဲ့တပည့်တစ်ယောက်ပီပီ စိတ်ဓါတ်အရည်
အချင်းရော၊ လက်ရုံးရည် နှလုံးရည် အရည်အချင်းရော၊ ရုပ်ရည်ပါ
အတော့်ကို ပြည့်စုံကောင်းမွန်တဲ့လူတစ်ယောက်လို့ ကျွန်တော်
ကြားဖူးထားတာကိုးဗျ။ ဒီလိုဆိုတော့ အခုသေသွားခဲ့တဲ့ အမျိုးသမီး
ချောအကြောင်းနဲ့သွားပြီး ဆက်စပ်မိပြန်ရောဆိုပါတော့ဗျ။
ဒီအမျိုးသမီးရဲ့ ရုပ်ရည်လက္ခဏာမျိုးကလည်း တော်တော်တန်တဲ့
ယောကျ်ားတစ်ယောက်ကိုကျမှ ရုပ်ရည်လက္ခဏာမျိုးမဟုတ်ဘူးဗျ။
ဒီလိုဆိုတော့ အခုအမှုဟာ ကိုကျော်ခေါင်ရဲ့လက်ချက်များ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



မလားဆိုတဲ့အတွေးကို ပထမဆုံး ကျွန်တော်စဉ်းစားကြည့်မိလိုက်တော့တယ်။ နောက်တကယ်လို့သာ နဂါးမာန်နေထွန်းရဲ့တပည့်ကိုကျော်ခေါင်လို လူမျိုးတစ်ယောက်ဖြစ်ခဲ့ရင် ဒီလိုလူစားမျိုးတွေဟာ လူဆိုးတွေလို အရမ်းကာရော လူသတ်၊ ပစ္စည်းယူ မိုက်မဲနေကြတဲ့ လူစားမျိုးမဟုတ်တဲ့အပြင် လုပ်ရဲရင်ခံရဲတယ်ဆိုတဲ့ သတ္တိရှိလူနှံ့စားတွေဖြစ်တဲ့အတွက် ကိုယ်လုပ်ခဲ့တဲ့အပြစ်တစ်ခုအတွက် ပြန်ပြီးရင်ဆိုင်ဖြေရှင်းလိမ့်မယ်ဆိုတာ ကျွန်တော်တထစ်ချတွက်လိုက်တယ်။ ဒါနဲ့ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့တယ်။ အဲဒါဘာလဲဆိုတော့ အခုလူသတ်မှုကို ကျွန်တော်ဘာမှ မလှုပ်ရှားသေးဘဲ (၃) ရက်တိတိ စောင့်ကြည့်မယ်။ တကယ်လို့ ကျွန်တော်အဖြစ်နိုင်ဆုံးစဉ်းစားထားတဲ့အတိုင်း တရားခံဟာ ကိုကျော်ခေါင်ဖြစ်ခဲ့မယ်ဆိုရင် ဒီ (၃) ရက်အတွင်းမှာ သူကျွန်တော်ဆီလာပြီး အဖမ်းခံရမယ်။ ဘာဖြစ်လို့ ကျွန်တော့်ဆီမှာ လာအဖမ်းခံရမယ်ဆိုရင် နဂါးမာန်နေထွန်းအပါအဝင် သူ့တပည့်တွေအားလုံးဟာလည်းပဲ ကျွန်တော့်အကြောင်းကို ကောင်းကောင်းကြီးကြားဖူးနေကြတဲ့အတွက်ပဲဗျ။ အဲဒီမှာ (၃) ရက်ပြည့်လို့မှ ကျွန်တော့်ဆီ ဘယ်သူမှရောက်မလာခဲ့ဘူးဆိုရင်တော့ ကျွန်တော်အမှုကို စလိုက်တော့မယ်ပေါ့ဗျာ။ ကျွန်တော် ဒီလိုဆုံးဖြတ်ပြီး အိမ်မှာပဲ အေးအေးဆေးဆေးတယောက်ထိုင်ပြီး အမှုအကြောင်းကို စဉ်းစားနေတာ။ အဖက်ဖက်ကို အပြန်အလှန်အထပ်ထပ်ပြန်သုံးသပ်၊ ပြန်စဉ်းစားလုပ်နေရင်း (၃) ရက်မြောက်အိုင်ပီတို့ ကျွန်တော့်ဆီရောက်လာကြတဲ့အချိန်မှာပဲ မြင်တဲ့အတိုင်းပဲ ကျွန်တော့်စိတ်ကူးနဲ့ထိုးထားတဲ့ မဲပေါက်ပြီး ကျွန်တော့်ဆီကိုကျော်ခေါင်လာပြီး အဖမ်းခံခဲ့တော့တာပဲ" ဟု အိုင်အိုမြတ်နှင်းက ရှည်လျားလွန်းလှစွာ တစ်ခုချင်းရှင်းပြပြောဆိုလိုက်မှ ကျွန်ုပ်တို့မှာ ဇာတ်ရှည်လည်သွားကြလျက် ဤမှုတစ်ခုချင်းဆက်စပ်ကာ စဉ်းစားနိုင်စွမ်းရှိသော အိုင်အိုမြတ်နှင်းအား ပို၍ပင် အံ့သြခြင်းထက်မက အံ့သြကြရကား အမျိုးမျိုးဝိုင်းဝန်းချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်သွားကြရပြန်လေတော့သတည်း။ ။



▲ ▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင်ပင် ကျွန်ုပ်တို့ထင်မှတ်ထားကြသည့်အတိုင်း တရားခံကိုကျော်ခေါင်အား ရုံးတော်မှ တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်ခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်နှင့် အိုင်အိုမြတ်နှင်းတို့သည် ကျွန်းသို့မပို့မီ ၄င်းထံသို့သွားရောက်တွေ့ဆုံခဲ့ကြလေ၏။ ထိုအချိန် ကျွန်ုပ်မှ ကိုကျော်ခေါင်အား ဖြစ်နိုင်လျှင် ၄င်း၏အကြောင်းအရာများကို ကျွန်းသို့မသွားမီ ပြောပြခဲ့စေချင်ကြောင်း၊ ထိုကဲ့သို့မေးမြန်းခဲ့ရခြင်းမှာလည်း အခြားမည်သည့်အကြောင်းမှမရှိဘဲ ကျွန်ုပ်သည် ဝါသနာရှိသည့်အတိုင်း တရားခံတို့၏ အဖြစ်အပျက်ဘဝဇာတ်ကြောင်းများကို ရသမျှမေးမြန်းမှတ်သား၍ ဝတ္ထုဇာတ်လမ်းများအဖြစ် ပြန်လည်ရေးသားရန်အတွက်သာဖြစ်ကြောင်းများကို ပြောဆိုတောင်းပန်ခဲ့လေတော့၏။ ထိုအခါ တရားခံကိုကျော်ခေါင်သည် ကျွန်ုပ်တို့မှတ်ထင်ထားသကဲ့သို့ များစွာခဲယဉ်းလှခြင်းမရှိပါဘဲ ပြုံးရယ်လျက်နှင့်ပင်

"ပြောရတာပေါ့ ဦးအောင်မင်းရယ် ‥ ကျုပ်ကလည်း ပြောချင်လွန်းအားကြီးနေသေးတယ်။ ကျုပ်ဘာဖြစ်လို့ ကျုပ်ချစ်သူမာလျာကို သတ်ခဲ့ရတယ်။ သူ့အတွက် ကျုပ်ဘယ်လောက်အထိ ဆင်းရဲဒုက္ခရောက်ခဲ့ရတယ်။ လယ်လောက်အထိ စွန့်စားခဲ့ရတယ်ဆိုတာကို



ကျုပ်မသွားမီ အားလုံးကိုသိအောင် ပြောခဲ့ချင်ရဲ့ဗျာ" ဟုဆိုကာ ၄င်း၏အဖြစ်အပျက်အကြောင်းအရာများကို ကျွန်ုပ်တို့အား တစ်ခုချင်းမိတ်ပါလက်ပါပြောပြခဲ့လေတော့သတည်း။ ။

ကျွန်ုပ်မှာ တရားခံကိုကျော်ခေါင်ပြောပြသမျှ ၄င်း၏ဘဝဇာတ်လမ်းအကြောင်းအရာများအား စာအုပ်တစ်အုပ်၊ ဖောင်တိန်တစ်ချောင်းနှင့် လိုက်လံရေးမှတ်ခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်မရှင်းသည့်အရာများအရောက် ၄င်းအားပြန်၍မေးမြန်းရလေ၏။

၄င်းကလည်း ကျွန်ုပ်မရှင်း၍မေးမြန်းသည့်အကြောင်းအရာများအား စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်ရှင်းပြပြောဆိုခဲ့ပေ၏။ ထိုအခါ ကျွန်ုပ်၏မိတ်ဆွေကြီး အိုင်အိုမြတ်နှင်းကလည်း အချို့သောနေရာများတွင် ဝင်ရောက်မေးမြန်းခြင်း၊ ပြောဆိုဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ခဲ့ပေ၏။ ထိုမှ ကျွန်ုပ်တို့အတွက် လက်ဖက်ရည်၊ မုန့်များနှင့် အကြမ်းရေနွေးတစ်အိုးကိုလည်း ၄င်းမှပင်မပြတ်အောင် စီစဉ်ပေးခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့၏ ပြောဆိုရေးမှတ်ရသောအလုပ်များသည် ပို၍ပင်တွင်ကျယ်ခဲ့ရပေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် တရားခံကိုကျော်ခေါင်ထံမှ ၄င်း၏အကြောင်းအရာဇာတ်လမ်းများအား တစ်ရက်နှင့်တစ်မနက်တိုင်တိုင်များထောင်ကူးယူခဲ့ရလေ၏။ ထိုမှ ဗလာစာအုပ်နှစ်အုပ်ခွဲခန့်စာမျ

www.burmeseclassic.com

www.burmeseclassic.com



ရေးသားမှတ်ယားခဲ့ရသော တရားခံကိုကျော်ခေါင်၏ မှတ်တမ်းမှတ်ရာအကြောင်းအရာများအား နောက်ထပ်တစ်ရက် ထပ်မံ၍ ပြန်လှန်စီစစ်ခြင်း၊ မူရင်းအကြောင်းအရာများကို မပျက်စီး၊ မထိခိုက်အောင် ဂရုစိုက်၍ ဖတ်ရှု၍ ကောင်းလောက်မည့် အနေအထားသို့ ရောက်အောင် ပြန်လည်မွမ်းမံခြင်းများကိုပြုလုပ်ကာ တစ်ပတ်အတွင်း၌ပင် ဝတ္ထုတစ်ပုဒ်အသွင်သို့ ဖန်တီးရေးသားနိုင်ခဲ့လေတော့၏။

ထိုအခါ တရားခံကိုကျော်ခေါင်၏ အကြောင်းအရာအဖြစ်အပျက်ဇာတ်လမ်းများကို အခြေခံ၍ ရေးသားထားသော ကျွန်ုပ်၏ ဝတ္ထုအား ဇာတ်လမ်းနာမည်ပေးရန် စဉ်းစားရပြန်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် မူရင်းကာယကံရှင်ဖြစ်သူ ကိုကျော်ခေါင်အား ၎င်း၏ဆန္ဒအတိုင်း ခေါင်းစဉ်တစ်ခုကို တောင်းခံခဲ့သည့်ရှိသော် တရားခံကိုကျော်ခေါင်မှ

"တကယ်တော့ ကျုပ်နဲ့မာလျာတို့ရဲ့ အဖြစ်အပျက် ဇာတ်လမ်းတစ်ခုလုံးဟာ ကျုပ်ဦးလေးဦးဘိုးမှင်ဆီမှာ ကျွန်ခဲ့တဲ့ 'မြ' ကြီးကနေစပြီး ဖြစ်ခဲ့ရတာဆိုတော့ ကျုပ်ကတော့ ကျုပ်အဖြစ်အပျက်ဇာတ်လမ်းကို 'မြရည်ဝက်ဘာ' လို့သာ ပေးလိုက်ချင်တော့တာပဲ"

ဟု ပြောဆိုသည်နှင့် ကျွန်ုပ်ကိုယ်တိုင်မှာလည်း ကိုကျော်ခေါင်ပြောလိုက်သော 'မြရည်ဝက်ဘာ' ဟူသည့် နာမည်ကို နှစ်မြို့ကာ



သဘောကျသွားရကား ကျွန်ုပ်၏ဝတ္ထုခေါင်းစဉ်အား

"အိုင်အိုမြတ်နှင်းနှင့် မြရည်ဝက်ဘာ" ဟူပင် ခေါင်းစဉ်တပ်နာမည်ပေးလိုက်ရပါကြောင်းနှင့် ဤဝတ္ထုကြီးသည်ပင် အတုယူအားကျဖွယ်၊ စက်ဆုပ်မုန်းတီးဖွယ်၊ ဆွတ်ပျံ့လွမ်းမောဖွယ်၊ နာကြည်းမုန်းတီးဖွယ်၊ အချစ်နှင့်အမုန်း သံဝေဂများဖြင့် ရောပြွမ်းနေသော တရားခံကိုကျော်ခေါင်ဟူသော လူတစ်ယောက်နှင့် တိဗက်နွယ်ဝင်မိန်းမချောလေးမာလျာတို့၏ အဖြစ်အပျက်ဇာတ်လမ်းများပင် ဖြစ်ပါကြောင်း ပဏာမအနေအားဖြင့် ဝန်ခံလိုက်ပါလေတော့သတည်း။

(စာရေးသူ)

ကျွန်ုပ် ယခုဆက်လက်၍ ရေးသားဖော်ပြရန်ရှိသော ကိုကျော်ခေါင်၏အကြောင်းများမှာ အညာဒေသရှိ ရွာငယ်လေးတစ်ရွာမှ ကိုကျော်ခေါင်နှင့် ဦးဘိုးမှင်တို့ တူဝရီးထွက်ခွာလာခဲ့ကြပြီးနောက်ပိုင်း ကိုကျော်ခေါင်မှ ဦးဘိုးမှင်အား ရန်ကုန်မြို့တွင် အခြေချနေထိုင်နိုင်ရန် စီစဉ်ပေးခဲ့ပြီးလျှင် ဦးဘိုးမှင်ထံမှ ထွက်ခွာလာသည့်နောက်ပိုင်းအကြောင်းအရာများပင်ဖြစ်ပါသည်။

ထိုအခါ ကျွန်ုပ်ဖော်ပြပြီးလတ္တံ့သော ရှေ့ပိုင်းအပိုင်း (၁) အကြောင်းများသည်လည်း တရားခံကိုကျော်ခေါင်မှ ပြောပြခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



၎င်း၏ဇာတ်လမ်းအကြောင်းအရာများသာလျှင်ဖြစ်ပြီး ကျွန်ုပ်မှ စာရှုသူတို့အား စိတ်ဝင်စားစိမ့်သောငှာ ပထမအပိုင်းတစ်ခုအဖြစ် ဦးစွာ ဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ယခု ကျွန်ုပ်ဆက်လက် ဖော်ပြမည့်ဝတ္ထုအပိုင်း (၃) အခန်းများ ၌ လူစွန့်စားကိုကျော်ခေါင်နှင့် တိဗက်နွယ်ဝင်မိန်းမချောလေး မည်ကဲ့သို့တွေ့ဆုံပတ်သက် ခဲ့ရခြင်းများ အပါအဝင် ဦးဘိုးမှင် လက်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သော အဖိုးတန်'မြ'ကြီးနှင့် ၎င်းတို့ နှစ်ဦး မည်ကဲ့သို့ နီးနွယ် ဆက်စပ်နေကာ နောက်ဆုံး၌ ထို 'မြ' ကြီးအတွက်နှင့်ပင် ကိုကျော်ခေါင်မှာ မည်သို့သောဒုက္ခများကို စွန့်စား ရင်ဆိုင်ကြုံတွေ့ရ လျက်မိမိ၏ချစ်သူမိန်းမချောလေးမာလူှာနှင့်တွ အဖော်မိန်းကလေး ဖြစ်သူ ဟူရာတို့အား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပုံ အကြောင်း အရာများကို ဆက်လက်၍ ဖတ်ရှုကြပါကုန်....။

ကြက်ဥတစ်လုံးမည်သည် အခွံအကာအနှစ်သုံးတန်ရှိမြဲ ဖြစ်သကဲ့သို့ ဝတ္ထုဇာတ်လမ်းတို့တွင်လည်း နိဒါန်း၊ စာကိုယ်၊ နိဂုံးဟူသော အပိုင်းသုံးပိုင်းရှိမြဲဖြစ်ပေရာ ဤအပိုင်း(၃) သည်ပင်လျှင် ဤအိုင်အို မြတ်နှင်းနှင့် 'မြရည်ဖော်ဘာ' တစ်ခုလုံး၏ နိဂုံးသို့တည်းမဟုတ် အနှစ်တစ်ခုဖြစ်ပါကြောင်း....

(စာရေးသူ)



# အပိုင်း (၃)

## မောင်ကျော်ခေါင် ထွက်ခွာလာခဲ့ခြင်း

မောင်ကျော်ခေါင်သည် ဦးလေးဖြစ်သူ ဦးဘိုးမှင်နှင့်လမ်းခွဲကာ ထွက်လာခဲ့သည်အထိ ရင်ထဲတွင် ကွယ်ဝှက်သိမ်းဆည်းထားခဲ့ သော အရာတစ်ခုရှိနေခဲ့လေ၏။ ၎င်းမှာ ဦးလေးဦးဘိုးမှင်အပါအဝင် မည်သူ့ကိုမှ ပြောပြခြင်းမရှိဘဲ ဖုံးကွယ်ထားခဲ့သော သူခိုးမလေး အကြောင်းပင်ဖြစ်ပေ၏။ ဘာကြောင့်ရယ်မသိ သူသည် သူခိုးမလေး အား ခဏတာမြင်မြင်ချင်း၌ပင် စွဲလမ်းသွားခဲ့ရလေ၏။ မိန်းမချော

www.burmeseclassic.com



မိန်းမလှလေးများစွာကို မောင်ကျော်ခေါင်မတွေ့ဘူး။ မဟုတ်။တွေ့ဖူး ကြုံခဲ့ဖူးပါ၏။ သို့သော်ငြား အနီးမိန်းကလေး၏ လှပပုံမျိုးကိုကား မတွေ့ဘူး၊ မမြင်ဘူးခဲ့ပါပေ။ လျှပ်တစ်ပြက်ခဏတာပင် မြင်လိုက်ရ သော်ငြား သူနိုးမလေး၏မျက်နှာသည် မောင်ကျော်ခေါင်၏ မျက်လုံးထဲတွင် စွဲနေလေ၏။ သူ၏မျက်နှာလေးမှာ ဗမာအမျိုးသမီး တစ်ယောက်လှပုံ၊ ချောပုံမျိုးလည်းမဟုတ်။ တရုတ်လိုလို၊ ရှမ်းလိုလို မျက်နှာပေါက်မျိုးဖြစ်လျက် တိုင်းရင်းသူတစ်ယောက် ချောပုံလှပုံ မျိုးဖြစ်ကြောင်း သတိထားမိခဲ့လေ၏။ သို့သော်လည်း နာမည်မသိ၊ ဘာမသိခဏတာမြင်လိုက်ရသော ဤအမျိုးသမီးလေးအား ပြန်လည် တွေ့ဆုံနိုင်ရန် မဖြစ်နိုင်တော့ကြောင်းကိုလည်း မောင်ကျော်ခေါင် သဘောပေါက်နေပေတော့၏။

မောင်ကျော်ခေါင်သည် အစပထမ၌ မိမိ၏ဆရာဖြစ်သူ နဂါးမာန်နေထွန်းထံသို့ သွားရောက်ရန်ဖြစ်သော်လည်း အကြောင်း တစ်ခုကြောင့် မသွားရောက်ဖြစ်တော့ပေ။ အကြောင်းမှာ ၎င်း၏ဆရာ နဂါးမာန်နေထွန်းသည် ၎င်း၏လူနှစ်ယောက်နှင့်အတူ အိန္ဒိယဘက် သို့ ထွက်ခွာသွားခြင်းကြောင့်ပင်ဖြစ်ပေ၏။ သို့ဖြစ်ရာ မောင်ကျော် ခေါင်သည် ၎င်းမိတ်ဆွေတစ်ဦးရှိရာ တောင်ငူနယ်အတွင်းရှိ ဖြူးမြို့ သို့ ခရီးထွက်ခဲ့လေတော့၏။



မောင်ကျော်ခေါင်စီးလာခဲ့သော မီးရထားမှာ အမှတ် (၄) အစုန် ရထားဖြစ်၍ နံနက် (၂) နာရီခန့်တွင် တောင်ငူသို့ဆိုက်ရောက်၏။ ညနေ (၃) နာရီခွဲအချိန်၌ပင် ဖြူးမြို့သို့ရောက်ရှိလာခဲ့လေတော့၏။ မောင်ကျော်ခေါင်သည် ထိုနေ့ညနေ၌ အချိန်မရှိတော့သည်နှင့် ဘူတာ ရုံ၌ပင် ညအိပ်ခဲ့ရလေ၏။ ၎င်း၏မိတ်ဆွေနေထိုင်ရာ ဖြူးမြို့ဟု ဆိုသော်လည်း တကယ်စင်စစ်အားဖြင့် ဖြူးမြို့၏အနောက်ဖက် (၃) မိုင်ကျော်ကျော်ခန့်အကွာတွင်ရှိသော 'ကျွဲမကူး' ဟူသော ရွာကလေးပင်ဖြစ်ပေ၏။

သို့ဖြစ်ရာ မောင်ကျော်ခေါင်သည် ဘူတာတွင်ညအိပ်၍ မနက် လင်းမှပင် ဘူတာရုံ၏တောင်ဘက်ရှိ ကျောက်တွဲရထားလမ်းအတိုင်း ကျွဲမကူးရွာလေးဘက်သို့ ထွက်ခွာခဲ့လေတော့၏။ မီးရထားအလံ တိုင်ကို ကျော်ခဲ့ပြီးနောက် ကျောက်တွဲဆိုဒ်တင်လမ်းလေးမှာ အနောက်သို့ ခပ်သာသာကွေ့ချိုး၍ စိမ်းလန်းသော ကွင်းပြင်များ အလယ်တွင် ဖြောင့်ဖြူးစွာတည်ရှိနေလေ၏။ ကျွဲမကူးရွာလေးမှာ ထိုမီးရထားလမ်းအဆုံး တောင်ခြေတွင်တည်ရှိလေ၏။ မီးရထား ဌာနမှ ဂဝံကျောက်များထွက်ရှိရာ တောင်ခြေအနောက် ဖြူးမြို့မှ တဆင့် ကျောက်တွဲလမ်းလေးကို ဖောက်လုပ်ထားခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ခေါင်သည် မီးရထားလမ်းလေးအတိုင်း တရွေ့ရွေ့လျှောက်လာခဲ့ပြီးနောက် ခရီးတစ်ဝက်အရောက်တွင် တွေ့ရသော လယ်တဲတစ်ခု၌ ခေတ္တအမောပြေနားနေကာ ဆက်လက်၍ ခရီးဆက်ခဲ့သည်ရှိသော် တစ်နာရီခန့်သွားမိလတ်လျှင် တောင်ခြေသို့ရောက်ရှိသွားလေ၏။ တောင်စွယ်များမှာ မြောက်ဘက်မှ တောင်ဘက်သို့ စီတန်းနေပြီး တောင်ခါးပန်းများမှာ သစ်ပင်ဝါးပင်တို့ဖြင့် အုံ့ဆိုင်းဖုံးအုပ်နေလေ၏။ တောင်ခြေတောင်ကြားလမ်းများ၌မူ လွန်စွာမှ ကြီးမားလွန်းလှသော ကျောက်ဆိုင်၊ ကျောက်တုံးကြီးများကို တွေ့မြင်ရလေ၏။ မောင်ကျော်ခေါင်လျှောက်လာခဲ့သော ကျောက်တွဲဆိုဒ်တင်ရထားလမ်းလေးမှာ တောင်စွယ်နှစ်ခုကြားသို့ တိုးဝင်သွားလျက် 'ဒိုင်းနမိုက်' ဖြင့် ဖောက်ခွဲထားသော တောင်ကမ်းပါးနေရာများဆီသို့ လမ်းခွဲလေးပေါင်းများစွာ ခွဲထွက်နေကာ ထိုနေရာများ၌ အစုစုရှိနေသော တဲအိမ်လေးများရှိနေကြ၏။ ၄င်းတဲအိမ်လေးများကား ကျောက်အလုပ်သမားများ၏ တဲများပင်ဖြစ်ပေ၏။ မောင်ကျော်ခေါင်သွားနေသော ကျွဲမကူးရွာလေးမှာ ထိုနေရာမှ လေးဖာလုံခန့်ကွာဝေးသောအရပ်တွင်ရှိကာ အိမ်ခြေ (၃၀) ခန့်သာရှိသော ရွာငယ်လေးတစ်ရွာပင်ဖြစ်ပေ၏။



မောင်ကျော်ခေါင်သည် ရွာထဲသို့ရောက်သည်နှင့် ၄င်း၏မိတ်ဆွေနေထိုင်ရာ အိမ်လေးဆီသို့ အလွယ်တကူပင် ရောက်ရှိသွားလေတော့၏။ ထိုအခါ ယခုကျွဲမကူးရွာလေး၌ နေထိုင်နေသော မောင်ကျော်ခေါင်၏မိတ်ဆွေမှာ နဂါးမာန်နေထွန်း၏တပည့်တစ်ယောက်ပင်ဖြစ်ကာ နာမည်မှာ 'ငပေတူ' ဟူ၍ ဖြစ်ပေ၏။ ဤရွာကလေး၌ မုဆိုးအလုပ်ဖြင့် အသက်မွေးနေသော 'ငပေတူ' မှာလည်း ၄င်းတို့နည်းတူပင် သတ္တိနှင့် စွန့်စားသောအရာများ၌ မွေ့လျော်နေသော လူတစ်ယောက်ပင်ဖြစ်ပေ၏။ ငပေတူသည် မောင်ကျော်ခေါင်ရောက်လာသည်နှင့် ဝမ်းပန်းတသာဆီးကြိုကာ အကြမ်းရည်၊ ချေသား ခြောက်၊ ကောက်ညှင်းဆိုင်း၊ ထန်းလျက် အစရှိသော အစားအသောက်များဖြင့် ဖော်ရွေစွာ ဧည့်ခံလေ၏။ ထို့နောက် နှစ်ယောက်သား စားသောက်ကြရင်းမှ ငပေတူက

"ကိုကျော်ခေါင် ရောက်လာတာနဲ့အတော်ပဲဗျို့။ ဒီရက်ပိုင်း အတွင်းမှာ ကျုပ် ခင်ဗျားကို သတိရနေမိတာ" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်က

"အခုမှ ငါရောက်တာပါ ငပေတူရာ။ ဘာကိစ္စများရှိနေပြန်ပြီတုံး" ဟု ပြုံးရယ်ကာ ပြန်မေးလိုက်လေ၏။ ထိုအခါ ငပေတူက

"ဟဲ ဟဲ .. ကိုကျော်ခေါင်သိတဲ့အတိုင်းပဲ ကျုပ်တို့က အေးရာ

www.burmeseclassic.com

www.burmeseclassic.com



အေးကြောင်း ငြိမ်ငြိမ်လေးထိုင်နေရရင် ခေါင်းကိုက်တဲ့လူမျိုးတွေကိုဗျ။ နည်းနည်းပါးပါးလေးမှ စိတ်လှုပ်ရှားရမယ့် အလုပ်မလုပ်ရရင် နေမှမနေတတ်တာ။ အခုလည်း နည်းနည်းလှုပ်ရှားရမယ့် အလုပ်တစ်ခုကို ကျွန်တော်လက်ခံထားတယ်ဗျ'' ဟု ဆိုလိုက်လေရာ

''ဘယ်လိုအလုပ်လဲကွ'' ဟု မောင်ကျော်ခေါင်က စိတ်ဝင်တစားမေးလိုက်မိလေ၏။ ထိုအခါ ငယေတွက

''အလုပ်ကတော့ ရိုးမပေါ်တက်ပြီး ပန္နည်းရှာမယ့်အဖွဲ့တစ်ဖွဲ့ကို လမ်းပြပေးရမယ့်အလုပ်ပါ။ မနက်ဖြန်လောက်ဆိုရင်တော့ ဒီလူတွေရောက်လာကြမယ်ထင်တယ်ဗျ။ တစ်ခုရှိတာ ဒီလူတွေရှာမယ့် ပန္နည်းဆိုတာ ကြောင်မျက်ရှင်တစ်လုံးဆိုပဲဗျ'' ဟုဆိုကာ စိတ်ဝင်စားဖွယ် အောက်ပါအတိုင်း ဆက်လက်၍ ပြောပြပြန်လေတော့၏။

''ဒီလိုဗျ ‥ အခု ကျွန်တော့်ဆီကို အကူအညီတောင်းလာတဲ့လူက ကိုမြတ်ကောင်းဆိုတဲ့လူတစ်ယောက်ဗျ။ တောင်ငူမြို့ပေါ်က ဆိုပါတော့ဗျာ။ အရင်တုန်းက ဒီလူ ဒီဘက်ကို တောပစ်လာရင်း ကျွန်တော်နဲ့ ရင်းနှီးခဲ့ကြတာပေါ့။ ဒါပေမယ့် အဲဒီတုန်းကတည်းက ဒီလူတောပစ်ဖို့ထက် အကြောင်းတစ်ခုနဲ့ ရောက်လာခဲ့တယ်



ထင်တယ်။ သေနတ်ပစ်တတ်တာကလွဲလို့ တောအကြောင်း၊ တောင်အကြောင်း သားကောင်အကြောင်း ဘာတစ်ခုမှ ကျွမ်းကျင်ဘဲ ကျွန်တော့်ဆီမှာ တစ်ပတ်ကျော်ကျော်လောက်သာ နေသွားတယ်။ တောကောင်ဆိုလို့ ယုတ်စွအဆုံး မျောက်တစ်ကောင်တောင်ရမသွားခဲ့ဘူး။ အဲဒီတုန်းက သူကလည်း ဘာမှမပြော။ ကျွန်တော်ကလည်း မမေးတော့ ဒီအတိုင်းဘဲ ပြန်သွားတာပေါ့ဗျာ။ ဒါပေမယ့် မကြာပါဘူး။ နောက်ထပ် နှစ်ပတ်လောက်ကြာတော့ ဒီလူအဖော်တစ်ယောက်နဲ့ ပြန်ရောက်လာပြန်ရော၊ ဒီတော့မှ ကျွန်တော်က သူ့ကို စနောက် နောက်နဲ့

''ဘယ်လိုလဲ ကိုယ့်လူရဲ့ ဒီတစ်ပတ်ရော ဘာသားကောင်တွေများပစ်ဖို့ ရောက်လာခဲ့တာတုံး။ အရင်တစ်ပတ်ကတော့ ခင်ဗျားပစ်သွားတဲ့အကောင်တွေ မနည်းမနောပါလားဗျ'' လို့ စလိုက်တော့ ဒီလူကစိတ်မဆိုးဘဲနဲ့

''ဒီတစ်ပတ်တော့ ရိုးမကျားဆယ်ကောင်လောက် ပစ်သွားမလားလို့ ဟား ‥ ဟား နောက်တာပါ ကိုယ့်ပေရာ။ အမှန်တိုင်းကျုပ်ဒီဘက်ကိုလာတာ တောပစ်ဖို့မှမဟုတ်ဘဲ။ အကြောင်းတစ်ခုနဲ့ လာတာကိုးဗျ'' လို့ ပြောတာကိုး

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ကျွန်တော့်ကို ကိုပေလို့ခေါ်တယ် ကိုကျော်ခေါင်ရဲ့ ဒါနဲ့ ကျွန်တော်ကလည်း နဂိုကတည်းက ဒီအတိုင်းပဲ ထင်ထားတဲ့ဟာ ဆိုတော့"

"ကျုပ်လည်းထင်ပါတယ်ဗျာ။ ခင်ဗျားပုံစံက တောပစ်တဲ့ မုဆိုးတစ်ယောက်နဲ့မှမတူဘဲ။ ဒါနဲ့ ခင်ဗျားအကြောင်းကို မသိရဘူး လား။ ကူညီတန်ကူညီရအောင်လို့ပေါ့ဗျာ" ဟု ဆိုလိုက်တော့ သူကလည်း ကျွန်တော့်ကိုခင်မင်ရင်းစွဲရှိတဲ့အပြင် ယုံလည်းယုံကြည် အကူအညီကလည်း တောင်းချင်ဆိုတော့ သူ့ကိစ္စကို ဖွင့်ပြောတော့ တာပဲဗျို့"

ငပေတူက စကားကိုခေတ္တရပ်ကာ အကြမ်းရည်တစ်ခွက် ထို့ ငှပ်ခနဲသောက်လိုက်လေ၏။ ကိုကျော်ခေါင်မှာလည်း ချောသား ခြောက်မီးကင်းတစ်တို့ကို မြှုပ်ဝါးရင်း စိတ်ဝင်တစား နားထောင်နေ မိလေ၏။ ထို့နောက်မှ ငပေတူကဆက်၍

"သူ့ကိစ္စက ဒီလိုကိုးဗျ ကိုကျော်ခေါင်ရဲ့ ဇာတ်လမ်းစတာက တော့ ဦးမြတ်လှဆိုတဲ့ ကိုမြတ်ကောင်းရဲ့ဦးလေးတစ်ယောက်ဆို ပါတော့။ ဒီပုဂ္ဂိုလ်ကြီးက လောကီပညာရပ်၊ ဂမ္ဘီရတွေဘက်မှာ အတော်လိုက်စားဖူးခဲ့တယ်ဆိုပဲဗျ။ ကိုမြတ်ကောင်းပြောခဲ့တဲ့အတိုင်း



ပြောပြရရင်" ဟုအစကိုချီကာ အောက်ပါအကြောင်းအရာတစ်ခုကို စိတ်ဝင်စားဖွယ် ပြောပြခဲ့လေတော့ရာ ၎င်းအကြောင်းအရာများမှာ ဦးမြတ်လှနှင့် ထူးဆန်းသော ကြောင်မျက်ရှင်တစ်လုံး၏အကြောင်း ပင်ဖြစ်ပေတော့သတည်း ။ ။

▲ ▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



# ဦးမြတ်လှနှင့် ကြောင်မျက်ရှင်

မြန်မာပြည် မြေလတ်ပိုင်းမြို့လေးတစ်မြို့၌ အသက် (၄၀) ကျော်အရွယ် ဦးမြတ်လှဟူသောလူတစ်ယောက်ရှိ၏။ ဦးမြတ်လှ၏ ဇာတိမှာ မန္တလေးမြို့ဖြစ်သော်လည်း ၄င်းမှာအသက်နှစ်ဆယ်ကျော် အရွယ်ကတည်းမှစ၍ လောကီပညာရပ်၊ ဂမ္ဘီရဆေးပညာများအား လေ့လာလိုက်စားကာ ဆရာအစုံစုံထံ ဆည်းပူးလျက် နယ်အရပ်ရပ် သို့ သွားလာရင်းဖြင့် မြေလတ်မြို့လေးသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပေ၏။ ဦးမြတ်လှသည် မြို့စွန်ပိုင်းရှိ သူဌေးတစ်ဦးပိုင် ပျဉ်ထောင်



အိမ်ကလေးတစ်လုံးတွင် ငှားရမ်း၍နေထိုင်ခဲ့လေ၏။ ၄င်း၏ စားဝတ် နေရေးကိုမူ နီးစပ်ရာရွာများသို့ ဆေးကုသပေးခြင်း၊ ဗေဒင်ဟောခြင်း၊ အဆောင်ယတြာများပြုလုပ်ပေးခြင်း အစရှိသောလုပ်ငန်းများဖြင့် ဖြည့်ဆည်းရင်း တစ်ဦးတည်းနေထိုင်ခဲ့လေ၏။

ဦးမြတ်လှ၏ အစွမ်းထက်လှသော ဆေးပညာနှင့် ဗေဒင်ယတြာ ပညာများကြောင့် မြို့နီးစပ်ချုပ်ရှိ ရွာများမှလူများသည် ဦးမြတ်လှ အား ဆရာတစ်ဆူအဖြစ် အားကိုးလေးစားကြကုန်လေ၏။ အစဉ် သဖြင့် ဦးမြတ်လှသည် ၄င်း၏အိမ်၌မရှိဘဲ လွယ်အိတ်ကြီးတစ်လုံး ဖြင့် ရွာများသို့ လှည့်လည်၍ ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း များဖြင့် ရှိနေတတ်လေ၏။ ဦးမြတ်လှသည် ဆင်းရဲသားလူချမ်းသာ ခွဲခြားခြင်းမရှိဘဲ လူတိုင်းအား တတန်းတစားတည်းထားကာ ၄င်း တတ်သောပညာများဖြင့် ကူညီမစလေ့ရှိ၏။ ၄င်းကိုယ်တိုင်မှာလည်း စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားပြည့်စုံခြင်းကြောင့် ရွာတိုင်းရှိလူများမှ လေးစားချစ်ခင်ကြလေ၏။

တစ်နေ့သ၌ ဦးမြတ်လှသည် ပဲခူးရိုးမတောင်ခြေရှိ ရွာငယ် တစ်ရွာ၌ လူနာတစ်ဦးကို ဆေးကုပေးနေလေ၏။ လူနာမှာ မိုးဦးကျ ရာသီတွင်ဖြစ်တတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြင့် ဖျားရော်

www.burmeseclassic.com

www.burmeseclassic.com



အားပြတ်လျက်ရှိပေ၏။ ထိုအချိန် အခြားရွာများတွင်လည်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ပွားနေလျက် တစ်ဦးစ၊ နှစ်ဦးစပင် ပျက်စီးဆုံးပါးခဲ့ကြလေ၏။ ဦးမြတ်လှသည် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်နေလျက် မျက်တွင်းဟောက်ပက်နှင့် ဖြူရော်အားပြတ်နေသော လူနာကို ကြည့်ရှုစမ်းသပ်စစ်ဆေး၍ လူနာရှင်အိမ်သားတစ်ယောက်အား စောင်ချမ်းရွက်အနည်းငယ်ကိုသွား၍ ခူးခိုင်းလေ၏။ စောင်ချမ်းရွက်များရလျှင် လက်တဆုပ်မျှကို ရေစင်စင်ဆေး၍ ရေစိုစိုနှင့်ပင် ကျောက်ဆုံသန့်သန့်တစ်ခုအတွင်းထည့်ကာ ထုထောင်းလေ၏။ ထိုမှ သတ္တုရည်ညှစ်၍ လူနာအား ဟင်းစားဇွန်းတစ်ဇွန်းစာ နံနက်၊ နေ့လည်၊ ည တစ်နေ့သုံးကြိမ်တိုက်လေ၏။ လူနာမှာ ဦးမြတ်လှတိုက်သော စောင်ချမ်းရွက်သတ္တုရည်အား တစ်နေ့တည်း သောက်ရုံမျှနှင့် ဝမ်းလျှောခြင်းရပ်လေတော့၏။ ဦးမြတ်လှသည် လူနာ၏ အခြေအနေကိုအကဲခတ်၍ နောက်တစ်နေ့တွင်လည်း ဆက်ပြီးတိုက်ပြန်၏။ သို့ဖြင့် (၂) ရက်မျှရှိလေလျှင် လူနာမှာ ခံစားနေရသော ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ ရှင်းရှင်းပျောက်ကင်းလျှက် အစာဝင်ကာ အားရှိလာလေတော့၏။ လူနာရှင်များမှာ ဦးမြတ်လှအား ကျေးဇူးတင်၍မဆုံးအောင်ရှိကြလေ၏။ လူနာကိုယ်တိုင် ဦးမြတ်လှအား



ကျေးဇူးတင်ကန်တော့သောအခါ ဦးမြတ်လှက

"မသိသူကျော်သွား၊ သိသူဖော်စားပေါ့ကွာ။ ဆေးနည်းသိတော့ အလွယ်လေးနဲ့ အကျိုးရှိတာပေါ့။ အခု ငါတိုက်တဲ့စောင်ချမ်း သတ္တုရည်ဟာ ဝမ်းပျက်ဝမ်းလျှောရောဂါကို တထိုင်တည်းနဲ့ ပျောက်စေနိုင်လောက်အောင် အစွမ်းထက်တယ်ကွ။ ပြီးတော့ စောင်းချမ်းချဉ်ဟာ ဝမ်းနာ၊ ပန်းနာကောင်းတယ်။ ဒါ အဖိုးနည်းလွယ်လွယ်လေးနဲ့ ရောဂါကို ယူပစ်သလို ပျောက်ကင်းချမ်းသာစေတဲ့ တို့မြန်မာဆေးနည်းတစ်ခုပဲပေါ့ကွာ" ဟု ပြောဆိုလေ၏။ လူနာမိသားစုမှ ဦးမြတ်လှအား ကျေးဇူးတင်လှုန်းစွာဖြင့် ဆန်တစ်ပြည်နှင့် ငွေငါးမတ်ကို ဆေးဖိုးဝါးခအဖြစ် ကန်တော့ကြလေ၏။ တောသူတောင်သားများအဖို့ ဤမျှဆေးဖိုးဝါးခပင် တတ်နိုင်ကြလေ၏။ ဦးမြတ်လှကလည်း ၎င်းတို့ထံမှ ဆေးလိုက်ရုံ၊ ငွေငါးမူးမျှကိုသာ လက်ခံယူ၍ ကျန်ဆန်တစ်ပြည်နှင့် ငွေ (၇၅) ပြားကို လူနာရှင်များကို ပြန်လည်ပေးနှင့်ကြကာ အခြားဝမ်းလျှောဝမ်းပျက်များထံသွားရောက်၍ ကုသပေးခဲ့ပြန်လေတော့၏။ ယခုကဲ့သို့ မိုးဦးကျချိန် တောင်ခြေရွာများတွင် ဖြစ်ပွားလေ့ရှိသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါများမှာ ဦးမြတ်လှ၏ ဆေးအစွမ်းဖြင့် သက်သာပျောက်ကင်းခဲ့ကြရလေ၏။ သို့ဖြစ်ရာ ရွာများမှ ရွာသားတိုင်းက

www.burmeseclassic.com



"တို့ဆရာကြီးဦးမြတ်လှရဲ့ကျေးဇူးကတော့ကွာ တို့အပေါ်မှာ ကျန်နိုင်တော့မယ်မထင်ဘူး" ဟု ပြောဆိုကြလျက် ဦးမြတ်လှအား တတ်အားသရွေ့ ဆန်၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ ပိုက်ဆံများဖြင့် လေးစားစွာ ကန်တော့ခဲ့ကြလေ၏။ တစ်ရက်တွင်မူ ဦးမြတ်လှသည် ရွာတစ်ရွာရှိ တည်းအိမ်တစ်အိမ်တွင် နေထိုင်ရင်းဖြင့် ပဲခူးရိုး တောင်ဘက်သို့ ကျန်နေသောဆေးမြစ်တစ်ခုကို တူးဖော်ရန် ထွက်ခဲ့ လေ၏။ ဦးမြတ်လှသည် ဆေးမြစ်ရှာရန်အတွက် တောင်ပေါ်သို့ တရွေ့ရွေ့တက်ခဲ့လေ၏။ ၄င်းထံတွင် ဆေးမြစ်တူးဖော်ရန် သံတူရွင်း အသေးလေးတစ်လက်နှင့် တောရှင်းရန် ဓါးမတစ်လက်၊ ပလိုင်း တစ်လုံး ပါလာခဲ့၏။ ပလိုင်းအတွင်း၌ တည်းအိမ်မှ ထုတ်ပေးလိုက် သော ထမင်းတစ်ထုပ်နှင့် ရေဘူးတစ်လုံးပါခဲ့လေ၏။ ဦးမြတ်လှ သည် ၄င်းအလိုရှိသောဆေးမြစ်ကို လှိုမြောင်တောင် ကမ်းပါးများ တွင် ရှာဖွေရင်း တစ်တောင်ပြီးတစ်တောင် လှည့်လည်ကာ ရှာဖွေခဲ့လေ၏။ သို့ရာ၌ နေ့မွန်းတည့်ချိန်အထိ ၄င်းအလိုရှိ သောဆေးပင်ကို မတွေ့ရလေကား အရိပ်ကောင်းသောသစ်ပင်ကြီး တစ်ပင်အောက်တွင် ခေတ္တအမောဖြေထိုင်ကာ ပါလာသော ထမင်း ထုတ်နှင့် ရေဘူးကိုယူ၍ ထမင်းစားသောက်လိုက်လေ၏။ ထမင်း မစားမီ စားဦးစားဖျားအနည်းငယ်ကိုလည်း တောခလေ့၊ တောပိုင်



တောင်ပိုင်များကို ဦးမြောက်ကန်တော့ကာ မိမိရှာဖွေသည့် ဆေးပင် အား လွယ်ကူစွာရှာဖွေတွေ့ရှိရန် ဆုတောင်းလေ၏။ ထို့မှ ထမင်း စားပြီးသောအခါ တောင်ကမ်းပါးယံအားတက်ရန် လမ်း၌အတော် အသင့် ကြီးမားသော ဆူးခြုံတစ်ခုခံနေသဖြင့် ဦးမြတ်လှသည် ပါလာခဲ့သည့် ဓါးမနှင့် ဆူးခြုံကိုတစ်ယောက်စာ သွားလောက်ရုံမျှ ခုတ်ထွင်လမ်းရှင်းရလေတော့၏။ ထိုကဲ့သို့ ဆူးခြုံကို ခုတ်ထွင်ရှင်း လင်းရင်းဖြင့် တစ်ဝက်နီးပါးမျှ ရှင်းလင်းပြီးသောအခါ ဦးမြတ်လှ သည် ဆူးခြုံအတွင်းမှ မမျှော်လင့်သောအရာတစ်ခုကို တွေ့ရှိခဲ့ရ လေတော့သည်။ ဦးမြတ်လှသည် ထိုအရာကို မြင်တွေ့ရသည်နှင့် လွန်စွာမှ အံ့သြသွားရလေတော့၏။ ၄င်းမှာ သေ၍ တစ်ပိုင်းတစ်စ အရိုးကျပုတ်ဆွေးနေပြီဖြစ်သော တောကြောင်တစ်ကောင်၏ အလောင်းကောင်တစ်ခုပင်ဖြစ်၍ ကျန်ရှိနေသေးသော ဦးခေါင်းပိုင်း မှာမူ မပျက်စီးသေးဘဲ တစ်လက်လက်တောက်ပနေသော အနက် ရောင်အမွေးများကို မြင်တွေ့ရလေ၏။ ထို့မှ အံ့သြဖွယ်ကောင်းသည် မှာ ဦးခေါင်းပိုင်းရှိ မျက်လုံးတစ်လုံးမှာ အစိမ်းရောင်တစ်လက်လက် တောက်ပနေလျက် အသက်ရှိနေသေးသည့်အလား ချာချာသည် လိုက်ကြည့်နေခြင်းပင် ဖြစ်ပေတော့၏။ ၄င်းထူးဆန်းသောအရာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်သည်နှင့် ဦးမြတ်လှသည် လောကီဂန္ဓာရီပညာရပ်များဘက်၌ နှံ့စပ်နေသူတစ်ယောက်ပီပီ လူအယောက်တစ်သိန်းတစ်သန်းတွင် လွန်စွာမှ တွေ့ရခဲသော ကြောက်မျက်ရှင်တစ်ခုဖြစ်မှန်းသိရှိလိုက်လေတော့၏။ ဦးမြတ်လှမှာ ဝမ်းသာလွန်းသဖြင့် ကတုန်ကရင်ပင်ဖြစ်လျက် ကြောင်သေကောင်အနီးသို့ လျှောက်သွားလိုက်လေ၏။ ထိုစဉ် ကြောင်အသေကောင်၏ခေါင်းမှာ မယုံကြည်နိုင်ဖွယ် လှုပ်ရှားသက်ဝင်နေဆဲရှိရကား "ညောင်" ဟု တစ်ချက် အော်မြည်လာလေ၏။ ဦးမြတ်လှမှာ ရုတ်တရက်ကြောင့် ထိတ်လန့်သွားကာ လက်မှဓါးပင် လွှတ်ကျသွားရလေတော့၏။ ထိုအချိန် ကြောင်အသေကောင်၏ ဦးခေါင်းပိုင်းမှာ တညောင်ညောင်ဖြင့် အဆက်မပြတ်အော်မြည်လာလေတော့၏။ ဦးမြတ်လှသည် ထိတ်လန့်သွားသောစိတ်ကို ပြန်တင်းရင်း လွှတ်ကျသွားသောဓါးမကို ပြန်လည်ကောက်ယူလိုက်လေ၏။ ပြီးလျှင် တညောင်ညောင်အော်မြည်နေသော ကြောင်အသေကောင်၏ ဦးခေါင်းပိုင်းကို ဓါးဖြင့်ခုတ်ဖြတ်လိုက်လေတော့၏။ ထိုအခါမှ ကြောင်အသေကောင်၏ ဦးခေါင်းပိုင်းမှာ အအော်ရပ်သွားလျက် ဦးမြတ်လှသည် လှုပ်ရှားနေဆဲဖြစ်သော မျက်လုံးတစ်ဘက်ကို ဓါးမဦးဖြင့် ထိုးကော်ကာ ယူလိုက်လေ



တော့၏။ ထွက်ကျလာသော ကြောင်မျက်လုံးမှာ ကျောက်ကဲ့သို့ မာကျောကာ သက်ရှိကြောင်တစ်ကောင်၏ မျက်လုံးကဲ့သို့ ချာချာလည် လိုက်ကြည့်နေသကဲ့သို့ ရှိလေ၏။ ဦးမြတ်လှသည် မမျှော်လင့်ဘဲ ကံအားလျော်စွာရရှိလိုက်သော ကြောင်မျက်ရှင်မျက်လုံးကို လက်ဝါးပေါ်တွင်တင်ကာ ကြည့်ရှုရင်း ဝမ်းသာလွန်းသဖြင့် ကတုန်ကရင်ကြီးဖြစ်နေလေတော့၏။ ထိုမှ တုန်ရင်စွာဖြင့်

"ဒါ..ဒါ ကြောင်မျက်ရှင် .. ကြောင်မျက်ရှင် .. စာပေ ပုရပိုဒ်တွေထဲမှာသာ ဖတ်ဖူး၊ ကြားဖူးခဲ့တဲ့ ကြောင်မျက်ရှင် ဟား ဟား .. ဟား " ဟု ပြောဆိုကာ ဝမ်းသာအားရ ရယ်မောလိုက်လေတော့သတည်း ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဦးမြတ်လှ ဒုက္ခရောက်ခြင်း

ဦးမြတ်လှသည် ဆေးမြစ်သွားရှာရင်း မမျှော်လင့်ဘဲတွေ့ရှိခဲ့သော ကြောင်မျက်ရှင်အား မည်သူ့ကိုမျှမပြဘဲ ၄င်းတည်းနေသော နေအိမ်မှ ချက်ချင်းထွက်ခွာခဲ့လေ၏။ ထိုအခါ အိမ်ရှင်ဖြစ်သူမှ

"ဘယ်လိုဖြစ်တာလဲဆရာကြီးရယ်။ ကျွန်တော့်အိမ်မှာ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးနေသွားပါဦး။ ကတိုက် ကရိုက်ကြီး ပြန်တော့မလို့လား" ဟု ပြောဆိုသည်အား



"အေးကွာ … အစတုန်းကတော့နေမလို့ဘဲ။အခုမှ အရေးတကြီး လူနာတစ်ယောက်ကို ရက်ချိန်းပေးထားတာ သွားသတိရလို့။ ကိုင်း သွားလိုက်ဦးမယ်ကွာ" ဟု သင့်သလို မုသားသုံးပြောဆိုခဲ့ကာ ဦးမြတ်လှသည် ၄င်းအိမ်ရှိရာသို့ အမြန်ဆုံးပြန်လာခဲ့လေတော့၏။ အိမ်သို့ပြန်ရောက်လေလျှင် ကြောင်မျက်ရှင်အား လုံခြုံစွာသိမ်းဆည်း၍ ၄င်း၏အစွမ်းကို မည်ကဲ့သို့ စမ်းသပ်ကြည့်ရှုရမည်ကို စဉ်းစားရပြန်လေ၏။

စာပေပုရပိုဒ်များထဲ၌မူ ကြောင်မျက်ရှင်အား ပေါင်သားအတွင်း ခွဲ၍ မြှုပ်နှံထားလျှင် လေကဲ့သို့ ပေါ့ပါးခြင်း၊ လျှင်မြန်ခြင်း၊ အစွမ်းများကို ရရှိ၍ အလိုရှိလျှင် ကိုယ်ကိုပင် ပျောက်စေကြောင်း၊ ပေါင်ကို တစ်ချက်ပုတ်၍ခုန်လျှင်လည်း အလိုရှိရာအမြင့်သို့ တက်နိုင်၊ ဆင်းနိုင်ကြောင်းအစရှိသည့် သိဒ္ဓိအစွမ်းများကို ဖော်ပြထားသည်။ရှေးအခါက တိုင်းလုံးပြည်ကျော် နာမည်ကြီးခဲ့သော သူခိုးကြီးတေက်ပြားသည်လည်း ၄င်းကဲ့သို့ ကြောင်မျက်ရှင်အစွမ်းဖြင့် အစွမ်းထက်ခဲ့ကြောင်း များကိုလည်း ဦးမြတ်လှသိရှိထားလေ၏။ သို့ရာတွင် ဦးမြတ်လှမှာ မိမိနှစ်ပေါင်းများစွာ ကျင့်ကြံဆောက်တည်လာခဲ့သော သမာဓိ၊ အကျင့်များအားဖြင့်၄င်း၊ လက်ရှိဖြည့်ဆည်းကြိုးစားနေသော

www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာဖြင့် သတ္တဝါတို့၏အသက်များကို ကယ်တင်စောင့်မပေးရင်း ဆေးပညာအပေါ် စောင့်ထိန်းပေးအပ်ထားခဲ့ရသည့် ကတိသစ္စာများအားဖြင့်၎င်း၊ မိမိ၏ ပညာသင်ဆရာများထံ ပေးအပ်ခဲ့ရသော သမာဓိလမ်းစဉ်၊ ကတိသစ္စာများကြောင့်၎င်း၊ ယခု မိမိရရှိထားသော ကြောင်မျက်ရှင်ပစ္စည်းမှာ မိမိအသုံးပြု၍မထိုက်ဟု ယူဆမိပေ၏။ အလွန်ကံအားလျော်စွာ ရတောင့်ရခဲ ရရှိခဲ့၍ အစွမ်းထက်မြက်လှသော ကြောင်မျက်ရှင်မှာ ဦးမြတ်လှလို လူမျိုးအတွက် အသုံးမဝင်သကဲ့သို့ပင် ရှိနေချေတော့၏။ သို့ဖြစ်ရာ ဦးမြတ်လှသည် ကြောင်မျက်ရှင်အား လုံခြုံစွာသိမ်းဆည်းထားပြီးလျှင် နောင်ထိုက်သည့်လူထံ ဖွင့်ကြတော့အံ့ဟု စိတ်ဆုံးဖြတ်လိုက်လေတော့၏။ အမှန်တကယ်အားဖြင့်လည်း ဤကဲ့သို့ကြောင်မျက်ရှင်မျိုးမှာ ကောင်းသည့်ဘက်တွင် အသုံးချရန်ထက် မကောင်းသည့်ဘက်များတွင် အသုံးပြုရန်အတွက်သာ ပို၍အသုံးဝင်သောပစ္စည်းတစ်ခုလည်း ဖြစ်နေလေ၏။ အဘယ်ကြောင့်ဆိုသော် ဤကြောင်မျက်ရှင်အား အသုံးချမိသောသူသည် နွားကြီးတောက်ပြားကဲ့သို့ အစွမ်းများရရှိမည်ဖြစ်သော်လည်း နွားကြီးတောက်ပြားကဲ့သို့ပင်လျှင် နွားတစ်ယောက်ဖြစ်သွားရမည်ပင် ဖြစ်ပေ၏။ ဦးမြတ်လှသည် မိမိထံတွင်



ရှိနေသော ကြောင်မျက်ရှင်အား အကယ်၍ မကောင်းသောလူများလက်တွင်းသို့ ရောက်ရှိသွားပါက ဘေးများမည့်အရေးကိုလည်း တွေးမိလေ၏။ ထို့ကြောင့်လည်း ဦးမြတ်လှသည် မိမိထံတွင် ရှိနေသောကြောင်မျက်ရှင်အကြောင်းကို မည်သူ့ကိုမျှပြောခြင်း မရှိဘဲ လျှို့ဝှက်၍ထားခဲ့လေတော့၏။

ဤသို့ဖြင့် ကြောင်မျက်ရှင်ရရှိပြီး တစ်လခန့်အကြာ တစ်ရက်တွင်မူ ဦးမြတ်လှသည် ပျင်းပျင်းရှိသည်နှင့် မိမိသွားနေကျ မွှာရုံဘက်သို့ သွားရောက်ခဲ့လေတော့၏။ ထိုအချိန်၌ ဦးမြတ်လှမှာ ရွာများဘက်သို့ ဆေးကုသမထွက်ဘဲ ခေတ္တနားနေသည့်အချိန်လည်း ဖြစ်ပေ၏။ ဤမြို့လေးရှိ မွှာရုံမှာ ဦးမြတ်လှတို့လို ဆေးဆရာ၊ ဗေဒင်ဆရာ၊ ဓါတ်ဆရာ၊ ဘုရားကိုးဆူဆရာ၊ ပရောဂကုဆရာ၊ ဘုရားလူကြီးအစရှိသည့် ဆရာအခေါ်ခံလူများ စုစည်းရာနေရာတစ်ခုလည်းဖြစ်သည်။ ၎င်းတို့လူစုမှာ အများအားဖြင့် အလုပ်မရှိ တစ်ရွာကိုးတစ်ရွာတစ်ဆယ်လူမျိုးများဖြစ်၍ အစဉ်သဖြင့်အိမ်မှ မိန်းမများ ဆူပူမှုများမှ သက်သာရန်အလို့ငှာ မွှာရုံကလေး၌သာ အနေများကြကုန်လေ၏။ ၎င်းတို့လူစုသည် အချင်းချင်းဆုံသည်နှင့် ဆေးအကြောင်း၊ ဓါတ်အကြောင်း၊ အဂ္ဂိရတ်အကြောင်း၊ သိဒ္ဓိဝင်လောကီပစ္စည်းများအကြောင်း အစရှိသည်တို့ကို ပြောဆိုကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် သူသိငါတတ် ငြင်းခုန်ကြလေ၏။ ဦးမြတ်လှရောက်သွားသောအခါ ဓမ္မာရုံလေးအတွင်း၌ ဓါတ်ဆရာ ဆရာချို၊ ဘုရားကိုးဆူဦးဘအောင်၊ ပရောဂကုဆရာ အဘိဓမ္မာဆရာလှနှင့် ဘုရားလူကြီးဦးသာပိုတို့ ရောက်ရှိနေကြကာ အထက်ပါအကြောင်းအရာများကို ပြောဆိုငြင်းခုန်နေကြလေ၏။

ဦးမြတ်လှ ဓမ္မာရုံလေးအတွင်းသို့ ဝင်ရောက်လာသည်နှင့် ဓါတ်ဆရာ ဆရာချိုက

"အတော်ပဲဗျို့။ ဆရာမြတ်လှရောက်လာတာနဲ့ ဟောဒီမှာ လုပ်ပါဦးဗျို့။ ဒီလူတွေက ကျုပ်တို့ဓါတ်ပညာ၊ ဆေးပညာတွေကို အထင်အမြင်သေးနဲ့ ရှုတ်ချနေကြသဗျ" ဟု စစ်ကူတောင်းသလို လှည့်တိုက်သလို စကားမျိုးဖြင့် စတင်နှုတ်ဆက်လိုက်လေ၏။ ထိုအခါ ဘုရားလူကြီးဦးသာပိုက ဆရာချိုအား မကျေမနပ်ဖြင့် ကြည့်ရင်း

"ခင်ဗျားစကားက ဘယ်လိုတုံးဗျဆရာချို။ ကျုပ်တို့ပြောတာက ခင်ဗျားတို့ ပညာတွေကို ရှုတ်ချနေတာ မဟုတ်ပါလား။ အခုခေတ် ကုလားဆရာဝန်တွေရဲ့ အင်္ဂလိပ်ဆေးတွေက ရောဂါကို မြန်မြန် ပျောက်စေတဲ့အကြောင်းပဲ ပြောတာပါ။ ခင်ဗျားတို့ ပညာတွေကို ရှုတ်ချတာတစ်လုံးမှမပါသေးပါဘူး" ဟု ဆိုလိုက်လေရာ



"လူမျိုးခြား အင်္ဂလိပ်ဆေးတွေကို ချီးကျူးတာ ကျုပ်တို့ မြန်မာ့ ဓါတ်ဆေးပညာတွေကို ရှုတ်ချတာ အတူတူပေါ့ဗျာ။ ကဲ .. ဆရာ မြတ်လှ လုပ်ပါဦးဗျာ" ဟု ဆရာချိုက ထပ်မံပြောဆိုလိုက်ပြန် လေ၏။ ထိုအခါ ဦးမြတ်လှမှာမူ ၎င်းတို့၏အကြောင်းများကို သိရှိနေသူတစ်ယောက်ပီပီ အပြုံးနှင့်ပင် ၎င်းတို့ဝိုင်း၌ ဝင်ထိုင်လိုက် လေ၏။ ထိုစဉ် ဘုရားကိုးဆူဆရာ ဦးဘအောင်က

"မပြောလျှင်မပြီး၊ မတီးလျှင်မမြည်ဆိုသလို ကျုပ်အစကတော့ မပြောဘဲနေဦးမလို့ဘဲ။ သို့သော်လည်း ရာဇဝင်၊ ရွှေပေရွှေရွက်နှင့် ချေးသက်ကာ စကြာဝဠာနရုန်းတွင်းမှ တာတမ်းစဉ်ဓမ္မတာထားခဲ့ ဆိုသလို" ဟုဆိုလိုက်စဉ် ပရောဂါဆရာ အဘိဓမ္မာဆရာလှက ဦးဘအောင်အား မျက်စောင်းထိုးကြည့်ရင်း

"အရေးထဲ ခင်ဗျားကတမျောင့်။ ဒါ မောင်းတောင်သံချို ရှုတ်နေရမယ့်အချိန်မဟုတ်ဘူးဗျ။ ကျုပ်လည်းကြားလိုက်တယ်။ ခုနက အင်္ဂလိပ်ဆေးတွေကို ချီးကျူးတဲ့အထဲမှာ ခင်ဗျားလည်း ပါတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဘုရားကိုးဆူဆရာ ဦးဘအောင်က

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်ပြောလိုက်သလဲ ဦးသာပိုရယ်။ ဒီကိစ္စမှာ ကျုပ်က မဆိုင်ရေးချရယ်တဲ့မှမဆိုင်။ ဟောဒီက ဓါတ်ဆရာကြီးဆရာချိုနဲ့ ဘုရားထက်ကြီးတဲ့ ဘုရားလူကြီးဦးသာပိုတို့ ငြင်းကြတာ မှုလကိစ္စ အခု ကျုပ်ပြောမလို့ လုပ်တာက သဘာဝကိစ္စ" ဟု ဆိုလိုက်ပြန်ရာ

"ဒီလူကတော့ဘုရားကိုးဆူဆရာလုပ်ပြီး ငရဲအိုးဖောက်ထိုးကျ ဦးတော့မယ်။ ကျုပ်ကိုများ ဘုရားထက်ကြီးတဲ့လူကြီးတဲ့" ဟု ဦးသာပိုက ရေရွတ်လိုက်၏။ ဦးမြတ်လှမှာ ၎င်းတို့အားကြည့်၍ ရယ်ချင်လာမိသည်နှင့် ရယ်မော၍

"ဟား .. ဟား .. ဟား .. ဟား ကဲ တော်ကြပါတော့ဗျာ။ ဦးသာပိုနဲ့ဆရာချိုတို့လည်း ငြင်းမနေကြပါနဲ့တော့။ ဘယ်ပညာမဆို သူ့ဟာနဲ့သူ အထိုက်အလျောက်တော့ အစွမ်းရှိကြတာချည်းပဲ။ ဒါကို သူ့ပညာ၊ ငါ့ပညာ ဟိုဟာသာတယ်။ ဒီဟာသာတယ် ပြောဆိုငြင်းခုန်နေကြရင် ဆုံးမှာမဟုတ်တော့ဘူး။ အဓိက ကိုယ်တတ်ထားတဲ့ ပညာနဲ့ ကိုယ်နဲ့သက်ဆိုင်တဲ့ ခုနစ်ရက်သားသမီး၊ အများပြည်သူကို မေတ္တာရှေ့ထား အကျိုးပြုနိုင်အောင် ကြိုးစားထားဖို့ပါပဲ" ဟု ပြောဆိုလိုက်ရလေတော့၏။



"ဒါကို ဘယ်သူ မထောက်ခံခံ၊ ကျုပ်ထောက်ခံတယ်ဗျို့။ မေတ္တာရှေ့ထား အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်အံ့တဲ့ ခင်ဗျ။ ပညာသိမ်ဖျင်း တော်ညံ့ခြင်းက ပဓာန၊ မေတ္တာတရားထားဖို့က အဓိက။ အဓိကနဲ့ သာမညကို ခွဲခြားသိဖို့လိုတယ်ဆရာတို့" ဟု ဘုရားကိုးဆူဆရာဦးဘမောင်က ပြောလိုက်ပြန်လေ၏။

ကျန်လူ (၃) ယောက်တို့မှာ ဦးဘအောင်အားဝိုင်း၍ မျက်စောင်းထိုးလိုက်ကြပြန်လေ။ ထိုအခါ ဦးဘအောင်က

"ဟား .. ဟား .. ဟား ..ဟား အခုလို ကျုပ်ကို ခင်ဗျားတို့မျက်စောင်းထိုးလိုက်ကြတာကိုက မကျေနပ်တာကို ဖော်ပြနေကြတာ မကျေနပ်ခြင်းဟာဒေါသပဲ။ "နတ္ထိဒေါသ မောကလိ"တဲ့ခင်ဗျ..ကျုပ်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်ကဟောခဲ့တာ။ အဆိုးတကာ့အဆိုးဆုံး အတုမရှိတဲ့ အပြစ်ဟာ ဒေါသတဲ့။ ဟဲဟဲ .. ခင်ဗျားတို့ အားလုံးဒီဒေါသနဲ့ သေရင်အကုန်လုံး ငရဲသွားကြရလိမ့်မယ်.. ဂိုးတူဟဲလ်ပဲ" ဟုပြောဆိုလိုက်ပြန်လေရာ.. ဘုရားလူကြီး ဦးသာပိုမှာဒေါသကို မထိန်းနိုင်တော့ဘဲ

"ကိုင်းကွာ ဟောဒါမှ ဒေါသအစစ်" ဟုဆိုကာ အနီးရှိ ရေခွက်ဖြင့် ဦးဘအောင် ထိပ်ပြောင်ပြောင်ကြီးအား လွှဲ၍ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေတော့၏။ ထိုအခါ ဦးသာပိုပေါက်လိုက်သောရေခွက်မှာ နီးဖြင့်ရက်လုပ်ထားသော သရိုးကိုင်းရေခွက်ဖြစ်နေသဖြင့် ဦးဘအောင်၏ ထိပ်ပြောင်ကြီးအား ဂွပ်ခနဲထိမှန်ကာ လွင့်စင်သွားလေ၏။ ဦးဘအောင်မှာ နဖူးအား လက်ဖြင့်အုပ်၍ 'အောင်မလေးဗျာ" ဟု ငြီးငြူနေဆဲ ကျန်လူများမှာ ဦးသာပိုအား ဝိုင်း၍ ဆွဲထားကြရလေကုန်တော့၏။ နီးရေခွက်ဖြစ်သဖြင့် ဦးဘအောင်၏ထိပ်ပြောင်ကြီးမှာ ကွဲပေါက်သွားခြင်းမရှိဘဲ အနည်းငယ်သာ နီမြန်းသွားရလေ၏။ ထို့အပြင် ဦးဘအောင်မှာ ၄င်း၏နဖူးအား ခွက်ဖြင့်ပေါက်လိုက်သော ဘုရားလူကြီးဦးသာပိုအား စိတ်ဆိုးခြင်းမရှိဘဲ

"ဟဲ ဟဲ ဘုရားလူကြီးဒေါသကလည်း တယ်ကြီးသကိုး" ဟု ပြောဆို၍ မွှာရုံလေးအတွင်းမှ လစ်ပြေးသွားလေတော့၏။ ထိုအခါ ဒေါသထွက်နေဆဲဖြစ်သော ဦးသာပိုက

"ဒီဘုရားကိုးဆူဆရာ စကားပြောရင် စာသံပေသံနဲ့ နားကလောလွန်းလို့ ကျုပ်တီးချင်နေတာကြာပြီ။ အရေးထဲခွက်က နီးခွက်ဖြစ်နေသေးတယ်။ ဟိုဘက်ကွမ်းအစ်ထဲက ကွမ်းညှပ်များ ဆွဲလိုက်မိပါတော့လား" ဟု ကြုံးဝါးနေပေရာ အဘိဓမ္မာဆရာလှက

"ဒါဆိုလည်း ဟိုလူခေါင်းကွဲပြီး ခင်ဗျားလည်း လူကြီးအိမ်ရောက်မှာသေချာတယ်။ ဘုရားလူကြီးတစ်ယောက် လူကြီးအိမ်



ရောက်တာကြားလို့မှ မတော်ပါဘူးဗျာ။ ဒေါသကို လျှော့စမ်းပါ" ဟု ပြောဆိုနှစ်သိမ့်လိုက်လေ၏။ ဦးမြတ်လှမှာမူ ၄င်းတို့လူစုနှင့် ဆုံသည်နှင့် ဤကဲ့သို့ ကိုယ့်ယို့ကားယားအဖြစ်များဖြင့် ကြုံတွေ့ရမြဲပင်ဖြစ်၍ ပြုံးရုံမျှသာ ပြုံးနေလေတော့၏။ အတန်ကြာမှ ဘုရားလူကြီးဦးသာပိုက ဦးမြတ်လှအား

"ဆရာမြတ်လှ ရွာတွေဘက် ဆေးကုမထွက်ဘူးလား" ဟု မေးမြန်းသည်နှင့်

"အေးဗျာ .. ဒီရက်ပိုင်းအိမ်မှာ နားနေတယ်။ ပျင်းပျင်းရှိတာနဲ့ ခင်ဗျားတို့ဘက်ထွက်လာတာ။ အခုလိုမြင်ရတော့ အပျင်းပြေတာပေါ့" ဟု ပြောဆိုလိုက်လေလျှင် ကျန်လူများက သဘောကျစွာ ရယ်မောလေတော့၏။ ထို့နောက်မှ ဦးမြတ်လှတို့လူစုမှ ဆက်၍ စကားပြောဆိုကြသည်ရှိသော် အမြုရွှေများအကြောင်း ရောက်ရှိသွားပြန်လေ၏။ ထိုအခါ အဘိဓမ္မာဆရာလှက

"ကျုပ်တော့ ကရင်ပြည်နယ်ဖက်မှာ တစ်တီတူးအမြုတေတစ်လုံး တွေ့ခဲ့ဖူးတယ်ဗျ။ ပိုင်ရှင်က ကရင်အဘိုးကြီးတစ်ယောက်ပဲ။ တစ်နေ့ သူတောထဲထင်းခုတ်သွားရင်း တစ်တီတူးအုပ်စုတွေ ထူးထူးခြားခြား အော်မြည်နေတာနဲ့ လှူးတယ်ဆိုပြီးသွားကြည့်တော့

www.burmeseclassic.com



တစ်တီတူး ငှက်မတစ်ကောင်ဟာ ဥတစ်လုံးကို ဥနေတာ။ လှုလာတာတောင် မထွက်ပြေးဘဲနဲ့ တွေ့လိုက်ရတယ်။ ဒါနဲ့ အဘိုးကြီးလည်း ငှက်မ ကိုဖယ်ပြီးကြည့်လိုက်တော့ သာမန်ငုံးဥ ထက်တောင် အရွယ်သေးတဲ့ ဥတစ်လုံးကို တွေ့ရတော့တာပဲ။ အဲဒါ တစ်တီတူးအမြုတေပေါ့ဗျာ။ ကျုပ် ဒီအဘိုးကြီးဆီက တစ်တီတူးအမြုတေကို သေသေချာချာ လှေ့လာကြည့်ခဲ့ရတယ်။ အလေးချိန်က (၃) ကျပ်သား လောက်ပဲရှိတယ်ဗျ။ ကျောက်လိုပဲ မာကျောကျစ်လစ်နေတာပဲ။ ခေါက်ကြည့်လိုက်တော့ တစ်ခေါက် ခေါက်အသံထွက်တယ်။ အဲ … ထူးခြားတာက လက်နဲ့ဖျစ်ကြည့် လိုက်တော့ အထဲကို ပျော့ဝင်သွားတာမျိုး ခံစားရတယ်။ အပေါ်ယံသဘာဝအတိုင်း တက်နေတဲ့အမွေးကလည်း အတော်လေး ကြည့်လို့ကောင်းတာဗျ” ဟု ပြောပြလေရာ ဘုရားလူကြီး ဦးသာပိုက

“အမြုတေတွေဟာ အစွမ်းထက်တယ်လို့ ကြားဖူးတယ်။ အဲဒီ တစ်တီတူးအမြုတေကရော ဘယ်လိုအစွမ်းထက်သလဲဗျ” ဟု မေးလိုက်လေ၏။



ထိုအခါ ဓါတ်ဆရာ ဆရာချို့က သူသိသမျှ ကာယသိဒ္ဓိများ ပြီးမြောက်သော အမြုတေများအကြောင်းကို ပြောပြလေ၏။ ထိုကဲ့သို့ ကာယသိဒ္ဓိပြီးမြောက်သော ဂန္ဓာရပစ္စည်းများအကြောင်း ပြောပြရင်းမှ

“နောက်တစ်မျိုးအံ့သြစရာကောင်းတဲ့ ကြောင်မျက်ရှင်လို ပစ္စည်း မျိုးကလည်း ကာယသဒ္ဓိဘက်မှာ အတော်စွမ်းသဗျ။ ဒါပေမယ့် ဒါမျိုးက အမြုတေထက်တောင် ဆန်းကြယ်ပြီး အံ့သြဖို့ကောင်း တယ်။ တွေ့ရခဲတယ်။ တောထဲမှာ တစ်ကိုယ်လုံးအနက်ရောင်ရှိပြီး ကြောင်မျက်ရှင်ပါလို့ စွမ်းနေတဲ့ကြောင်တစ်မျိုးရှိတယ်ဗျ။ အဲဒီ ကြောင်မျိုးက ဘယ်လိုသတ်သတ် မသေဘူး။ ကျုပ်အဘိုးကိုယ်တိုင် ဒီလိုကြောင်မျိုးကို တွေ့ခဲ့ရဖူးသဗျ။ ခင်ဗျားတို့ ပြောပြရင် အံ့သြ ကြမယ်။ ဒီလိုဗျ တစ်နေ့ ကျုပ်အဘိုးဟာ တောထဲမှာ ယုန်လိုက် ပိုက်ချထားရင်း ပိုက်ထဲမှာ အနက်ရောင်ကြောင်တစ်ကောင် မိနေ တယ်တဲ့ဗျ။ ဒါနဲ့ အဘိုးလည်း ပိုက်ထဲကကြောင်ကို ပါလာခဲ့တဲ့ လှံနဲ့ ထိုးသတ်လိုက်တာပေါ့ဗျာ။ ဒါပေမယ့် အံ့သြစရာကောင်းတာ က လှံချက်ဟာ ပိုက်ထဲကကြောင်ကို တည့်တည့်ကြီးထိပေမယ့် ထူးထူးဆန်းဆန်း ချော်ထွက်သွားတယ်ဗျ။ ကြောင်ရဲ့အသားထဲကို နိုက်ဝင်မသွားဘူးပေါ့ဗျာ။ ဒါနဲ့ ကျုပ်အဘိုးလည်း နောက်ထပ် တစ်ချက်ထပ်ထိုးတယ်။ ချော်ထွက်သွားတာပဲ။ အဘိုး တော်ကော်

www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားတယ်တဲ့ဗျ။ ကြောင်ကို သေသေချာချာအနီးကပ်ထပ်ပြီး ထပ်တိုးကြည့်လိုက်ပြန်တယ်။ ချော်ထွက်သွားတာပဲ။ နောက်ဆုံး လက်ညှောင်းအောင်ထိုးတာ တောကြောင်ကို တစ်ချက်မှမထိဘူး ဆိုပဲ အဲဒီတုန်းက အဘိုးက ငယ်သေးတော့ ဗဟုသုတမရှိသေးဘူး ပေါ့ဗျာ။ ဒါနဲ့ ဒေါသထွက်ပြီး ဒီလောက်တောင်ဖြစ်လှတဲ့ကြောင် ဆိုပြီး ပိုက်ကွန်အတိုင်းမသွားပြီး အနီးမှာရှိတဲ့သစ်ပင်တစ်ပင်နဲ့ ဖိဖိ ညက်ညက်ကြေအောင် ကိုင်ရိုက်ပစ်သတဲ့။ တညောင်ညောင် အော်နေတဲ့ကြောင်ဟာ အသံတိတ်သွားပြီး စိစိညက်ညက်ကြေပြီး ပျော့ခွေသွားရော။ ကိုင်း .. မှတ်ထားဆိုပြီး ပိုက်ကွန်ထဲက ထုတ်လိုက်တယ်တဲ့။ အဲဒီမှာပဲ တစ်ကိုယ်လုံးစိစိညက်ညက်ကြေပြီး ပျော့ခွေနေတဲ့ကြောင်က ဝေါခနဲထွက်ပြေးသွားတော့တယ်။ အဘိုးလည်း အတော်ကြီးကို အံ့သြပြီး ဒီကြောင်အပမှီသွားတာပဲ ဖြစ်မယ်လို့ ယူဆပြီး အိမ်ပြန်ခဲ့တယ်တဲ့။ နောက်မှ ဒီအကြောင်းကို လူကြီးတစ်ယောက်ကို ပြောပြမှ အဲဒီလူကြီးက အဘိုးကို မိုက်သပ ဖိုးညိုရာ။ အဲဒါ ကြောင်မျက်ရှင်မျက်လုံးပါတဲ့ကြောင်နက်ကွ။ ဒီလို ကြောင်မျိုးကို ဘယ်လိုသတ်သတ်မသေဘူး။ သူ့ကြောင်မျက်ရှင် မျက်လုံးကို ဖောက်ထုတ်ယူလိုက်မှ သေတယ်။ အဲဒီကြောင်မျက် ရှင်သာမင်းရရင်တော့ ပြီးပြီ" ဟု ဆိုပြီး ကိုယ်ပျောက်လို့တောင်



ရတဲ့ ကြောင်မျက်ရှင်ရဲ့အစွမ်းတွေကို ပြောပြတယ်တဲ့ဗျ။ အဘိုးလည်း အဲဒီတော့မှ ယူကြုံးမရဖြစ်ရတော့တာပေါ့ဗျာ။ ဒါ ကျုပ်အဘိုး ကိုယ်တွေ့ပဲ" ဟု ပြောပြလေရာ ဆရာချို၏စကားကိုလိုက်၍ အဘိဓမ္မာဆရာလှကလည်း ၎င်းကြောင်မျိုးမှာ တောထဲတွင် သူ့အလိုလိုသေပြီး ခန္ဓာကိုယ်အရိုးကျသွားသော်လည်း ကြောင် မျက်ရှင်မျက်လုံးပါသည့် ဦးခေါင်းပိုင်းမှာ မသေဘဲ တညောင်ညောင် အော်မြည်နေတတ်ကြောင်း၊ အချို့ မထိုက်သောလူမျိုးများမှာ ၎င်းအရာအား တွေ့မြင်ခဲ့ကြဖူးသော်လည်း အပမှီ၊ သရဲခြောက်သည် ထင်၍ လန့်ပြေးခဲ့မှုကြောင်းများကို၎င်းအတွေ့အကြုံများနှင့် စကား ပတ်ကုံးပြောပြပြန်လေ၏။ ထိုအချိန် ဦးမြတ်လှမှာ ၎င်းတို့၏စကား များကို နားထောင်နေရင်းမှ ရုတ်တရက်အားပါသွားလျက် သတိမေ့ လျော့ကာ ၎င်းထံတွင် ဤကဲ့သို့ကြောင်မျက်ရှင် တစ်လုံးရှိကြောင်း နှင့် ဆေးမြစ်ရှာသွားရင်းမှ တွေ့ရှိခဲ့ပုံများကို ပြောပြ မိလိုက်လေ တော့၏။ ထိုအခါ အဘိဓမ္မာဆရာလှ၊ ဓါတ်ဆရာ ဆရာချို၊ ဘုရားလူကြီးဦးသာပိုတို့မှာ အံ့သြလျက် ကြောင်မျက်ရှင်အား ၎င်းတို့ကိုပြသရန် ပြောဆိုကြလေ၏။ ဦးမြတ်လှမှာ ထိုအခါမှ စကားလွန်ပြီဖြစ်၍ ဤအကြောင်းများကို ဘယ်သူ့မှမပြောရန် ကတိ

www.burmeseclassic.com

www.burmeseclassic.com



တောင်း၍ ဆရာနှစ်ယောက်နှင့် ဘုရားလူကြီးအား အိမ်သို့ခေါ်သွားလျက် ကြောင်မျက်ရှင်အား ပြသရလေတော့၏။ ကြောင်မျက်ရှင်ကို မြင်တွေ့ရသည်နှင့် ၄င်းတို့ထဲမှ ဓါတ်ဆရာ ဆရာချိုသည် လောဘမျက်လုံးများဖြင့် အရောင်တောက်၍လာကာ

"ကော်တာပဲ ဆရာမြတ်လှ။ ခင်ဗျား ဒီပစ္စည်းကို စမ်းကြည့်ပြီးပြီလား" ဟု မေးမြန်းလိုက်လေရာ ဦးမြတ်လှမှ ၄င်းပစ္စည်းမှာ မိမိ၏သမာဓိအလုပ်ဖြင့်စမ်းကြည့်၍ မဖြစ်ကြောင်း ပြောပြလေ၏။ ထိုအခါ ဆရာချိုက

"ဒါဖြင့် ခင်ဗျားမစမ်းရင် ကျုပ်စမ်းကြည့်စမ်းမယ်။ တကယ်အစွမ်းထက်လို့ကတော့ ဟဲ ဟဲ .. ခင်ဗျားဆီက ဒီပစ္စည်းကို ကျုပ်ဝယ်မယ်ဗျာ။ အဖိုးအခ ဘယ်လောက်တောင်းမလဲဆိုတာသာ စဉ်းစားပေတော့ဆရာမြတ်လှ" ဟု ပြောဆိုပြန်လေရာ ဦးမြတ်လှမှ အဖိုးအခကို မိမိမမက်ကြောင်း၊ ဤပစ္စည်းကိုလည်း ရောင်းချရန် မစဉ်းစားကြောင်း ပြောဆို၍

"အားတော့နာပါရဲ့ဗျာ။ ကျုပ်အနေနဲ့ ဒီပစ္စည်းကို ဘယ်သူ့ကိုမှ ပေးစမ်းသပ်ခိုင်းလို့လည်း မဖြစ်ဘူး။ ပစ္စည်းကတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ အစွမ်းထက်မှာသေချာတယ်။ ဒါပေမယ့် ဒီပစ္စည်း



မျိုးက စမ်းသပ်မယ့်လူကို ကောင်းကျိုးထက် မကောင်းကျိုးသိဒ္ဓိတွေ ပေးမှာမို့ ကျုပ်ဒီပစ္စည်းကို ဘယ်လိုလူမျိုးရဲ့လက်ထဲမှ မထည့်နိုင်ဘူး။ အခုတောင် ခင်ဗျားတို့ကို စကားလွန်သွားလို့ပြမိတာလွန်လှပြီ။ ရှားပါးပြီး တစ်သက်မှာ တစ်ခါတွေ့ရခဲတဲ့ ဂမ္ဘီရပစ္စည်းတစ်ခုကို မျက်မြင်ကိုယ်ကျ တွေ့ဖူး၊ မြင်ဖူးတယ်ဆိုတာလောက်နဲ့ပဲ ကျေနပ်ကြပါဗျာ" ဟု ပြောဆို၍ ကြောင်မျက်ရှင်အား ပြန်လည်သိမ်းဆည်းလိုက်လေတော့၏။ သို့ရာတွင် အခြားလူများထက် ဓါတ်ဆရာ ဆရာချိုမှာ ဦးမြတ်လှ၏ ကြောင်မျက်ရှင်အား လိုချင်လောဘဖြစ်နေရကား အမျိုးမျိုးဖြောင်းဖြ၍ ပြောဆိုပြန်လေ၏။ ဦးမြတ်လှမှလည်း ဆရာချိုဘယ်လိုပြောပြော လက်ခံခြင်းမရှိဘဲရှိလေရာ နောက်ဆုံးတွင် ဆရာချိုမှ မချင့်မရဲဖြင့် ပြန်သွားခဲ့လေ၏။

ဆရာချိုပြန်သွားပြီး နောက်တစ်နေ့ညအရောက်တွင်ကား ကြောင်မျက်ရှင်ပစ္စည်းကြောင့် ဦးမြတ်လှမှာ စတင်၍ ဒုက္ခရောက်ခဲ့ရလေတော့၏။ ၄င်းမှာ ပထမဦးဆုံး မိမိ၏အိမ်အားဖောက်ထွင်းခံရခြင်းပင် ဖြစ်ပေတော့၏။ သူခိုးမှာ အခြားမည်သည့်ပစ္စည်းကိုမျှမယူသွားဘဲ တစ်စုံတစ်ခုကိုသာ ရှာဖွေသွားသည့် အရိပ်လက္ခဏာများကို တွေ့မြင်ရကား ဦးမြတ်လှမှာ ဓါတ်ဆရာ ဆရာချိုအပေါ် သင်္ကာမကင်းဖြစ်ခဲ့ရလေတော့၏။ သို့သော် လက်ဆုပ်လက်ကိုင်

www.burmeseclassic.com



မပြနိုင်ရကား မည်သို့မျှပြောနိုင်ခြင်းမရှိဘဲ ကြောင်မျက်ရှင်ပစ္စည်းကို အခြားနေရာများတွင် သိမ်းဆည်းမထားတော့ဘဲ မိမိ၏ကိုယ်၌သာ ထားရှိလေတော့၏။

ဤသို့ဖြင့် တစ်လလောက်ကြာသောအခါ၌မူ ရွာတစ်ရွာသို့ ဆေးကုသွားရင်း ဦးမြတ်လှမှာ မကြုံစဖူး ဓါးပြတိုက်ခြင်း ခံခဲ့ရပြန်လေတော့၏။ ထိုအခါ ကံအားလျော်စွာ ဦးမြတ်လှထံမှ ကြောင်မျက်ရှင်ကို တွေ့၍မသွားကြဘဲ ဓါးပြများ၏ သေလုမျောပါး ရိုက်နှက်သွားခြင်းကိုသာ ခံခဲ့ရလေ၏။ ဓါးပြများမှ ၄င်းအား ရိုက်နှက်စဉ် ဦးမြတ်လှမှာ သတိမေ့မြောချင်ယောင်ဆောင်လျက် ဓါးပြခေါင်းဆောင်မှ အခြားမည်သည့်ပစ္စည်းများကိုမှ မယူဆောင်သွားဘဲ အပေါ်ပင်နီတိုက်ပုံအိတ်အတွင်းမှ လက်ကိုင်ပုဝါနှင့် ထုတ်ထားသော ဖန်လုံးကိုသာ ယူဆောင်သွားသည်ကို ဦးမြတ်လှကောင်းစွာ တွေ့လိုက်ရလေ၏။ ထိုအချိန် ဦးမြတ်လှမှာ ကြောင်မျက်ရှင်အား စိတ်မချသည်နှင့် ၄င်းအနက်ရောင်ဖန်လုံးအား လက်ကိုင်ပုဝါဖြင့် ထုတ်၍ အစားအဖြစ် လှည့်စားထားရှိခဲ့လေ၏။ ကြောင်မျက်ရှင်အစစ်ကိုမူ ၄င်း၏ဆေးလွယ်အိတ်ကြီးအတွင်း ဆေးမြစ်များထည့်ထားသည့် ဘူးတစ်ခုအတွင်း ဆေးမြစ်များနှင့် လုံးခြုံစွာရောနှော၍ ထားရှိခဲ့ခြင်းဖြစ်လေ၏။ ဓါးပြများသည် မိမိမှတ်ထင်ထားသကဲ့သို့



ဖန်နက်လုံးအား ကြောင်မျက်ရှင်အမှတ်နှင့် ယူဆောင်သွားကြခြင်း ဖြစ်ကြောင်း သိရှိရလေလျှင် ဦးမြတ်လှမှာ ရှေ့အဖို့ ဤပစ္စည်းနှင့် အန္တရာယ်များတော့မည့်အကြောင်းများကို၄င်း၊ ဤကိစ္စမှာ ဓါတ်ဆရာ ဆရာချို၏လက်ချက် သို့တည်းမဟုတ် ၄င်းမှ လက်တောက်ချစေခိုင်းထားသော ဓါးပြများဖြစ်သည့်အကြောင်း များကို၄င်း ရိပ်မိသိရှိခဲ့ရလေတော့၏။ ထိုမှ ကြောင်မျက်ရှင်နှင့် ပတ်သက်၍ မိမိအသက်ကိုပင် စိုးရိမ်ရဖွယ်အခြေအနေများကို ကြိုတင်မြင်မိပြန်ရကား ဓါးပြများရိုက်နှက်သွားသော ဒဏ်ရာများ သက်သာသည်နှင့် ၄င်းနေထိုင်သောမြို့ကလေးမှ တိတ်တဆိတ် ထွက်ပြေးသွားခဲ့လေတော့၏။ ဦးမြတ်လှသည် ၄င်းနေထိုင်ရာ မြေလတ်မြို့လေးမှ ထွက်ခွာလာခဲ့ပြီး မိမိဆေးကုနေသော ရွာများ ဘက်ဆီသို့ တစ်ရွာပြီးတစ်ရွာ ရွှေ့ပြောင်းရှောင်တိမ်းခဲ့လေ၏။ သို့သော် တစ်ရက်တွင်မူ မိမိနောက်သို့ ဆရာချို၏လူများ သတင်းခံလိုက်နေသည်ဟူသောသတင်းကို သိရှိခဲ့ရပြန်လေရာ နောက်ဆုံး လူသူများနှင့်ဝေးရာ ပဲခူးရိုးမတောင်ပေါ်သို့တက်၍ တစ်ယောက်တည်း နေထိုင်ရင်း အောက်ပါအတိုင်း အကြံဖြစ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် မိမိအတွက်လည်း အသုံးချ၍မရ အများအကျိုး အတွက်လည်း အကျိုးမဖြစ်နိုင်သော ဤကြောင်မျက်ရှင်အတွက် နှင့် လောဘလူတစ်စု၏ အန္တရာယ်နှင့်ကြုံတွေ့နေရလေပြီ။ ဤပစ္စည်းသည် လူတစ်သိန်းတွင် တစ်ယောက်ရတောင့်ရခဲသော ကာယသိဒ္ဓိမြောက်ပစ္စည်းပင်ဖြစ်သော်ငြား ဤကဲ့သို့ လောဘလူတို့၏ လက်တွင်းသို့ ရောက်ရှိသွားပါက အလွန်ပင်အန္တရာယ်များပေ တော့မည်။ ဤကြောင်မျက်ရှင်အား ဖျက်ဆီးပစ်ရသော် ကောင်း လေမည်လား"

ဦးမြတ်လှသည် အထက်ပါအတိုင်း အတွေးပေါက်လျှက် မိမိ လက်တွင်းရှိ ကြောင်မျက်ရှင်ကို ဖျက်ဆီးပစ်ရန် ကြံစည်မိလေ၏။ သို့သော် နောက်ဆုံး၌မူ ဤမျှရှားပါး အဖိုးထိုက်တန်သော ဂုဏ်ရှိ ပစ္စည်းတစ်ခုအား ဖျက်ဆီးပစ်ရမည်ကို နှမြောသည်နှင့်နောင်တွင် ထိုက်သည့်သူရစေဟု စိတ်ကိုဆုံးဖြတ်ကာ လူသူအရောက်အပေါက် နည်းသော တောတွင်းတောင်ကမ်းပါးယံတစ်ခုရှိ အသင့်တွေ့ရှိ ရသော ဇကောပိုင်းပမာဏခန့်ရှိသည့် ကျောက်ခေါင်းပေါက် တစ်ခု အတွင်းသို့ ကြောင်မျက်ရှင်အား ပစ်ထည့်ကာ အစပျောက်ပစ်လိုက် လေတော့သတည်း ။ ။



# မထင်မှတ်ဘဲ ပြန်လည်တွေ့ရခြင်း

မောင်ကျော်ခေါင်သည် မုဆိုးငပေတူပြောပြသော အထက်ပါ ဇာတ်လမ်းကို နားထောင်အပြီး

"ဒါဆို ကြောင်မျက်ရှင်က အဲဒီမှာ အစပျောက်သွားပြီး ဘယ်လိုလုပ် မင်းလူတွေက သတင်းရသွားကြတာတုံး" ဟု မေးမြန်းလိုက်လေရာ ငပေတူက

"ဒါက ဒီလိုလေ ကိုကျော်ခေါင်ရဲ့။ ကျုပ်ပြောပြီးပါရောလား။ အခု ကိုမြတ်ကောင်းဟာ ဦးမြတ်လှရဲ့တူတစ်ယောက်လို့ဆို။ ဦးမြတ်လှဟာ ကြောင်မျက်ရှင်ကို ကျောက်ခေါင်းအတွင်းမှာ ဖျောက်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပြီး မန္တလေးကို ရောက်သွားတာဗျ။ အဲဒီတုန်းက ကိုမြတ်ကောင်းတို့ဟာ မန္တလေးမှာနေကြတာကိုး။ ကိုမြတ်ကောင်းအမေက ဦးမြတ်လှရဲ့ နှမအရင်းဗျ။ နောက်ဆုံး အတိုချုပ်ပြောရရင် ဦးမြတ်လှဟာ ကိုမြတ်ကောင်းတို့ဆီမှာ ဆုံးတဲ့အထိ နေထိုင်သွားခဲ့တယ်။ ကြောင်မျက်ရှင်ကိစ္စကိုတော့ သူမဆုံးခင် (၃) လလောက်မှာ သူ့တူ ကိုမြတ်ကောင်းကို ဖွင့်ပြောပြသွားတာဗျ။ ကျောက်ခေါင်းရှိတဲ့ နေရာကိုလည်း ဦးမြတ်လှက အမှတ်အသားပြုပြီး သူ့တတ်သလောက် မြေပုံကြမ်းတစ်ခု ရေးထားမှကိုးဗျ။ အခု ဒီမြေပုံကြမ်းက ကိုမြတ်ကောင်းလက်ထဲမှာရှိတယ်။ ဒါပေမယ့် သူ့မြေပုံက မပြည့်စုံတာရယ်၊ နှစ်ကာလကြာမြင့်သွားတဲ့အချိန်ရယ်ကြောင့် ကြောင်မျက်ရှင်ရှိတဲ့ ကျောက်ခေါင်းကို ခုထိရှာမတွေ့ဘဲဖြစ်နေတယ်။ အခု အဲဒါ သူက တောကျွမ်းတဲ့ကျုပ်ကို အကူအညီတောင်းလာခဲ့တာပဲဗျို့” ဟု ပြောလေ၏။

မောင်ကျော်ခေါင်မှာ ငပေတူပြောပြသော ကိုမြတ်ကောင်းနှင့် ကြောင်မျက်ရှင်အကြောင်းကို စိတ်ဝင်စားသွားသော်လည်း အရင်လို ဟက်ဟက်ပက်ပက်မရှိလှတော့ဘဲ သူ၏စိတ်ထဲ၌ မြန်မာပြည်အနှံ့ လှည့်လည်သွားလာ၍ သူခိုးမလေးကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်ရန်ကိုသာ အားသာနေမိလေ၏။ သူ၏လက်တွင်း၌လည်း



ဦးလေးဖြစ်သူ ဦးဘိုးမှင်ပေးလိုက်သော ငွေတစ်သောင်းလည်း ရှိလေရာ လေးငါးခြောက်လစာ လှည့်လည်သွားလာရန်အတွက် ဖူလုံနေပေ၏။ သို့ဖြင့် မောင်ကျော်ခေါင်သည် ငပေတူထံတွင် နှစ်ရက်မျှနေထိုင်၍ မန္တလေးဘက်သို့ ထွက်ခွာခဲ့ပြန်လေတော့ ထိုအတောအတွင်း တောင်ငူမှကိုမြတ်ကောင်းမှာလည်း ရောက်ရှိလာခြင်းမရှိဘဲ ငပေတူမှသာ အံ့ဩလျက်

“ဘယ်လိုဖြစ်တာလဲ ကိုကျော်ခေါင် .. ကြောင်မျက်ရှင်ကိစ္စကို ခင်ဗျားစိတ်မဝင်စားဘူးလား” ဟု မေးမြန်းခဲ့လေရာ

“လောလောဆယ် ငါ့မှာ အဲဒီထက် စိတ်ဝင်စားစရာကိစ္စတစ်ခုရှိနေလို့ပါ”ဟုသာ ပြောဆို၍ ငပေတူတားနေသည့်ကြားမှ ရွာကလေးမှ ခရီးဆက်ခဲ့ပြန်လေတော့၏။

မောင်ကျော်ခေါင်သည် မန္တလေးသို့ရောက်လာလျှင် တည်းခိုခန်းတစ်ခု၌ တစ်လခန့်နေထိုင်ပြီးပြန်သော် စိတ်ထဲတွင်စွဲနေသော သူခိုးမလေး၏မျက်နှာမှာ တိုင်းရင်းသူတစ်ယောက်၏ မျက်နှာပေါက်မျိုးဖြစ်သည်ကို တွေးမိသည်နှင့် ရှမ်းပြည်ဘက်နှင့်ကချင်ပြည်နယ်များဘက်သို့ သွားရောက်ရန် စိတ်ကူးမိပြန်လေ၏။ ထိုအခါ တည်းခိုခန်း၌ ဘိလိယက်ထိုးရင်း ခင်မင်ခဲ့ရသော လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ အခန့်သင့်ပင် ကချင်ပြည်နယ်ဘက်မှ ကုန်သည်တစ်ယောက် ဖြစ်နေသဖြင့် ၎င်းနှင့်အတူ ကချင်ပြည်နယ်ဘက်သို့ လိုက်ပါ ခဲ့လေတော့၏။ သို့ရာ၌ ကချင်ပြည်နယ်သို့မရောက်မီ စစ်ကိုင်းတိုင်း အထက်ပိုင်းရှိ ကောလင်းမြို့သို့ မီးရထားဆိုက်ကပ်သောအခါ ဘူတာပေါ်၌ မိတ်ဆွေတစ်ယောက်နှင့် တွေ့သဖြင့်ဆင်းကာ ကျန်ရစ် နေခဲ့ပြန်လေတော့၏။ ထိုအခါ ၎င်းမိတ်ဆွေမှ မောင်ကျော်ခေါင်နှင့် အတူ နှစ်အတန်ကြာအောင် ရင်းနှီးခဲ့ဖူးသော လူတစ်ယောက်ဖြစ်ကာ နာမည်မှာ ကိုဗလဟူ၍ ဖြစ်လေသည်။ ကိုဗလမှာ သစ်တောဘက် မှထွက်ကာ ကောလင်းမြို့မြောက်ဘက်ရှိ ဝန်းသိုမြို့ကလေး၌ နေထိုင် နေချိန်ဖြစ်ရာ မောင်ကျော်ခေါင်အား ဝမ်းသာအားရဖြင့် ၎င်းနေထိုင် ရာ ဝန်းသိုမြို့လေးရှိနေအိမ်သို့ ခေါ်ဆောင်သွားခဲ့လေတော့၏။ ထို့နောက်မှ တစ်ယောက်နှင့်တစ်ယောက် အကျိုးအကြောင်းများ မေးမြန်းပြောဆိုကြလျက် ကိုဗလက-

"ကျုပ်နဲ့ ကိုကျော်ခေါင် မတွေ့ရတာတောင် အတော်ကြာ ပြီနော်။ ဒီမှာတော့ ကျုပ်တစ်ယောက်တည်းပဲဗျ။ သစ်တောထ ထွက်ပြီးကတည်းက တောလည်လိုက်၊ ကောလင်းမြို့ပေါ်တက်ပြီး ရတဲ့သားကောင်၊ ဦးချို၊ သားရေလေးတွေရောင်းလိုက်နဲ့ အေးအေး



ဆေးဆေးပဲ။ အခုလည်းကောလင်းက လူတစ်ယောက်ဆီ ယုန် အရှင်တွေသွားပို့ရင်း ခင်ဗျားနဲ့တွေ့ရတာဗျ" ဟု ပြောပြလေရာ မောင်ကျော်ခေါင်က

"ဒါဆို ခင်ဗျားလည်း မဆိုးလုပ်နေတာပေါ့" ဟု ပြုံးရယ် ကာ ပြောလိုက်လေ၏။

"တတ်နိုင်ဘူးဗျာ။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လွတ်လွတ် လပ်လပ်နဲ့ အေးအေးချမ်းချမ်း လုပ်နေရတဲ့အလုပ်လောက် ဘယ်ဟာ ကောင်းလို့လဲ" ဟု ကိုဗလကလည်း ပြုံးရယ်ကာ ပြန်ပြောလေ၏။

ဤသို့ဖြင့် မောင်ကျော်ခေါင်မှာ ကိုဗလနှင့်အတူ နေထိုင်ရင်း ၎င်းနှင့်အတူ အနောက်ဘက်ရှိ တောအုပ်များအတွင်း ယုန်ထောင် ခြင်း၊ တောကြက်ပစ်ခြင်း၊ ငှက်ပိုက်ထောင်ခြင်း၊ သားကောင်ငယ် များအား ပစ်ခတ်ခြင်း အစရှိသော မုဆိုးအလုပ်များကို အပျင်းပြေ ပြုလုပ်နေတော့သပေ၏။

တစ်ရက်တွင်မူ ကိုဗလမပါဘဲ တစ်ယောက်တည်း သေနတ် တစ်လက်ဖြင့် တောလည်ထွက်ရင်း၊ ဝန်းသိုမြို့အနီးရှိ ရှမ်းရွာတစ် ရွာအနီးသို့ ရောက်ရှိသွားခဲ့လေ၏။ ထိုအချိန် မောင်ကျော်ခေါင် မှာ ရေဘူးအတွင်း ရေကုန်သွားပြီဖြစ်၍ ရွာအတွင်းသို့ဝင်၍ ရေ တောင်း၍ဖြည့်ရန် ဝင်ခဲ့လေ၏။ ထိုအခါ ရွာပြင် ခြံစည်းရိုးနား

www.burmeseclassic.com

www.burmeseclassic.com



အရောက် ရွာထဲမှထွက်လာသော အမျိုးသမီးတစ်ယောက်နှင့် မျက်နှာချင်းဆုံမိကြလေတော့၏။ မောင်ကျော်ခေါင်မှာ အမျိုးသမီး၏မျက်နှာအား မြင်တွေ့လိုက်ရသည်ရှိသော် အလွန် အမင်းအံ့အားသင့်သွားသည်။ မောင်ကျော်ခေါင် တွေ့မြင်လိုက်ရသော အမျိုးသမီးမှာ သူ့စိတ်ထဲတွင် လပေါင်းများစွာ စွဲထင်နေခဲ့သောသူခိုးမလေးပင် ဖြစ်နေခြင်းကြောင့်ပေတည်း။ အမျိုးသမီးမှာလည်း မောင်ကျော်ခေါင်ကိုမြင်သည်နှင့် ရုတ်တရက် အံ့အားသင့်သွားသောအမူအရာမျိုးဖြစ်သွားလျက် ရွာထဲသို့ လှည့်ပြေးရန် ကြိုးစားလေတော့၏။ သို့ရာ၌ ဖျတ်လတ်သော မောင်ကျော်ခေါင်မှာ အမျိုးသမီး၏လက်ကို ရုတ်တရက်လှမ်းဆွဲထားလိုက်ပြီး

"မင်း ... မင်း ဟိုတရုတ်ကြီးကိုသတ်သွားခဲ့တဲ့ မိန်းကလေး မဟုတ်လား။ ငါ မင်းကို ကောင်းကောင်းမှတ်မိတယ်" ဟု ပြောဆိုလေရာ အမျိုးသမီးမှာ မောင်ကျော်ခေါင်၏လက်အတွင်းမှ ရုန်းကန်လျက်

"အို .. ရှင် ဘာတွေလျှောက်ပြောနေတာလဲ။ ရှင့်ကိုလည်း ကျွန်မ မသိပါဘူး လွှတ်ပါ" ဟု ပြောဆိုလေ၏။

"မလွှတ်နိုင်ဘူး။ မင်းကို ငါကောင်းကောင်းမှတ်မိတယ်။ အမှန်အတိုင်းမပြောရင် မင်းကို ပုလိပ်လက်ထဲ အပ်ရလိမ့်မယ်"



ဟု မောင်ကျော်ခေါင်က ခြောက်လှန့်၍ ပြောလိုက်လေ၏။ မောင်ကျော်ခေါင်၏စကားကြောင့် မိန်းကလေးမှာ မျက်လုံးလေး ဝိုင်းသွားလျက်

"ရှင်လူမှားနေပြီ .. ကျွန်မ ဒီရွာက မိန်းကလေးတစ်ယောက် ရှင့် ... လွှတ်ပါရှင်" ဟုပြောပြန်လေလျှင်

"လူမမှားဘူး။ မင်းမှမင်းပဲ။ ပထမအကြိမ်တုန်းကလည်း မင်းကိုလွှတ်ပေးပြီးပြီ။ အခုတစ်ကြိမ်တော့ မင်းအမှန်အတိုင်း မပြောရင် ငါပြောသလို ပုလိပ်လက်ကို အပ်ရမှာပဲ။ ဒီလိုဆို ဘာပဲပြောပြော မင်းဟာ ဂါတ်တဲကိုရောက်သွားမှာပဲ။ ဟိုရောက်မှ မင်းရှင်းပေါ့" ဟု ဆိုလိုက်လေ၏။ ထိုအခါမှ မိန်းကလေးမှာ အခက်တွေ့သွားသော အမူအရာမျိုးလေးဖြစ်သွားလျက် မောင်ကျော်ခေါင်၏ တည်ကြည်သန့်ပြန့်သောမျက်နှာကို တစ်ချက်ကြည့်ကာ သက်ပြင်း တစ်ချက်ကိုချလိုက်ပြီး

"ဟင်း .. ကဲ ကျွန်မဟုတ်ပါတယ်။ အဲဒီတုန်းက ကျွန်မ အနေနဲ့ မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပါ" ဟု ဆို၍ သူမနာမည်မှာ မာလာဖြစ်ကြောင်း ပြောပြလေတော့၏။ ထိုအခါ မောင်ကျော်ခေါင်က

www.burmeseclassic.com

www.burmeseclassic.com



"မာလျာဟုတ်လား။ မင်းနာမည်က တစ်မျိုးပါလား။ ပြီးတော့ မင်းကြည့်ရတာလည်း တိုင်းရင်းသူတစ်ယောက်ပုံစံမျိုးပဲ မင်းဘာလူမျိုးလဲ" ဟု မေးလိုက်လေရာ မာလျာဟူသော အမျိုးသမီးက မောင်ကျော်ခေါင်၏မျက်နှာအား တစ်ချက်ကြည့်၍

"ကျွန်မ အစ်ကို့မျက်နှာကို မြင်ကတည်းက စိတ်ကောင်း စေတနာကောင်းရှိပြီး တည်ကြည်ခန့်ညားတတ်တဲ့ လူတစ်ယောက်ဖြစ်မှန်းသိပါတယ်။ ကျွန်မက တိဗက်နဲ့ မွန်ဂိုလီးယားမျိုးနွယ်ဝင်တစ်ယောက်ပါ" ဟု ဖြေလိုက်လေ၏။ မာလျာ၏အဖြေကြောင့် မောင်ကျော်ခေါင်မှာ လွန်စွာအံ့ဩသွားရပြန်လေ၏။ ထို့နောက်

"ဒါဆို မင်းဟာ ဦးဟုတ်လှိုင်ဆီမှာရှိတဲ့ 'မြ' ကြီးနဲ့ပတ်သက်နေတဲ့ လူတစ်ယောက်ပေါ့ ဟုတ်လား" ဟု ဆိုလိုက်လေရာ

"ဟုတ်ပါတယ်အစ်ကို ... မာလျာတို့ဟာ အစိမ်းရောင်မျက်လုံးလို့ခေါ်တဲ့ ဒီ 'မြ' ကြီးနဲ့ နှစ်နှစ်ကာကာကို ပတ်သက်နေကြတဲ့လူတွေပါ။ တကယ်တော့ ဒီ 'မြ' ကြီးဟာ ကျွန်မတို့ အထွဋ်အမြတ်ထားတဲ့ ပစ္စည်းတစ်ခုပါ။ ဦးဟုတ်လှိုင်ဟာ ကျွန်မတို့ဆီက ဒီ 'မြ' ကြီးကို ခိုးယူသွားတဲ့ လူတစ်ယောက်ပါ။ ကျွန်မအနေနဲ့လည်း ဒီအကြောင်းတွေကို အစ်ကို့ကို ဟိုတစ်ခါ ကျွန်မကို



လွှတ်လိုက်ကတည်းက ဒီလူဟာ စိတ်ကောင်းစေတနာကောင်းရှိတဲ့လူပဲလို့ ယုံကြည်မိလို့ အခုလိုပြောပြတာပါ" ဟု မာလျာကဆိုကာ အောက်ပါအတိုင်း ဆက်လက်၍ ပြောပြပြန်လေတော့၏။

"တိဗက်မှာရှိတဲ့ ကျွန်မတို့လူမျိုးတွေမှာ အထွဋ်အမြတ်ထား ကိုးကွယ်ခဲ့ကြတဲ့ ရုပ်ပွားတော်တစ်ဆူရှိပါတယ်။ အဲဒီ ရုပ်ပွားတော်ကို ကျောင်းတော်ကြီးတစ်ခုနဲ့ ကိုးကွယ်ထားပါတယ်။ ကျွန်မရဲ့အဖေဟာ အဲဒီကျောင်းတော်ကြီးကို တာဝန်ယူစောင့်ရှောက်ရတဲ့ လူကြီးတစ်ယောက်ဆိုပါတော့။ ကျွန်မတို့မှာ သားအဖနှစ်ယောက်ပဲရှိပါတယ်။ ကျွန်မတို့သားအဖဟာ ဒီကျောင်းတော်ကြီးကို စောင့်ရှောက်တဲ့အလုပ်နဲ့ပဲ ရပ်တည်ခဲ့ကြပါတယ်။ ကျောင်းတော်ကြီးနဲ့ပတ်သက်သမျှ ကိစ္စအဝဝကိုလည်း အဖေဟာ အကုန်လုံး တာဝန်ယူထားရပါတယ်။ ကျောင်းတော်ကြီးကို စောင့်ရှောက်ဖို့အတွက် အဖေ့မှာ လူငါးယောက်လောက်ရှိတဲ့အပြင် ကျွန်မတို့လူမျိုးစု အကြီးအကဲပေးတဲ့ လစာရိက္ခာတွေလည်း ရရှိပါတယ်။ တကယ်တော့ ဒီကျောင်းဆောင်ကြီးကို စောင့်ရှောက်ဖို့ တာဝန်ပေးအပ်ခြင်းခံရတဲ့ အဖေ့နေရာကလည်း လူတိုင်းရဖို့မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျောင်းတော်ကြီးကို စောင့်ရှောက်တာဝန်ယူရတဲ့လူဟာ အတိုက်အခိုက်ပညာရပ်တွေကို ကျွမ်းကျင်နေတဲ့လူ

www.burmeseclassic.com



တစ်ယောက်ဖြစ်တဲ့အပြင် လူသူလေးစားယုံကြည်ခံရတဲ့ လူတစ်ယောက်ဖြစ်မှလည်း ရတာပါ။ ကျောင်းတော်ကြီးမှာထ လူတွေ လျှုဒါန်းထားတဲ့ အဘိုးထိုက်ရတနာပစ္စည်းတွေအပြင် ကျောင်းတော်ကြီးထဲမှာရှိတဲ့ ရုပ်ပွားတော်ကြီးဟာ ရွှေအစစ်နဲ့ သွန်း လောင်းထားပြီး တရုတ်မိဖုရားတစ်ပါးရဲ့ အစိမ်းရောင်မျက်လုံးလို့ အမည်ရှိတဲ့ အဖိုးထိုက်တန်တဲ့ မြကြီးတစ်လုံးကို ရုပ်ပွားတော်ရဲ့ ညာဘက်မျက်လုံးတော်မှာ တပ်ဆင်ပူဇော်ထားမှုကြောင့်။ ဒီတော့ ကျောင်းတော်ကြီးကို စောင့်ရှောက်ရတဲ့လူဟာ ဒီပစ္စည်းတွေ မပျောက်မရှအောင် ထိန်းသိမ်းရတာဟာ အလွန်အင်မတန် တာဝန် ကြီးပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့လူမျိုး အကြီးအကဲထ ဒီတာဝန်နဲ့ ထိုက်တန်တဲ့ လစာ၊ ရိက္ခာနဲ့ လူတွေကို အဖေ့ထို ပေးထားတာပဲ။ တိုတိုပြောရရင် တစ်နေ့မှာ ဦးဟုတ်လွှီဟာ သူ့တပည့်တစ်ယောက်နဲ့အတူ ကျွန်မတို့ကျောင်းကြီးကို ရောက်လာ ပြီး ရုပ်ပွားတော်မှာ တပ်ဆင်ထားတဲ့ အစိမ်းရောင်မျက်လုံး မြကြီး ကို ခိုးယူသွားခဲ့ပါတယ်။ အဲဒီအတွက် တာဝန်အရှိဆုံးဖြစ်နေတဲ့ ကျွန်မအဖေပေါ်မှာ ဒီကိစ္စဟာ ခေါင်းကျလာခဲ့တော့တာပဲ။ ပထမဦးဆုံး အဖေဟာ လစာနဲ့ရိက္ခာတွေ ရုပ်သိမ်းခြင်းခံရ ပါတယ်။ ပြီးတော့ အကြီးအကဲထံမှာ ပါသွားတဲ့မြကြီးကို မဖြစ်မနေ



ပြန်လည်ရယူပေးဖို့ ကတိပြုရပါတယ်။ တကယ်လို့ မြကြီးကိုသာ ပြန်မယူနိုင်ခဲ့ရင် အဖေဟာ ကျွန်မတို့မျိုးနွယ်စု ထုံးစံအတိုင်း ကျောင်းတော်ကြီးထဲမှာ အသက်ကိုစတေးရပါတယ်။ အဲဒီအတွက် အဖေနဲ့ကျွန်မဟာ ခိုးယူသွားတဲ့မြကြီးကို ပြန်လည်ရယူနိုင်ဖို့အတွက် ဦးဟုတ်လွှီနောက်ကို အစိမ်းရောင်မျက်လုံးကျောင်းစောင့်အဖွဲ့နဲ့ ရေဆုံးရေဖျားလိုက်နေရတာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့တစ်နှစ်ကတော့ အဖေဟာ ဦးဟုတ်လွှီရဲ့လက်ချက်နဲ့ ကျဆုံးသွားခဲ့ရပါတယ်။ အစ်ကို စဉ်းစားကြည့်ပါ။ ကျွန်မအနေနဲ့ ဦးဟုတ်လွှီအပေါ်မှာ ဘယ်လောက်များ နာကြည်းမုန်းတီးစရာကောင်းသလဲ။ သူ့ကြောင့် ကျွန်မတို့သားအဖနဲ့ အစိမ်းရောင်မျက်လုံး ကျောင်းစောင့်အဖွဲ့ဟာ ဒုက္ခရောက်ခဲ့တယ်။ ပြီးတော့ သူ့လက်ချက်နဲ့ပဲ အဖေဟာ သေခဲ့ ရပြန်တယ်။ ကျွန်မတို့ အစိမ်းရောင်အဖွဲ့သားဆယ်ယောက်နီးနီး ကျဆုံးခဲ့ရတာ။ ဒီလူမျိုးကို ကျွန်မအနေနဲ့ လက်စားမချေရင် ဘယ်လူမျိုးကို လက်စားချေတော့မလဲ။ အစ်ကိုနဲ့ ပထမဦးဆုံး ဆုံခဲ့ကြတဲ့ညတုန်းက ကျွန်မဟာ ဒီလူယုတ်မာကြီးကို သတ်နိုင် ခဲ့တယ်။ ဒါပေမယ့် သူ့အိတ်ထဲမှာရှိတဲ့ ကတ္တီပါအိတ်ရှုတစ်လုံးကို ကျွန်မယူလာနိုင်ခဲ့ပြီးမှ အထဲမှာ 'မြ' ကြီးပါမလာဘဲ အခြား

www.burmeseclassic.com

www.burmeseclassic.com



အဖိုးမတန်တဲ့ ကျောက်တစ်လုံးပါလာခဲ့မှန်း ကျွန်မသိရတယ်။ တကယ်လို့သာ ဒီအစိမ်းရောင်မျက်လုံးမြကြီးကို ကျွန်မဟာ ကျောင်းတော်ကြီးကို အရောက်ပြန်မယူလာနိုင်ရင် ကျွန်မဟာ အစေ ကိုယ်စား ကျောင်းတော်ကြီးထဲမှ စတေးခံရတော့မယ် .. ဒီ .. ဒီအတွက်''

ထိုနေရာအရောက်တွင် မာလျာမှာ စကားကို ရှေ့ဆက်ပြောနိုင်ခြင်းမရှိတော့ဘဲ မျက်ရည်များတွင်တွင်လိမ့်ဆင်းလာကာ ငိုရှိုက်နေတော့၏။ မောင်ကျော်ခေါင်မှာ မာလျာကိုကြည့်ရင်း လွန်စွာရှ သနားကရုဏာသက်သွားရကား ရင်ထဲတွင် မာလျာ၏မျက်ရည်တစ်စက်သည် ငှင်း၏အသည်းနှလုံးအား တဒုန်းဒုန်းခုန်ဆောင့်နေသကဲ့သို့ ခံစားလိုက်ရလေတော့၏။ မာလျာအသက်နှင့် လဲလှယ်ရမည့် မြကြီးကား သူ၏ဦးလေး ဦးဘိုးမှင်လက်ထဲတွင် ရောက်ရှိနေပြီဖြစ်ကြောင်း မာလျာမသိပါတကား။ မောင်ကျော်ခေါင်သည် တသိမ့်သိမ့်ရှိုက်ငိုနေသော မာလျာမျက်နှာလေးကို တရှိုက်မက်မက်ကြည့်ရှု၍ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်လေတော့၏။ ထိုဆုံးဖြတ်ချက်ကား သူ၏ဦးလေး ဦးဘိုးမှင်ထံမှ မြကြီးအား မဖြစ်ဖြစ်သည့်နည်းဖြင့် ပြန်လည်ရယူပေး၍ မာလျာ၏လက်ထဲသို့ အပ်နှံ



ပေးရန်ပင် ဖြစ်ပေတော့၏။ သို့ဖြစ်ရာ မောင်ကျော်ခေါင်သည် မာလျာ၏မျက်နှာလေးအား ကြင်နာစွာကြည့်ရှု၍

''ဒီမှာ မာလျာ .. မင်းတို့ရဲ့မြကြီး အခုဘယ်မှာရှိတယ်ဆိုတာ အစ်ကိုသိတယ်။ အစ်ကို အဲဒီမြကြီးကိုအရပြန်ယူပေးမယ်'' ဟု ခိုင်မာသောလေသံဖြင့် ဆိုလိုက်လေရာ မာလျာသည် မောင်ကျော်ခေါင်၏မျက်နှာအား အံ့အားတသင့်မော့ကြည့်၍ ဝမ်းသာသံလေးဖြင့်

''ဟာ .. တကယ်ပြောနေတာလားအစ်ကို''

''တကယ်ပြောနေတာပေါ့မာလျာ .. အစ်ကို ဒီမြကြီးကို မရရအောင် ပြန်ယူပေးမယ်။ အစ်ကို ကတိပေးတယ်'' ဟု ထပ်မံ၍ ပြောလိုက်ပြန်ရာ မာလျာသည် ဝမ်းသာအားရဖြင့် သူမခေတ္တနေထိုင်နေသည့် ရွာထဲမှ အိမ်ကလေးဆီသို့ မောင်ကျော်ခေါင်အား ခေါ်ဆောင်သွားခဲ့လေတော့သတည်း။ ။

♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



# အချစ်ဆိုသောအရာ

တိုအချိန်မှအစပြု၍ မောင်ကျော်ခေါင်သည် မာလျာရှိရာရွာသို့ နေ့တိုင်းလိုလိုပင်သွားရောက်ခဲ့လေတော့၏။ မာလျာမှာ အိမ်ကလေး၌ ဟူရာဟူသော အဖော်မိန်းကလေးတစ်ယောက်နှင့် အတူနေထိုင်လေ၏။ မောင်ကျော်ခေါင် ရောက်သွားတိုင်း မာလျာသည် ဝမ်းသာပြုံးချိုသောမျက်နှာလေးဖြင့် ဆီးကြိုလေ့ရှိပေ၏။ ဤသို့ဖြင့် မောင်ကျော်ခေါင်သည် ကိုဗလ၏နေအိမ်မှ



မထွက်ခွာမီအတွင်း မာလျာနှင့်နေ့တိုင်းလိုလိုပင် သွားရောက်တွေ့ဆုံခဲ့ကာ များမကြာမီတွင်ပင် နှစ်ဦးသားချစ်ခဲ့ဖူးသော ရေစက်ပနက်သစ္စာကြောင့် ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြလေကုန်တော့၏။ ထိုအခါ မောင်ကျော်ခေါင်သည် မာလျာအပေါ်၌ ချစ်ခြင်း၊ သနားခြင်းများဖြင့် ပေါင်းစပ်၍ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော သံယောဇဉ်နှင့် အသဲတုန်အူတုန်လွန်စွာမှ တရှိုက်မက်မက် ချစ်ခဲ့မိလေတော့၏။ မာလျာသည် နှစ်ကြိမ်မျှသာ တွေ့ဖူးခြင်းဖြင့် မောင်ကျော်ခေါင်၏ ရုပ်ရည်စိတ်ဓါတ်နှင့် သူမအပေါ် ချစ်ရှာလှန်းသော မောင်ကျော်ခေါင်၏အချစ်ကြောင့် ပြန်လည်၍ ချစ်ခဲ့မိလေတော့၏။ သို့သော် မာလျာသည် အမိမဲ့ဘဝဖြင့် ဖခင်နှင့်သာ ကြီးပြင်းလာခဲ့ရသော မိန်းကလေးဖြစ်ခြင်းကြောင့် မာကြောသော စိတ်ဓါတ်ရှိလေ၏။ လူတစ်ယောက်အား မည်မျှပင်ချစ်ခင်စေ၊ သူမ ကျင်လည်ခဲ့ရသော ဘဝအခြေအနေများ၏ ပုံသွင်းထားမှုကြောင့် တစ်ချိန်တွင် ခွဲခွာရမည့်အရေးဖြင့် ကြုံတွေ့လာပါက ခွဲခွာနိုင်သော အခြေအနေစိတ်မျိုး ရှိလေ၏။ အထူးဆိုရပါမူ မာလျာသည် မိခင်နှင့် ဝေးကွာခဲ့ရသဖြင့် နူးညံ့ပျော့ပျောင်းသော မိခင်စိတ်ဓါတ်ကင်းမဲ့နေသောမိန်းကလေးတစ်ယောက်ဟု ဆိုရမည်ပင် ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လူတို့၏စိတ်တို့သည် ဆန်းကြယ်လှပေ၏။ မာလျာသည် မချစ်တတ်၊ သံယောဇဉ်မရှိတတ်သော မိန်းကလေးမျိုးလည်းမဟုတ် မောင်ကျော်ခေါင်အပေါ် အချစ်ကြီးသံယောဇဉ်ကြီးခဲ့လေ၏။ သို့သော် တစ်ချိန်တွင် မောင်ကျော်ခေါင်နှင့် ဘဝပေးအခြေအနေအရ ခွဲခွာရမည်ဆိုလျှင်လည်း ခွဲခွာနိုင်သော နှလုံးသားမျိုးရှိလေ၏။ ဤသည်မှာ မောင်ကျော်ခေါင်အပေါ်၌ အချစ်စစ်မေတ္တာဖြင့် မချစ်၍လည်းမဟုတ်၊ သူမ၏ဘဝ၊ သူမ၏ မွေးဖွားကျင်လည်ရာ အသိုင်းအဝိုင်းနှင့်လိုက်၍ မာကြောသောစိတ်ဓါတ်၊ မာကြောသော နှလုံးသားအခံကြောင့်ဟုသာလျှင် ပြောရမည်ဖြစ်ပေတော့၏။

မောင်ကျော်ခေါင်မှုကား ထိုသို့မဟုတ်ပေ။ သူ၌ မာကြောသော စိတ်ဓါတ်၊ ခိုင်မာသောနှလုံးသားတို့သည်ရှိ၏။ သို့သော် အချစ်နှင့် ပတ်သက်၍ကား လွန်စွာမှ နူးညံ့သော နှလုံးသားသာရှိလေ၏။ သူသည် မာလျာအပေါ်၌ အသက်နှင့်ပုံ၍ အချစ်ကြီးချစ်ခဲ့မိလေ၏။ အပေါ်ယံငှင်း၏ တည်ကြည်သောရုပ်ရည်၊ အမြင်အားဖြင့်မူ မာလျာအပေါ်၌ ချစ်သည်ဟူသော အရိပ်အယောင်ကလေးမျှသာလျှင် ရှိသော်လည်း ငှင်း၏အသည်းနှလုံးတွင်း၌မူ မာလျာသည်သာ သူ၏အချစ်၊ မာလျာသည်သာ သူ၏ဘဝ၊ သူ၏အနာဂတ်ဘဝအားလုံး



တို့သည် မာလျာသာလျှင်ဖြစ်ပေ၏။ မာလျာနှင့် ဒီတစ်သက် ခွဲခွာရမည်ဟူသော အရေးကို စိတ်ကူးလေးမျှနှင့် စဉ်းစားရုံနှင့်ပင် သူ၏ရင်သည် မီးဟုန်းဟုန်းတောက်သမျှ ခံစားနေရလေ၏။ ထို့ပြင် အချစ်ကြီးလွန်းသူတို့ ထုံးစံအတိုင်း ချစ်သူမာလျာအပေါ်၌ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းများစွာဖြင့် ဘဝတသက်စာရည်ရွယ်၍ အချစ်ကြီးချစ်ခဲ့မိသည်လည်း ဖြစ်၏။

ဤသို့ဖြင့် မောင်ကျော်ခေါင်သည် ဦးဘိုးမှင်ရှိရာ ရန်ကုန်သို့ မသွားမီတစ်ရက်တွင် ချစ်သူမာလျာအား ရင်ခွင်အတွင်း၌ ယုယစွာ ထွေးပိုက်၍

"မာလျာ .. အစ်ကို့အပေါ် တကယ်ချစ်ရဲ့လားကွယ်" ဟု တိုးညှင်းစွာ မေးလိုက်လေရာ မာလျာသည် ဦးခေါင်းလေးညိတ်ကာ အဖြေပေးလိုက်လေ၏။

"အစ်ကို .. မာလျာအတွက် မြကြီးကို မရရအောင် ယူလာခဲ့မယ်။ မာလျာစောင့်နေနော်။ ပြီးရင် မာလျာတို့ ကျောင်းတော်ကြီးဆီကို ဒီမြကြီးသွားအပ်ပြီးရင် အစ်ကိုတို့လက်ထပ်ကြမယ်။ ဒီဘဝတစ်သက် မခွဲခွာဘဲ အတူနေကြမယ်နော်" ဟု မောင်ကျော်ခေါင်က ဆိုလိုက်ပြန်လေရာ မာလျာသည် သူမတို့လူမျိုးခေါင်းဆောင် "အချာန" ချမှတ်ထားသော စည်းကမ်းဓလေ့များကို စဉ်းစားမိကာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာညှိုးနွမ်းသွားသော်လည်း ပါးစပ်ကမူ 'အင်း' ဟု ဖြေလိုက်လေပြန်၏။ ထိုမှ မောင်ကျော်ခေါင်က မိမိမရှိခင် ဂရုစိုက်နေထိုင်ရန် မိမိပြန်လာမည့်အချိန်ကို စောင့်ကြိုနေရန် မိမိအပေါ် သစ္စာရှိရန်များကို မှာကြားပြောဆိုလေပြန်ရာ မာလျာမှာလည်း ချစ်သူမောင်ကျော်ခေါင်ကျေနပ်စေရန် စောင့်နေပါမည့်အကြောင်း မြကြီးကိုသာအရ ပြန်ယူလာရန် အကြောင်းများကို ပြန်၍ပြောဆိုခဲ့လေ၏။ အမှန်အားဖြင့်မူ မာလျာ၏စိတ်ထဲ၌ သူမကိုယ်တိုင်လည်း မြကြီး၏သတင်းကို လိုက်နေသည်ဖြစ်ရာ မောင်ကျော်ခေါင်ပြောပြသော ငှင်း၏ဦးလေး ဦးဘိုးမှင်ထံမှ မြကြီးကိုသူမဘက်မှလည်း တစ်နည်းတစ်လမ်းဖြင့် အရယူရန် စိတ်ကူးထားပြီးဖြစ်နေလေ၏။

မောင်ကျော်ခေါင်မှာမူ မာလျာ၏အတွင်းအကြံကို မသိလေရကား မာလျာထံမှ ကတိအထပ်ထပ်တောင်း၍ ချစ်သူတို့၏ သဘာဝစိတ်မချခြင်းများစွာဖြင့် နောက်တစ်ရက်တွင်ပင် ရန်ကုန်သို့ ထွက်ခွာသွားခဲ့လေတော့၏။ ထိုအခါ မာလျာ၏အဖော် မိန်းကလေး ဟူရာက

"မာလျာ .. ညည်း ကိုကျော်ခေါင်ကို တကယ်လက်ထပ်ယူတော့မှာလား" ဟု မေးမြန်းလေလျှင် မာလျာက သက်ပြင်းတစ်ချက်ကို မသိမသာချ၍



"ဟင်း .. အစ်ကိုကိုငါချစ်တော့ချစ်ပါတယ် ဟူရာရယ်။ ဒါပေမယ့် မြကြီးတကယ် ငါတို့လက်ထဲရောက်လာဖို့က ခုချိန်မှာ အရေးကြီးနေတယ်။ ဘာပဲဖြစ်ဖြစ် နောင်ခါလာနောင်ခါချေးပေါ့ဟယ်" ဟု ပြန်၍ ပြောဆိုလိုက်လေ၏။

ဟူရာကလည်း မာလျာကိုတစ်ချက်ကြည့်ရင်း သက်ပြင်းတစ်ခုကို ချလိုက်လေ၏။ ပြီးမှ

"တစ်ခုတော့ရှိတယ်မာလျာ .. ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် တို့ဟာ ခေါင်းဆောင်ကြီး အချာနဲ့ ပေးလိုက်တဲ့အမိန့်တွေကိုတော့ မလိုက်နာလို့မရဘူးနော်။ ဒါကိုတော့ ညည်းသဘောပေါက်မှာပါ" ဟု ဆိုလိုက်ပြန်ရာ မာလျာသည် အဝေးတစ်နေရာသို့ မျှော်ငေးကြည့်၍

"ငါနားလည်ပါတယ်ဟူရာရယ်" ဟုပြန်၍ ပြောကာ လေးလံသောခြေလှမ်းများဖြင့် သူမတို့အိမ်လေးထဲသို့ ဝင်ရောက်သွားလေတော့၏။

▲ ▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခသည်ကြီး မောင်ကျော်ခေါင်

မောင်ကျော်ခေါင်သည် ကိုဗလအိမ်မှ ရန်ကုန်သို့ထွက်ခွာလာခဲ့ပြီဖြစ်၏။ ထိုအချိန်၌ သူသည် ယခင်မောင်ကျော်ခေါင်မဟုတ်တော့ ချစ်သူမာလျာအတွက် ရည်မှန်းချက်၊ မျှော်လင့်ချက်များဖြင့် ပျော်ရွှင်နေသော အချစ်သမားလေး မောင်ကျော်ခေါင်ဖြစ်၍နေလေပြီဖြစ်၏။ မောင်ကျော်ခေါင်သည် ရန်ကုန်သို့ရောက်လျှင် ဦးလေးဦးဘိုးမှင်ထံမှ မြကြီးအား မည်ကဲ့သို့နည်းဖြင့် တောင်းယူရမည်ကို စဉ်းစားလာလေ၏။ မြကြီးမှာ လွန်စွာမှအဖိုးထိုက်တန်လှသဖြင့် တောင်းယူ



ရမည်မဟုတ်ပေ။ တန်ဖိုးနှင့်ပေးဝယ်ရန်မှာလည်း မိမိ၌ထိုမျှငွေကြေးမရှိပေ။ နောက်ဆုံးမောင်ကျော်ခေါင်သည်

“ဘာပဲဖြစ်ဖြစ် မြကြီးကိုတော့ မာလျာလက်ထဲ အရောက်ပြန်ထည့်ပေးနိုင်မှဖြစ်မယ်။ ဒါမှ မာလျာနဲ့ငါ လက်ထပ်နိုင်မယ်။ မတတ်နိုင်ဘူး။ မြကြီးကိုရောင်းပေးမယ်ဆိုပြီး ပြန်ယူရတော့မှာပဲ။ ဘုရားသိကြားမလို့ ငါမရှိတုန်းသာ မြကြီးကိုမရောင်းပစ်ပါစေနဲ့”

ဟု တွေးတောဆုတောင်းလျက် ဦးဘိုးမှင်နေထိုင်သော ရပ်ကွက်ဆီသို့ သွားရောက်ခဲ့လေတော့၏။ သို့သော် မောင်ကျော်ခေါင် ရောက်ရှိသွားသောအခါ ကံဆိုးစွာဖြင့် ဦးဘိုးမှင်၏နေအိမ်မှာ သော့ခတ်လျက် ရှိနေလေတော့၏။ မောင်ကျော်ခေါင်မှာ ထင်မှတ်မထားသောအဖြစ်ကြောင့် အကြပ်ရိုက်သွားလေတော့၏။ ထိုမှ အိမ်နီးနားချင်းများအား မေးကြည့်လေရာ ခြံချင်းကပ်လျက်ရှိသော အိမ်ရှင်တစ်ယောက်က

“သူဘယ်ပြောင်းသွားတယ်ဆိုတာကိုတော့ ကျုပ်တို့လည်း မသိရဘူး။ ဒါပေမယ့် ဟိုတစ်လောကတော့ သူသိပ်ပြီးမကျန်းမာလို့ ရွာပြန်မယ်လို့တော့ ပြောသံကြားတယ်။ အခု ဒီအိမ်ကိုလည်း အပြီးရောင်းသွားတာဗျ” ဟုပြောပြလေရာ မောင်ကျော်ခေါင်မှာ

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ .. ဒီအိမ်ကို ပြန်ရောင်းသွားတယ် ဟုတ်လား" ဟု ရေရွတ်လျက် ရင်ထဲတွင် တဒုန်းဒုန်းမြည်၍ သွားရလေတော့၏။ နောက်ဆုံးအိမ်ရှင်အား ကျေးဇူးတင်ပါကြောင်း နှုတ်ဆက်၍ ပြန်ခဲ့သည်ရှိသော် မောင်ကျော်ခေါင်၏ရင်တွင်း၌ ပူလောင်လျက် ရှိနေလေတော့၏။ စိတ်ထဲ၌လည်း

"ဦးလေး ဘယ်ကိုများပြောင်းသွားပါလိမ့်။ မကျန်းမာလို့ ရွာပြန်မယ်ဆိုတော့ အရင်သူ့ရွာကိုများ ပြန်ပြောင်းသွားသလား။ မြို့ကြီးကိုရော ရောင်းချပြီးသွားပြီလား" ဟူသော အတွေးများဖြင့် ပလောင်ဆူကာ ဦးဘိုးမှင်ယခင်နေထိုင်ခဲ့သော အညာဘက်မှ ရွာလေးဆီသို့ ရထားတစ်တန်၊ ကားတစ်တန်ဖြင့် ခရီးဆက်ခဲ့ရပြန်လေတော့၏။ သို့သော် ရွာကလေးသို့ရောက်ပြန်လျှင်လည်း ဦးဘိုးမှင်အား မတွေ့ရဘဲရှိလေတော့၏။ မောင်ကျော်ခေါင်မှာ လွယ်လွယ်နှင့်အပိုင်တွက်ထားသောကိစ္စအား ယခုကဲ့သို့ မထင်မှတ်ဘဲ အခက်အခဲများဖြင့် လာတွေ့နေရခြင်းကြောင့် များစွာအခက်တွေ့၍ သွားရလေတော့၏။ ထို့နောက်မှ ရွာလူကြီးဦးထွန်းခထံ စုံစမ်းကြည့်ပြန်လေရာ

"မင်းနဲ့ရွာက အတူထွက်သွားကြပြီးကတည်းက ဦးဘိုးမှင် ပြန်မလာတော့ဘူးကွ။ အခု သူက ရန်ကုန်မှာ မရှိတော့ဘူးလား"



ဟု ပြန်မေးနေပြန်ရာ

"မရှိတော့ဘူးဦးလေး .. ကျန်းမာရေးသိပ်မကောင်းလို့ ရွာပြန်ဦးမယ်ဆိုတော့ ကျွန်တော်က ဒီများပြန်လာသလားလို့။ ဒီအတိုင်းဆို ဦးလေးဘယ်ရွာများသွားပါလိမ့်" ဟု မောင်ကျော်ခေါင်က ပြန်ပြောလိုက်လေ၏။ ထိုအခါ ရွာလူကြီးဦးထွန်းခက ခေတ္တစဉ်းစားဟန်ပြု၍

"တစ်ခုတော့ရှိတယ်ကွ။ မင်းပြောသလိုဆိုရင် ဦးဘိုးမှင် အောက်ပြည်ဘက်က သူ့ရွာကိုများ ပြန်သွားသလားမသိဘူး" ဟု ဆိုလိုက်လေရာ မောင်ကျော်ခေါင်မှာ မျက်နှာဝင်းလက်သွားလျက် မျှော်လင့်တကြီးဖြင့်

"ဘယ် .. ဘယ်ရွာလဲဦးလေး" ဟု အလောတကြီးမေးလိုက်မိလေ၏။ ထိုအခါ ဦးထွန်းခက မောင်ကျော်ခေါင်၏ မျက်နှာကိုကြည့်ရင်း

"မင်းက သူ့တူဖြစ်ပြီး သူ့ရွာကိုမသိဘူးလားကွာ။ ငါလည်း သူ့ရွာကိုတော့မသိဘူး။ အရင်တုန်းက သူ့တစ်ခါ ငါ့ကို ပြောပြဖူးတာတော့ အောက်ပြည်ကရွာမှာ သူ့ညီတစ်ယောက်ရှိတယ်လို့ ဆိုတာကိုး။ မင်းဦးလေးဇာတိကလည်း အောက်ပြည်ဘက်ကဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လားဟ'' ဟု ပြောလိုက်ပြန်ရာ မောင်ကျော်ခေါင် သက်ပြင်းတစ်ချက်ကို ပြင်းခနဲချ၍

''ကျွန်တော်ကလည်း အဒေါ်ဘက်ကတော်တဲ့တူဆိုတော့ သူ့ရွာကို အတိအကျမသိဘူး။ ဦးလေးပြောသလို သူ့ဇာတိဟာ အောက်ပြည်ဘက်ကဆိုတာပဲသိတယ်'' ဟုပြောလိုက်ကာ ပြီးမှ တစ်စုံတစ်ခုကို အမှတ်ရသွားလျက်

''သြော် .. ဟုတ်ပြီဗျ။ ကျွန်တော်မှတ်မိပြီ။ ကျွန်တော့်ကို အဒေါ်တစ်ခါပြောဖူးတယ်။ ဧရာဝတီတိုင်းဘက်ကဟုတ်တယ်။ ဧရာဝတီတိုင်းဘက်က ရွာတစ်ရွာပဲ'' ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။ ထို့နောက်မှ မောင်ကျော်ခေါင်သည် ၎င်း၏အဒေါ် ပြောပြခဲ့ဖူးသော ရွာနာမည်ကို အသည်းအသန်ပြန်စဉ်းစားလိုက်သော်လည်း ရွာနာမည်ကိုကား ဘယ်လိုမှ ပြန်လည်စဉ်းစား၍ မရတော့သဖြင့်

''ဒုက္ခပဲ .. ရွာနာမည်ကိုက ကျွန်တော်စဉ်းစားလို့ မရတော့ဘူး။ ဒါပေမယ့် ဧရာဝတီတိုင်းဘက်က ရွာတစ်ရွာဆိုတာတော့ သေချာတယ်။ ကဲ .. ဦးလေး ကျွန်တော့်ကို ခွင့်ပြုပါဦး'' ဟု ဦးထွန်းခအား နှုတ်ဆက်ကာ ကသုတ်တရိုက်ဖြင့် ရွာလေးမှ ပြန်လည်ထွက်ခွာခဲ့ရပြန်လေတော့၏။ မောင်ကျော်ခေါင်သည်



အချိန်ဆွဲမနေတော့ဘဲ ရွာကလေးမှထွက်ကာ ကြုံရာကားဖြင့် ရန်ကုန်ဘက်သို့ ပြန်ခဲ့လေတော့၏။ ကားပေါ်၌လိုက်ပါရင်း သူသည် ဦးလေးဖြစ်သူ ဦးဘိုးမှင်၏ရွာကို တစ်လမ်းလုံးစဉ်းစားလာခဲ့လေ၏။ သို့သော် ဘယ်လိုမှအမှတ်မရနိုင်တော့ဘဲ နောက်ဆုံး ဧရာဝတီတိုင်းဘက်မှ ရွာများကို တစ်ရွာပြီးတစ်ရွာ လိုက်လံစုံစမ်းရတော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်လေတော့၏။

မောင်ကျော်ခေါင်သည် ရန်ကုန်သို့ရောက်လျှင် ဧရာဝတီတိုင်းဘက်သို့ထွက်ခွာမည့် သင်္ဘောများကို စုံစမ်းကြည့်လေရာ ပုသိမ်ဘက်သို့ထွက်ခွာသည့်သင်္ဘောများ၊ ဖျာပုံဘိုကလေးဘက်သို့ ထွက်ခွာမည့်သင်္ဘောများ၊ လပွတ္တာဘက်သို့ ထွက်ခွာမည့်သင်္ဘောများစသည်ဖြင့် လိုင်း(၃) လိုင်းကို စုံစမ်းသိရှိရလေ၏။ မောင်ကျော်ခေါင်သည် ပထမဆုံး ဖျာပုံဘိုကလေးဘက်သို့ထွက်မည့် သင်္ဘောတစ်စီးဖြင့် လိုက်ပါခဲ့ကာ ၎င်းဒေသရှိရွာများဘက်၌ ဦးဘိုးမှင်၏သတင်းကို စုံစမ်းခဲ့လေတော့၏။ ထိုအခါ ရွာနာမည်အား အတိအကျမသိဘဲ လူတစ်ယောက်၏နာမည်ဖြင့် လိုက်လံစုံစမ်းနေသော မောင်ကျော်ခေါင်၏ဒုက္ခကို ခန့်မှန်း၍သိနိုင်ပေ၏။ မောင်ကျော်ခေါင်သည် အသိအကျွမ်းမရှိသော ဖျာပုံဘိုကလေးဘက်၌ ရွာအစုံအား ဖွဲ့နဘဲနှင့် ဒုက္ခခံလိုက်လံစုံစမ်းရင်း (၃) လခန့်အချိန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရလေတော့၏။ ထိုတောအတွင်း အချို့ရွာများ၌ ဦးဘိုးမှင်နှင့် နာမည်တူလူများစွာကိုလည်း တွေ့ခဲ့ရလေ၏။ တစ်ခါတစ်ရံ၌လည်း ဦးဘိုးမှင်ဟူသော နာမည်ဖြင့် ရွာသားများက မော်တော်တစ်တန်၊ လှေတစ်တန်ဖြင့် လိုက်လံပြသပေး၍ နောက်ဆုံးနာမည်တူသော အခြားလူတစ်ယောက်ဖြစ်နေ၍ အချိန်ကုန်လူပန်းခဲ့ရသော အဖြစ်မျိုးများသည်လည်း လေးငါးကြိမ်ထက်မနည်း တွေ့ကြုံခဲ့ရလေ၏။ ထို့အပြင် ထိုအချိန်မောင်ကျော်ခေါင်မှာ မိမိအား စောင့်နေမည့် မာလျာ၏အကြောင်းကိုတွေးကာ ပူပန်သောစိတ်များနှင့်၎င်း ဦးဘိုးမှင်အား မျှော်လင့်တကြီးဖြင့် လိုက်ရှာနေရသော ရင်မောဖွယ်စိတ်များနှင့်၎င်း၊ လွန်စွာမှ လူဒုက္ခ၊ စိတ်ဒုက္ခများဖြင့် ကြုံတွေ့ခဲ့ရလေ၏။ ဤသို့ဖြင့် မောင်ကျော်ခေါင်သည် ဖျာပုံဘိုကလေးဘက်ရှိ ရွာများ၌ (၃) လခန့် စိတ်ပင်ပန်း၊ လူပင်ပန်းခံ၍ ဦးဘိုးမှင်အား ရှာဖွေ၍ မတွေ့သည့်အဆုံးတွင် ပုသိမ်မြောင်းမြဘက်သို့ ခွဲမလျှော့ဘဲ လိုက်ခဲ့ပြန်လေ၏။ ထိုအခါ၌လည်း မောင်ကျော်ခေါင်၏ ဒုက္ခများမှာ ပြော၍ပင်မကုန်နိုင်တော့ပေ။ စိတ်ပင်ပန်း၊ လူပင်ပန်းသောဒဏ်ကြောင့် ၎င်း၏ရုပ်ရည်မှာလည်း ချုံးကျလျက်၊ နေဒဏ်၊ မိုးဒဏ်မရှောင် ရွာတကာလှည့်၍ ရှာဖွေနေရခြင်းကြောင့် အသားများမှာလည်း ညိုမည်းလျက်ရှိနေပြီဖြစ်ပေတော့၏။ သို့သော်



မောင်ကျော်ခေါင်ကား ဤမျှစိတ်ဒုက္ခ၊ လူဒုက္ခရောက်ရသည့် အဖြစ်ကို စိတ်ဝါတ်ကျ အားလျှော့ခြင်းမရှိဘဲ ချစ်သူမာလျာအတွက်ဟူသောအသိနှင့် မိမိကိုယ်ကို အားတင်းနိုင်ခဲ့လေ၏။ ထိုအချိန်မောင်ကျော်ခေါင်မှာ ၎င်းခံစားနေရသောဒုက္ခများထက် မိမိအပြန်ကို စောင့်ကြိုနေရမည့် ချစ်သူမာလျာ၏ မျက်နှာလေးကို မြင်ယောင်မိကာ ပူပန်ခံစားနေရ သော စိတ်ဒုက္ခသည် အဆရာထောင် ပြင်းထန်လှသည်ဟု အောက်မေ့မိလေ၏။

ဤသို့ဖြင့် မောင်ကျော်ခေါင်သည် ပုသိမ်၊ မြောင်းမြနယ်ဘက်ရှိ ရွာများ၌လည်း ဒုက္ခအမျိုးမျိုးဖြင့် လှည့်လည်ရှာဖွေရင်း (၃) လဟူသောအချိန်သည် ကုန်၍သွားပြန်လေတော့၏။ ထိုအခါ ၎င်း၏လက်ထဲ၌ ပါလာခဲ့သော ငွေများမှာလည်း တက်တက်ပြောင်ပြီဖြစ်လေတော့၏။

တစ်နေ့တွင်မူ မောင်ကျော်ခေါင်သည် မြောင်းမြအောက်ဘက်ရှိ ရွာလေးတစ်ရွာ၌ သောင်တင်နေရင်း စားရိတ်ပြတ်သွားကာ ရှေ့သို့ခရီးဆက်၍မရတော့ဘဲ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ခိုကပ်၍နေရလေ၏။ ထိုသို့ နေထိုင်ရင်းမှ ဤအတိုင်းဆက်၍ နေ၍မဖြစ်ဟု စဉ်းစား၍ ခရီးစရိတ်ရရန် အင်းသူကြီးတစ်ယောက်ထံတွင်

www.burmeseclassic.com

www.burmeseclassic.com



ငါးပိုက်ချသော အလုပ်သမားများနှင့်အတူ (၁) လခန့် အလုပ်လုပ်ခဲ့ရပြန်လေ၏။ ထိုအချိန် အသားအရည်အားဖြင့် မည်းပြောင်ကာ ခန္ဓာကိုယ်မှာလည်း ချုံးကျုပိန်ကပ်သွားပြီဖြစ်သော မောင်ကျော်ခေါင်၏ ရုပ်ရည်အား ချစ်သူမာလျှာပင် ရုတ်တရက်ပြန်လည်မှတ်မိမည် မထင်တော့ပေ။ မောင်ကျော်ခေါင်သည် ငါးပိုက်ချသောအလုပ်သမားများနှင့်အတူ တစ်နေကုန်အင်းထဲ၌ ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရလေ၏။

အလုပ်သိမ်းလျှင် တည်းခိုနေရာ ဘုန်းကြီးကျောင်းသို့ ပြန်၍ အိပ်ရလေ၏။ မောင်ကျော်ခေါင်သည် ညစဉ်ညတိုင်း အိပ်ပျော်ခြင်းမရှိဘဲ လုပ်ခငွေကလေးများကို ရေတွက်၍ ရှေ့ဆက်ရမည့် ခရီးကို စဉ်းစားလျက်၎င်း၊ (၇) လကျော်၊ (၈) လနည်းပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်၍ မိမိအား မျှော်လင့်တကြီး စောင့်ကြိုနေမည့် ချစ်သူမာလျှာမှာ ရွာကလေး၌ ရှိမှရှိပါတော့မလားဟူ၍ တွေးတောပူပန်ရသော စိတ်များနှင့်၎င်း၊ ခုချိန်ထိ မတွေ့သေးသော ဦးလေးဦးဘိုးမှင် အကြောင်းနှင့် ၎င်းလက်ထဲ၌ မြကြီးသည်လည်း အခုချိန်၌ ရှိမှရှိပါတော့မလားဟူသော အတွေးများဖြင့်၎င်း ပူလောင်လှိုက်လှဲလှသော စိတ်ဒုက္ခများ၏ နှိပ်စက်ခြင်းကိုမောင်ကျော်ခေါင်မှ ညစဉ်ညတိုင်း ခံစားနေရရှာလေတော့သတည်း။



## တစ်နေ့တစ်လဲ ပုဂံဘယ်ရွေ့

မောင်ကျော်ခေါင်သည် မြောင်းမြမြို့အောက်ဘက်ရှိ ရွာကလေး၌ လူဆင်းရဲ၊ စိတ်ဆင်းရဲဖြင့် ခရီးစားစရိတ်ငွေကို ရှာဖွေပြီးသောအခါ ပုသိမ်ဘက်သို့ ခရီးဆက်ခဲ့ပြန်လေတော့၏။ ထိုအခါ ပုသိမ်ဘက်ရှိရွာများမှာမူ တစ်ချိန်က ၎င်းအနေဖြင့် ကောင်းစွာရှောင်ခဲ့ပုန်းခြင်းရှိ၍ ယခင်ရွာများကဲ့သို့ များစွာဒုက္ခရောက်ခြင်းမရှိတော့ချေ။ မောင်ကျော်ခေါင်သည် ပုသိမ်ဘက်ရှိ ရွာများဘက်သို့ ရောက်သော

www.burmeseclassic.com



အခါ လွန်ခဲ့သည့် (၃)(၄)နှစ်ခန့်က မိမိဆရာ နဂါးမာန်နေထွန်း အတွက် မြတစ်လုံးအား ရယူပေးခဲ့ပုံကို အမှတ်ရမိလေ၏။ ထိုစဉ် ကလည်း သူသည် ထိုမြတစ်လုံးအတွက် ယခုလိုပင် တစ်ရွာဝင် တစ်ရွာထွက် ခရီးထွက်ခဲ့ရလေ၏။ ယခုလည်း သူသည် ချစ်သူ မာလျာအတွက် မြကြီးရယူပေးဖို့အရေးနှင့်ပင် ဤရွာများဘက်ဆီ သို့ တစ်ခါပြန်၍ ရောက်ခဲ့ရပြန်လေပြီ။ မောင်ကျော်ခေါင်သည် အထက်ပါအတွေးကို တွေးမိကာ ပြုံးလိုက်မိလေ၏။ ထို့ မောင်ကျော်ခေါင်သည် ယခင်မိမိရောက်ဖူးခဲ့သော ရွာတစ်ရွာသို့ ဝင်ရောက်ကာ တည်းခို၍ ဦးဘိုးမှင်သတင်းကို စုံစမ်းခဲ့ပြန်လေ တော့၏။ ထိုအချိန် မောင်ကျော်ခေါင်မှာ မုဆိုးဖိုတံငါအဘိုးကြီး တစ်ယောက်၏ နံချာစုတ်ပြတ်လှသောတဲအိမ်ကလေးတွင် အသနားခံတည်းခိုခဲ့ရလေ၏။ တည်းရှင်တံငါအဘိုးကြီးမှာ တဲအိမ် ကလေးတွင် တစ်ယောက်တည်းနေထိုင်လျက် တံငါအလုပ်ဖြင့်သာ ဝမ်းစာရှာဖွေနေရလေ၏။ မောင်ကျော်ခေါင်သည် အဘိုးကြီးနှင့်အတူ နေထိုင်ရင်း ငှင်းပိုက်ချငါးဖမ်းသည့်အလုပ်များကို ကူညီလုပ်ကိုင် ပေးခဲ့လေ၏။ ထိုမှ အားလပ်သည့်အချိန်များတွင် ရွာထဲသို့လှည့် လည်၍ ဦးဘိုးမှင်ဟူသော နာမည်တစ်လုံးကို ပြောကာ စုံစမ်းခဲ့ရ ပြန်လေ၏။ တစ်ရက်တွင်မူ တံငါသည်အဘိုးကြီးမှ



မောင်ကျော်ခေါင်အား

"လူလေးက ရွာထဲမှာ ဦးဘိုးမှင်ဆိုတဲ့ လူတစ်ယောက်နာမည် ကို စုံစမ်းနေတယ်ဆို" ဟု မေးမြန်းလာလေရာ မောင်ကျော်ခေါင် က

"ဟုတ်ပါတယ်အဘ … သူဟာ ကျွန်တော့်အဒေါ်ရဲ့ ယောကျ်ား။ ကျွန်တော့်ဦးလေးတစ်ယောက်ပါ" ဟု ပြောဆိုပြီး မြကြီးကိစ္စအား ဖုံးကွယ်လျက် အခြားကိစ္စတစ်ခုနှင့် ကြံဖန်ပြောဆို ၍ ငှင်းဦးဘိုးမှင်အား ရှာဖွေစုံစမ်းရင်း မိမိဒုက္ခရောက်ခဲ့သည့် အကြောင်းများကို အဘိုးကြီးအား ပြောပြလိုက်သေးတော့၏။ ထိုအခါ အဘိုးကြီးက မောင်ကျော်ခေါင်အား ကရုဏာသက်စွာကြည့်ရှု၍

"ကျွတ် ကျွတ် ဒါဆို လူလေး ဒီလူကိုရှာဖွေရင်း တော်တော် ဒုက္ခရောက်ခဲ့တာပေါ့။ ဖွဲနဘဲလည်း အတော်ကြီးတာပဲ။ ဒီရွာမှာ တော့ ဦးဘိုးမှင်ဆိုတာ မရှိဘူးကွဲ့။ ဒါပေမယ့် အဘတို့ရွာအောက် ဘက်က ရွာတစ်ရွာမှာတော့ ဘိုးမှင်ဆိုတဲ့ အဘသူငယ်ချင်းတစ် ယောက်ရှိခဲ့ဖူးတယ်။ သူကတော့ ရန်ကုန်မှာဆိုလား၊ အညာဘက် မှာဆိုလား အိမ်ထောင်ကျပြီး မကြာသေးခင်ကပဲ သူ့ရွာမှာပြန်လာပြီး ဆုံးသွားရှာခဲ့ပြီကွဲ့။ ဒါနဲ့ .. နေပါဦး လူလေးရှာနေတဲ့ဦးဘိုးမှင်

www.burmeseclassic.com



ရဲ့ပုံစံမျိုးက ဘယ်လိုပုံစံမျိုးလဲ'' ဟု ပြောဆိုမေးမြန်းလိုက်လေရာ မောင်ကျော်ခေါင်မှာ အဘိုးကြီးပြောပြသော စကားများကြောင့် မျှော်လင့်ချက်အရောင်များ ဝင်းလက်သွားလျက် ငှင်းဦးလေး ဦးဘိုးမှင်၏ရုပ်ရည်ကို အနီးစပ်ဆုံး ပြောပြလိုက်လေတော့၏။ ထိုအခါအဘိုးကြီး

''အသားညိုညို တုတ်တုတ်ခိုင်ခိုင် မျက်လုံးပြူးပြူး ဟုတ်လား ဦးလေး။ ဒါဆိုရင်တော့ အဘသူငယ်ချင်းဘိုးမှင်ဟာ လူလေးဦးလေး များ ဖြစ်နေမလားမသိဘူး။ သူလည်း လူလေးပြောတဲ့ ရုပ်ရည်မျိုး ပဲကွဲ့'' ဟု ဆိုလိုက်ပြန်ရာ မောင်ကျော်ခေါင်က ၎င်းနောက်ဆုံး သတင်းရခဲ့သော ဦးဘိုးမှင်၏သတင်းကို စိတ်အားထက်သန်စွာ ပြောပြလိုက်ပြန်လေ၏။ ထိုအခါ၌လည်း အဘိုးကြီးက

''ဒါဆိုရင်တော့ နီးစပ်ပြီကွဲ့။ အခုဘိုးမှင်ဟာလည်း ရွာမှာ သူညီတစ်ယောက်ရှိတယ်။ နာမည်က ဘိုးတင်တဲ့။ ပြီးတော့ ပြီးခဲ့တဲ့ တစ်နှစ်နီးပါးလောက်က ဘိုးမှင်ရွာကို ပြန်ရောက်လာတာကွဲ့။ အခု ဆုံးသွားတာ (၃) လလောက်ပဲရှိသေးတယ်'' ဟု ဆိုလိုက်ပြန်ရာ မောင်ကျော်ခေါင်မှာ ဝမ်းသာသွားလျက်

''အညာဘက်မှာ အိမ်ထောင်ကျတာလည်းတူတယ်။ ပြီးခဲ့တဲ့



တစ်နှစ်နီးပါးလောက်ကဆိုတာလည်း ဟုတ်တယ်။ ရုပ်ရည်က လည်း တူတယ်ဆိုတော့ ကျွန်တော့်ဦးလေး ဦးဘိုးမှင်ဖြစ်ဖို့များတယ်။ ကျွန်တော့်ကို အဲဒီရွာလိုက်ပို့ပေးပါလားအဘ'' ဟု အဘိုးကြီးအား စိတ်အားထက်သန်စွာ ပြောလိုက်လေတော့၏။ ထိုအခါ အဘိုးကြီး က

''နေဦးကွ ... လူလေးဦးလေး ဟုတ်မဟုတ် အဘအရင် စုံစမ်းပေးပါ့မယ်။ မင်းဦးလေးမိန်းမ မင်းအဒေါ်နာမည် ဘယ်သူ တဲ့ကွ'' ဟု မေးမြန်းလိုက်ပြန်လေရာ

''ဒေါ်သိန်းကြွယ်တဲ့အဘ .. သူ့သားနဲ့သမီးလည်း ရှိတယ်။ မောင်ဘုန်းမြင့်နဲ့ နုနုတဲ့အဘ။ သူတို့အားလုံးကတော့ အညာရွာမှာ နေကတည်းက ဆုံးသွားခဲ့ကြတာ'' ဟု မောင်ကျော်ခေါင်က ပြောပြ လိုက်ပြန်လေ၏။ ထိုအခါ အဘိုးကြီးက

''အေးအေး .. သူ့မိန်းမက မသိန်းကြွယ်။ သူ့သားနဲ့သမီးက မောင်ဘုန်းမြင့်နဲ့နုနု ဟုတ်ပြီ။ အဘ ဘိုးတင်ဆီသွားပြီး စုံစမ်း ပေးမယ်။ ဘိုးတင်နဲ့ကလည်း အဘရင်းနှီးပါတယ်ကွယ်'' ဟု ပြောဆိုကာ နောက်တစ်နေ့တွင်ပင် တံငါသည်အဘိုးကြီးသည် ဦးဘိုးတင်နေထိုင်ရာ ရွာဘက်ဆီသို့ လှေကလေးဖြင့် ထွက်ခွာသွား ခဲ့လေတော့၏။ မောင်ကျော်ခေါင်မှာ အဘိုးကြီးထွက်ခွာသွားသည် နှင့် ရင်ထဲတွင် တဒိန်းဒိန်းဖြစ်လျက် ၎င်းဦးလေးဦးဘိုးမှင်ဖြစ်ပါစေ ဟု တစ်ဆုတောင်းတည်း ဆုတောင်းကာ ကျန်ရစ်နေခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်အရောက်တွင် အဘိုးကြီးပြန်ရောက်မလာသော အခါ မောင်ကျော်ခေါင်သည် အဘိုးကြီးထွက်ခွာသွားရာ ချောင်းဖျားဘက်ဆီသို့ စိတ်စောစွာ မျှော်ငေးနေသည်ဖြစ်၍ အဘိုးကြီး၏လှေကလေးကို မြင်သည်နှင့် ကမ်းဘက်မှ အပြေးလွှားသွား၍ ဆီးကြိုကာ

"အဘရေ .. ဟုတ်ရဲ့လား အဘ" ဟု မျှော်လင့်တကြီး အော်၍ မေးမြန်းလိုက်လေရာ လှေပေါ်မှအဘိုးကြီးကလည်း ဝမ်းသာ အားရအသံဖြင့်

"ဟုတ်တယ်ဟေ့ .. ဘိုးတင်ရဲ့အစ်ကို ဘိုးမှင်ဟာ လူလေး ရှာနေတဲ့ လူလေးဦးလေးပဲဟ" ဟု အော်၍ ပြန်ဖြေလိုက်လေတော့ ၏။ မောင်ကျော်ခေါင်မှာ အဘိုးကြီးဆီမှ အဖြေကိုကြားလိုက်ရ သည်နှင့် ဝမ်းသာလွန်းသဖြင့် 'ဟေး' ခနဲတစ်ချက်အော်ကာ မြေပေါ် ၌ ကျွမ်းသုံးလေးပတ်မျှ ထိုးမိလိုက်သည်အထိ အမြူး၍ သွားလေ တော့၏။ ထိုမှ မိမိ၏ချစ်သူ မာလျာ၏မျက်နှာလေးကို မြင်ယောင် ၍၄င်း၊ (၈) လကျော် (၉) လနီးပါးမျှ ဒုက္ခပေါင်းစုံခံကာ ရှာဖွေခဲ့ ရသည့်အဖြစ်များကို မြင်ယောင်၍၄င်း လက်သီးလက်မောင်းကို တန်းကာ

"ဟား ဟား တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ဆိုသလို နောက်ဆုံး တော့ ကျွန်တော်ရှာနေတဲ့ဦးလေးကို ပြန်တွေ့ရပြီဗျို့" ဟု ပြောဆိုကာ အားပါးတရ ရယ်မောလိုက်လေတော့သတည်း။ ။



# အကြံသမား မောင်ကျော်ခေါင်

နောက်တစ်နေ့တွင်မူ မောင်ကျော်ခေါင်သည် ကျေးဇူးရှင်တံငါ သည်အဘိုးကြီးအား ဦးချကာ ကန်တော့လျက်

"ကျွန်တော် အဘကျေးဇူးကို တစ်နေ့မှာ ပြန်လာဆပ်ပါဦး မယ်အဘ။ အခုတော့ ကျွန်တော့်မှာ ဒုက္ခကြားထဲက ခက်ခက်ခဲခဲ ဖြစ်နေရတဲ့အချိန်မို့ အဘကို အခုလိုလက်နဲ့ပဲ ကန်တော့နိုင်ပါတယ် အဘကျေးဇူးကို ကျွန်တော်တသက်မမေ့ပါဘူး" ဟု ဝမ်းသာအားရ ပြောဆိုလေရာ အဘိုးကြီးကပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး လူလေးရယ် ... အခုလို ကန်တော့တာနဲ့ အဘကျေနပ်ပါပြီ။ လူလေးဒုက္ခတွေကို အခုလိုပြီးဆုံးသွားတာကို အဘဝမ်းသာလို့မဆုံးပါဘူး။ ဒီလိုဆို ဘိုးတင်တို့ရွာကို အဘလိုက်ပို့စရာမလိုတော့ဘူးပေါ့။ လူလေး သွားတတ်တယ်နော်။ ရွာထဲဝင်တာနဲ့ ဦးဘိုးတင်အိမ်ဘယ်အိမ်လဲလို့ မေးလိုက်တာနဲ့ ရောက်ပါလိမ့်မယ်ကွယ်" ဟု ပြောဆိုလိုက်လေ၏။ မောင်ကျော်ခေါင်မှာ အဘိုးကြီးအား ပြောပြထားခြင်းမရှိသော မြကြီးကိစ္စကြောင့် စိတ်ထဲတွင် အကြံအစည်များရှိနေရကား ညကတည်းမှ ဦးဘိုးတင်ရွာသို့ သွားရောက်၍ အခြေအနေကို အဘိုးကြီးထံမှ မေးမြန်းထား ပြီးဖြစ်ကာ အဘိုးကြီးအား ဒုက္ခများ၍ လိုက်မပို့ရန် ကြိုတင်ပြောထားခဲ့ပြီးဖြစ်လေ၏။ ထိုအချိန် မောင်ကျော်ခေါင်၏အတွေးများထဲ၌ ၎င်း၏ဦးလေးဖြစ်သူ ဦးဘိုးမှင်သည် မသေခင် မြကြီးအား ရောင်းချပစ်ခဲ့သလော (သို့တည်းမဟုတ်) ၎င်း၏ညီဖြစ်သူ ဦးဘိုးတင်အား ပေးအပ်သွားခဲ့သလောဆိုသည်ကား အတိအကျ ဝေခွဲ၍မရသေးဘဲရှိနေလေရာ ၎င်းကိစ္စအား ပထမဦးဆုံးသိရှိအောင် စုံစမ်းရဦးမည်ဖြစ်၍ ဤကဲ့သို့ စီမံခဲ့ခြင်းဖြစ်လေ၏။ ထို့အပြင် မောင်ကျော်ခေါင်မှာ ထိုကိစ္စအား စုံစမ်းရန်အတွက် လက်ရှိစုတ်ပြတ်



နေသော မိမိအဖြစ်နှင့် ဦးဘိုးတင်ထံဝင်၍ မဖြစ်နိုင်ဟုလည်း ပါးနပ်သူတစ်ယောက်ပီပီ သိရှိနေလေ၏။ သို့ဖြစ်ရာ မောင်ကျော်ခေါင်သည် တံငါသည်အဘိုးကြီးအိမ်မှ ထွက်ခဲ့ပြီးသည်နှင့် ဦးဘိုးတင်ရှိရာရွာသို့ တိုက်ရိုက်မသွားသေးဘဲ ရန်ကုန်ဘက်သို့ ဦးစွာပြန်တက်ခဲ့လေတော့၏။ ထိုမှ မောင်ကျော်ခေါင်သည် နဂါးမာန်နေထွန်း၏ တပည့်တစ်ယောက်ဖြစ်၍ လူကုံတန်မိတ်ဆွေများ ပေါများခဲ့လေရာ မိမိနှင့်ခင်မင် ရင်းနှီးသော ရတနာကုန်သည်တစ်ယောက်အိမ်သို့ သွားရောက်ခဲ့လေ၏။ ဦးဘမြင့်ဟူသော ၎င်း၏မိတ်ဆွေ ရတနာကုန်သည်ကလည်း မောင်ကျော်ခေါင်အား မြင်တွေ့သည်နှင့် ဝမ်းသာအားရလက်ခံဆီးကြိုလျက်

"ဘယ်လိုဖြစ်လာတာလဲဗျ ကိုကျော်ခေါင်။ ခင်ဗျားပုံစံကြည့်ရတာ အသားတွေလည်းမည်း၊ လူလည်းပိန်ကပ်ပြီး မနည်းကြည့်ယူရတယ်" ဟု မောင်ကျော်ခေါင်၏ ရုပ်ရည်ကိုကြည့်ကာ မေးမြန်းလေရာ မောင်ကျော်ခေါင်က

"ဘယ်လိုဖြစ်လာတာလဲ မေးမနေနဲ့ ကိုဘမြင့်။ ကျုပ် ခင်ဗျားဆီမှာ တစ်ပတ်လောက်နေမယ်။ ပြီးတော့ လောလောဆယ် ကျုပ်ငွေ (၃) ထောင်လောက် လိုချင်တယ်ဗျာ။ ဘယ့်နှယ့်လဲ ဖြစ်ပါ့မလား" ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ကျော်ခေါင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေသော ကုန်သည်ကိုဘမြင့်က ပြုံးရယ်၍

"ဘာလို့ မဖြစ်ရမှာလဲ ကိုကျော်ခေါင်ရယ်။ ခင်ဗျားအနေနဲ့ ကျုပ်ကို ကူညီပေးခဲ့ဖူးတာတွေ အများကြီးရှိတာပဲ။ ပြီးတော့ ဆရာကြီး နဂါးမာန်နေထွန်းရဲ့ တပည့်ရင်းကြီးတစ်ယောက်လည်း ဖြစ်နေတယ်ဆိုတော့ လုပ်ပေးရမှာပေါ့ဗျာ ဟဲ ဟဲ" ဟု ပြောဆို၍ မောင်ကျော်ခေါင်အား ၎င်း၏အိမ်၌ ကောင်းမွန်စွာ လက်ခံဧည့်ဝတ်ပြုခဲ့လေတော့၏။ မောင်ကျော်ခေါင်သည် ရတနာကုန်သည် ကိုဘမြင့်၏နေအိမ်၌ တစ်ပတ်ခန့်ကောင်းမွန်စွာ နေထိုင်စားသောက်၍ အနားယူလိုက်သည်နှင့်ပင် ရန်ကုန်ရေမြေနှင့်ပြန်တွေ့၍ ၎င်း၏ အသားအရည်များမှာ သီသီသာသာပြန်လတ်၍ လာလေတော့၏။ ထို့အပြင် ရောက်သည်နှင့်ပင် ကိုဘမြင့်မှ ထုတ်ပေးသောပိုက်ဆံ သုံးထောင်ထဲမှ ငွေ (၅၀၀) ခန့်ကိုအိမ်အတွက် အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အစားများဝယ်ယူခြင်း၊ (၉) လကျော် (၁၀) လနီးပါးမျှ အနေအစားဆင်းရဲခဲ့ရခြင်းအတွက် ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက်ကာ အတိုးချစားသောက်ခြင်းများကို ပြုလုပ်ခဲ့လေတော့၏။ ထိုအတောအတွင်း မောင်ကျော်ခေါင်သည် တစ်ရံမလပ် ၎င်း၏စိတ်ထဲ၌ သတိရနေသော ချစ်သူမာလျာထံ သွားရောက်၍ တွေ့ဆုံရန် စိတ်ကူးမိသော်လည်း နောက်ဆုံး



တွင် ယောကျ်ားကတိအတိုင်း 'မြ' ကြီးပါမလာဘဲ မာလျာထံ မပြန်သေးဟု စိတ်ဆုံးဖြတ်ချက်ချ၍ ချစ်သူအပေါ် လွမ်းတမ်းတနေသည့်စိတ်ကို မြိုသိပ်ခဲ့လေ၏။

ဤသို့ဖြင့် မောင်ကျော်ခေါင်သည် မိတ်ဆွေဖြစ်သူ ရတနာကုန်သည်ကိုဘမြင့်ထံ၌ (၁၀) ရက်ခန့်နေထိုင်ပြီးသည်ရှိသော် ကိုဘမြင့်အား သင့်ရုံမျှအကျိုးအကြောင်းပြောပြခဲ့၍ မိမိကျေးဇူးရှင် တံငါသည်အတိုးကြီးရှိရာရွာကလေးသို့ ဦးစွာထွက်ခွာသွားလေတော့၏။

တံငါသည်အတိုးကြီး၏ တဲအိမ်ကလေးသို့ မောင်ကျော်ခေါင် ရောက်လေလျှင် အတိုးကြီးမှာ လက်ဆွဲအိတ်တစ်လုံးနှင့် ပြောင်ရောင်သော အဝတ်အစားများနှင့် တသွေးတမွေးပြန်ဖြစ်နေသော မောင်ကျော်ခေါင်အား ရုတ်တရက်ပြန်၍မမှတ်မိဘဲ ရှိနေလေ၏။ မောင်ကျော်ခေါင်မှ

"ကျွန်တော်လေ အဘရဲ့ မောင်ကျော်ခေါင်လေ" ဟု ပြောလိုက်မှ အတိုးကြီးမှာ ဝမ်းသာအားရဖြင့်

"ဟာ .. လူလေး ကြည့်စမ်း .. မင်းက ဒီပုံစံမျိုးနဲ့ဆိုတော့ အဘက ဘယ်မှတ်မိပါ့မလဲ" ဟု ပြောဆိုကာ မောင်ကျော်ခေါင်

www.burmeseclassic.com

www.burmeseclassic.com



အား ပွေ့ဖက်လိုက်လေတော့၏။ ထို့နောက်မှ အဘိုး ကြီးက မောင် ကျော်ခေါင်အား အကျိုးအကြောင်းများကို မေးမြန်းလေရာ မောင်ကျော်ခေါင်မှာ သင့်တော်သလိုပင် အလိမ္မာသုံးကာ ပြောဆို၍ အဘိုးကြီးအား ငွေ (၅၀၀) နှင့်ဝယ်လာသော လက်ဆောင်ပစ္စည်း မုန့်ထုတ်များဖြင့် ကန်တော့ခဲ့လေတော့၏။ ထိုအခါ အဘိုးကြီးက မျက်ရည်လေးစမ်းစမ်းဖြင့် သာခုခေါ်ကာဆုပေး၍ မောင်ကျော်ခေါင် အား နောင်တွင်အချိန်မရွေး မိမိထံသို့ လာရောက်လည်ပတ်နိုင် ကြောင်းများကို ပြောဆိုလေ၏။ မောင်ကျော်ခေါင်ကလည်း ၎င်း၏ကျေးဇူးများကို မမေ့ပါကြောင်း နောင်တွင်လည်း အလျှင်းသင့်သလို လာရောက်၍ လည်ပတ်ပါမည့်အကြောင်းများ ကို ပြန်လည်ပြောဆိုကာ အဘိုးကြီး၏တဲအိမ်လေး၌ တစ်ညအိပ် ခဲ့ပြီးလျှင် နောက်တစ်နေ့နံနက်စောစောအချိန်၌ ဦးဘိုးတင်ရှိရာ ရွာဘက်သို့ ထွက်ခွာခဲ့လေတော့သတည်း။ ။

♣ ♣ ♣ ♣



# အကြံခြေလှမ်းစပြီ

မောင်ကျော်ခေါင်သည် ဦးဘိုးတင်နေထိုင်သောရွာသို့ ရောက် သည်နှင့် ပထမဦးဆုံးရွာလူကြီးနှင့် သွားရောက်တွေ့ဆုံကာ မိမိမှာ ရန်ကုန်မှလာသည့် ရတနာကုန်သည်တစ်ယောက်ဖြစ်ကြောင်း ခရီးသွားရင်း အလျှင်းသင့်သဖြင့် ဤရွာကလေးသို့ ရောက်ရှိ လာခဲ့ကြောင်း၊ ဤရွာကလေးမှာ သစ်ပင်ဝါးရိပ်များဖြင့် သာယာ နေချင်စဖွယ်ရှိကြောင်းများကို စကားပြောကောင်းသူတစ်ယောက်

www.burmeseclassic.com



ဝီဝီ ပြောဆို၍ မိတ်ဖွဲ့ခဲ့လေ၏။ ထိုအခါ ရွာလူကြီးမှာလည်း မောင်ကျော်ခေါင်၏ ရုပ်ရည်အဝတ်အစားကို ကြည့်ရှုအကဲခတ်ကာ အထင်တကြီးဖြစ်နေသည့်အပြင် မိမိ၏ရွာအား ချီးမွမ်းသဖြင့် များစွာ သဘောကျသွားလျက်

"ကိုရင်တို့ မြို့ကြီးသားတွေအဖို့တော့ ကျုပ်တို့ တောရွာလေးဟာ အမြင်တစ်မျိုးနဲ့ သာယာတာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်တို့ ကျပြန်တော့လည်း ကိုရင်တို့လို မြို့ကြီးသားတွေလို ဝိုက်နဲ့ဆိုက်နဲ့ မြို့ကြီးပြကြီးမှာ နေချင်ကြတာဗျ" ဟု ပြောဆိုလေရာ မောင်ကျော်ခေါင်က

"မြို့ကြီးပြကြီးတွေဟာ အမြင်သာကြီးတာပါနောင်ကြီးရာ။ တကယ်တမ်းက နောင်ကြီးတို့ရွာလေးတွေလို လွတ်လပ်မှု၊ သာယာမှုမရှိဘူးခင်ဗျ" ဟုဆိုကာ မြို့ပြများ၏ မွန်းကျပ်စိတ်ညစ်ဖွယ် အကြောင်းအရာများကိုပြောခြင်း တောရွာများ၏ သာယာလွတ်လပ်သော အကြောင်းများကို အမွှမ်းတင်ပြောခြင်းများကို ပြုလုပ်ပြန်လေရာ ရွာလူကြီးမှာ မောင်ကျော်ခေါင်အား သဘောကျသည်ထက်ကျ၍

"ဒါနဲ့ကိုရင် ဒီရွာမှာ အသိအကျွမ်းများရှိလို့လာတာလား" ဟု မေးမြန်းလေ၏။



"အသိအကျွမ်းရယ်မရှိပါဘူး နောင်ကြီးတို့ရွာလေးက စိမ်းစိမ်းစိုစိုနဲ့ နေချင်စဖွယ်ဖြစ်နေလို့ အလျှင်းသင့်တာနဲ့ ဝင်လာကြည့်တာပါ။ အသိအကျွမ်းများရှိရင်တော့ ဘယ်ပြောကောင်းမလဲ နောင်ကြီးရယ်။ ဒီရွာကလေးမျိုးမှာ တစ်ပတ်၊ ဆယ်ရက်တော့ အပန်းဖြေနေမိမလားဘဲ" ဟု မောင်ကျော်ခေါင်အား ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ရွာလူကြီးက

"ဒါများကိုရင်ရယ် ... ကိုရင် နေသွားချင်သပဆိုရင် ကျုပ်အိမ်မှာ ကြိုက်သလောက်နေသွားစမ်းပါ။ ကျုပ်အိမ်မှာ ကိုရင်လိုလူမျိုးကို တစ်ပတ်ဆယ်ရက်မဟုတ်ဘူး။ တစ်လကိုးသီတင်းလည်း တင်ကျွေးနိုင်ပါတယ်ဗျ" ဟုဆိုလိုက်လေရာ မောင်ကျော်ခေါင်မှာ မိမိဆင်ထားသောအကွက်ထဲသို့ ဝင်လာပြီဖြစ်၍ ဤကဲ့သို့ ခွင့်ပြုမည်ဆိုလျှင် အတိုင်းမသိ ဝမ်းသာမိပါကြောင်း၊ မိမိမှာလည်း ဤဒေသများဘက်သို့ မိတ်ဆွေတစ်ယောက်ထံ အေးအေးဆေးဆေး အနားယူရန် လာရောက်ခဲ့ကြောင်း။ သို့သော် မိမိ၏မိတ်ဆွေမှာ လွန်ခဲ့သည့်တစ်လခန့်ကမှ ရန်ကုန်သို့ ပြောင်းရွှေ့သွားသဖြင့် မတွေ့ခဲ့ရတော့ကြောင်းများကို လှည့်ပတ်၍ ပြောဆိုလေရာ ရိုးသားသည့် တောသူတောင်သားများဖြစ်ကြသော ရွာလူကြီးမိသားစုမှာ မောင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်ပြောသမျှအား ယုံကြည်သွားလျက် ၄င်းတို့အိမ်၌ မောင်ကျော်ခေါင်အား ဝမ်းသာအားရ လက်ခံထားလေကုန်တော့၏။ ထိုအခါ မောင်ကျော်ခေါင်မှလည်း မိမိရန်ကုန်က ထွက်လာစဉ်ကတည်းက ကြိုတင်စည်းအကွက်ချထားခဲ့သည့်အတိုင်း စတင်ဝယ်လာခဲ့သည့် မြို့လက်ဆောင်ပစ္စည်းများကို ရွာလူကြီး မိသားစုထံ ပေးအပ်ခဲ့လေတော့၏။

ထိုအခါ ရွာလူကြီးအမည်မှာ ကိုရွှေအိုးဟုခေါ်၍ အသက်လေးဆယ်ကျော်ခန့် ဖော်ရွေသဘောကောင်းသော မျက်နှာထားရှိကာ ၄င်း၏မိန်းမ၏အမည်မှာ မငွေဟုခေါ်လျက် ပုပုဝိုင်းဝိုင်းဖြင့် စိတ်သဘောထားဖြူစင်သော မျက်နှာမျိုးရှိလေ၏။ ထို့အပြင် ၄င်းတို့၌ (၁၂) နှစ်၊ (၁၃) နှစ်အရွယ် ဖြူဝိုင်းဟူသော သမီးလေးတစ်ယောက် (၇) နှစ်အရွယ်ခန့်ရှိ မောင်တိုးဟူသော သားငယ်လေးတစ်ယောက်ရှိလေ၏။ မောင်ကျော်ခေါင်သည် ကိုရွှေအိုးတို့အိမ်ကလေး၌ နေထိုင်ရင်းဖြူဝိုင်းနှင့် မောင်တိုးတို့ကလေးနှစ်ဦးအား ပုံပြင်များပြောပြခြင်း၊ ရွာထဲသို့ ကလေးနှစ်ယောက်ဖြင့် လည်ပတ်ခြင်းများကို ပြုလုပ်လေ၏။ ထိုမှ ကိုရွှေအိုးတို့ လင်မယားနှစ်ယောက်အပြင် အခြားရွာသားများနှင့်လည်း နှစ်လိုခင်မင်ရွာ



ပေါင်းသင်းမိတ်ဖွဲ့၍ ရွာဦးကျောင်းဘုန်းကြီးထံသို့ သွားရောက်၍ လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်း၊ ရွာရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များသို့ ငွေများလှူဒါန်းခြင်းများကို ပြုလုပ်ပြန်လေရာ များမကြာမီ တစ်ရွာလုံးမှ မောင်ကျော်ခေါင်အား မသိသူမရှိဖြစ်၍ သွားလေတော့၏။ ထိုအခါ မောင်ကျော်ခေါင်သည် အထူးသဖြင့် ရွာရှိကာလသားအဖွဲ့များနှင့် ပိုမိုရင်းနှီးစွာပေါင်းသင်း၍ ပိုက်ဆံငွေကြေးအကုန်အကျခံကာ မိတ်ဖွဲ့ခဲ့လေ၏။ ဤသို့ဖြင့် မောင်ကျော်ခေါင်သည် ရွာကလေး၌ တစ်ပတ်ခန့်နေထိုင်ပြီးသောအခါ ရွာခံကာလသားများထံမှ ဦးဘိုးတင်၏အကြောင်းများကို အတော်အတန် သိရှိပြီဖြစ်လေတော့၏။ ထိုအခါ ဦးဘိုးတင်မှာ ရွာထဲ၌ ကြေးရတက်ပိုင်ရှင်တစ်ဦးဖြစ်၍ ရွာလယ်ရှိ ဖျဉ်ထောင်သွပ်မိုး အိမ်ကြီး၌ ယခုအချိန်ထိ အိမ်ထောင်မရှိ၊ လူပျိုကြီးတစ်ယောက်အဖြစ် နေထိုင်နေကြောင်း၊ စာပေနှင့်ရှေးဟောင်းပစ္စည်းများအပေါ် လေ့လာစုဆောင်းတတ်သည့် ဝါသနာရှိကြောင်းများ အစရှိသည့် ဦးဘိုးတင်နှင့် ပတ်သက်သော အကြောင်းအရာများကို အတွင်းကျကျ လေ့လာမှတ်သားထားပြီဖြစ်ပေ၏။ ထိုမှ တစ်ရက်တွင်မူ ဦးဘိုးတင်နှင့် ရင်းနှီးသောရွာခံလူကြီးတစ်ယောက် အကူအညီဖြင့် ဦးဘိုးတင် အိမ်သို့ သွားရောက်ကာ မိတ်ဆွေဖွဲ့ခဲ့လေတော့၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးတင်မှာလည်း မောင်ကျော်ခေါင်၏ ဥပတိရုပ်သန့်ပြန်ချောမောခြင်း၊ စကားပြောကောင်းခြင်း၊ ၎င်းဝါသနာရှိရာ စာပေနှင့်ရှေးဟောင်းပစ္စည်းများအကြောင်းကို ဗဟုသုတကြွယ်ဝစွာ ပြောဆိုနိုင်ခြင်းများကြောင့် မကြာတင်မီ မောင်ကျော်ခေါင်နှင့် ခင်မင်ရင်းနှီးသော အခြေအနေသို့ ရောက်ရှိသွားလေတော့၏။ ထိုအချိန်မှစ၍ မောင်ကျော်ခေါင်သည် ဦးဘိုးတင်လက်ထဲ၌ မြကြီးရှိနေမနေတို့စတင်၍ စုံစမ်းထောက်လှမ်းရန် လုပ်ငန်းစခဲ့လေတော့၏။ တစ်ရက်တွင်မူ မောင်ကျော်ခေါင်သည် ဦးဘိုးတင်ထံသို့သွားရောက်ထားစကားများပြောနေရင်းမှ မိမိမှာ ရတနာကုန်သည်ဖြစ်ကြောင်းနှင့်ရတနာပစ္စည်းများအကြောင်းကို ရည်လည်စွာပြောပြ၍

"ကျွန်တော့်တသက်တော့ဦးရယ် .. ရှမ်းပြည်ဘက်ထကုန်သည်တစ်ယောက်ပြူးတဲ့ မြတစ်လုံးကို မျက်လုံးထဲက မထွက်ဘူး။ ကောင်းလိုက်တဲ့အရည်အသွေးဆိုတာ .. ဘယ်လိုပြောရမှန်းတောင်မသိဘူး။ သူ့အရည်အသွေးက အခြားမြတွေကို ရှုံးရှုံးစိမ်းတဲ့အရောင်မဟုတ်ဘူးဦးရဲ့ .. ဘယ်လိုအစိမ်းရောင်မျိုးနဲ့မှ မတူတဲ့အရည်အသွေးများကိုခင်ဗျ။ ကျွန်တော်ထင်တယ်လေ။ ဒီမြန်မာပြည်ထဲမှာတော့ ဒီလောက်အရည်အသွေးကောင်းတဲ့ 'မြ' မျိုး နောက်တစ်လုံးမရှိနိုင်တော့ဘူးလို့လေ။ ဦးကိုများ ပြလိုက်ချင်စမ်းတယ်



တကယ်ဗျာ သူ့တန်ကြေးကလည်း အနည်းဆုံး (၄) (၅) သိန်းကလေး အောက်ထစ်ပဲခင်ဗျ" ဟုဆိုလိုက်လေရာ ဦးဘိုးတင်မှာ မောင်ကျော်ခေါင်၏စကားကြောင့် ခပ်မဲ့မဲ့တစ်ချက်ပြုံး၍

"ဟုတ်ပါ့မလား မောင်ကျော်ခေါင်ရယ်။ ကျုပ်တို့ပြည်ထဲမှာ ဒီလိုအရည်အသွေးညှနဲ့ပေ့ထိပ်ပေ့ဆိုတဲ့ အခြားမြတွေလည်း ရှိဦးမှာပေါ့" ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ကျော်ခေါင်က

"အခုကျွန်တော်ပြောတဲ့'မြ'ကိုဦးကိုယ်တိုင် မျက်မြင် ကိုယ်တွေ့မမြင်ဘူးသေးလို့ ဒီလိုပြောတာပါဦးရယ်။ တကယ်များသာ မြင်ဖူးကြည့်။ ကျွန်တော်ပြောတာကို ဦးလက်ခံသွားမှာမယ်။ ကျွန်တော်ကတော့ ဒီလိုမြမျိုးဘယ်နည်းနဲ့မှ နောက်တစ်လုံးမရှိနိုင်တော့ဘူးလို့အတပ်ပြောရဲတယ်" ဟု ပြောလိုက်လေရာ ဦးဘိုးတင်က

"နေစမ်းပါဦး မောင်ကျော်ခေါင်ရဲ့ ... မောင်ရင်ပြောနေတဲ့မြက ဘယ်အရွယ်အစားလောက်ရှိလို့လဲ" ဟု မေးလိုက်ပြန်လေလျှင် မောင်ကျော်ခေါင်က ၎င်းအကွက်ချစီမံထားသော အကြံအတိုင်း

"ဘယ်အရွယ်လောက်ရှိတယ်ဆိုတာလည်း ဦးကိုပြောရင်အံ့သြသွားမယ်။ ကလေးတွေ ကစားတဲ့ ကျောက်ဒိုးလုံးလောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ခင်ဗျ။ ဒီအရွယ်အစားဟာ နည်းတာမဟုတ်ဘူး။ သာမန် တွေ့ဖူးသမျှ အကြီးဆုံးဆိုတဲ့ 'မြ' တွေတောင် အလွန်ဆုံးရှိ လက်မ တစ်ဆစ်သာသာတွေရှည်းမဟုတ်လားခင်ဗျ'' ဟု ဆိုလိုက်လေ ပြန်၏။ ထိုသို့ ဆိုလိုက်ရင်းမှလည်း မောင်ကျော်ခေါင်သည် ဦးဘိုးတင်၏မျက်နှာကို အကဲခတ်ကြည့်ရှုကာ စိတ်ထဲမှ ကျေနပ် သွားလေတော့၏။ အမှန်ကား မောင်ကျော်ခေါင်မှာ အကယ်၍ ဦးဘိုးတင်ထံ၌ မြကြီးရှိနေပါက မခံချင်စိတ်ဖြင့် ထုတ်၍ပြစေရန် ရည်ရွယ်ချက်ဖြင့် အထက်ပါကဲ့သို့ တမင်တကာလုပ်ကြံ၍ မခံချင် အောင် ပြောဆိုနေခြင်းပင်ဖြစ်ပေတော့၏။

ထိုအချိန် ဦးဘိုးတင်မှာကား မောင်ကျော်ခေါင်၏ အကြံကို မသိရှာလေဘဲ စိတ်ထဲတွင်မရိုးမရွနှင့် မခံချင်ဖြစ်လာလျက်

''မောင်ကျော်ခေါင်အဖြစ်က မမြင်ဘူးတော့ မူးကိုမြစ်ထင်နေ ပဲ။ တကယ်လို့ ကြက်ဥတစ်လုံးလောက် မရှိတရှိအရွယ် အရ မောင်ရင်ပြောသလို ဘယ်လိုအစိမ်းရောင်လို့ ပြောရမှန်းတောင် မသိတဲ့မြကြီးမျိုးရှိနေတယ်ဆိုရင် မောင်ရင် ယုံနိုင်ပါ့မလား'' ဟု မေးလိုက်လေတော့၏။ ဦးဘိုးတင်၏အမေးကြောင့် မောင်ကျော်ခေါင် မှာ ထိတ်ခနဲဝမ်းသာသွားလျက် အမှန်ပင် ၎င်း၏ဦးလေးဖြစ်သူ



ဦးဘိုးမှင်သည် မြကြီးအား မသေမီ ဦးဘိုးတင်၏လက်အတွင်း သို့ ပေးအပ်သွားခဲ့လေပြီဟု တစ်ထစ်ချမှတ်ယူလိုက်ကာ ဦးဘိုးတင် ၏စိတ်ကို ထပ်မံ၍ဆွလိုက်၍

''မဖြစ်နိုင်ပါဘူးဦးရယ် .. အဲဒီလောက်ကြီးတဲ့မြကြီးမျိုး ကျွန်တော်ဖြင့် ကြားတောင်မကြားဖူးဘူး။ ဒါပေမယ့် အမှန်တကယ် ရှိနေတယ်ဆိုရင်တော့ အံ့ဘွယ်ဘနမ်းပဲပေါ့ခင်ဗျာ'' ဟု ပြောလိုက် ပြန်၏။ ထိုအခါ ဦးဘိုးတင်က ဟက်ခနဲတစ်ချက်ရယ်၍

''ကဲ .. ကျုပ်အနေနဲ့ ဘယ်သူ့ကိုမှမပြဘူးလို့နေတာ မောင်ရင်လို ရတနာကုန်သည်တစ်ယောက်ကို အံ့ဩဘနမ်းဖြစ် အောင် ပြရသေးတာပေါ့'' ဟုဆိုလျက် ၎င်း၏အိမ်အတွင်းခန်းထဲ သို့ ဝင်ရောက်သွားလေတော့၏။ ထို့နောက်မှ ပြန်ထွက်လာလျှင် နို့ဆီဘူးခန့်အရွယ် ယွန်းအစ်တစ်လုံးကို ယူဆောင်လာလျက်

''ကဲ .. ကြည့်ပါဦး မောင်ကျော်ခေါင်ရဲ့'' ဟုဆိုကာ ယွန်းအစ် အဖုံးကို ဖွင့်ပြလိုက်လေတော့၏။ ထိုအခါ အထဲ၌ ဝါဂွမ်းများဖြင့် ထည့်ထားသော ထူးခြားသည့်အစိမ်းရောင်များ တဖိတ်ဖိတ်လျှံထွက် နေသော အစိမ်းရောင်မျက်လုံးမြကြီးအား မောင်ကျော်ခေါင်သည် အံ့ဩ ဝမ်းသာဖွယ် မြင်တွေ့လိုက်ရလေတော့၏။ ထိုမှ မောင်ကျော်ခေါင် သည် ဝမ်းသာသွားသောမျက်နှာကို မရိပ်မိစေရန် ရုတ်တရက်ပြင်၍

www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာမှ အံ့သြသွားသောမျက်နှာမျိုးဖြင့် သရုပ်ဆောင်ကာ အမလေး အဘာလေးတ၍ မြကြီးအား အမျိုးမျိုးချီးမွမ်းသောစကားများကို ပြောလိုက်လေတော့၏။ ဦးဘိုးတင်မှာမူ မောင်ကျော်ခေါင်အား လွှန်စွာမှ အားရကျေနပ်စွာ ကြည့်ရှု၍

"ကိုင်း ... ဘယ့်နှယ့်လဲ မောင်ကျော်ခေါင်ရဲ့။ မောင်ရင် ပြောတဲ့မြဆိုတာ ဒီမြကြီးထက်ဝက်ကိုတောင် မှီပါ့မလား။ ဒီမြကြီးက နှယ်နှယ်ရရမြကြီးမဟုတ်ဘူး။ ကျုပ်အစ်ကို ဆရာတစ်ယောက် အသက်နဲ့လဲပြီး ခက်ခက်ခဲခဲ တိဗက်ပြည်ကရလာခဲ့တဲ့မြကြီးပဲ" ဟု ပြောဆိုကာ ၄င်းအစ်ကို ဦးဘိုးမှင်မသေမီမြကြီးအား ၄င်းလက်ထဲသို့ အပ်သွားခဲ့ပုံများကို အရသာခံ၍ ပြောပြနေလေတော့၏။

ထိုအချိန် မောင်ကျော်ခေါင်မှာကား ရင်ထဲတွင် ကုလားဘုရားပွဲလှည့်သကဲ့သို့ ဝမ်းသာနေလျက် ဦးဘိုးတင်ထံမှ မြကြီးအား မည်ကဲ့သို့ အရယူရမည်ကို စဉ်းစားကာ ရှိနေလေတော့သတည်း။

▲ ▲ ▲ ▲



## မောင်ကျော်ခေါင်၏ အစီအမံ

မောင်ကျော်ခေါင်သည် ဦးဘိုးတင်အိမ်ကြီးမှပြန်ခဲ့ပြီး မြကြီးအား မည်ကဲ့သို့အရယူရမည်ကို စဉ်းစားအကြံထုတ်လျက် ရွာလူကြီးကိုရွှေအိုး၏ အိမ်အမိုးလေးအောက်၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်ကာ အကောင်းဆုံး၊ အသေသပ်ဆုံးနည်းကို ရွေးချယ်နေလေတော့၏။ ဤသို့ဖြင့် (၂) ရက်ခန့်ရှိလေလျှင် ရွာမြောက်ဖျား

www.burmeseclassic.com



ပိုင်းရှိ မောင်ကျော်ခေါင်နှင့် ကောင်းစွာရင်းနှီးနေပြီဖြစ်သော အိမ်တစ်အိမ်မှ ရဟန်းခံရှင်ပြုပွဲပြုလုပ်မည့် အလှူပွဲတစ်ခုရှိလာလေရာ မောင်ကျော်ခေါင်သည် ၄င်းယခင်က ပုသိမ်မြို့အောက်ဘက်ရှိ ရွာတစ်ရွာတွင် အသုံးပြုခဲ့ဖူးသော နည်းတစ်ခုကိုသွား၍ အမှတ်ရလိုက်မိလေတော့၏။ ထိုစဉ်ကလည်း မောင်ကျော်ခေါင်သည် လူတစ်ဦးထံမှ မြတစ်လုံးအား ၄င်း၏ဆရာကြီး နဂါးမာန်နေတွန်းအတွက် ပရိယာယ်သုံး၍ အရယူပေးခဲ့ဖူးလေ၏။ ယခုချိန်၌လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် မြကြီးကိုအရယူရမည့်အရေးနှင့် အလှူပွဲတစ်ခုလာ၍ ကြုံကြိုက်နေပြန်ရာ မောင်ကျော်ခေါင်သည် တစ်ချက်ပြုံး၍

"ဒီတစ်ခါလည်း အရင်နည်းအတိုင်းလုပ်ရတော့မှာပဲ။ ကံကြွေကလည်း တိုက်ပဲတိုက်ဆိုင်လွန်းလှတယ်" ဟု စိတ်ထဲမှ ရေရွတ်လိုက်လေတော့သတည်း။ ။

▲ ▲ ▲ ▲



မောင်ကျော်ခေါင်သည် နောက်တစ်ရက်မှစ၍ အိမ်ရှင်ရွာလူကြီး ကိုရွှေအိုးတို့လင်မယားထံ အကျိုးအကြောင်းပြောဆို၍ အလှူအိမ်သို့ သွားရောက်ကူညီလုပ်ကိုင်ပေးမည့်အကြောင်းကို ပြောဆိုခဲ့လေ၏။ ထိုအခါ ကိုရွှေအိုး၏မိန်းမ မငွေက

"ကိုကျော်ခေါင်တို့များ ဒီဘဝမြို့ကြီးပြကြီးမှာ ချမ်းချမ်းသာသာနေနေရတာတောင် လောဘကြီးလွန်းလှတယ်" ဟု ပြောဆိုလိုက်လေရာ

"ဘာဖြစ်လို့လဲအစ်မရဲ့" ဟု မောင်ကျော်ခေါင်က မေးလိုက်လေ၏။ ထိုအခါ မငွေက

"ဘာဖြစ်ရမလဲ။ အလှူအိမ်သွားပြီး ကူညီလုပ်ကိုင်ပေးဦးမယ်ဆိုတော့ နောင်ဘဝကို မာယာကြီးလို့ သိကြားမင်းဖြစ်အောင်လုပ်ဦးမလို့မဟုတ်လား" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်မှာ သဘောကျစွာ ရယ်မောရသေးတော့၏။ သို့သော် စိတ်ထဲကမူ

"မဟုတ်ဘူးအစ်မရေ ‥ နောင်ဘဝ သိကြားမင်းဖြစ်ဖို့ရေးထက် အခုဘဝကျုပ်ချစ်သူမာလျာနဲ့ မြန်မြန်နီးစပ်ဖို့အရေးအတွက် လုပ်ရတာပါ" ဟု ပြောလိုက်မိလေတော့၏။

ဤသို့ဖြင့် နောက်တစ်ရက်တွင်မူ မောင်ကျော်ခေါင်သည် ရွာမြောက်ဖျားရှိ အလှူအိမ်သို့ ရောက်ရှိသွားကာ ညအိပ်ညနေ

www.burmeseclassic.com



နေထိုင်၍ အလှူအတွက် ဝေယျာဝစ္စအလုပ်များကို ကူညီလုပ်ကိုင်ပေးနေလေတော့၏။ ထိုအခါ ရွာသားများနှင့် အလှူရှင်ကိုယ်တိုင်မှာလည်း မောင်ကျော်ခေါင်နှင့် ရင်းနှီးနေကြလေရာ မဏ္ဍပ်ထိုးရာနေရာ၌၎င်း၊ ရွာဦးကျောင်းမှ ပန်းကန်ခွက်ယောက်များသယ်ရာ၌၎င်း၊ ရွာတုံမှော်ရုံမှ စားပွဲဝိုင်းများကြမ်းနှင့် ထမင်းအိုးကြီး၊ ဟင်းအိုးကြီးများ သယ်ရာ၌၎င်း၊ မောင်ကျော်ခေါင်သည် ကာလသားများနှင့် အတူ ဒွေးရောယှက်တင် ယေားလားဝါးလား နောက်ပြောင်ကျီစယ်လျက် ဟိုနေရာတကားကား၊ ဒီနေရာတစ်လှည့်လှည့်ဖြင့် လုပ်ကိုင်နေလေတော့၏။ ဤသို့ဖြင့် အလှူဝင်ရန်နှစ်ရက်အလို၌ကား မောင်ကျော်ခေါင်သည် အလှူရှင်ကိုမှန့်လုံးနှင့် ရွာရှိသက်ကြီး ရွယ်ကြီးလူများ စကားဝိုင်း၌ စကားပြောဆိုနေရင်း မိမိမှာလည်း ဤနှစ်ပိုင်း၌ ကံဇာတာညှိုးနေသဖြင့် ရပ်ခန်းခံရလျှင်ကောင်းမည်ဖြစ်ကြောင်း ပြောဆိုလေရာ အလှူရှင်ကိုမှန့်လုံးကလည်း လိုလိုလားလားနှင့်ပင်

"ကောင်းတာပေါ့ကိုကျော်ခေါင်ရယ်။ ဒီလိုဆို မနက်ဖြန်မြို့တက်ပြီး သင်္ကန်းပရိက္ခရာတွေဝယ်ရင်း တစ်ခါတည်းကိုကျော်ခေါင်အတွက် ရှင်တစ်ပါးစာ ပိုဝယ်လာခဲ့မယ်" ဟု ပြောဆိုလိုက်လေ၏။



ထိုအခါ မောင်ကျော်ခေါင်က

"မနက်ဖြန် မြို့တက်ပြီး သင်္ကန်းပရိက္ခရာနဲ့ လိုအပ်တဲ့ပစ္စည်းတွေ ကျွန်တော်တက်ဝယ်ပေးပါ့မယ်။ ဝယ်မှာကလည်း ကျွန်တော်ရန်ကုန်အထိ တက်ဝယ်ပေးမယ်" ဟု ပြောဆိုကာ ငွေညနေတွင်ပင် လှူသူအများရှေ့၌ ကတုံးတုံးလိုက်လေတော့၏။ ထို့နောက်မှနောက်တစ်နေ့မနက်တွင် အလှူအတွက် သင်္ကန်းပရိက္ခရာများနှင့် လိုအပ်သောပစ္စည်းများ တက်ဝယ်မည်ဟု အကြောင်းပြပြီး ရန်ကုန်သို့ တက်ခဲ့လေတော့၏။ ရန်ကုန်သို့ရောက်လျှင် လိုအပ်သောပစ္စည်းများ အလျှင်အမြန်ဝယ်ယူ၍ ငွေအတွက် သစ္စာခံစိတ်ချရသော လူသုံးဦးကို သွားရောက်ရှာဖွေခေါ်ဆောင်ကာ ရွာကလေးဆီသို့ ပြန်ဆင်းခဲ့လေတော့၏။ ထိုအခါ မောင်ကျော်ခေါင်သည် မိမိ၏လူသုံးယောက်အား မိမိ၏ကျေးစူးရှင် တံငါသည်အဘိုးကြီး၏တဲအိမ်တွင် ထားရစ်ခဲ့ပြီးမှ အလှူအိမ်ရှိရာရွာသို့ ပစ္စည်းများနှင့် ပြန်လေ၏။ ထိုအတောအတွင်း မောင်ကျော်ခေါင်သည် မိမိ၏လူသုံးယောက်အား လုပ်ဆောင်စီမံရမည့် အခြေအနေများကို လမ်း၌ အကွက်ချပြောဆိုထားပြီးဖြစ်လေ၏။ မောင်ကျော်ခေါင်မှာ အလှူအိမ်ရှိရာ ရွာလေးသို့ နံနက် (၁၀) နာရီခွဲခန့်

www.burmeseclassic.com



အချိန်တွင် ရောက်ရှိသွားလေတော့၏။ ထိုအချိန် အလှူအိမ်၌ မနက်ဖြန် အလှူကြီးနေ့ဖြစ်၍ ဒန်အိုး၊ ဒယ်အိုးကြီးများဖြင့် ထမင်းဟင်းများကို ချက်ပြုတ်နေကြပြီဖြစ်၏။ ရွာရှိ ကာလသမီး မိန်းမပျိုများမှာလည်း ကြက်သွန်ခွာသူခွာ၊ ဆန်ပြာသူပြာ အစရှိသော အလုပ်များဖြင့် အလုပ်ရှုပ်နေကြကုန်လေ၏။ မောင်ကျော်ခေါင်သည် ရန်ကုန်မှ ဝယ်လာခဲ့သော သင်္ကန်းပရိက္ခရာပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ငှားလာခဲ့သော လှေသမားနှင့်အတူ အလှူအိမ်တွင်ချ၍ ခရီးရောက်မဆိုက်ပင် ထမင်းဟင်းချက်ပြုတ်သည့် အလုပ်များတွင် ဝင်ရောက်၍ လုပ်ကိုင်လေတော့၏။ ကတုံးပြောင်ပြောင်နှင့် တတက်တအား ကူညီလုပ်ကိုင်ပေးနေသော မောင်ကျော်ခေါင်အားကြည့်၍ အလှူရှင်ကိုမှန့်လုံးနှင့် ရွာလူကြီးများမှာ ချီးမွမ်း၍ မဆုံးအောင်ရှိလေ၏။ ဤသို့ဖြင့် မောင်ကျော်ခေါင်သည် တစ်နေကုန် အလှူရှင်နှင့် ရွာသားများရှေ့၌ ဝေယျာဝစ္စအလုပ်များအား လုပ်ကိုင်ပေးနေလေတော့၏။ ညနေရောက်လျှင် အလှူရှင်အိမ်မှ ဝေယျာဝစ္စလုပ်ပေးကြသူများအား ဝက်ရိုးဘူးသီးဟင်း၊ သရက်ချဉ်သုပ်များဖြင့် ထမင်းကျွေးလေ၏။ ထိုအခါ၌လည်း မောင်ကျော်ခေါင်သည် ယောက်ချိုတစ်ချောင်း၊ ဟင်းချိုင့်တစ်လုံးဖြင့် ဟင်းပွဲလိုက်



သော အလုပ်ကိုလုပ်ကိုင်ကာ နောက်ဆုံးမှထမင်းစားလေ၏။

ထို့မှ မနက်အလှူကျွေးရန်အတွက် ထမင်းများချက်ပြုတ်သည့်နေရာတွင် ထမင်းချက်ရွာသားများနှင့် ဟောလားဝါးလား နောက်ပြောင်ပြောဆိုရင်း ဝင်ရောက်ကူညီလုပ်ကိုင်ပြန်လေ၏။ ထိုအခါ အလှူရှင်ကိုမှန့်လုံးက

"ကိုကျော်ခေါင်တို့များ ကျုပ်တို့ကြည့်နေတာ။ မြို့ကမနက်ကတည်းက ပြန်ရောက်လာကတည်းက တစ်စက်ကလေးမှ မနားသေးဘူး။ နားနားနေနေများ နေပါဦးဗျာ။ ဒီမှာ ရွာသားတွေလည်း အရှိသားကလား" ဟု ပြောဆိုလေရာ မောင်ကျော်ခေါင်က

"ရပါတယ် ကိုမှန့်လုံးရယ်။ ဒီအလုပ်လုပ်မျိုးက လုပ်ရခဲတယ်ဗျ။ နောက်ဘဝ ခင်ဗျားတို့တစ်တွေနဲ့ ကျွန်တော် ရေစက်ဆုံရတာပေါ့ဗျာ" ဟု ရယ်မောပြောဆို၍ ထမင်းအိုးလိုက်ရန်အတွက် ရေများကို သံပုံးတစ်ခုဖြင့် သွားရောက်ခတ်နေလေတော့၏။ မောင်ကျော်ခေါင်ကိုကြည့်၍ ရေနွေးကြမ်းသောက်နေသော အဘိုးကြီးတစ်ယောက်က

"အင်း .. အတော်သဒ္ဓါတရားလုံ့လ ထက်သန်တဲ့သူငယ်ပဲ" ဟု မှတ်ချက်ပေးလေ၏။ မောင်ကျော်ခေါင်သည် ရွာသားများရှေ့၌ ဤသို့အလုပ်များကို လုပ်ကိုင်၍ ညရောက်သောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း မဏ္ဍပ်အတွင်း ရေနွေးကြမ်းဝိုင်း၌ ရွာခံလူကြီးများ၊ ကာလသားများနှင့် စကားများဖောင်ဖောင်ပြောဆိုပြန်လေ၏။ (၁၀) နာရီ (၁၁) နာရီခန့်ရှိလေလျှင် မဏ္ဍပ်အတွင်းမှ လူများအသီးသီး ပြန်သွားကြကာ ညအိပ်ထမင်းဟင်းချက်သော ရွာသားများနှင့် မောင်ကျော်ခေါင်တို့သာ ကျန်ရစ်နေခဲ့ကြလေတော့၏။ ထိုအခါ အလှူရှင်ကိုမုန့်လုံးမှ ဝါသနာပါသော အချက်အပြုတ်လူများအတွက် ချက်အရက်နှစ်လုံးနှင့် ပဲခြမ်းသုတ်အမြည်းများ ချပေးလေ၏။ အချက်အပြုတ်ရွာသားများသည် အရက်နှင့်ပဲခြမ်းသုပ်များကို စားသောက်ကြလေ၏။ မောင်ကျော်ခေါင်မှာမူ ပဲခြမ်းသုပ်နှင့် ရေနွေးကြမ်းများကိုမြည်းကာ ၎င်းတို့နှင့်အတူ စကားပြောကာ ပွဲကျနေလေ၏။ ထို့မှ ညဉ့်နက်လေလျှင် အလှူရှင်မိသားစုအပြင် အချက်အပြုတ်ရွာသားများအားလုံး အိပ်စက်ကုန်ကြလေတော့၏။ မောင်ကျော်ခေါင်မှာ အကြံရှိသူတစ်ယောက်ဖြစ်၍ ရွာသားများကြားတွင် အိပ်စက်နေရာမှ အားလုံးအိပ်မောကျလောက်သည့်အချိန်တွင် အပေါ့အပါးသွားဟန်မျိုးဖြင့် မဏ္ဍပ်အတွင်းမှ တိတ်တဆိတ်ထွက်ခွာလာခဲ့လေတော့၏။ မောင်ကျော်ခေါင်သည် အမှောင်ရိပ်အား အကာအကွယ်ယူ၍ ကမ်းနားချောင်းဆိပ်သို့ ဆင်းခဲ့လေ၏။ ပြီး အသင့်ယူဆောင်လာသော ဓါတ်မီးဖြင့် ချောင်းဖျားဆီသို့ ဖွင့်ချီပိတ်ချီသုံးချက်



ပြလုပ်လိုက်လေ၏။ ထိုအချိန်၌ ချောင်းစပ်တစ်နေရာ အမှောင်ထဲ၌ ၎င်း၏လူသုံးယောက်မှာ အသင့်ရောက်ရှိနေကြပြီဖြစ်လေ၏။ မောင်ကျော်ခေါင် ဓါတ်မီးအချက်ပြသည်ကိုမြင်လျှင် ၎င်းတို့မှာ လှေတစ်စင်းဖြင့် ရောက်ရှိလာကြကုန်လေတော့၏။ မောင်ကျော်ခေါင်သည် လှေပေါ်သို့တက်ရင်းမှ

"နေရာကျရဲ့လားဟေ့ .. အစီအစဉ်ကတော့ ငါပြောထားတဲ့အတိုင်းပဲနော်" ဟု ပြောဆိုလိုက်လေရာ

"စိတ်ချပါ ဆရာကျော်ခေါင်ရယ် .. ကျွန်တော်တို့ အကြောင်းလည်း ဆရာသိသားနဲ့." ဟု တစ်ယောက်သောလူမှ မောင်ကျော်ခေါင်ထံ လွယ်အိတ်တစ်လုံးကို လှမ်းပေးလေ၏။ မောင်ကျော်ခေါင်မှာ မိမိအဝတ်အစားများကိုချွတ်၍ လွယ်အိတ်ထဲမှ အဝတ်အစားများဖြင့် လဲလှယ်ဝတ်ဆင်လိုက်လေ၏။ ထို့မှ ဆံပင်အတုတစ်ခုကိုလည်း ကတုံးပြောင်တွင် စွပ်လိုက်ပြန်ကာ လှေအား ချောင်းအတိုင်း ရွာလယ်ကမ်းဆပ်ဆီသို့ လှော်ခတ်နှိုင်းလေတော့၏။ရွာလယ်ကမ်းစပ်သို့ရောက်လေလျှင် အချိန်မှာ တစ်ချက်ကျော်၊ နှစ်ချက်တီးနီးပါးမျှရှိပြီဖြစ်၍ ရွာထဲ၌ မည်းမှောင်တိတ်ဆိတ်နေသည်။ မောင်ကျော်ခေါင်နှင့် သူ့လူသုံးယောက်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် အမှောင်ရိပ်အတွင်းမှ ရွာလယ်ရှိဦးဘိုးတင်၏အိမ်ကြီးဆီသို့ ချဉ်းကပ်သွားကြလေ၏။ ခြံစည်းရိုးသို့ ကပ်မိလေလျှင် တောရွာများ၏ထုံးစံအတိုင်း ဖြစ်သလောက်သာ ပြုလုပ်ထားသော ခြံစည်းရိုးကြားမှ တိုးဝင်၍ ခြံထဲသို့ ဝင်ရောက်ခဲ့ကြလေတော့၏။ ထိုမှ အိမ်ကြီးဆီသို့ ချဉ်းကပ်ခဲ့ကြပြန်သည်ရှိသော် မောင်ကျော်ခေါင်ပြောပြထားသဖြင့် အိမ်ကြီးအခြေအနေကို ကောင်းစွာသိရှိနေပြီဖြစ်သော လူတစ်ယောက်က အဖိရေ တန်းလျားတစ်လုံးဆီသို့ ချဉ်းကပ်သွားကာ စောင်ခေါင်းမြီးခြုံ၍ အိပ်ပျော်နေသော လူတစ်ယောက်၏ ခေါင်းကို ဓါးနှောင့်နှင့် ဒုတ်ခနဲထုချကာ သတိမေ့မြောအောင် ပြုလုပ်လိုက်လေတော့၏။ ငှင်းလူမှာ ဦးဘိုးတင်၏ လယ်သူရင်းငှားဖိုးခွေး ဆိုသူပင်ဖြစ်လေ၏။ မောင်ကျော်ခေါင်၏လူသည် သတိမေ့မြောသွားသောဖိုးခွေး၏ ပါးစပ်အား အဝတ်တစ်ခုဖြင့် စည်းကာ ခြေလက်များကိုကြိုးဖြင့် တုတ်နှောင်လိုက်ပြီးလျှင် မောင်ကျော်ခေါင်တို့အား အချက်ပြလိုက်လေတော့၏။ အနီးသို့ရောက်လေလျှင် မောင်ကျော်ခေါင်က လေသံတိုးတိုးဖြင့်

"ဦးဘိုးတင်က အပေါ်ထပ်မှာ အိပ်တာကွ။ ဝရံတာက တက်ပြီး ဟောဟိုခေါင်းရင်းတံခါးကိုဖွင့်ပြီး ဝင်ရမှာပဲ" ဟု ပြောဆိုလိုက်လေရာ ငှင်းအနီးမှ လူတစ်ယောက်က

"ဒါတော့ ကျွန်တော့်တာဝန်ထား ဆရာကျော်ခေါင်" ဟု ဆိုကာ ဝရံတာပေါ်သို့ မျောက်တစ်ကောင်ကဲ့သို့ ခိုဆွဲ၍ တက်ရောက်သွားလေ၏။ ပြီးလျှင် အောက်မှမောင်ကျော်ခေါင်တို့ တက်လာစေရန် ကြိုးတစ်ချောင်းကို ဝရံတာတိုင်၌ ချည်၍ အောက်သို့ချပေးကာ ပြူတင်းတံခါးအား ခါးကြားမှ လွှန်ပူဖြင့် ထိုးကာ ကျွမ်းကျင်စွာ ဖွင့်လိုက်လေတော့၏။

ထိုအချိန်၌ အပေါ်ထပ်အခန်းတွင်း၌ ဦးဘိုးတင်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေလေ၏။ များမကြာမီ မောင်ကျော်ခေါင်တို့သုံးဦးသား သည် ဝရံတာမှတဆင့် တက်လာကြလေ၏။ ထိုအခါ အပေါ်မှလူက အထဲသို့နားစွင့်၍

"အဘိုးကြီးအထဲမှအိပ်နေတာ သိုးနေတာပဲ။ ကျွန်တော် ဟောက်သံသဲ့သဲ့ကြားတယ်" ဟု တိုးတိုးပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်က ငှင်းလူ၏ ပခုံးကိုပုတ်၍

"မင်းကတော့ အတော်စေရပါသတဲ့ကောင်" ဟု ချီးမွမ်းလိုက်လေတော့၏။ ထိုမှ လေးဦးသား အိမ်ထဲသို့ ဝင်ရောက်ခဲ့ကြပြီးလျှင် ဦးဘိုးတင်အိပ်ခန်းဆီသို့ အသာခြေဖော့ကာ သွားရောက်ကြလေတော့၏။ ဦးဘိုးတင်၏အိမ်မှာ တောရွာခလေ့ ဆောက်ထားသော

www.burmeseclassic.com



အိမ်ကြီးဖြစ်၍ အိပ်ခန်းတံခါးများမရှိဘဲ ခန်းစီးလိုက်ကာတစ်ခုသာ လျှင်ရှိလေ၏။ မောင်ကျော်ခေါင်သည် ခါတ်မီးအား ကြမ်းပြင်နေရာ သို့ထိုးကာ လိုက်ကာကိုဖွင့်၍ ဝင်လိုက်လေ၏။ ထိုမှ စားပွဲပေါ်တွင် အသင့်တွေ့ရသော မီးအိမ်ကိုထွန်းလိုက်လေရာ အခန်းတစ်ခုလုံး လင်းထိန်သွားလေတော့၏။ ထိုအချိန် ဦးဘိုးတင်မှာ ကုတင်ပေါ်ရှိ ခြင်ထောင်ထဲ၌ အိပ်မောကျနေဆဲရှိလေ၏။ မောင်ကျော်ခေါင်သည် ဦးဘိုးတင်ရှိရာ ကုတင်ဆီသို့ ကပ်သွားလျက် ခြင်ထောင်ကိုမကာ လက်ထဲမှဓါးနှင့် ဦးဘိုးတင်ကိုထောက်၍ နိုးလိုက်လေတော့၏။ ထိုအခါမှ ဦးဘိုးတင်မှ လန့်ဖျန့်၍ နိုးလာလျက်

"မင်း .. မင်းတို့ ဘယ်သူတွေလဲ" ဟု ထိတ်လန့်စွာမေးကာ မီးရောင်ဖြင့် မောင်ကျော်ခေါင်၏မျက်နှာကို မှတ်မိသွားလျက်

"မောင်ကျော်ခေါင် .. မင်း .. မင်း ဒါဘာလုပ်တာလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ကျော်ခေါင်က လက်ထဲမှ ဓါးဖြင့် ဦးဘိုးတင်၏လည်ပင်းအား ဖိထောက်၍

"မအော်နဲ့အဘိုးကြီး .. တစ်ခါတည်းသေသွားမယ်။ ကျုပ် မောင်ကျော်ခေါင်မဟုတ်ဘူး" ဟု ပြောလိုက်လေရာ

"မင်းမျက်နှာကို ခွေးချီသွားတာတောင် မှတ်မိတယ်ကွ။ မင်း ငါ့ဆီက ဘာလိုချင်လို့လဲ" ဟု ဦးဘိုးတင်က အံကြိတ်ကာ



မေးလိုက်လေ၏။ ထိုအခါ မောင်ကျော်ခေါင်၏ လူနှစ်ယောက်က ဦးဘိုးတင်၏လက်တစ်ဘက်တစ်ချက်ကို ချုပ်ကိုင်၍ ကြိုးဖြင့် တုတ်လိုက်ကြလေ၏။ မောင်ကျော်ခေါင်ကမူ နဖူးပေါ်ဝဲကျလာ သော ဆံပင်တုကို ဟန်ပါပါဖြင့် တစ်ချက်ပင့်တင်၍

"ဟဲ ဟဲ .. ခင်ဗျားက မောင်ကျော်ခေါင်ဆိုတော့လည်း မောင်ကျော်ခေါင်ရတာပေါ့ဗျာ။ ဒါပေမယ့် မောင်ကျော်ခေါင်တွေ ဘာတွေ အရေးမကြီးပါဘူး။ ဘယ်မှာလဲ ခင်ဗျားလက်ထဲမှာ ရှိနေတဲ့မြကြီး။ ကျုပ်လက်ထဲကို အေးအေးဆေးဆေးအပ်ဗျာ" ဟု ဆိုလိုက်လေရာ ဦးဘိုးတင်သည် ခြေရင်းမှ ဗီရိုကြီးအား တစ်ချက် ကြည့်၍

"မပေးဘူးကွ .. ဒါ ငါ့အစ်ကို အသက်နဲ့တန်ဖိုးထားတဲ့ ပစ္စည်း။ မောင်ကျော်ခေါင် မင်းယုတ်မာလှချည့်လားကွ" ဟု ဒေါသတကြီးပြောလိုက်လေ၏။ မောင်ကျော်ခေါင်သည် ပါးနပ်သူ ပီပီ ဦးဘိုးတင်ဗီရိုကြီးဆီ လှမ်းကြည့်လိုက်သည်ကို သဘော ပေါက်သွားလျက် သူ့လူတစ်ယောက်ကို မျက်ရိပ်ပြလိုက်လေ၏။ ထိုအခါ အသင့်စောင့်နေသောလူက ဦးဘိုးတင်၏ပါးစပ်ကို အဝတ် တစ်ခုဖြင့်စည်းကာ ခြေထောက်များကိုလည်း ကြိုးဖြင့်တုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ထိုအခါမှ မောင်ကျော်ခေါင်က

"သူ့ခေါင်းဦးအောက်မှာ ဗီရိုသော့ရှာကြည့်စမ်းကွာ" ဟု ခိုင်းစေလိုက်ရာ လူတစ်ယောက်က အိပ်ရာကုတင်ထက်မှ ခေါင်းဦးကိုလှန်လျောကာ သော့ကို ရှာဖွေလိုက်လေတော့၏။ ထိုအခါ သော့တွဲတစ်တွဲကိုတွေ့၍ မောင်ကျော်ခေါင်ထံ လှမ်း၍ပစ်ပေးလိုက်လေ၏။ ထိုအချင်းအရာကိုမြင်သည်နှင့် ပါးစပ်စည်း ကြိုးတုတ်ခံထားရသော ဦးဘိုးတင်မှာ လူးလွန့်ကာရုန်းကန်လာသဖြင့် လူတစ်ယောက်က ဓါးနောင့်ဖြင့် ရင်ဝကို ဒုတ်ခနဲထုလိုက်လေ၏။ အင့်ခနဲတစ်ချက်ညည်း၍ ပြင်းထန်လွန်းသောဝေဒနာနှင့်အတူ ဦးဘိုးတင်မှာ မျက်လုံးများပင်ပြာဝေသွားရလေတော့၏။ ထိုအခါ မောင်ကျော်ခေါင်က ဦးဘိုးတင်အား တစ်ချက်လှည့်ကြည့်၍

"ငြိမ်ငြိမ်လေးနေမှပေါ့ဗျာ။ မငြိမ်ရင် ဒီထက်ပိုပြီး အသားနာလိမ့်မယ်" ဟု မခိုးမခန့်ပြောဆို၍ လက်ထဲမှ သော့တွဲဖြင့် ဗီရိုကြီးထံ သွားရောက်၍ ဖွင့်လိုက်လေ၏။ ဗီရိုဖွင့်လိုက်သည်နှင့် အပေါ်ထပ်ခန်းတစ်ခုအတွင်း၌ ငွေစက္ကူအထပ်များ၊ လက်ဝတ်လက်စားများနှင့် မြကြီးထည့်ထားသည့် ယွန်းဘူးလေးကို တွေ့လိုက်ရလေတော့၏။ မောင်ကျော်ခေါင်သည် ဝမ်းသာတုန်ရင်နေသော



လက်များဖြင့် ယွန်းဘူးလေးကိုယူလိုက်ပြီးလျှင် မိမိအိတ်အတွင်းသို့ ထည့်လိုက်လေ၏။ ထို့နောက်မှ ငွေစက္ကူများထဲမှ တစ်ထောင်အုပ် သုံးအုပ်ကိုယူကာ ဗီရိုအားပြန်၍ ပိတ်လိုက်လေကာ ၎င်း၏လူများအား မျက်ရိပ်ပြလိုက်လေ၏။ ထိုအခါ လူတစ်ယောက်က ဦးဘိုးတင်၏ခေါင်းအား ဓါးနောင့်ဖြင့်ထုချလိုက်လေတော့၏။ ဦးဘိုးတင်သတိမေ့မြောသွားလေလျှင် မောင်ကျော်ခေါင်တို့ လေးဦးသည် ဝင်ခဲ့သည့်အတိုင်း အိမ်ကြီးအတွင်းမှ တိတ်တဆိတ် ပြန်လည်ထွက်၍ ရေစပ်ရှိလှေရှိရာသို့ ပြန်ခဲ့ကြလေတော့၏။ လှေပေါ်သို့ရောက်သောအခါ မောင်ကျော်ခေါင်သည် ခေါင်းမှ ဆံပင်တုကိုချွတ်၍ ယခင်အဝတ်အစားများကို ပြန်လည်လဲလှယ်လေ၏။ ထိုအချိန် ၎င်း၏လူများမှာလည်း လှေကိုလာခဲ့သည့် ရွာမြောက်ဖျားလှေဆိပ်ဆီသို့ အပြင်းလှော်ခတ် ခဲ့ကြသည်ဖြစ်ရာ များမကြာမီ ချောင်းစပ်လှေဆိပ်သို့ ကပ်မိကြ လေ၏။ ထိုအခါ မောင်ကျော်ခေါင်က ဦးဘိုးတင်ထံမှ ယူလာခဲ့ သည့် ငွေသုံးထောင်ထဲမှ ၎င်းလူများအား တစ်ယောက်ငါးရာဆီ ခွဲဝေပေးကာ

"ကဲ .. ကိစ္စကတော့ပြီးပြီ။ ငါမှာထားတဲ့အတိုင်း မင်းတို့ ဒီကနေ တစ်ခါတည်းသင်္ဘောဆိပ်ဆင်းပြီး ရန်ကုန်ကို မိုးမလင်းမီ

www.burmeseclassic.com

www.burmeseclassic.com



အမြန်လစ်ကြပေတော့'' ဟု ပြောဆိုလိုက်ကာ လှေပေါ်မှ ဆင်းလိုက်လေ၏။ ထိုအခါ ငှင်း၏လူသုံးယောက်မှာလည်း မောင်ကျော်ခေါင်ထံ၌ နှစ်အတန်ကြာအောင် တပည့်ခံခဲ့ကြသူများ ဖြစ်၍ ကောင်းစွာနာခံလျက်

''စိတ်ချပါ ဆရာကျော်ခေါင် ‥ ကျွန်တော်တို့ မိုးမလင်းမီ သဘောဆိပ်ဝင်းပြီး ရန်ကုန်ကို ပြန်လစ်ကြပါ့မယ်'' ဟု ပြောဆိုကာ လှေကိုထွက်ခွာရန် ဟန်ပြင်လိုက်လေတော့၏။ ထိုအချိန် မောင်ကျော်ခေါင်က တစ်စုံတစ်ခုကို စဉ်းစား၍ ငွေငါးရာကို ထပ်ခံ ထုတ်ယူလိုက်ကာ

''နေကြဦးကွ ‥ အဆင်မသင့်ရင် မော်တော်တစ်စီးလောက် ပုတ်ပြတ်ငှားပြီးသွားကြကွာ။ ရော့ ငွေငါးရာထပ်ယူသွား။ မော်တော်ခပိုတာတော့ မင်းတို့ရန်ကုန်ရောက်ရင် အပျင်းပြေ ဘီယာလေးဘာလေး သောက်ကြပေါ့ကွာ'' ဟု ပြောဆိုလိုက်လေရာ ငှင်း၏လူသုံးယောက်မှာ ဝမ်းသာရွှင်မြူးသွားလျက် မောင်ကျော်ခေါင်အား နှုတ်ဆက်၍ လှေကလေးကို ချောင်းဖျားအတိုင်း လျှင်မြန်စွာ လှော်ခတ်ကာ မကြာမီအမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွား လေတော့သတည်း။ ။



မောင်ကျော်ခေါင်သည် ငှင်းလူများပျောက်ကွယ်သွားသည်နှင့် 'မြ' ကြီးပါလာခဲ့သည့်ယွန်းဘူးနှင့် ငွေတစ်ထောင်ကို လုံခြုံသည့် နေရာတွင်ဝှက်ခဲ့ကာ အလှူအိမ်သို့ တိတ်တဆိတ်ပြန်ခဲ့လေတော့၏။ အလှူအိမ်သို့ပြန်ရောက်လေလျှင် မနက်လေးနာရီခန့်ထိုးလုပြီဖြစ်၍ အိပ်ပျော်နေကြသော ရွာသားများကြား ခဏလဲလျောင်းကာ ယခုမှ နိုးလာသည့်ဟန်ဖြင့်ထ၍ အနီးရှိရွာသားများကို နှိုးလိုက်ပြီးလျှင် ငှင်းကိုယ်တိုင်ပင် ဆော်ဩလျက် ညကချက်ပြီးသား ဟင်းအိုးကြီးများအား မီးမွှေး၍နွေးခြင်း၊ ရေနွေးအိုးတည်ခြင်းများကို ပြုလုပ်လေတော့၏။ ထိုမှ လေးနာရီထိုး၍ အုန်းမောင်းများကို ခေါက်လေလျှင် ငှင်းကိုယ်တိုင်ပင် အာရုံဆွမ်းသံဃာတော်များအတွက် ဆွမ်းပွဲ၊ အချိုပွဲများကို ပြင်ဆင်ခင်းကျင်းရာတွင် ဦးဆောင်လုပ်ကိုင်လျက် အလှူ့ရှင်ကိုမုန့်လုံးနှင့်အတူ ရွာဦးကျောင်းသို့ သွားရောက်ကာ ဆရာတော်နှင့်တကွ သံဃာတော်များကို ပင့်ဆောင်ခဲ့ပြန်လေ၏။

မနက်လင်းလျှင်ကား အလှူပွဲစပြီဖြစ်၍ အလှူအိမ်၌ ဗျောသံ၊ ဒိုးပတ်သံများဖြင့် စည်ဝေနေကာ အလှူပွဲလာပရိသတ်များအား ဝက်သားဟင်း၊ မုန့်ရောင်ဟင်းချို၊ ပဲသီးသုပ်၊ သရက်ချဉ်သုပ်များဖြင့် တဝုန်းဝုန်းစည်ကားစွာ ကျွေးမွေးလေတော့၏။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ခေါင်မှာ ကတုံးပြောင်ပြောင်နှင့် ရပ်ာန်းစင်ထက်၌ထိုင်ကာ အခြားရဟန်းလောင်းများနှင့် စကားများပြောလိုက်၊ အချို့ပွဲလက်ဖက်ပွဲများစားလိုက်နှင့် ရှိနေလေတော့၏။

ဤသို့ဖြင့် မနက် (၁၀) နာရီခန့်ရှိလေလျှင် ရွာလူကြီးကိုရွှေအိုးနှင့်အတူ ခေါင်းတွင်ပတ်တီးစည်းထားသော ဦးဘိုးတင်သည် အလှူအိမ်မဏ္ဍပ်အတွင်းသို့ ရောက်ရှိလာလျက် မောင်ကျော်ခေါင်အား ညကငင်းအိမ်ကို ဓါးပြဝင်တိုက်သွားကြောင့် ဖွင့်ဖွဲလေတော့၏။ ဦးဘိုးတင်သည် ကတုံးပြောင်နှင့် မောင်ကျော်ခေါင်အား ခေါသတကြီးကြည့်ရှု၍

"သြော် .. ညက ငါ့ကိုဓါးပြတိုက်သွားပြီး ဒီမနက်မှ ကတုံးတုံးပြီး ဉာဏ်များဖို့ ကြိုးစားမလို့ပေါ့လေ။ မရဘူးကွ" ဟု ပြောဆိုလေရာ မောင်ကျော်ခေါင်က ဣန္ဒြေမပျက်ပင်ပြုံး၍ ၎င်းမှာ ညကတစ်ညလုံး အလှူအိမ်တွင်ရှိနေကြောင်း၊ ခေါင်းမှကတုံးမှာလည်း တုံးထားသည်မှာ (၂) ရက်ပင်ရှိပြီဖြစ်ကြောင်းများကို အလှူရှင်ကိုမှန့်လုံးနှင့် ရွာသားများကို သက်သေထား၍ ပြောဆိုလေ၏။ မောင်ကျော်ခေါင်ပြောသည်မှာ မှန်ကန်ကြောင်း၊ မနေ့ကတစ်နေ့လုံး၊ တစ်ညလုံး မောင်ကျော်ခေါင်အလှူအိမ်မှ ဘယ်မှ



မသွားကြောင်း ကတုံးတုံးထားသည်မှာလည်း နှစ်ရက်ပင်ရှိပြီဖြစ်ကြောင်း ထောက်ခံပြောဆိုကြလေကုန်၏။ ထိုအခါ ဦးဘိုးတင်မှာ ဇဝေဇဝါဖြစ်သွားပြီးမှ

"ဘာပဲပြောပြော ကျုပ်ဒီကောင့်မျက်နှာကို သေသေချာချာကို မှတ်မိတယ်။ ဘယ်နှယ့်ဗျာ ကျုပ်ကိုတောင် စကားတွေဘာတွေ ပြောသွားတာပဲ။ အသံကလည်း သူ့အသံမှသူ့အသံ။ ကျုပ်ကတော့ ပုလိပ်ဘက်ကို တိုင်ရမှာပဲ" ဟု ပြောဆိုလေရာ မောင်ကျော်ခေါင်က ပြုံး၍

"ဒါကတော့ ဦးကျေနပ်သလိုလုပ်ပါလေ။ ကျွန်တော့်ဘက်ကတော့ ဖြေရှင်းဖို့အသင့်ပါပဲ။ တစ်ခုတော့ရှိတယ်ဦးရဲ့။ လောကမှာ နာမည်တူမရှား၊ လူတူမရှားဆိုတာရှိတယ်။ ညက ဦးဆီကို ဓါးပြတိုက်သွားတဲ့လူဟာ ကျွန်တော်နဲ့ရုပ်ရော၊ အသံရောတူနေတဲ့ လူတစ်ယောက်ဖြစ်ချင်ဖြစ်မှာပဲ။ ကျွန်တော်ကတော့ ညက ဒီအလှူအိမ်ကနေ ဘယ်မှမသွားတာအမှန်ပဲ" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်နှင့်နံဘေးချင်းကပ်၍ အရက်မူးကာ အိပ်ပျော်နေသော ကိုပေတိုးဆိုသူရွာသားက

"ဟုတ်တယ် ကိုကျော်ခေါင်ပြောသလို တိုက်တိုက်ဆိုင်ဆိုင် လူချင်းတူနေတာပဲဖြစ်မှာပါဦးလေးဘိုးတင်ရယ်။ ညက ကျုပ်ဘေး

www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ညလုံး ကိုကျော်ခေါင်အိပ်နေတာဗျ။ ကျုပ်ကဒီလိုပဲ။ လျှုရေး တန်းရေးတွေမှာ အချက်အပြုတ်လုပ်ရင် မီးရေးမီးတာ စိတ်မချ တာနဲ့ မနက်ချက်ရပြုတ်ရမယ့်အရေးတွေရှိနေတာနဲ့ ဘယ်တော့မှ အိပ်လို့မရဘူးဗျ။ ကျုပ်မနက် အုန်းမောင်းခေါက်ခါနီးအချိန်ထိ တမှေးမှ မမှေးဘူး။ ကျုပ်ဘေးမှာ အဲဒီအချိန်ထိ ကိုကျော်ခေါင်ရှိ နေတယ်။ ဒါကိုတော့ ကျုပ်အာမခံရဲတယ်ဗျာ။ အဲ ... အုန်းမောင်း ခေါက်တဲ့အချိန်ကျမှ ကျုပ်ငိုက်ခနဲဖြစ်သွားသဗျ။ အဲဒီအချိန် ကိုကျော်ခေါင်က ထပြီးနိုးတော့တာပဲ။ ဒီလောက် တစ်ငိုက်စာလေး အတွင်းလည်း ကိုကျော်ခေါင် ဦးလေးအိမ်လာ ခါးပြတိုက်လို့ မရနိုင်ပါဘူးဗျာ။ ကျုပ်ငိုက်တာ ခဏမှ ခဏလေးရယ်ဟာ" ဟု ပြောဆိုလိုက်လေပြန်၏။ မောင်ကျော်ခေါင်မှာ အရေးထဲ ၄င်းသိုး နေအောင်အိပ်ပျော်ခြင်းအား ဖုံးကွယ်၍ လူကြားထဲ၌ တစ်ညလုံး မအိပ်သယောင်ပြောနေသော ကိုပေတိုးကိုကြည့်၍ ပြုံးလိုက်လေ၏။ ထိုအချိန် အခြားညအိပ်ကြသော ထမင်းဟင်း၊ အချက်အပြုတ်၊ ရွာသားများနှင့် အလှူရှင်ကိုမှန့်လုံးတို့မှလည်း မောင်ကျော်ခေါင် ဘက်မှ ခုခံပြောဆိုကြလေပြန်သော် ရွာလူကြီးဦးရွှေအိုးကလည်း

"ကျုပ်လည်းထင်ပါတယ်။ ကိုကျော်ခေါင်ဟာ ဒီလိုလူစား မျိုး ဘယ်လိုမှမဖြစ်နိုင်ဘူးလို့။ ခုနက ပြောကြသလို ခါးပြကောင်



ဟာ မောင်ကျော်ခေါင်နဲ့ ရုပ်ချင်းဆင်နေတဲ့လူတစ်ယောက်ပဲ ဖြစ်ပါ လိမ့်မယ်။ ဒါပေမယ့် ဦးဘိုးတင်အနေနဲ့ မကျေနပ်ဘူးဆိုရင် ကျေနပ် တဲ့အထိ ဆောင်ရွက်ပေးရမှာပေါ့။ ကျုပ်စေတနာနဲ့ပြောချင်တာက အခု ဦးဘိုးတင်မြင်တဲ့အတိုင်းပဲ မောင်ကျော်ခေါင်ဟာ ညက တစ်ညလုံး ဒီအလှူအိမ်ကနေ တဖဝါးမှ မခွာသွားဘူးဆိုတာကတော့ သေချာပါတယ်။ အမှန်တရားအတွက် တစ်ရွာလုံးကလည်း သက်သေလိုက်ကြမှာပဲဗျ" ဟု ပြောလိုက်လေရာ ဦးဘိုးတင်မှာ ညက ၄င်းထံတွင် ခါးပြတိုက်သွားသော မောင်ကျော်ခေါင်မှာ ဘိုကေဆံပင်ရှည်နှင့်ဖြစ်နေခြင်း၊ ၄င်းမှာလည်း ကျုပ်မောင်ကျော် ခေါင်မဟုတ်ဘူးလို့ ပြောဆိုသွားခြင်း၊ အလှူရှင်ကိုမုန့်လုံး အပါအဝင် ရွာသားများအားလုံးကလည်း ညကမောင်ကျော်ခေါင် အလှူအိမ်မှ ဘယ်မှမသွားကြောင်း ခိုင်မာစွာပြောဆိုနေကြခြင်း၊ မောင်ကျော်ခေါင် ကတုံးတုံးထားသည်မှာလည်း (၂) ရက်ခန့်ရှိနေပြီ ဖြစ်ကြောင်း၊ မောင်ကျော်ခေါင်အား ကတုံးတုံးပေးခဲ့သူရွာမှလူကြီး တစ်ယောက်က လည်း ထောက်ခံပြောဆိုခြင်းများကို စဉ်းစားဂဏ သူတို့ပြောသကဲ့သို့ ပင်လျှင် ညကခါးပြတိုက်သွားသောလူမှာ မောင်ကျော်ခေါင်နှင့် ရုပ်ရည်တူသောလူတစ်ယောက်ဖြစ်နေသလောဟူသော သံသယ အတွေးဖြင့် နှုတ်ဆက်ကာ ပြန်သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## လမ်းလျှောက်ရင်းသေနေတဲ့လူ

နောက်တစ်နေ့တွင်မူ မောင်ကျော်ခေါင်သည် ရွာဦးကျောင်းမှ ပဥ္စင်းဝတ်ဖြင့် ရွာလူကြီးကိုရွှေအိုးအိမ်ကိုကြွလာရင်း

"ကံကြမ္မာနိမ့်နေလို့ ဒုလ္လဘရဟန်းပြုလိုက်တာ အတော်ပဲ ဖြစ်လို့ ကိုရွှေအိုးရေ။ နို့မို့ဆို ထောင်တွေတန်းတွေတောင်ကျရင် ကျမလားမသိဘူး" ဟု ပြောဆိုလိုက်လေရာ.



"တင်ပါ့ဦးဇင်း ... အခုတော့ တပည့်တော်နဲ့ ရွာကလူကြီး တွေကလည်း ဦးဘိုးတင်ကို ဖြောင်းဖျပြောဆိုကြလို့ သူလည်း ခါးပြတိုက်တဲ့ကိစ္စကို ပုလိပ်တိုင်သင့်၊ မတိုင်သင့် စဉ်းစားနေတယ်။ ဦးဇင်းကို ဖွပ်ဖွဲလို့တော့ ကျုပ်တို့တစ်ရွာလုံး သက်သေလိုက်ပေး ကြမှာပါ မပူပါနဲ့" ဟု ရွာလူကြီးကိုရွှေအိုးကလည်း ပြန်၍ လျှောက်တင်လိုက်လေ၏။ ထိုမှ ဦးဇင်းမောင်ကျော်ခေါင်သည် ရွာလူကြီးကတော်မငွေကပ်သော ဖျော်ရည်များကိုဘုန်းပေး၍ ဖြူပိုင်း နှင့် မောင်တိုးတို့အား ကျောင်းမှယူလာခဲ့သည့် သရက်သီးမှည့်များ ကို တစ်ယောက်တစ်လုံးပေးကာ ကျောင်းသို့ပြန်ကြွခဲ့လေတော့၏။ မောင်ကျော်ခေါင်သည် ရွာလူကြီးကိုရွှေအိုးတို့ ရွာကလေး၌ ဦးဇင်းဝတ်ဖြင့် (၇) ရက်ပြည့်လေလျှင် လူထွက်၍ ကူခြေမပျက် ပင် ရွာလူကြီးဦးရွှေအိုးနှင့်တကွ ရွာသားများအားလုံးအား မိမိရန်ကုန် ပြန်တော့မည်ဖြစ်ကြောင်း၊ နောင်တွင်လည်း ဤရွာကလေးအား မကြာခဏလာလည်ပါမည့်အကြောင်းများကို ပြောဆိုနှုတ်ဆက်၍ ဝှက်ထားသောမြကြီးနှင့် ငွေတစ်ထောင်အားယူဆောင်ကာ ရန်ကုန် သို့ အောင်မြင်စွာပြန်လာခဲ့လေတော့၏။

ထိုအချိန် မောင်ကျော်ခေါင်သည် ကမ္ဘာပေါ်၌ မိမိလောက် အပျော်ဆုံးလူတစ်ယောက်မရှိနိုင်တော့ဟု ထင်မြင်မိလေ၏။ တစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



နီးပါးမျှ ခွဲခွာခဲ့ရသောချစ်သူမာလျာ၏ မျက်နှာလေးအား စိတ်ကူးဖြင့် မြင်ယောင်၍

"မာလျာရယ် .. လွမ်းလိုက်တာကွယ် .. အခုအစ်ကိုလေ မာလျာအတွက် မြကြီးကိုယူခဲ့ပြီး မာလျာရှိတဲ့နေရာကို လာနေပါပြီကွယ်" ဟု စိတ်ထဲမှ အကြိမ်ကြိမ်ပြောနေမိလေ၏။ မောင်ကျော်ခေါင်သည် ရန်ကုန်သို့ရောက်သည်နှင့် မာလျာရှိရာ ရွာကလေးသို့ ဆက်၍ ခရီးထွက်ရန် ဘူတာသို့ သွားရောက်ခဲ့လေ၏။ မောင်ကျော်ခေါင်မှာ ညကသင်္ဘောပေါ်တွင် တစ်ညလုံးမအိပ်ဘဲ စီးရင်းလာရသောကြောင့် မျက်လုံးများကျိန်းစပ်နေလေ၏။ သို့သော် မောင်ကျော်ခေါင်သည် ချစ်သူမာလျာနှင့်တွေ့ရတော့မည့်အရေးကြောင့် စိတ်အားထက်သန်စွာနှင့်ပင် ဘူတာကြီးမှရထားစီး၍ ခရီးဆက်ခဲ့ပြန်လေ၏။ ရထားပေါ်၌လည်း ခရီးသည်များကြပ်နေခြင်းကြောင့် မောင်ကျော်ခေါင်မှာ တစ်လမ်းလုံးမအိပ်စက်ရပြန်ချေ။ သူ၏မျက်လုံးများကလည်း အိပ်စက်၍ပျော်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မာလျာနှင့်တွေ့လျှင် မာလျာမည်ကဲ့သို့ရှိနေမည်။ ၄င်း၏စကားကို နားထောင်၍ ရွာကလေး၌ သူပြန်မလာမချင်း စောင့်၍နေပါမည်လား။ အကယ်၍ မာလျာစောင့်နေ၍ တွေ့ရလျှင် မာလျာဝမ်းသာအောင် မည်သို့ပြောလိုက်မည် အစရှိသော အတွေး



များနှင့် မောင်ကျော်ခေါင်၏ရင်မှာ တဒိန်းဒိန်းခုန်လျက် ရှိနေခြင်းကြောင့်ပင် ဖြစ်ပေ၏။ ထို့အပြင် မောင်ကျော်ခေါင်သည် လမ်းခရီးဘူတာများ၌ မာလျာကြိုက်တတ်သည့် အစားအစာများကို ဝယ်ယူ၍ မကြာမီ ချစ်သူနှင့်တွေ့ရတော့မည့်အရေးကို အမျိုးမျိုးအဖုံဖုံ တွေးကာ ကြည်နူးလာခဲ့လေ၏။ နောက်တနေ့နံနက် မန္တလေးဘူတာသို့ရထားအရောက်တွင်မူ မောင်ကျော်ခေါင်သည် အထုပ်အပိုးများနှင့် ရထားပေါ်မှ ဆင်းခဲ့လေသည်။ ထိုမှ ဈေးချိုဘက်သွား၍ မာလျာအတွက် အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူကာ မန္တလေးဘူတာကြီးဆီသို့ ပြန်ခဲ့လေ၏။ မောင်ကျော်ခေါင်မှာ မာလျာရှိရာ ဝန်းသိုမြို့အနီးမှ ရွာကလေးဆီသို့ သွားရောက်ရန်အတွက် နေ့လည် (၂) နာရီခန့်တွင်ထွက်မည့် မန္တလေးမြစ်ကြီးနားရထားကို ဆက်လက်၍စီးရဦးမည်ဖြစ်ပေ၏။ မောင်ကျော်ခေါင်သည် မိမိ၏ အထုပ်အပိုးနှင့်ပစ္စည်းများကို ယုံကြည်ရမည့် ခရီးသည်မိန်းမကြီးတစ်ဦးထံတွင် ခေတ္တအပ်နှံ၍ ရထားလက်မှတ်သွား၍ ဝယ်ယူလေ၏။ ရထားလက်မှတ်ဝယ်ယူပြီးသောအခါတွင်၌မူ မိမိ၏အထုပ်အပိုးများကို ပြန်ယူ၍ တွဲဆိုင်းထိုးထားသော မြစ်ကြီးနားရထားပေါ်သို့ တက်လေ၏။ ရထားတွဲ

www.burmeseclassic.com

www.burmeseclassic.com



များပေါ်၌ မောင်ကျော်ခေါင်ဆီသို့ မြစ်ကြီးနားဘက်သို့ ခရီးထွက်မည့် ခရီးသည်များမှာ ကြိုတင်နေရာယူတတ်နေနှင့်ကြပြီဖြစ်ပေ၏။ မောင်ကျော်ခေါင်သည် မိမိ၏ခုံနံပါတ်နေရာကို ရှာဖွေ၍ ပစ္စည်းများကို နေရာချပြီး မကြာမီရထားထွက်လေတော့၏။

မောင်ကျော်ခေါင်သည် ရထားပေါ်၌လိုက်ပါရင်း မကြာမီ တွေ့ရတော့မည့် မာလျာ၏မျက်နှာလေးကို မြင်ယောင်ကာ မမောနိုင်၊ မပမ်းနိုင်အောင်ရှိလေတော့၏။ အမှန်အားဖြင့်မူ သူသည် ရွာလူကြီးကိုရှေ့အိုးတို့ ရွာကလေးမှ စတင်ထွက်ခဲ့ပြီးယခုအချိန်ထိ နားချိန်မရှိဘဲ တိုက်ရိုက်ကြီး ခရီးထွက်လာခဲ့ရာ သဘောပေါ် ရထားပေါ်များ၌ အိပ်ချိန်များမရှိဘဲများစွာ ခရီးပင်ပန်းနွမ်းနယ်နေပြီဖြစ်ပေ၏။ သို့သော် မောင်ကျော်ခေါင်သည် လူသာ ပင်ပန်းနွမ်းနယ်နေသော်လည်း စိတ်မှာမူ အချစ်၏စေစားမှုကြောင့် လတ်ဆတ်ပျော်ရွှင်နေလျက် ပင်ပန်းသည်ကိုပင် ပင်ပန်းသည်ဟု မမြင်ဘဲရှိလေ၏။ ဤသို့ဖြင့် မောင်ကျော်ခေါင်သည် မြစ်ကြီးနား ရထားပေါ်၌ တစ်ညလုံး ခရီးဆက်ခဲ့ပြန်ပြီးလျှင် မနက်သုံးနာရီ အချိန်ခန့်၌ ၄င်းစီးလာသော ရထားကြီးသည် ဝန်းသိုဘူတာသို့ ဆိုက်ရောက်လာလေတော့၏။ မောင်ကျော်ခေါင်သည် ပျော်လင့်



တကြီးဖြင့် မာလျာအတွက် တနင့်တပိုးဝယ်ယူလာခဲ့သော အထုပ်အပိုးပစ္စည်းများကိုဆွဲကာ ရထားပေါ်မှဆင်းခဲ့လေ၏။ ထိုအချိန်မှာ မနက် သုံးနာရီခန့်အချိန် မိုးမလင်းသေးသည်ဖြစ်၍ မာလျာရှိရာ ရွာဘက်သို့ သွားရောက်၍မရနိုင်သေးဘဲရှိလေ၏။ သို့ရာ၌ လွန်စွာမှ စိတ်စောနေသော မောင်ကျော်ခေါင်သည် ဝန်းသိုဘူတာရှိ တောရိပ်တောင်ရိပ်ရှုခင်းများကိုမြင်သည်နှင့် မာလျာ၏ အရိပ်အငွေ့များကို ပိုမို၍သတိရလာကာ မနက်မိုးလင်းမှ ရွာများဘက်ဆီသို့ သွားရောက်မည့်လှည်းများကိုပင် မစောင့်နိုင်တော့ဘဲ ခြေလျင်ပင် ခရီးဆက်ခဲ့လေတော့၏။ ခရီးပန်း၊ အိပ်ရေးပျက်လာခြင်းများအပြင် တနင့်တပိုး အထုပ်အပိုးများအား ထမ်းဆွဲလာခဲ့ရခြင်းကြောင့် မောင်ကျော်ခေါင်မှာ နားထဲမှ လေတဝီဝီထွက်လာသည်အထိ လွန်စွာမှ ပင်ပန်းခဲ့ရှာလေ၏။ သို့သော် မောင်ကျော်ခေါင်သည် ချစ်သူမာလျာနှင့် တွေ့ရတော့မည်ဟူသော ပျော်လင့်ချက်တစ်ခုဖြင့် အားတင်းကာလျှောက်ရင်း မနက် (၅) နာရီခန့်အချိန်တွင်မူ မာလျာ နေထိုင်ရာ ရွာကလေးဆီသို့ ရောက်၍သွားလေတော့၏။ မောင်ကျော်ခေါင်သည် အထုပ်အပိုးများဖြင့် မာလျာတို့၏ အိမ်ကလေးဆီသို့ ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



"မာလျာ .. မာလျာရေ .. အစ်ကိုပြန်လာပြီဟေ့ .. မာလျာ မာလျာ" ဟုအော်၍ နှိုးလိုက်လေ၏။ သူ၏ မျက်လုံးထဲ၌မူ မီးခွက်ကလေးကိုင်၍ ကပိုကယိုပြေးထွက်လာမည့် မာလျာ၏အမူအရာလေးကို မြင်ယောင်နေမိလေ၏။ သို့သော် အိမ်ကလေးအတွင်းမှ ပြန်လည်ထူးသံ ထွက်ပေါ်မလာဘဲ ရှိသောကြောင့် မောင်ကျော်ခေါင် ထိတ်ခနဲ ခံစားလိုက်ကာ

"မာလျာ .. မာလျာရေ" ဟု ဆက်၍ ခေါ်လိုက်လေ၏။ ခဏအကြာတွင်မှ အိမ်ကလေးအတွင်းမှ လှုပ်ရှားသံများ ကြားလိုက်ရပြီးလျှင်

"လာပြီ" ဟူသော အသံတစ်ခုထွက်ပေါ်လာကာ တံခါးပွင့်၍လာလေတော့၏။ ထိုအခါ မီးခွက်အရောင်တစ်ခုနှင့် မာလျာမဟုတ်ဘဲ မိန်းမကြီးတစ်ဦးဖြစ်နေကာ ၎င်းက မောင်ကျော်ခေါင်အား မီးခွက်ကိုမြှောက်ကာ သေချာစွာကြည့်ရှု၍

"မာလျာမှာခဲ့တဲ့ မောင်ကျော်ခေါင်ဆိုတာများလား" ဟု မေးမြန်းလေရာ

"ဟုတ်ပါတယ်အဒေါ် .. မာ .. မာလျာမရှိဘူးလား" ဟု မောင်ကျော်ခေါင်က တုန်ရင်စွာ ပြန်၍မေးလိုက်လေ၏။ ထိုအခါ မိန်းမကြီးက



"မာလျာတို့ မရှိကြတော့ဘူးကွဲ့။ ဒီအိမ်ကို အဒေါ့်ကိုပေးခဲ့ပြီး ရန်ကုန်ဘက်ဆိုလား ထွက်သွားကြတာ ခြောက်လလောက်တောင်ရှိရော့မယ်။ မောင်ရင့်ကိုတော့ သူစောင့်နေရှာသားကွဲ့။ ဒါပေမယ့် သူနဲ့အတူနေတဲ့ ဟိုမိန်းကလေးတစ်ယောက်က တိုက်တွန်းနေလို့သာ သူထွက်ခွာသွားခဲ့တာ။ အဒေါ့်ကိုလည်း မောင်ရင်လာရင် ပြောပေးဖို့ မှာသွားရှာတယ်" ဟု ပြောဆိုလိုက်လေရာ မောင်ကျော်ခေါင်မှာ နှလုံးအူအသည်းများ ပြုတ်ကျသွားသကဲ့သို့ ဟာခနဲခံစားလိုက်ရပြီး လက်ထဲမှ အထုပ်အပိုးများပင် ပြုတ်ကျသွားလေတော့၏။ ထိုမှ

"ဒါ .. ဒါနဲ့ အဒေါ် သူ .. ရန်ကုန်ဘယ်မှာနေမယ်ဆိုတာရော ပြောပြမသွားဘူးလား" ဟု မေးမြန်းလေရာ

"ဒါတော့ ပြောမသွားဘူးကွဲ့။ ရန်ကုန်ဘက်လို့ပဲ ပြောသွားတာ" ဟု အဒေါ်ကြီးက ဖြေလိုက်ပြန်လေလျှင် မောင်ကျော်ခေါင်မှာ မျှော်လင့်ချက်များ တစ်စစီပြိုကွဲသွားလျက် ဘုန်းဘုန်းလဲကျသွားမတတ် ဖြစ်၍သွားလေတော့၏။ ထို့နောက်မှ မောင်ကျော်ခေါင်သည် အဒေါ်ကြီးထံ၌ အကျိုးအကြောင်း အနည်းငယ်ကို မေးမြန်းကြည့်ပြန်သော်လည်း ရေရေရာရာမရှိသောအဖြေများကိုသာ ရရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



၌ နောက်ဆုံးတွင် မာလျာအတွက် ရည်ရွယ်၍ဝယ်ခဲ့သော အထုပ်အပိုးများကို အိမ်လေးရှေ့၌ချထားပစ်ခဲ့ကာ လေးလံကြေကွဲလွန်းသော ခြေလှမ်းများဖြင့် အိမ်ကလေးရှေ့မှ ထွက်ခွာခဲ့ရလေတော့၏။

ထိုအချိန် အရှေ့ဘက်မှ ရောင်နီများပို့တက်ကာ မိုးမလင်းတလင်းအချိန်ဖြစ်လေ၏။ နေ့သစ်တစ်ခု၏ အသာယာဆုံးအချိန်တစ်ခုဖြစ်သော်လည်း မောင်ကျော်ခေါင်၏ ရင်ထဲ၌မူ မီးဟုန်းဟုန်းတောက်လောင်နေသကဲ့သို့ ပူလောင်နေကာ သာယာမှုအားလုံးဆိတ်သုဉ်းနေလျက်ရှိလေ၏။ ထိုအတောအတွင်းလေး၌ မောင်ကျော်ခေါင်သည် လမ်းလျှောက်နေရင်းမှ သေဆုံးနေသူတစ်ယောက်ကဲ့သို့ ကြောင်စီစီမျက်လုံးများဖြင့် လွန်စွာမှ ပြင်းထန်လွန်းလှသော ကြေကွဲပူလောင်ခြင်း ဝေဒနာတစ်ခုကို ခံစားနေရကာ ကမ္ဘာလောကကြီးတစ်ခုလုံးအား ဘာမှမမြင်ရတော့သော လူတစ်ယောက်ကဲ့သို့ ရှိနေလေတော့သတည်း။ ။

▲ ▲ ▲ ▲



မောင်ကျော်ခေါင်သည် မျှော်လင့်ချက်များပြိုကွဲလျက် ကြေကွဲရင်နာရသော ဝေဒနာများဖြင့် ရန်ကုန်သို့ ပြန်ခဲ့ရလေတော့၏။ ယခုအချိန်၌ မာလျာသည် မည်သည့်နေရာတွင် ရောက်နေသနည်း။ ဘာတွေလုပ်နေသနည်း။ အဘယ်တွက်နှင့် ရန်ကုန်ဘက်သို့ ထွက်ခွာ သွားရလေသနည်း။ သူမအတွက်နှင့် သူသည် များစွာ ပင်ပန်းဆင်းရဲခံ၍ မြကြီးအား ရယူပေးခဲ့ရလေ၏။ မမျှော်လင့်ပါဘဲနှင့် အခက်အခဲများကြောင့် (၁) နှစ်ခန့် အချိန်ကြာမြင့်သွားခဲ့ရသည်ကတော့မှန်၏။ သို့သော် သူအထပ်ထပ်မှာကြားခဲ့သည့်အတိုင်း မာလျာသည် သူပြန်သည့်အချိန်ထိ စောင့်နေဖို့တော့ကောင်း၏။ မာလျာသည် သူ့အပေါ်၌ အမှန်တကယ် ချစ်မြတ်နိုးသည်မှ ဟုတ်ပါမည်လော။

မောင်ကျော်ခေါင်သည် စိတ်ရှုပ်ထွေးနေလျက် အထက်ပါကဲ့သို့သော အတွေးများနှင့်ရန်ကုန်၌ မာလျာ၏ သတင်းကို စုံစမ်းနေရလေတော့၏။ မောင်ကျော်ခေါင်သည် ကျောက်မြောင်းဘက်ရှိ အိမ်ခန်းတစ်ခန်းအား ငှားရမ်းကာ နေထိုင်ရင်း နေ့ရှိသရွေ့ မာလျာအား ရှာဖွေခဲ့လေ၏။ ညအိပ်ရာထဲ၌ မာလျာ၏အကြောင်းများကိုသာစဉ်းစားရင် ပြင်းထန်လွန်းသော အချစ်ဝေဒနာကို ခံစားခဲ့ရလေ၏။ ထိုအခါမျိုးများ၌လည်း မောင်ကျော်ခေါင်သည်

www.burmeseclassic.com



အောက်ပါကဲ့သို့သော အတွေးများဖြင့် အရူးတပိုင်းဖြစ်နေခဲ့ရလေ၏။

"ဒီဘဝမှာသာ မာလျှာနဲ့ငါမပေါင်းရရင် သေသွားမလားဘဲ။ မာလျှာရောင်ငါ့လိုပဲရှိပါ့မလား။ အခုချိန် သူဘာတွေလုပ်နေသလဲ။ ငါ့အပေါ်များ သစ္စာဖျက်ပြီး အချစ်သစ်တစ်ခုနဲ့ ပျော်နေပြီလား။ တစ်နှစ်ဆိုသော အတိုင်းအတာအတွင်းမှာ မိန်းမတစ်ယောက်ရဲ့ စိတ်ဟာ ဒီလောက်ပြောင်းလဲသွားနိုင်သလား။ အိုး ငါ့အပေါ်မှာတော့ မာလျှာသစ္စာမဖောက်သွားလောက်ပါဘူး။ သူ အခက်အခဲ တစ်ခုနဲ့ တွေ့နေလို့ ငါ့ကိုမစောင့်ဘဲ ထွက်သွားတာဖြစ်မှာပါ။ ဟို အဒေါ်ကြီးကလည်း ပြောလိုက်သား။ သူငါ့ကိုစောင့်နေရှာသေးတယ်တဲ့။ ဟူရာ ဒီကောင်မကြောင့် မာလျှာထွက်သွားခဲ့ရတာ။ မာလျှာကိုသာ ပြန်မတွေ့ရင်တော့ ဒင်း ငါ့အကြောင်းသိစေရမယ်။ မာလျှာရယ် လုပ်ရက်လိုက်လေခြင်းကွယ်"

မောင်ကျော်ခေါင်ကား အချစ်ကြီးသူတို့၏ ထုံးစံအတိုင်း မိမိ မျက်ကွယ်၌ ပျောက်ဆုံးနေသော ချစ်သူအပေါ် တစ်ခါတစ်ရံ၌ သံသယစိတ်များနှင့်၄င်း၊ တစ်ခါတစ်ရံ၌မူ ပူပန်စိုးရိမ်သော စိတ်များနှင့်၄င်း၊ အမျိုးမျိုးခံစားနေရရှာလေတော့၏။ နောက်ဆုံး၌မူ မောင်ကျော်ခေါင်သည် အကယ်၍ မာလျှာသည် မိမိအပေါ်၌ သစ္စာဖျက်သွားအံ့၊ အဆုံးစီရင်ပစ်မည်ဟု ဆုံးဖြတ်လိုက်မိလေ၏။



ဤသို့ဖြင့် မောင်ကျော်ခေါင်သည် မာလျှာတို့သတင်းအား ဖွဲ့မလျှော့ဘဲ လိုက်လံစုံစမ်းရင်းဖြင့် ဒုက္ခအမျိုးမျိုးခံစား၍ (၆) လခန့်ရှိလေသော် တစ်နေ့သ၌ သိမ်ကြီးဈေးတစ်နေရာ၌ မာလျှာနှင့်တူသော အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်ကို ရုတ်တရက်တွေ့မြင်ခဲ့ရလေတော့၏။ မောင်ကျော်ခေါင်သည် ၄င်းတို့နောက်မှ နောက်ယောင်ခံလိုက်ကြည့်လေလျှင် (၁၉) လမ်းရှိ တိုက်ခန်းတစ်ခုပေါ်သို့ တက်ရောက်သွားသည်ကို မြင်တွေ့ခဲ့ရလေ၏။ ထိုမှစ၍ မောင်ကျော်ခေါင်သည် (၁၉) လမ်းမှ တိုက်ခန်း ဝန်းကျင်တွင် မယောင်မလယ်လုပ်၍ စောင့်ကြည့်နေစဉ် တစ်ရက်တွင် ဝရံတာတွင်ထွက်၍ စကားပြောနေကြသော မာလျှာနှင့်ဟူရာတို့ နှစ်ဦးအား ဝမ်းမြောက်ဖွယ် တွေ့မြင်လိုက်ရလေတော့၏။ မောင်ကျော်ခေါင်သည် ဝမ်းသာလွန်းသဖြင့် ရုတ်တရက် အော်၍ခေါ်လိုက်မိမလိုပင်ဖြစ်၍သွားလေ၏။ သို့သော် ယခင်ရက်မှ ယောကျ်ားတစ်ဦးနှင့်တွဲ၍မြင်လိုက်ရခြင်းကြောင့် မာလျှာ၏ အကြောင်းကို အရင်စုံစမ်းကြည့်ရန် သတိရလိုက်၍ ဆန္ဒကို မြိုသိပ်ထားလိုက်ရလေ၏။ ထို့နောက် အိမ်ပြန်ရောက်လာသောအခါ မောင်ကျော်ခေါင်၏စိတ်မှာ ဆောက်တည်၍မရအောင်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလျက် မိမိသံသယရှိသလို မာလျာမဖြစ်ပါစေနှင့်ဟုသာ အကြိမ်ကြိမ်၊ အထပ်ထပ်ဆုတောင်းနေမိလေ၏။ နောက်တစ်ရက်ရောက်သောအခါ၌မူ မောင်ကျော်ခေါင်သည် (၁၉) လမ်းရှိ တိုက်ခန်းသို့သွားရောက်၍ ကွမ်းယာရောင်းနေသော ကုလားအဘိုးကြီး တစ်ယောက်ထံ စုံစမ်းကြည့်လေရာ ကုလားအဘိုးကြီးက

"ဒုတိယအထပ်က တရုတ်မလေးနှစ်ယောက်ကို ပြောနေတာလား။ ဒါ .. တရုတ်သူဌေးကျင်ဟုတ်ရဲ့ တိုက်ခန်းပဲ။ ဟိုခပ်ချောချော တရုတ်မလေးက သူ့မိန်းမပေါ့။ ဒီလူက မိန်းမတွေ အများကြီးပဲ။ အခုဒီတစ်ယောက်လည်း ယူထားတာ ဘာမှမကြာသေးဘူး" ဟု ပြောဆိုကာ မောင်ကျော်ခေါင်အား ရင်ဝအား မီးစတစ်စဖြင့် ထိုးလိုက်သကဲ့သို့ ခံစားလိုက်ရလေတော့၏။ မာလျာကား သူ့အပေါ် သစ္စာဖောက်သွားခဲ့လေပြီ။

"လုပ်ရက်လိုက်လေခြင်းမာလျာရယ်။ မင်းအတွက်နဲ့ငါ့မှာတော့ ဒုက္ခတွေခံစားလိုက်ရတာ။ မင်းကတော့ လင်ယူပြီး ဒီမှာလာပျော်ပါးနေပါလား။ အခုမင်းအတွက်ယူလာခဲ့တဲ့ မြကြီးကို ငါဘာလုပ်ရမှာလဲ။ သွားပြီ။ ငါမင်းအပေါ် မျှော်လင့်ခဲ့သမျှ ရည်ရွယ်ခဲ့သမျှ ငါ့အနာဂတ်တွေအကုန်လုံးပျက်စီးကုန်ပြီ။ မေတ္တာကမ္ဘာမှာ တန်ဖိုး



အကြီးဆုံးဖြစ်တဲ့ ငါ့ရဲ့အချစ်ဆုံးဆိုတဲ့ နေရာတစ်နေရာကနေ မင်းမိုက်မိုက်မဲမဲ ခုန်ဆင်းပစ်လိုက်ပြီမာလျာ။ မင်းဟာ ငါ့အပေါ်မှာ အချစ်ဆုံး၊ သစ္စာအရှိဆုံးလို့ ထင်ခဲ့မိတဲ့ဟာတွေအားလုံးဟာ အိပ်မက်တွေဖြစ်သွားခဲ့ပြီ။ မင်းအတွက်ကြည့်စမ်း။ ငါ့မှာတော့ ဒုက္ခတွေရောက်လိုက်ရတာ။ ငါ့စိတ်ဓာတ်၊ ငါ့ခန္ဓာကိုယ်ကို ဘယ်လိုလူမျိုးမှ ဒီအခြေအနေမျိုးဖြစ်အောင် မလုပ်နိုင်ခဲ့ဘူး။ ငါ့ကို အမုန်းဆုံးဆိုတဲ့ ရန်သူတစ်ယောက်တောင် ငါ့စိတ်ဓာတ်၊ ငါ့ခန္ဓာကိုယ်ကို ဒီလောက်ထိဒုက္ခရောက်အောင် မညှဉ်းဆဲနိုင်ခဲ့ဘူး။ အခုတော့ ငါ့အချစ်ဆုံး၊ အမျှော်လင့်ဆုံးမင်းက ငါ့ကို ဘုန်းဘုန်းလဲကျပြီး သေသွားမလောက်ဖြစ်အောင် နှိပ်စက်ရက်တယ် မာလျာရယ်။ ဒါပေမယ့် ဒီဘဝမှာ မင်းဟာ ငါတစ်ယောက်တည်းအတွက်ပဲဖြစ်စေရမယ်။ ငါ့ရင်ခွင်ထဲကလွဲပြီး မင်းကိုဘယ်သူ့ရင်ခွင်ထဲမှ မထားနိုင်ဘူး။ အခုတော့ မင်း ..မင်းက ငါ့ရင်ထဲမှာ မီးဟုန်းဟုန်းတောက်လောက်နေပြီမာလျာ"

မောင်ကျော်ခေါင်မှာ အထက်ပါအတွေးများဖြင့် တက်တစ်ချက်ကို နာကြည်းစွာခေါက်လိုက်မိ၏။ ထို့နောက်မှ

"ကောင်းပြီမာလျာ။ မင်းအပြစ်နဲ့ညီမျှတဲ့ ပြစ်ဒဏ်ကို မင်းပြန်ယူရလိမ့်မယ်။ ငါ့အသက်သစ္စာနဲ့ ရင်းပြီးကတိပြုလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုစိတ်ထဲမှ ကြုံးဝါးကာ နေအိမ်သို့ ပြန်ခဲ့လိုက်လေတော့၏။

အချစ်ကြီးသူတို့သည် အမျက်ကြီးသည်ဟူသောစကားအတိုင်း မောင်ကျော်ခေါင်သည် မိမိအပေါ် သစ္စာဖောက်သွားသောမာလျာအား မည်ကဲ့သို့ဆုံးမရမည်ကို အချိန်ရှိတိုင်း စဉ်းစားနေလေတော့၏။ ၎င်းအနေဖြင့် မာလျာအား ဤအတိုင်း လက်လွှတ်ဆုံးရှုံး၍ ထားရမည်ကိုလည်းမထားနိုင်။ တစ်ပါးသူနှင့် လက်ထပ်ပြီးသော ချစ်သူအား ခွင့်လွှတ်၍ ပြန်လည်အရယူမည်ကိုလည်း မခံစားနိုင် ဖြစ်ရကား နောက်ဆုံး၌ ဒီဘဝအတွက်တွင် သူနှင့်မှ မပေါင်းရလျှင် မည်သူနှင့်မျှ မပေါင်းစေရဟူသော မျက်ကန်းအချစ်အတ္တတစ်ခု ဖြင့် မာလျာအား အဆုံးစီရင်ပစ်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ ထိုအတောအတွင်း မောင်ကျော်ခေါင်သည် ညဘက်သို့ရောက် လျှင် အိပ်၍မရတော့ဘဲ သူ့အား ဝေဒနာတစ်ခုက ပြင်းထန်စွာ နှိပ်စက်နေလေတော့၏။ ၎င်းမှာ

“ဩော် .. ငါကတော့ အလူးအလဲခံစားလို့။ သူကတော့ အခုချိန်မှာ သူ့လင်နဲ့ ပျော်မြူးနေရှာမယ်” ဟူသော အတွေးဆိုး ကြီး၏ ပူလောင်နှိပ်စက်ခြင်းပင်ဖြစ်လေ၏။ ထိုမှ မောင်ကျော်ခေါင် သည် ဤကဲ့သို့ဖြစ်ရခြင်းများမှာ ဟူရာကြောင့်ဟူသောအတွေးနှင့် ဟူရာအပေါ်မှာလည်း မုန်းတီးနာကြည်းလျက် ၎င်းကိုပါ လက်စတုံး



ပစ်ရမည်ဟု ကြုံးဝါးမိလေပြန်၏။

ဤသို့ဖြင့် မောင်ကျော်ခေါင်သည် တစ်ပတ်ခန့်အိမ်တွင်း အောင်း၍ ရာဂအချစ်၏ ပူလောင်နှိပ်စက်ခြင်းကို အပြင်းအထန်ခံစား ကာ မာလျာနှင့်ဟူရာတို့အား သတ်ဖြတ်ရန်အတွက် စတင် ကြံစား ခဲ့လေတော့၏။

မောင်ကျော်ခေါင်သည် မာလျာနှင့်ဟူရာတို့၏ အရိပ်အခြေ ကိုစောင့်ကြည့်ကာ အခွင့်ကောင်းကိုစောင့်နေဆဲ တစ်ရက်တွင်မူ (၁၉) လမ်းရှိ တိုက်ခန်း၌ ပစ္စည်းများ ရွှေ့ပြောင်းနေသည်ကို မြင်တွေ့ခဲ့ရလေ၏။ စုံစမ်းကြည့်လေရာ မာလျာ၏ယောက်ျား ကျင်ဟုတ်မှာ ထိုင်ဝမ်သို့ ခေတ္တခရီးထွက်သွားကြောင်းနှင့် မာလျာ တို့နှစ်ယောက်မှာ ဆူးလေဘုရားလမ်းရှိ တိုက်ခန်းတစ်ခုသို့ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်းများကို သိရှိခဲ့ရလေတော့၏။ သို့ဖြစ်ရာ မောင်ကျော်ခေါင်သည် မာလျာတို့ ပြောင်းရွှေ့မည့် ဆူးလေ ဘုရားလမ်းတိုက်ခန်းကို လိုက်လံကြည့်ရှုမှတ်သားပြီးလျှင် စိတ်ထဲမှကျိတ်၍ ဝမ်းသာနေလေတော့၏။

မာလျာနှင့်ဟူရာတို့ ဆူးလေဘုရားလမ်းရှိ တိုက်ခန်းသို့ ပြောင်း ရွှေ့ပြီး နောက်တစ်နေ့တွင်မူ မောင်ကျော်ခေါင်သည် အချိန်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘဲ ပူသူပြတ်လတ်သည့် နေ့လည်ခင်းအချိန်၌ မာလျာတို့တိုက်ခန်းဆီသို့ ရုတ်တရက်တက်ရောက်ခဲ့လေတော့၏။

ထိုအချိန် တိုက်ခန်းအတွင်း၌ မာလျာနှင့်ဟူရာတို့နှစ်ဦးမှာ စကားများပြောဆိုနေကြလျက်ရှိလေ၏။ ရုတ်တရက် အခန်းတွင်းသို့ ဝင်ရောက်လာသော မောင်ကျော်ခေါင်အား မြင်ရလေလျှင် သူမတို့နှစ်ဦးမှာ အံ့သြမင်တက်သွားကြလေ၏။ မာလျာသည် မောင်ကျော်ခေါင်အား ရုတ်တရက်မှတ်မိခြင်းမရှိဘဲ

"ရှင် .. ရှင်ဘယ်သူလဲ။ ဘာကိစ္စနဲ့ ကျွန်မတို့အခန်းထဲကို ဝင်လာရတာလဲ" ဟု မေးမြန်းလိုက်လေရာ မောင်ကျော်ခေါင်က သဘောကျစွာ တစ်ချက်အော်ရယ်လိုက်လျက်

"ဟား .. ဟား .. ဟား .. ဟား မင်းနှိပ်စက်ထားတဲ့ ဒဏ်တွေနဲ့ ငါရုပ်က ချုံးကျနေတော့ အင်း ဘယ်မှတ်မိတော့ပါ့မလဲ။ မာလျာ .. ငါ့ကို သေသေချာချာကြည့်ပါဦး။ ကြည့်လိုက်စမ်းပါဦး" ဟု နာကြည်းသံကြီးဖြင့် ပြောလိုက်လေ၏။ ထိုအခါမှ မာလျာမှာ မောင်ကျော်ခေါင်၏ အသံနှင့်ရုပ်ကို မှတ်မိသွားပြီး

"ဟင် .. အစ်ကို" ဟု အံ့သြသံဖြင့် ရေရွတ်လိုက်လေ၏။ ထိုအချိန် ဟူရာ၏ပါးစပ်မှလည်း



"ကိုကျော်ခေါင်" ဟု အံ့သြစွာအသံထွက်သွားရလေ၏။ ထိုအခါမှ မောင်ကျော်ခေါင်က မာလျာအား နာကြည်းစွာဖြင့် ကြည့်ရင်း

"ဟုတ်တယ် ငါပဲမာလျာ .. မင်းသစ္စာတွေ၊ ကတိတွေ အများကြီးပေးခဲ့တဲ့ မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ ကျော်ခေါင်လေ။ မှတ်မိသွားပြီလား .. ဟား .. ငါ့မှာတော့ မင်းအပေါ်ကို ယုံကြည်ခဲ့လိုက်ရတာ။ မျှော်လင့်ခဲ့လိုက်ရတာ။ မင်းကတော့" ဟုဆိုကာ မြကြီးအား အရယူရန်အတွက် ဒုက္ခခံခဲ့ရပုံများကို နာကျင်စွာ ပြောပြလိုက်လေတော့၏။ ထိုသို့ပြောပြရင်းမှလည်း မောင်ကျော်ခေါင်၏ မျက်ဝန်းမှ မျက်ရည်တွေတွေ စီးကျလာလေ၏။ နောက်ဆုံး မြကြီးအားရရှိခဲ့ပြီး ဝန်းသိုသို့ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် သွားရောက်ခဲ့ပုံများကို ပြောပြပြီးသောအခါ မောင်ကျော်ခေါင်က

"အဲဒီအချိန်မှာ ငါဘယ်လောက်ခံစားရသလဲဆိုတာ မင်းသိရဲ့လားမာလျာ။ သေမတတ်ဘဲ။ ငါ့နှလုံးသားတွေဆိုတာ ဘာမှမရှိ တော့ဘူး။ ငါ့ရင်ဘတ်ကြီးတစ်ခုလုံးဟာဆိုရင် မီးတောက်ကြီးတစ်ခုနဲ့ မြိုက်ထားသလားထင်ရတယ်။ မင်းသိပ် သိပ်ရက်စက်တယ် မာလျာ။ ငါ့အချစ်၊ ငါ့မေတ္တာတွေအားလုံး မင်းဖျက်ဆီးပစ်ပြီးပြီ။ ငါ့ကို ပြုရက်တယ်။ သစ္စာဖောက်ရက်တယ်" ဟု ပြောဆိုလိုက်လေရာ

www.burmeseclassic.com

www.burmeseclassic.com



မာလျာက ငိုရှိုက်လျက်

"ဟင့် ဖြစ်မှဖြစ်ရလေ အစ်ကိုရယ် .. မာ .. မာလျာလေ" ဟုဆိုကာ သူမမှာ မောင်ကျော်ခေါင်အား အတတ်နိုင်ဆုံး စောင့်ခဲ့ကြောင်း၊ သို့သော် ထိုအချိန်၌ သူမတို့မှာ ကျန်ရှိသော အဖွဲ့သားများနှင့် အဆက်ပြတ်နေလျက် နေထိုင်စားသောက်ရေးမှာ တစ်စထက်တစ်စ ခက်ခဲလာကြောင်း၊ ထို့အတွက် နောက်ဆုံးတွင် သူမတို့ အဖွဲ့သားများနှင့် အဆက်သွယ်ရစေရန်၄င်း၊ လောလောဆယ် နေထိုင်စားသောက်ရေးအတွက် အစဥ်ပြေစေရန် အလုပ်တစ်ခုခုလုပ်ကိုင်ရန်အတွက်၄င်း ရန်ကုန်ဘက်သို့ ဆင်းခဲ့ရကြောင်းများကို ပြောဆိုပြလေ၏။ ထိုအခါ ဟူရာကလည်း

"ဟုတ် .. ဟုတ်ပါတယ် ကိုကျော်ခေါင်။ မာလျာဟာ ရှင့်ကို စောင့်နေချင်ပါသေးတယ်။ ဒါတောင် ကျွန်မအတန့်တန့်တိုက်တွန်းလို့သာ ဝန်းသိုအိမ်ကလေးက ထွက်လာခဲ့ရတာပါ" ဟု ပြောလိုက်လေရာ မောင်ကျော်ခေါင်မှာ မာလျာအပေါ်၌ သံသယစဥ်ကြီးခဲ့သော အချစ်စိတ်ဖြင့် ဒေါသများပျော့ပြောင်းသွားတော့သကဲ့သို့ ဖြစ်သွားသော်လည်း နာကြည်းနေသောစိတ်ကို ပြန်တင်းရင်း



"ကောင်းပြီလေ .. ဒုက္ခရောက်လို့ ရန်ကုန်ဘက်သို့ ထွက်ခွာခဲ့ကြတယ်ဆိုပါတော့။ ဟင်း .. ဟင်း ဒါပေမယ့် ငါ့အပေါ်သစ္စာဖောက်ပြီး မင်းလင်ယူလိုက်တဲ့ကိစ္စကိုရော မင်းဘယ်လိုပြောမလဲ" ဟု မေးမြန်းကာ မာလျာအား မီးထွက်မတတ်သော မျက်လုံးများဖြင့် စူးနစ်စွာစိုက်၍ ကြည့်လိုက်လေ၏။ ထိုအခါ မာလျာက အင့်ခနဲတစ်ချက်ရှိုက်၍

"မာ .. မာလျာလေ.." ဟုဆိုလိုက်ဆဲတွင်ပင် မောင်ကျော်ခေါင်သည် ခံစားခဲ့ရသော သံသယနှင့် ဒေါသများကြောင့် ရှင်းပြသည်ကို နားမထောင်တော့ဘဲ

"တော်တော့ .. မြွေဟောက်မ .. လျှာရှိုးမရှိတိုင်း မင်းလျှောက်ပြောဦးမှာပဲမဟုတ်လား .. ဒီမှာကြည့်စမ်း" ဟုဆိုကာ အိတ်တွင်းမှ မြကြိုးကိုထုတ်၍ပြလိုက်လေ၏။ ထိုသို့ပြရင်းမှ

"မင်းအတွက်ငါဒုက္ခအမျိုးမျိုးခံပြီး ယူခဲ့ရတဲ့မြကြိုး။ အခု မြကြိုးကို ငါရလာခဲ့ပြီ။ ဒါပေမယ့် ဘယ်မှာလဲ ငါ့မျှော်လင့်ချက် ငါ့အနာဂတ်တွေ မရှိတော့ဘူး။ ဘာတစ်ခုမှ မရှိတော့ဘူး။ အဲဒါ မင်းသစ္စာပျက်ခဲ့လို့။ ငါ့အပေါ် လှည့်စားခဲ့လို့ ဒီအတွက် မင်းရမယ့် အပြစ်က" ဟုဆိုကာ ရတ်တရက်ဝှက်၍ ယူဆောင်လာသောဓါး

www.burmeseclassic.com

www.burmeseclassic.com



မြောင်ဖြင့် မာလျာ၏ရင်ဝတည့်တည့်နေရာအား ထိုးစိုက်လိုက်လေတော့၏။ မာလျာသည် "အမလေး" ဟု တစ်ချက်သာအော်၍ လဲကျသွားလေတော့၏။ ထိုအခါ မောင်ကျော်ခေါင်သည် ထိတ်လန့်ကာ ပြူးကြောင်လျက်ရှိသော ဟူရာဘက်သို့လှည့်၍

"နင်လည်း ငါ့ဘဝကိုဖျက်ခဲ့တဲ့ တရားခံတစ်ယောက်ပဲ" ဟုဆိုကာ တစ်ဆက်တည်း လက်စတုံးလိုက် ပြန်လေတော့၏။ ထိုမှ မောင်ကျော်ခေါင်သည် ဓါးဒဏ်ရာအသီးသီးဖြင့် အသက်ထွက်သွားကြပြီဖြစ်သော မာလျာနှင့် ဟူရာတို့၏ အလောင်းများကို တစ်ချက်ကြည့်ကာ မဲ့ပြုံးတစ်ခုကိုပြုံး၍

"ဟင်း .. ဟင်း မှတ်ထား အဲဒါ အချစ်မေတ္တာကို သစ္စာဖျက်သူတို့ရဲ့ နောက်ဆုံးသွားရာလမ်းပဲ" ဟု ပြောဆိုကာ မြကြီးအား မာလျာ၏အလောင်းလက်ထဲတွင် ထည့်ပေးလျက် တိုက်ခန်းပေါ်မှ တိတ်တဆိတ် ပြန်လည်ထွက်ခွာလာတော့၏။

လောကကြီးအတွင်း၌ သူအသည်းပွတ်နှလုံးတမျှ ချစ်ခဲ့ရသော မာလျာသည် မရှိတော့ပြီတကား။ ထို့အတူ သူ၏အနာဂတ် မျှော်လင့်ချက်၊ ရည်ရွယ်ချက်အားလုံးတို့သည်လည်း ဘာတစ်ခုမှ မရှိလေတော့ပြီ။ တစ်ခါသာတွေ့ခဲ့၍ တစ်ခါသာချစ်ခဲ့ရသော အချစ်ဟူ



သည် အရုပ်ဆိုးအကျည်းတန်စွာ အဆုံးသတ်ခဲ့လေ၏။

မောင်ကျော်ခေါင်သည် ချစ်သူမာလျာနှင့် သူ့မ၏အဖော် ဟူရာတို့အား သတ်ဖြတ်ခဲ့ပြီးနောက် သူ၏ဘဝမှာလည်း ၎င်းတို့နှင့်အတူ သေဆုံးသွားသကဲ့သို့ ခံစားလိုက်ရလေတော့၏။ ယခုအချိန်၌ သူသည် အချစ်ဟူသည်၎င်း၊ ဘဝဟူသည်၎င်း၊ အနာဂတ်ရည်ရွယ်ချက်၊ ဘဝ၏အဓိပ္ပာယ်များသည်၎င်း၊ ဘာတစ်ခုမှမရှိတော့သော လူတစ်ယောက်အဖြစ်နှင့် အထီးကျန်နာကျင်ခြင်းများဖြင့်သာ အသက်ရှင်သန်ရပေတော့မည်။ သူ၏ဘဝသည် ဘာမှ အဓိပ္ပာယ်မရှိတော့။ ယခုအချိန်၌ သူသည် ဆရာဖြစ်သူ နဂါးမာန်နေထွန်းထံသို့လည်း ပြန်ရန်ဆန္ဒမရှိတော့။ ထိုအလုပ်များမှ မဟုတ် လောကရှိ မည်သည့် အရာမျိုးများမှ သူ၏စိတ်ကို တဖန်ပြန်၍ ရှင်သန်လာအောင် စွမ်းဆောင်နိုင်မည်မဟုတ်တော့ချေ။ သူသည် နှလုံးခုန်၊ အသက်ရှင်နေလျက်မှ မောင်ကျော်ခေါင်ဟူသော လူသားတစ်ယောက်၏ဘဝသည် ချစ်သူမာလျာနှင့်အတူ သေဆုံးသွားခဲ့လေပြီတည်း။

မောင်ကျော်ခေါင်သည် ချစ်သူမာလျာအား သတ်ဖြတ်ခဲ့ပြီးနောက် သူ၏ဘဝအနာဂတ်တစ်ခုအား ရှေ့ဆက်ရန် အထီးကျန်နာကျင်စွာမလျှောက်လှမ်းချင်တော့ပေ။ ထို့အတွက် သူသည် ကိုယ်ကိုယ့်ကို အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်လေတော့၏။ သို့ရာ၌

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းအဆုံးစီရင်ရန် ပြုလုပ်ပြီးသောအခါ ၎င်း၏ ဆရာကြီး နဂါးမာန်နေထွန်းပြောခဲ့ဖူးသော စကားတစ်ခွန်းကို သတိရလိုက်မိကာ လက်တွန့်သွားရပြန်သည်။ ထိုအခါ ဆရာကြီးပြောသော စကားများမှာ

"လောကမှာ ကိုယ့်ကိုယ်ကို သတ်သေတဲ့လူလောက် သရဲဘောကြောင်တဲ့လူမရှိတော့ဘူး။ ရှေးတုန်းက စစ်သူရဲကောင်းကြီးတွေဟာ စစ်ရှုံးတာနဲ့ ကိုယ်ကိုယ်ကို အဆုံးစီရင်သွားကြတယ်။ ဒါဟာ သူတို့ ကိုယ့်ကိုယ်ကို သူရဲကောင်းအစစ်မဟုတ်ဘူးဆိုတာ ပြသသွားကြတာပဲ။ ဘာဖြစ်လို့လဲဆိုရင် ရှုံးနိမ့်ခြင်းဆိုတဲ့အရာတစ်ခုကို သူတို့ဟာ သူရဲဘောကြောင်စွာနဲ့ ရင်မဆိုင်ဝံ့လို့ပဲ။ ကျုပ်ကတော့ လောကမှာ ယောကျ်ားကောင်းတစ်ယောက် မှန်ရင် ဘယ်တော့မှ သူရဲဘောမကြောင်ရဘူး။ ဘယ်လိုအရာမျိုးကိုပဲဖြစ် သတ္တိရှိရှိနဲ့ ရင်ဆိုင်သွားဝံ့တဲ့လူမျိုးကိုပဲ လေးစားတယ်။ ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့လူမျိုးတွေဟာ မသေခင် သူဘာကြီးပဲ ဖြစ်ဖြစ် နောက်ဆုံးမှာတော့ သူဟာ သူရဲဘောနည်းတဲ့ လူတစ်ယောက်ပါလို့ ထုတ်ဖော်ပြောသွားခဲ့တာပဲ။ တကယ်လို့များ ကျုပ်လူတွေထဲမှာ ဒီလိုလူမျိုးပါရင် ဒီလူ့အတွက် သပိတ်သွတ်ပေးဖို့တောင် ကျုပ်တော့ ခပ်ရှက်ရှက်ပဲဗျို့" ဟူ၍ဖြစ်ပေတော့သတည်း။



မောင်ကျော်ခေါင်သည် အထက်ပါ ၎င်း၏ဆရာကြီး နဂါးမာန်နေထွန်းပြောခဲ့ဖူးသော စကားကိုအမှတ်ရ၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်မည့်အကြံကို စွန့်လွှတ်လိုက်ရလေ၏။ သူသည် သတ္တိအရာ၌ လွန်စွာမှ ကောင်းလှပါသည်ဆိုသော နဂါးမာန်နေထွန်း၏ တပည့်ဖြစ်ပေ၏။ သေဆုံးသည့်တိုင်အောင် တမလွန်၌ ဆရာကြီး၏ ကဲ့ရဲ့ခံရခြင်းကို သူမလိုလားချေ။ သို့ဖြစ်ရာ မောင်ကျော်ခေါင်သည် ကိုယ့်ကိုယ်ကို အဆုံးစီရင်မည့်အလုပ်ကို စွန့်လွှတ်လိုက်ပြီး မာလျှာမရှိတော့သောဘဝတွင် မည်ကဲ့သို့ ဆက်လက်နေထိုင်ရမည်ကို စဉ်းစားလိုက်မိလေတော့၏။ ထိုအခါ မာလျှာနှင့်ဟူရာတို့အား သတ်လိုက်သောအမှုနှင့် သူသည် ပုလိပ်ဘက်မှ ဖမ်းဆီးအရေးယူခြင်းခံရမည့်အကြောင်းများကို စဉ်းစားမိလိုက်လေတော့၏။ ထို့အပြင် မြန်မာပြည်၏ အတော်ဆုံးစုံထောက်ဖြစ်သောအိုင်အိုမြတ်နှင်းဟူသည့် လူတစ်ယောက်အကြောင်းကို စဉ်းစားမိလိုက်ပြန်သောအခါ

"အင်း .. ဒီလူဟာ မာလျှာနဲ့ဟူရာတို့ရဲ့ နှစ်လောင်းပြိုင်သတ်မှုကို သူ့အကျင့်အတိုင်း ရေဆုံးရေခန်းလိုက်မှာ သေချာတယ်။ သူနဲ့တွေ့တဲ့အမှုတိုင်းဟာလည်း တရားခံမပေါ်ဘူးဆိုတာ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်စီမံပြီး သေသေသပ်သပ် ကျူးလွန်ခဲ့ကြတဲ့ အမှုတွေကိုတောင် ဒီလူဟာ အံ့ဩလောက်အောင် ကောင်းတဲ့စုံထောက်ပါရမီနဲ့ အရဖော်ထုတ်နိုင်စွမ်းရှိတဲ့ လူတော်တစ်ယောက်ပဲ။ အခု ငါက မာလျာတို့ကို နာကြည်းချက်တစ်ခုနဲ့ သတ်ခဲ့တာ။ အမှုအတွက် ဘာမှခြေစလက်စဖျောက်ခဲ့တာမရှိဘူး။ မကြာခင် ဒီလူဟာ ငါ့နောက်ကိုလိုက်လာမှာအမှန်ပဲ။ အခု ငါ့ဘဝကြီးကလည်း ယောက်ျားကောင်းဆိုတော့ ဘယ်လိုအရာမျိုးကို မဆိုသတ္တိရှိရှိနဲ့ ရင်ဆိုင်ဝံ့ရမယ်။ ငါဟာ အချစ်ရေးမှာ ကံမကောင်းခဲ့ပေမယ့် ယောက်ျားကောင်းတစ်ယောက်ပဲ။ လုပ်ရဲရင် ခံရဲရမှာပေါ့။ ငါ ဒီလူဆီသွားပြီး စောစောစီးစီ ရင်ဆိုင်လိုက်တာပဲကောင်းတယ်'' ဟု ဆုံးဖြတ်ချက်တစ်ခုကို ချ၍ မာလျာနှင့် ဟူရာတို့အား သတ်ခဲ့ပြီး (၃) ရက်တိတိပြည့်သောနေ့တွင်ပင် အိုင်အိုမြတ်နှင်းဟူသော စုံထောက်၏နေအိမ်သို့စုံစမ်းကာ သွားရောက်၍ အဖမ်းခံလိုက်လေတော့သတည်း။

▲ ▲ ▲ ▲



အထက်ပါ ဇာတ်လမ်းပိုင်ရှင် ကိုကျော်ခေါင်ကား တစ်ကျွန်းစံအမိန့်ကျခံသွားရပြီးဖြစ်ပေ၏။ အဆိုပါ ကိုကျော်ခေါင်အား တကျွန်းသို့ ပို့လိုက်ပြီး (၁) လခန့်ရှိသောအချိန်၌မူ ကျွန်ုပ်တို့သည် ကျွန်ုပ်ရေးသားပြီးခဲ့သော အထက်ပါ အိုင်အိုမြတ်နှင်းနှင့် မြရည်ဝက်ဘာအမည်ရှိ ဝတ္ထုကြီးနှင့်ပတ်သက်ပြီး တရားခံကိုကျော်ခေါင်၏အကြောင်းများကို ပြန်ပြောင်းပြောဆိုနေမိကြလေ၏။ ထိုအခါ ကျွန်ုပ်၏မိတ်ဆွေကြီး အိုင်အိုမြတ်နှင်းက

''ကိုကျော်ခေါင်ဇာတ်လမ်းဟာ အိုင်ပီရေးထားတဲ့အတိုင်း အတော်လေးရင်နင့်စရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုပါပဲ။ ဒါပေမယ့် သူပြောပြသွားခဲ့အကြောင်းအရာတွေထဲမှာ သူမသိတဲ့အကြောင်းတစ်ခုပါသေးတယ်။ ကျွန်တော်လည်း အဲဒီအကြောင်းကို မကြာသေးခင်ကမှ သိလိုက်ရတာ။ကျွန်တော်စဉ်းစားကြည့်မိတယ်။ တကယ်လို့များ ကိုကျော်ခေါင်တစ်ယောက် ဒီအကြောင်းကိုသိများသွားခဲ့ရင် ဒီအဖြစ်အပျက်၊ ဒီလိုအခြေအနေအတွေးအတိုင်း ဖြစ်ခဲ့မှာမဟုတ်ဘူးလို့ တကယ်လည်း ကိုကျော်ခေါင်ဟာ ကံတော်တော်ခေတဲ့လူပါပဲဗျာ'' ဟု ပြောဆိုလိုက်လေရာ ကျွန်ုပ်မှာ ၎င်း၏စကားကြောင့်စိတ်ဝင်စားသွားလျက် မည်သည့်အကြောင်းဖြစ်ကြောင်း မေးမြန်းလိုက်လေလျှင် အိုင်အိုမြတ်နှင်းက

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းကိုသာ အိုင်ပီဇာတ်လမ်းတွဲမှာ နောက်ဆက်တွဲ အခန်းလေးတစ်ခုထည့်ပေးရင် ကိုကျော်ခေါင်ဇာတ်လမ်းဟာ တကယ့်ကို ပိုပြီးရင်နာစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားမှာအမှန်ပဲ။ ဒါပေမယ့် အိုင်ပီရယ်။ ပြီးခဲ့တာတွေ ပြီးသွားပြီပဲ။ ကြေကွဲသွားပြီဖြစ်တဲ့ လူတစ်ယောက်ကို ပိုပြီးရင်နာကြေကွဲ သွားရအောင် ကျွန်တော်တို့အနေနဲ့ မလုပ်သင့်တော့ဘူးလေ။ တကယ်လို့များ အခု ကျွန်တော်ပြောပြမယ့်အကြောင်းလေးကို အိုင်ပီဇာတ်လမ်းလေးထဲမှာ ဖြည့်ရေးလိုက်မယ်ဆိုရင်တော့ ပိုပြီးပြည့်စုံကောင်းမွန်တဲ့ ရင်နင့်စရာဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားမှာတော့ အမှန်ပဲ။ ဒါပေမယ့် တစ်ချိန်ချိန်မှာ ကာယကံရှင်ဖြစ်တဲ့ ကိုကျော်ခေါင်ဟာ အိုင်ပီရေးခဲ့တဲ့ဝတ္ထုကို အကြောင်းအားလျော်စွာနဲ့ ဖတ်မိသွားခဲ့မယ်ဆိုရင် ကိုကျော်ခေါင်ဟာ တစ်ကျွန်းကျသွားတာတော့မှန်ပါတယ်။ ဒါပေမယ့် လူ့ရဲ့ကံကြမ္မာဆိုတာ ဆန်းကြယ်လှပါတယ်။ ဒီဝတ္ထုကို သူတစ်ချိန်ချိန်မှာ မဖတ်မိနိုင်ဘူးလို့ ပြောလို့မရဘူး။ အဲဒီအခါမျိုးကျရင် အိုင်ပီရေးထည့်ပေးမယ့် သူမသိသေးတဲ့ နောက်ဆက်တွဲဇာတ်လမ်းလေးတစ်ခုအတွက် သူဟာ အခုလက်ရှိခံစားနေရတဲ့ ဝေဒနာထက် အဆတစ်ရာမက သာလွန်တဲ့ ဝေဒနာမျိုးခံစားသွားရလိမ့်မယ်။ အခုနက ကျွန်တော်ပြောသလို ကြေကွဲသွားပြီလူတစ်



ယောက်ကို နောက်ထပ်ပိုပြီးနာကျင်ကြေကွဲအောင် မလုပ်သင့်တော့ဘူးလို့ ကျွန်တော်ယူဆတယ်။ ဒါကြောင့်လည်း ဒီအကြောင်းလေးကို အိုင်ပီတို့ကို မပြောတော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်ခဲ့သေးတယ်။ အခုတော့ ကိုကျော်ခေါင်အကြောင်းပြောရင်း သူ့အကြောင်းကို အိုင်ပီတို့သိပါစေတော့ဆိုတဲ့စိတ်နဲ့ ကိုကျော်ခေါင် သိမသွားတဲ့ အကြောင်းလေးကို ပြောပြရတာပါ။ အဲဒါကတော့ ကိုကျော်ခေါင် အချစ်ကြီးချစ်၊ အနာကြီးနာပြီး ရက်ရက်စက်စက် သတ်ပစ်လိုက်တဲ့ သူ့ချစ်သူမာလျှာဟာ သူထင်သလို သူ့အပေါ်မှာ သစ္စာဖျက်ပြီး တရုတ်သူဌေးကျင်ဟုတ်ကို လက်ထပ်ခဲ့တာ မဟုတ်ဘူး။ တရုတ်သူဌေးကျင်ဟုတ်ရဲ့လှည့်ဖျားပြီး အဓမ္မသိမ်းပိုက်လိုက်တာကို သူ့ခမျာခံခဲ့ရတာ။ မာလျှာဟာ ကိုကျော်ခေါင် ထွက်သွားပြီးတဲ့နောက် ဒုက္ခတွေနဲ့ အတော်ကြုံတွေ့ခဲ့ရတယ်ဗျ။ ပြီးမှ ရန်ကုန်ကိုရောက်လာခဲ့ပြီး ဟူရာနဲ့နှစ်ယောက် စားဝတ်နေရေးအတွက် အတော်ရုန်းကန်ခဲ့ရပြန်တယ်။ တစ်ဖက်မှာ သူတို့အလိုရှိတဲ့ မကြီး သတင်းကိုလည်း စုံစမ်းခဲ့ပြန်တယ်။ အဲဒီမှာ ရှေးဟောင်းရတနာ ပစ္စည်းတွေလုပ်ကိုင်နေတဲ့ လူတွေနဲ့ ပေါင်းသင်းဆက်ဆံရင်း တရုတ်သူဌေးကျင်ဟုတ်နဲ့ တွေ့ခဲ့ရတာပဲ။ တရုတ်သူဌေးကျင်ဟုတ် ကလည်း နောက်ဆုံးတော့ မာလျှာတို့

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိတဲ့မြကြီးနဲ့ မြူခွေယ်ရင်း မာလျှာကို အမွှသိမ်းပိုက်လိုက်တော့တာပဲ။ ဇာတ်လမ်းလေးကတော့ ဒါပါပဲဗျာ။ ဒါပေမယ့် မာလျှာခံစားခဲ့ရတဲ့ သူ့ဘက်က ဇာတ်လမ်းအစုံအစေ့ကိုတော့ သူကလွဲပြီး ဘယ်သူမှသိမှာမဟုတ်ဘူး။ ဒီလောက်သိရတာနဲ့တင် သူ့ဘက်က အခက်အခဲ၊ ခံစားချက်တွေကို ကျွန်တော့်ခံစားချက်နဲ့ နားလည်နေသလိုပါပဲ။ တကယ်တော့ မာလျှာရော၊ ကိုကျော်ခေါင်ရော အချစ်ကံခေလွန်းတဲ့ လူသား တစ်ယောက်ပါပဲဗျာ" ဟုပြော၍ အိုင်အိုမြတ်နှင်းက ၎င်း၏စကားကို အဆုံးသတ်လိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်တို့မှာလည်း ၎င်းပြောပြသည့်အကြောင်းအရာအနည်းငယ်မျှနှင့်ပင် မာလျှာဟူသော မိန်းမချောလေးနှင့် ကိုကျော်ခေါင်တို့၏ ပိုမိုရင်နင့်ဖွယ် အကြောင်းကို သိရှိလိုက်ရလေကား ၎င်းတို့နှစ်ဦးအတွက် ရှေ့ကထက် ပိုမို၍ စိတ်မကောင်းခြင်းများ များစွာဖြစ်ခဲ့ရလေတော့၏။ ထိုအခါ ကျွန်ုပ်နှင့်အတူ နားထောင်နေခဲ့သော ဘာမထီဦးအောင်ကြီးမှ

"ကျုပ်ကတော့ အခုအိုင်အေးကိုမြတ်နှင်းပြောပြတဲ့ အကြောင်း နားထောင်ပြီး ဘဝလည်းဆုံး၊ အချစ်လည်းဆုံးတဲ့အပြင် ချစ်သူကပါ အထင်လွဲနေတာကို ခံခဲ့ရပြီး ရက်ရက်စက်စက် အသတ်ခံခဲ့ရတဲ့ ာလျှာဆိုတဲ့ မိန်းကလေးကို ပိုပြီးသနားမိတော့တာပဲ" ဟု ဆိုလိုက် းလေရာ ကျွန်ုပ်မှလည်း



"ချစ်သူရဲ့အဖြစ်မှန်ကိုမသိဘဲ ဒုက္ခတွေနဲ့ တစ်ဖက်သတ် ခံစားနေရတဲ့ ကိုကျော်ခေါင်အဖြစ်ကလည်း သနားစရာပါဗျာ" ဟု ပြောလိုက်မိလေ၏။ ထိုအခါ ထိပ်ပြောင်ကိုမြဦးခေါ် အိုင်ပီမြဦးက

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီလောက်အချစ်ကံခေတဲ့ သူတို့ နှစ်ယောက်စလုံးကို သနားမိတယ်ဗျာ။ တကယ်ဆို မာလျှာဟာ သူ့ကို မသတ်ခင် သူ့အကြောင်းတွေကို ကိုကျော်ခေါင့်ကို ပြောပြဖို့သင့်တယ်" ဟု ဆိုလိုက်ပြန်ရာ သခေါအောင်ကျော်ခေါ် အိုင်ပီ အောင်ကျော်က

"ကိုကျော်ခေါင်ကိုက မျက်ကန်းအချစ်တစ်ခုတည်းနဲ့ ဘာမှ မေးမြန်းမစုံစမ်းဘဲ သံသယတွေ၊ နာကြည်းချက်တွေနဲ့ လက်လွတ် စပယ်သတ်ပစ်လိုက်တာ မှားတာ" ဟု ပြောပြန်လေ၏။ ထိုအခါ တစ်ချိန်လုံးငြိမ်ကာ နားထောင်နေသော စုံထောက်ကလေး ဟန်မြတ်ကျော်က

"တကယ်တော့ အချစ်တစ်ခုမှာ သံသယဆိုတဲ့အရာတွေဟာ ကြောက်စရာအကောင်းဆုံးပဲဗျ။ အချစ်ကြီးလို့ အမျက်ကြီးတာ ဆိုတာလည်း အများအားဖြင့် ဒီသံသယတွေနဲ့ မှားခဲ့ကြတဲ့ ဇာတ်လမ်းတွေ များတာပဲ။ ကျုပ်ကတော့ အခု ကိုကျော်ခေါင်တို့ ချစ်သူနှစ်ဦးရဲ့ ရင်နာစရာအဖြစ်အပျက်မှာ ဒီသံသယဆိုတဲ့ ကိုကျော်ခေါင်ရဲ့ တစ်ဖက်သတ် အတွေးနာကြည်းချက်တွေဟာ တရားခံပဲလို့ ဆိုချင်တယ်" ဟု ပြောလိုက်ပြန်လေလျှင် အိုင်အို

www.burmeseclassic.com

www.burmeseclassic.com



မြတ်နှင်းကပြုံး၍

"ခင်ဗျားတို့ပြောပြတာတွေ အားလုံးလည်းမှန်ပါတယ်။ ဒါပေမယ့် တကယ်တမ်း ကိုကျော်ခေါင်တို့ရဲ့ ဒီလိုရင်နင့်စရာကောင်းတဲ့အဖြစ်ကို ဖန်တီးခဲ့တဲ့ တရားခံအစစ်ကို ပြောရမယ်ဆိုရင်တော့ ဟိုစကားနဲ့ပဲ ပြောရလိမ့်မယ် ထင်တယ်ဗျ" ဟု ပြောလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်တို့က

"ဘာစကားလဲဗျ" ဟု မေးလိုက်မိကြလေလျှင် အိုင်အို မြတ်နှင်းက ကျွန်ုပ်၏ ရုံးခန်းအတွင်းမှ ထွက်ခွာရန် နေရာမှထလိုက်ရင်း တစ်ချက်ပြုံး၍

"သဗ္ဗေသတ္တာ ကမ္မသကာဆိုတဲ့ စကားလေးပဲပေါ့ အိုင်ပီတို့ရာ" ဟု ပြောဆို၍ ၎င်း၏သက္ကလပ်ဦးထုပ်ကို ဆောင်းကာ ကျွန်ုပ်တို့အနီးမှ တစ်လှမ်းချင်း ထွက်ခွာသွားလေတော့သတည်း။

**ပြီးပါပြီ**

သဗ္ဗေသတ္တာသုခီတဟောန္တု
**မင်းမြတ်ရာဇ**

www.burmeseclassic.com